
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ခိုင်ယုဝင်း (၀၁၆၆၁)
ရွှေငွေဝိုင်းစာပေ၊ အမှတ်(၃၉)၊ ၄၄-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်း၊
ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ - ၅၀၀

ဘန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

သျှင်မ ၈၉၅-၈၃
မင်းစေတဲ့မြား/ သျှင်မ၊
ရန်ကုန်။ ရွှေငွေဝိုင်းစာပေ၊ ၂၀၁၆။
၃၂၀ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) မင်းစေတဲ့မြား


BURMESE CLASSIC



အခန်း(၁)

"တောက်.. တကယ့်ကို မိမနိုင်ဖမနိုင် ဖြစ်နေပြီ၊ ဒီကောင် ဒီနှာခေါင်းနဲ့ လူဖြစ်ခွင့်ပေးလိုက်တာကိုက မှားတာ"

"ပေးလည်းပေးတတ်တယ်၊ ဘုရင်ငယ်လေးတဲ့"

"တော်သေးတယ်၊ ဘုရင်ငယ်လေးမို့လို့"

တစ်ယောက်တစ်ခွန်းပြောနေကြသည့် အသံတွေကို ကြားနေရသဖြင့် ဒေါ်မြရင်ငယ် နှုတ်ခမ်းတွေ မသိမသာ စေ့ပိတ်သွားသည်။ လူမမာပေမယ့် ဒေါ်သတော့ ထွက်နိုင်သေးသည်။

အိပ်ရာထဲလဲနေတဲ့အထိ မျှော်နေသည့်တိုင် မာန်မာနကြောင့် လက်သီးဆုပ်လေး မချိုတရိ ဖြစ်လာသေး၏။ 'ကတ္တီပါ' စံအိမ်ကြီးမှာ အရှင်သခင် ဦးရာဇမာန် မရှိတော့သည့်နောက်ပိုင်း ညီဖြစ်သူ ဦးရာဇနွယ် အုပ်ချုပ်ဦးဆောင်ခဲ့သည်။

အထိုအချိန်မှစ၍ 'ကတ္တီပါ' စံအိမ်ကြီးသည် ..

"ဒီကောင်.. ဘယ်သွားမယ်ထင်လဲ စန္ဒီ"

"ဘယ်လိုလုပ်သိပါ့မလဲ ကိုကြီးရယ်၊ သူ့ဟာသူ ထွက်သွားတာလေ၊ တစ်ယောက်ယောက်က ညွှန်ကြားလိုက်တာလား၊ ဘာမှန်းတောင် မသိဘဲ ဥစ္စာ"

www.burmeseclassic.com

www.burmeseclassic.com



"မငယ် .."

ဦးရာဇနွယ် တိုးတိတ်စွာ ရေရွတ်လိုက်ပြီး ကျောခိုင်းထားသည့် အိပ်ခန်းဆီ ပြန်ငဲ့ကြည့်၏။ ဒေါ်မြရင်ငယ် ရဲ့ ခပ်ဟဟအိပ်ခန်းတံခါးမှ အထဲကို တစ်ချက်တော့ လှမ်းကြည့်ဖြစ်ကာ –

"မငယ် နဲ့ အကဲ မတွေ့ဖြစ်ကြပါဘူး"

"တွေ့ကြသလား မတွေ့ကြဘူးလား .. နှစ်ဆယ့်လေးနာရီ စောင့်ကြည့်နေတာမှ မဟုတ်ဘဲ၊ ပြီးတော့ မအေနဲ့ သား အချိန်မရွေး ဝင်တွေ့လို့ရနေတာလေ"

"ငါတို့ကလွဲပြီး ဒီအခန်းကို ဘယ်သူမှမဝင်ရဘူးလို့ အမိန့်ထုတ်ထားခဲ့တာပဲ"

"ဖြစ်ရလေ ကိုကြီးရယ် .. လူက ဒုက္ခိတတစ်ပိုင်းဖြစ်နေတာနဲ့ ခြေပွားလက်ပွားမရှိတော့ဘူးများ မှတ်လို့"

ဒေါ်စန္ဒီလင်း က အခန်းထဲကထွက်လာသည့် ဒေါ်မြရင်ငယ် ရဲ့ အထိန်းတော် ဌေးနှင်း ကို အမိပ္ပာယ်ပါပါလိုက်ကြည့်ပြီး အသံကို ပိုကျယ်လိုက်၍ ...

"ဒုက္ခိတက ရွေထွက်နိုင်သေးတယ်ဆိုတာ သိနေတဲ့လူတွေ သူ့ဘေးမှာ ဝိုင်းလို့ .."

ဦးရာဇနွယ် က ထွက်သွားသည့် ဌေးနှင်း ကို လှမ်းကြည့်လိုက်ကာ ...

"မင်းလျှောက်ပြောမနေနဲ့၊ ကတ္တီပါစံအိမ်မှာ အရှင်သခင်ရဲ့အမိန့်ကိုကျူးပြီး ဘယ်သူမှ ဘာမှလုပ်လို့မရဘူး .."

"ဖေဖေရယ် .. ကြီးကြီးငယ်က ဒီစံအိမ်မှာ အကြီးဆုံးအရှင်သခင်လေ ဖေဖေ့ထက်တောင် အသက်ကြီးတဲ့ဟာ၊ မေ့နေပြန်ပြီ .."

မေ့နေတာမဟုတ်သော ဦးရာဇနွယ် မျက်နှာကြီးက တင်းသွား၏။

ဒါက ဘာတိရစရာကိစ္စလည်း မဟုတ်ပေ။ အစ်ကိုဖြစ်သူရဲ့ဇနီးကို အစ်ကိုမရှိတော့သည့်နောက်ပိုင်း ဆက်လက်ထိမ်းမြားကြရတာ ကတ္တီပါ



စံအိမ်ရဲ့ ထုံးစံများစွာထဲက တစ်ခုဖြစ်သည်။

ထို့ကြောင့် သူ့ရဲ့ ပထမဇနီးအဖြစ် ခိုင်မာစွာရပ်တည်နေဆဲ ဒေါ်မြရင်ငယ်ကို ဦးရာဇနွယ် မေ့ထားမထားနိုင် ဖြစ်နေခဲ့၏။ ဒီထုံးစံကြီးကိုလည်း သတိမရချင် ..။

ဆုံးဖြတ်ခွင့်တွေ ပိုင်ဆိုင်ခွင့်တွေမှန်သမျှနှင့်ပတ်သက်ပြီး ဒေါ်မြရင်ငယ် လက်ထဲမှာပဲ ရှိနေတာကိုလည်း မကျေနပ်။

ဒီလိုထုံးစံကြောင့် သူ့အတွက် ကံဆိုးမိုးမှောင်ကျခဲ့ရသဖြင့် ဒါကို ပျောက်ပျက်စေချင်သည်။ သို့သော် ခုချိန်မှာ ဒီထုံးစံခိုင်မြဲနေမှ သူတို့အတွက် အမွေဆက်ခံခွင့်ရှိနေသည့်အဖြစ်ကြောင့် ...

"ဟေ့ .. အိမ်တော်ထိန်းကို သွားပြောစမ်း၊ ယက္ခ ဘယ်မှာလဲ"

"ရှိပါတယ် သူဌေး .."

"အေး .. အိမ်တော်ထိန်းကို သွားပြော၊ ငါပြောစရာရှိတယ်၊ စာကြည့်ခန်းကို လာခဲ့လို့ .."

ယက္ခ ခေါင်းငုံ့ထွက်သွားမှ ဒေါ်စန္ဒီလင်း က လှည့်ကြည့်ကာ ..

"အိမ်တော်ထိန်းကို ဘာလုပ်မလို့လဲ ကိုကြီး"

"ဒီစံအိမ်မှာ စည်းကမ်းသစ် ပြန်လုပ်ရမယ်"

"အကဲ ကြောင့်လား .."

"ဟုတ်တယ်.. ပြီးတော့ .. အိပ်ရာထဲမှာနေနေရတဲ့လူကို သြဇာအာဏာတွေ ပေးထားတာ သဘာဝမကျဘူး .."

ဒေါ်စန္ဒီလင်း နဲ့ လင်းမြတ်နွယ် မျက်လုံးချင်းဆုံသွားကြကာ နှုတ်ခမ်းတွေမှာ ပြုံးယောင်သန်း၏။

"အကဲ ဆိုတဲ့ သတ္တဝါလေး၊ အကဲ ဆိုတဲ့အတိုင်း တော်တော်ကဲနေတယ်၊ ဘုရင်ငယ်လေး ဆိုတဲ့အတိုင်း ဘယ်သူ့ကိုမှ လေးစားသူမရှိဘူး .."

"ဟုတ်တယ်၊ အဲဒါတွေက သူ့အမေအားကိုးနဲ့ပဲ .."

"ဟုတ်တယ် မေမေ၊ ကြီးကြီးငယ်ကို အားလုံး ရိုသေလေးစား

www.burmeseclassic.com

www.burmeseclassic.com



နေရတဲ့ အဲဒီစည်းကမ်းကြီးကြောင့် ..."

ကြားနေရခြင်းတွေကို ခါးသီးနေမိသည်။ တမင်ကြားစေချင်လို့ ကိုယ့်အခန်းရှေ့မှာ ပြောနေကြတာလား၊ ဒါမှမဟုတ် ...၊

"အဲ့တံခါး ပိတ်ထားလိုက်စမ်း၊ ဘယ်သူမှ မဝင်စေနဲ့"

"ဂျိမ်း ..."

တံခါးပိတ်သံကြောင့် သွေးအားနည်းနေသည့် ခေါမြရင်ငယ် တစ်ကိုယ်လုံး တုန်သွားသလိုပင်။ ပြီးတော့ ရင်ခုန်သံတွေ တဒိုင်းဒိုင်း တိုးဆောင့်လာကာ ရင်ဘတ်ကြီးကပဲ ဆောက်ဖက်လှုပ်ခုန်နေသလို ...။

နှလုံးငြိမ်အောင် သွေးဆေးလေးနည်းနည်းလောက် လျှာပေါ်တင်ထားချင်သည်။ ရေလေးဖြစ်ဖြစ် တစ်ငုံလောက် မျိုချချင်၏။ သို့သော် သူမရဲ့လက်တစ်လှမ်းမှာ ဘာမှမရှိ။

မျက်ဝန်းထောင့်မှ မျက်ရည်ကြည်တွေ စိမ့်တက်လာခဲ့သည်။ ဘာကိုမှမစမ်းမိဘဲ မွေ့ရာခင်းကိုသာ ဖိဆုပ်ထား၍ အသက်မှန်မှန် ရှူနေရ၏။

သူမ ဒီမိသားစုထဲကို စတင်ဝင်ရောက်ခဲ့ရသည့်နောက်မှာ စည်းစိမ်ငွေကြေးတို့အပြင် စည်းကမ်းကလနားတို့နှင့် ထုံးဖွဲ့သော ရွှေလှောင်ချိုင့်စံဘဝနှင့် ခရီးဆက်ခဲ့ရသည်။

မိသားစုတစ်စု၊ ပတ်ဝန်းကျင်တစ်ခုမှာ ထုံးစံတွေ စောင့်ထိန်းလိုက်နာအပ်တာတွေ ဒီလောက်ထိ များပြားနေခဲ့သည့်အတွက် အံ့ဩထိတ်လန့်ရသော်လည်း သူမကိုယ်တိုင် ပါဝင်ပတ်သက်ခဲ့မိ၏။

"ဒီရေစင်ကိုသောက်လိုက် သမီး၊ ဒါက ... ကတ္တီပါစံအိမ်ရဲ့ မျိုးဆက်တွေ သက်ရှည်ကျန်းမာစေတဲ့ သစ္စာရေစင်ပဲ"

မိသားစုတွေ ဘုရားခန်းထဲမှာ စုဝေး၍ ရှိခိုးပူဇော်ခြင်းတွေအပြီးမှာ စိန်မြရံခြယ်သော မြသပိတ်တော်ထဲကရေကို ရှိသေမြတ်နိုးစွာ ခပ်ယူပြီး သူမကို တိုက်သည်။

"သမီးနှုတ်က လိုက်ဆိုဖို့မလိုပေမယ့် ခုကစပြီး သမီးက ဒီမိသားစု



အတွက် အကြီးအကဲစိတ်ဓာတ်နဲ့ ကိုယ်ကျိုးစွန့် အနစ်နာခံပြီး စောင့်ရှောက်ထိန်းသိမ်းသွားမယ်လို့ ကတိသစ္စာဆိုပြီးသား ဖြစ်သွားပြီ" လို့လည်း ပြောသေးသည်။

ထို့ပြင် ထူးခြားတာတွေရှိသေးသည်။ ဒီရေစင်ကြောင့်လား ဘယ်လိုအဘယသိဒ္ဓိတွေ ပြီးမြောက်နေမှန်းမသိ 'ကတ္တီပါ' စံအိမ်၏ မျိုးဆက်တွေအားလုံး အသက်ရှည်ကြ၏။ အသက်ရှည်သူတိုင်းပဲ အနာရောဂါနည်းပါးကြကာ အသက်ရှစ်ဆယ် ကိုးဆယ်တွေဆို ခြံထဲမှာ လမ်းလျှောက်၊ ပန်းပင် ရေလောင်းလုပ်နေကြတုန်း။

ဒါပေမဲ့ .. သူမနဲ့ ခင်ပွန်းဖြစ်သူတို့ လက်ထက်မှာတော့..

"ကံကြမ္မာလက်ကို ငါတို့မမြင်နိုင်ဘူးလေ.. လူတွေက အယောင်းစားတွေပဲ၊ မျက်မှောက်ကာလမှာ ကောင်းအောင်နေပေမယ့်လည်း ဒီနေ့ဒီအချိန်ခါမှာ ကိုယ့်အတွက် ဆန်ကုန်ပြီကိုး .."

"ဆန်မကုန်ခင်စား၊ ကံကုန်လျှင်သွား" လို့ပြောသည့် ဆိုရိုးစကားကိုလည်း ရွတ်ပြခဲ့သေးသည်။ ကိုမာန် ဆုံးသွားတော့ ထုံးစံကလနားဆိုတာကြီးက ငြိုပက်ဆိုးတစ်ခုလို ဝင်လာခဲ့သည်။

ချစ်သူနဲ့လက်ထပ်ဖို့ သေချာနေသည့် ရာဇနွယ် ကို သူမနဲ့ လက်ထပ်ပေးခဲ့သည်။ တစ်မိန့်တစ်အာဏာဖြင့် လူကြီးတွေက အောင်မြင်စွာ လုပ်ဆောင်ခဲ့ကြပေမယ့် လက်တွဲခဲ့ရသည့် နှစ်ယောက်အတွက်က ဆင်းရဲပင်ပန်းသော နေ့ရက်များစွာကို ဖြတ်သန်းခဲ့ရသည်။

"တောက် .. နတ်တော် ပြာသို ရွေးမနေဘဲ ကိုယ့်ချစ်သူနဲ့ ကိုယ်လက်ထပ်ခဲ့ရ ကောင်းသား"

လို့ ရာဇနွယ် က ကွယ်ရာမှာ တက်ခေါက်နေ၏။

"မငယ် ကြည်ဖြူပါတယ် မောင်လေးရယ် .. မင်းချစ်တဲ့သူကို ယူပါ"

လို့ သူမ ခွင့်ပြုခဲ့ပေမယ့် ဒါကြောင့်ပဲ ရန်ဖြစ်ကြရသည်။

"ဒီအိမ်ကြီးမှာပဲ ဘာတွေဖြစ်နေမှန်းမသိတာ.. သင်္ကြာရာစ်တွေဖြို့

www.burmeseclassic.com



ပြီး ကျောက်ခေတ်ထဲပြန်ဝင်နေတဲ့အိမ်၊ ထုံးစံကလနားတွေနဲ့ ချည်တုတ်ပြီး တိမ်ညွန့်ဖျားမှာ ခေါင်တက်ချိတ်နေတာ .. ဘာမှ အခြေအမြစ်မရှိတာတွေနဲ့ ဘဝကို ခြစားခံနေရတယ်"

ရာဇနွယ် သောင်းကျန်းလာတိုင်း မြရင်ငယ် နားပိတ်၍ ကွယ်ရာပြေးနေရသည်။

"ငါနဲ့လက်ထပ်ခဲ့တဲ့အတွက် .. မင်း ဘာမှ မယုတ်လျော့စေရပါဘူး၊ ငါ့သားလေးရှေ့မှာ မပြောပါနဲ့၊ သားက ကလေးပေမယ့် ဒေါသတွေ ဖြစ်နေတာလား ချစ်ခင်ရင်းနှီးနေတာလားဆိုတာ နားလည်နေပြီ.."

"မတတ်နိုင်ဘူး .."

ရာဇနွယ် ရဲ့ ကြည်သာတဲ့အချိန်ဆိုတာ မရှိခဲ့ပေ။ အသက်ငယ်ပေမယ့် အုပ်ချုပ်သူဖြစ်လာတော့ မြရင်ငယ် က ဒေါ်မြရင်ငယ် ဖြစ်လာခဲ့သည်။ စီးပွားရေးနဲ့ ငွေကြေးကိစ္စအားလုံး ကြိုက်သလို ကိုင်တွယ်ဖို့ ဒေါ်မြရင်ငယ် က ဦးရာဇနွယ် ကို လွှဲအပ်ချင်သည်။

ဒါပေမဲ့ မလေ့ထုံးစံအရ ပထမဇနီးသည်သာ ဘဏ္ဍာရေးကိစ္စအဝဝကို ကိုင်တွယ်ရမည်ဖြစ်ကာ သားဦးမွေးခဲ့လျှင် အမွေဆက်ခံသူ မွေးဖွားပေးသောမိခင်အဖြစ် စည်းစိမ်အားလုံး၏ သုံးပုံနှစ်ပုံကို ပိုင်ဆိုင်ခွင့်ရှိသေးသည်။

ထိုမိခင်၏ တစ်ဩဇာ တစ်အာဏာသာ တည်စေသည်။

ဦးရာဇနွယ် ၏ မကျေနပ်ခြင်းများစွာက စန္ဒီလင်း ကို ချက်ချင်းလက်ထပ်ပြီး ကလေးယူဖို့ ကြိုးစားခဲ့တဲ့အထိ စန္ဒီလင်း ကနေ့ လင်းမြတ်နွယ်လေးကိုမွေးတော့ ဘုရင်ငယ်လေးက လေးနှစ်သား မပြည့်တတ်သေး။

"ဘာဖြစ်ဖြစ် အလျှော့မပေးပါနဲ့ မမကြီးရယ် ...၊ သူတို့ ဘယ်ခြေလှမ်းနေသလဲဆိုတာ အိမ်တော်ထိန်းကြီးလည်း သိပါတယ်၊ စကားနည်းရန်စဲဆိုပေမယ့် သူတို့ပြောသလောက်ငွေတွေ မမကြီး ချပေးနေရင်ကြာရင် လူကို ဒီ့ထက် မလေးမစားဖြစ်လာမယ်၊ အရင်းအနှီးစုပြီး တစ်နွယ်တစ်စင်ထောင်တော့မယ် .."



ဒေါ်မြရင်ငယ် ရဲ့အထိန်းတော် ငွေနှင်း က သစ္စာရှိသည်။ ဘယ်အခြေအနေမှာမဆို ဒေါ်မြရင်ငယ် ဆေးက ရပ်တည်ပေးနေရဲသည့် မဟုတ်မခံစိတ်လည်း ရှိသူဖြစ်သည်။

သူမက အပြင်မှာ သွားလာလှုပ်ရှားနေရတဲ့သူမို့ အိမ်သားတွေဘာတွေ ပြောဆိုကြံစည်နေတာ။ တချို့တလေကို သိထားသည်။ ထို့ကြောင့် ဒေါ်မြရင်ငယ် ဆေးကို ရောက်သွားတိုင်း ပြောပြအကြံပြုတာတွေ လုပ်ပေးသည်။

အမျိုးသမီးရောဂါဖြင့် အစပြု၍ တရှောင်ရှောင်ဖြစ်လာခဲ့သော ဒေါ်မြရင်ငယ် သည် နောက်ထပ် သွေးအားနည်းရောဂါပါ စွဲကပ်လာခဲ့၏။

စိတ်ထောင်းကိုယ်ကြေ ဖြစ်နေခဲ့သူနောက်မှာ ရောဂါပေါင်းစုံ၏ အရိပ်လက္ခဏာတွေကို စမ်းသပ် တွေ့ရှိလာခဲ့ပြန်သည်။ ထို့ကြောင့် ရှိုက်ရှိုက်နဲ့ ဖြစ်လာခဲ့ရင်း ခုချိန်မှာ ခြေဆယ်လှမ်းပြည့်အောင် မလျှောက်နိုင်သော အောက်ပိုင်းချိသည့်ဝေဒနာဖြင့် အိပ်ရာထဲလဲနေခဲ့ခြင်းဖြစ်သည်။

သူမအတွက်က လဲနေနေ သွားနေနေဖြစ်လာသမျှအကြောင်း အကောင်းလို့မှတ်နိုင်ရန် တရားနှလုံးသွင်းနေလို့ရသည်။ စိတ်မချ နိုင်ဖြစ်နေရတာက သားအတွက်ပါ။

သားလေး ဘေးကင်းပါစေ။

ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်ပါစေ။

ဒီ့ထက် ဘာမှကူညီပေးလို့မရသော အခြေအနေမို့ ကိုယ့်ရင်ဘတ်ပေါ် လက်တင်ဖိ၍ အသက်မှန်မှန်ရှူနေရင်း သားအတွက် ဆုတောင်းနေမိသည်။

ဘယ်ဆီရောက်နေမှန်းတော့မသိ ..။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂)

"ရုပ်ပေးလိုက်တာလား ကားဆရာ .."

"မဟုတ်ပါဘူးဗျာ .. ရှေ့တည့်တည့်ကနေ တားနေတာ၊ ဘယ်လိုလုပ် ရှောင်ရမှန်းမသိတော့လို့ပါ .."

"ဟာ .. ဒီ အမျိုးသမီးတော့ သေတော့မှာပဲ .."

ကားက ဟိုကွေ့ဒီကွေ့ ဟန်ရေးပြင်နေရင်း ခဏခဏ ဘရိတ်အုပ်နေမှန်း သိသာနေတာ။

"ဘာဖြစ်လို့လဲ ဝါဆို .."

"အမျိုးသမီးတစ်ယောက် ကိုလေး .. ပုံစံကတော့ ရုပ်ပျက်ဆင်းပျက်ပဲ"

"ဘာ ရုပ်ပျက်ဆင်းပျက်လဲ .."

"ဒုက္ခများပြီး ပြေးလာတဲ့ပုံစံမျိုး .. ကားကို ရှောင်ထွက်လို့မရအောင် .. ဟာ .. ဘာလုပ်တာလဲ"

ဝါဆို့ အသံအဆုံးမှာ မှန်ချလိုက်သံနှင့် စကားသံတွေ ထွက်လာခဲ့၏။ ကားကို အတင်းတားနေသဖြင့် ဒရိုင်ဘာ ကားရပ်ထားလိုက်ပုံပေါ်သည်။

"ဘာလုပ်တာလဲဟေ့ .. သေချင်လို့ ကားရှေ့ပြေးဝင်တာမျိုးတွေ ရှိးနေပြီ၊ လုပ်စားနေကျလား .."

"မဟုတ်ရပါဘူးရှင် .. ကျွန်မ ဒုက္ခရောက်လာလို့ပါ၊ တံခါးလေး



ဖွင့်ပေးပါ၊ ဟိုရှေ့နားကျရင် ဆင်းပါ့မယ်၊ အခု တက်ပါရစေနော် တံခါးဖွင့်ပေးပါ"

"ဖွင့်မပေးနိုင်ဘူး၊ မှန်ကို ဆွဲမထားနဲ့၊ ငါ တင်လိုက်ရင် .. မင်းလက်ချောင်းတွေ ပြတ်ကုန်မှာနော်"

"ကားဆရာ .. သူ့ကို ခေါ်တင်လိုက်ပါ"

"ဟင်!..."

"ကိုလေး ..."

ဝါဆို ကလည်း အံ့ဩနေကာ သူ ဘာမှမမြင်ရမှန်းသိနေသဖြင့် အနားနားကပ်၍ –

"ကိုလေး .. အမျိုးသမီးက အင်္ကျီတွေပါစုတ်ပြဲနေတာ .."

"ဟုတ်တယ် .. သူ တကယ်ဒုက္ခရောက်လာတဲ့ပုံပါ ခေါ်တင်လိုက်"

"ဟုတ်ကဲ့ ..."

တံခါးဖွင့်သံပြန်ပိတ်သံတွေ ထွက်လာခဲ့ပြီး ကားထွက်လာမှ ..

"ကျေးဇူးတင်လိုက်တာရှင် .. ကျွန်မက အမရပူရကပါ၊ ကျွန်မ မောင်လေးနောက်ကို လိုက်လာခဲ့ရင်းနဲ့ လမ်းပေါ်မှာ မျဉ်းကျားမဆွဲတတ်လို့ဆိုလား .. အဲဒါ .. အဖြူတွေဝတ်ထားတဲ့ ရဲတွေ ကျွန်မကို ကားပေါ်အတင်းဆွဲတင်ကြတာ၊ အဲဒါနဲ့ မောင်လေးနဲ့ ကွဲသွားပြီး .."

"ဒါမျိုးတွေ ရှိးနေပါပြီကွာ .. ဘယ်မှာလဲ မင်းနောက်က လိုက်လာတဲ့လူတွေ .."

ကားဆရာဝင်ပြောလိုက်တော့ သူမအသံ တိကနဲ တိတ်ကျသွားသည်။ နောက်ခန်းက ယောက်ျားနှစ်ယောက်ကိုလည်း လှည့်ကြည့်လိုက်ရင်း ...

"လူဆိုးတွေလိုက်လာတာ မဟုတ်ဘူးရှင့် .. ကျွန်မကို အခန်းထဲ ဝင်စော်ကားတဲ့လူနဲ့ အိမ်ရှင်မိန်းမကြီးလက်က .."

"ဒါတွေလည်း ရှိးအီနေတဲ့ အကြောင်းပြချက်တွေပါ၊ ကဲ .. ပြော

www.burmeseclassic.com



ဘယ်ထိကားကြုံစီးချင်တာလဲ၊ ဒီကားပေါ်မှာတော့ .. မင်း ခွင်တည့်မှာမဟုတ်ဘူး၊ ငါတို့က .."

"ရှင် ဘာတွေပြောနေတာလဲ၊ ကြည့်ရတာ ဒါတွေ ရိုးနေပြီချည်းပဲဆိုတဲ့ရှင်လည်း ဟိုယောကျ်ားတွေလို ယုတ်မာတတ်တဲ့ပုံပဲ .."

"အံမာ ..."

"ရှင်တို့တွေ ရိုးရို မရိုးရိုး ကျွန်မကတော့ မြို့ပေါ်တက်လာမိကာမှ ကြုံရတာ အထူးအဆန်းတွေပဲ ..၊ မိန်းကလေးတစ်ယောက် ဒုက္ခရောက်လာတာကို မကူညီနိုင်ပါဘူး ပြောရုံတင်မကဘူး၊ နှမချင်းမစာမနာတွေ ပြောနေသေးတယ်၊ ကျွန်မ ဘယ်သွားလို့ဘယ်ပြေးရမှန်းမသိဖြစ်နေလို့ တိုက်ချင်လည်း တိုက်ဆိုပြီး ကားတားမိတာ သိရဲ့လား"

သူမက ပြောနေရင်း ငိုသံလေးလည်းပါလာလျက် ပြီးအောင်ပြောဖို့လည်း ကြိုးစားနေ၏။

"ရှင်တို့ယောကျ်ားတွေ သုံးယောက်တောင်ရှိနေတဲ့ဟာ ကျွန်မက မရိုးမသား ဘာလုပ်ရမှာလဲ၊ ရှင်ကြီးကျားထက်ဆိုးဖြစ်ပြီး ဒီကားပေါ်တက်လာကာမှ ကိုယ်ကျိုးနည်းရဖို့ပဲ ရှိသေးတယ်၊ ဒါတောင် ရှင်ကပဲ တစ်ပြန်စီး၊ ရပြီ .. ကျွန်မ ဒီမှာပဲ ဆင်းမယ်ရပ်လိုက်တော့ .."

"နေဦးလေ .. မင်း ဒီမှာပဲဆင်းတော့ ဘယ်သွားရမှန်းသိလို့လား"

ဝါဆိုက မေးလိုက်ပြီး အကဲမျက်နှာကို ပြန်လှည့်ကြည့်သည်။ အကဲ ဒီတိုင်းငြိမ်နေသဖြင့် ရှေ့ပြန်လှည့်ကာ ..

"ကားငှားရလွယ်မယ့်နေရာမှာ ရပ်ပေးမယ်၊ ထင်ရာတွေ စွတ်ပြောမနေနဲ့တော့ .."

"သြော် ..."

ထင်ရာတွေ မပြောပါနဲ့ တားမိလို့တော်သေးသည်။ ပြောချင်ရာပြောလို့ရပြီလို့များ ဖွင့်ထားလိုက်ရင် မလွယ် ..၊

"လက်စသတ်တော့ ကျွန်မကို ကားပေါ်တက်ခွင့်ပေးလိုက်တာ



ရှင်တို့ကိုး၊ ကားသမားက ကားမောင်းတဲ့အလုပ်ကို မလုပ်ဘဲနဲ့ သူများကို အသားလွတ်ဝင်ပြောနေတာဝေါ့ .."

"ဟော့ .. မင်းနော် .."

"ဒီမှာ .. ဒုက္ခရောက်လာတယ်ဆိုပြီး ရှင် လူကို ဘာပြောလိုက်သလဲ ပြန်ကွေးစမ်းပါဦး"

"ကဲပါဗျာ .. တော်ကြပါတော့၊ ဒီမှာ ကားဆရာ ဟိုရှေ့က မီးရောင်ရှေ့မှာ သူ့ကိုချပေးလိုက်ပါ".

ဝါဆို က ပြောလိုက်ပြီး မီးရောင်ကျသည့်နေရာ သိပ်မရှိသော လမ်းမကြီးကို လှမ်းကြည့်၏။

"အဲဒီနားကနေ ကားတားစီးလို့ရတယ်၊ ဟိုဘက်နည်းနည်းမှောင်တဲ့နားမှာ ကားမှတ်တိုင်ဆိုတော့ .. မင်း အဲဒီနားက တားစီးလို့ရတယ်၊ တက္ကစီတွေလည်း လာတယ်"

ပြောလိုက်ရင်း မှတ်တိုင်မှာ ဘာကားတွေရပ်တာကအစ နံပါတ်တွေ သိသလောက် ရွတ်ပြလိုက်၏။

"ရပါပြီရှင် .. ကျေးဇူးတင်ပါတယ်၊ ရှင်ပြောပြနေလည်း အဲဒီကားတွေ ဘယ်သွားသွား ကျွန်မ သိတာမှမဟုတ်တာ .."

"ဟင် .. ဒါဖြင့် .. မင်းက .."

"ဟား .. ဟား .. ဘယ်သွားလို့ ဘယ်လာရမှန်းမသိပါဘူးဆိုပြီး အသနားခံတဲ့နည်းလေ၊ ဒီလိုပဲညီလေးရ၊ ရန်ကုန်မြို့မှာ နေရတာကာ သနားတတ်နေလို့မရဘူး"

"ရှင် ဘာပြောလိုက်တယ် ..."

"ခင်ဗျားကလည်း တော်ပါဗျာ၊ သူ့ဟာသူ ဘယ်လိုလူဖြစ်ဖြစ် သူ့ကိစ္စပါ ..."

ဝါဆို စိတ်မကောင်းဖြစ်လာသဖြင့် ကားဒရိုင်ဘာကို ပြောလိုက်မိသည်။ အကဲ က မမြင်ရတဲ့သူမို့ ကိတ်ဆိတ်နေပေမယ့် အမျိုးသမီးရဲ့

www.burmeseclassic.com

www.burmeseclassic.com



ပုံကို သူက မြင်နေရသည်။

ကားထဲမှာ မီးမဖွင့်သော်လည်း သူမလမ်းပေါ်မှာ ပြေးတားနေတည်းက မြင်နေရတာမို့ ...၊ ပြီးတော့ အကဲ ကိုယ်တိုင် ခွင့်ပြုထားသည့် မိန်းကလေးလည်း ဖြစ်နေသောကြောင့် ဒီလို စော်ကားပြောနေတာကို မကြိုက်။

"ဒီမှာ .. မင်းမှာ ပိုက်ဆံပါရဲ့လား .."

"မပါဘူး ..."

သူမကလည်း ဒေါသဖြစ်နေတာက သပ်သပ်၊ မရှိတာ မသိတာ ပြောဖို့ကျတော့လည်း မတွန့်မရွံ့။ တက္ကစီဒရိုင်ဘာကလည်း မချိုမချဉ်မဲ့၍ တမင်အသံပေး၏။

ဆင်းသွားသည်နှင့် တံခါးပိတ်တာတောင် မစောင့်နိုင်ဘဲ တဟားဟားထရယ်ကာ ..

"ငါ့ညီတို့က တော်တော်အသည်းနုတာပဲ၊ အခု ဘယ်လောက်တောင် ပါသွားပြီလဲ"

"ခင်ဗျား .. ကိုယ့်ဟာကိုယ် ကားဆက်မောင်းလို့ရမလား"

အကဲ ထံမှ ဒေါက်ဆတ်ဆတ်အသံ ထွက်လာသည်။ ဒရိုင်ဘာက သူနောက်တည့်တည့်က အသံကြောင့် ရယ်သံတိတ်သွားသော်လည်း နောက်လှည့်ကြည့်သေးသည်။ ပြီးမှ ...

"မကြိုက်ရင် မပြောပါဘူးကွာ၊ ကိုယ်က စေတနာနဲ့ပါ"

"အခုလိုချင်တာက ကျွန်ုပ်တို့သွားမယ့်နေရာ မြန်မြန်ရောက်အောင် မောင်းပေးဖို့ပဲ၊ ခင်ဗျားဆီက စေတနာမဟုတ်ဘူး"

ဝါဆို ပြုံးလိုက်မိသည်။ စိတ်ထဲမှာလည်း ကျေနပ်အားရ ဖြစ်နေမိတာ ...

ကောင်းတယ်။ ရှင်ဘုရင်လေး ဆိုတဲ့လူကိုများ ဘာမှတ်လို့လဲ။



အခန်း(၃)

ညက မှောင်နေသည်။ ဒီတိုင်းသွားနေလို့မဖြစ်မှန်းသိပေမယ့် မီးအလင်းရောင်ရှိတဲ့အောက်မှာတော့ အန္တရာယ်ကင်းလောက်ပါသည်ဟု တွက်၍ ပရိုတ်ကြီး ၁၁ သုတ်ရွှတ်ရင်း လမ်းလျှောက်နေမိသည်။

ခန့်မှန်းခြေအရ ဒီလောက်ဆို ကိုးနာရီနီးပါးတော့ ရှိလောက်ပြီဖြစ်သည်။ ထွက်ပြေးလာခဲ့ရတာ ဖိနပ်ကမပါ၊ ဘယ်ဘက်ပခုံးကနေ ရင်ဘတ်ပေါ်ထိ ပြဲကျနေသည့်အင်္ကျီကို ပခုံးအောင့်လို့ နှိပ်နေသလိုလုပ်ကာ လက်နဲ့ပြန်ဖိထားရ၏။

ထမီအောက်နားစကွဲနေတာကြီးကို အတွင်းထဲထည့်ဝတ်ထားပေမယ့် လမ်းမြန်မြန်လျှောက်လိုက်တိုင်း အပြဲစက ခေါင်းပြူနေသည်။

ကိုယ့်ပုံစံကို သေချာသတိထားကြည့်နေတဲ့သူဆိုရင်တော့ တစ်ခုခုဖြစ်လာတာကို သတိထားမိမှာပင်။

လက်ထဲမှာ ခုနစ်ထောင်သော ပိုက်ဆံလိပ်ကို ကျစ်နေအောင်ဆုပ်ထားကာ မီးရောင်တွေလင်းနေသည့်ဘက်ကို ရွေးချယ်ကပ်လျှောက်နေမိ၏။

ဘက်စ်ကားစီးဖို့ဆိုတာ သူမ တစ်ခါမှ စီးဖူးခဲ့တာမဟုတ်။ တက္ကစီဆိုသည့်ကားကလည်း မြို့ကမြန်လာသည့် ရွာသားတွေ ညည်းသံကြားဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြို့တက်သွားလိုက်တာ ဘုန်းကြီးကျောင်းရှာမတွေ့ခင် တက္ကစီခနဲ့ပဲ ပိုက်ဆံပြောင်သလင်းခါသွားတယ်"

"ကျုပ်တို့တော့ ဘယ်ဖြစ်ဖြစ်ဘုန်းကြောင်းပဲ၊ ကားငှားစီးရအောင် သူဌေးမှမဟုတ်တာ" တဲ့။ .

ထို့ကြောင့် ဘတ်စ်ကားစီးခြင်း၊ တက္ကစီစီးခြင်းကို ရှောင်ကြဉ်ထားလိုက်သည်။ သူမ ပြန်ဖို့လည်း စရိတ်မရှိ။ ဘယ်သွားရမှန်းလည်း မသိပေ။

မောင်လေးကတော့ သူမကို လိုက်ရှာမှာပါ။ ဒါဆို မောင်လေးနဲ့ မတွေ့ခင် ငါ ဘယ်လိုနေရမလဲ။ တွေးနေရင်း ပလက်ဖောင်းဘေးက သံပြားချပ်ကြီးနဲ့ကာထားသည့် ခြံဝင်းကြီးတစ်ခုကို သတိထားမိ၏။ ပြန်ကြည့်လိုက်တော့ လူတွေ ကားတွေသွားနေကြသည့် လမ်းမကြီးရဲ့ဘေးမှာ အဆင်ပြေသည်။ သူများတွေ ရေးခြစ်ထားသည့်စာတွေကို ဖတ်လိုက်ကာ ငါလည်း မောင်လေးမြင်အောင် ရေးလို့ရတာပဲလို့ တွက်လိုက်မိ၏။

အနားမှာ ကုန်းကုန်းကွကွ လိုက်ရှာတော့ ရေးခြစ်စရာ ဘာမှမမြင်။ ကိုင်ကြည့်တော့လည်း သံပြားချပ်ကြီးက အနီရောင်မှန်းသိနေသည်။

မီးသွေးဖြစ်ဖြစ်၊ မြေဖြူဖြစ်ဖြစ် ခုပဲ မိုးပေါ်က ဖုတ်ကနဲကျလာပါစေလို့ ဆုတောင်းရတော့မလိုလို။ သူမ ခြံစည်းရိုးအောက်ခြေမှာ ကုန်းကုန်းကွကွ ရှာနေမိစဉ် ...

"ဒီမှာ အစ်မ"

"အမေ့ ..."

မည်းမည်းမြင်နေပေမယ့် မီးသွေးခဲမဟုတ်ဘဲ မြွေဖြစ်နေမလားလို့ တွေးပြီး ကောက်ရမလို မကောက်ဘဲနေရမလို ချီတုံချတုံ ဖြစ်နေတုန်း အနားကပ်ခေါ်လိုက်သဖြင့် လန့်ဖျန့်တုန်တက်သွား၏။

လှည့်ကြည့်လိုက်တော့ သူမနောက်မှာ အဖြူစပ်ကျား စကတ်





တို၊ တီရှပ်အဖြူရောင်လေးနှင့် မိန်းကလေးတစ်ယောက်။

သူမကလည်း ကိုယ်ငုံ့ကြည့်နေတာကို လိုက်ငုံ့ကြည့်ရင်း ခေါ်လိုက်တာမို့ မျက်နှာချင်းတိုက်မိတော့မလို ဖြစ်သွားသည်။

"ဘာလဲဟင် ..."

"ဟို အစ်မကရော ဘာရှာနေတာလဲ ဒီမှာ .."

"မီးသွေး ..."

"ဟမ်!..."

"မြေဖြူ"

"ဘယ်လို .."

"အင်္ဂတေအကျိုးအပဲ့လေးတစ်ခုခုဖြစ်ဖြစ်လေ ..၊ လောလောဆယ်လုပ်လို့ရရင်ပြီးရော .."

"ဟင် .. ဘာလုပ်ဖို့လဲ .."

"သြော် မေးလိုက်တာဟာယ် .. ဘာဖြစ်လို့လဲ၊ လူကို သူခိုးထင်နေလို့လား"

သူမလေးက ဆံပင်တိုလေးတွေ ဖွာသွားအောင် ခေါင်းခါပြ၏။ ပြီးတော့ ..

"ဒီနေရာမှာ .. ခွေးချေးနဲ့ အမှိုက်ပုံပဲရှိတာ၊ အစ်မ ခိုးချင်ရင်လည်း ခိုးစရာမှမရှိတာ၊ အဲက .. အစ်မ ရှုရှုးပေါက်ချင်လို့ ချောင်ရှာနေတယ်မှတ်တာ"

"ပေါက်ပေါက်ရှာရှာဟယ် .. လမ်းဘေးကြီးမှာကို .."

"သိဘူးလေ .. အစ်မက မှောင်ရိပ်ထဲရောက်အောင် တိုးနေသလားလို့ .. ဟီး .. ဟီး .. ဟိုမှာ စာရေးထားတာ တွေ့လား"

တွေ့ပါသည်။ စာလုံးအဖြူတွေ ကြောင်လက်သည်း ခြစ်သလိုပုံနဲ့ ရေးထားတာ။

"ခွေးများသာပေါက်ရန် ..."

www.burmeseclassic.com

www.burmeseclassic.com



"ငါက ခွေးမှမဟုတ်ဘဲ"

"ဟီး .. ဟီး .."

ကောင်မလေးက ပါးစပ်ပိတ်ရယ်ကာ ..

"အစ်မက .. မီးသွေးနဲ့ ဒီမှာဘာရေးမလို့လဲ၊ ဒီလို နံရံဖြောင်ဖြောင် မြင်တိုင်း ဟိုခြစ်ဒီရေးလုပ်တာ စည်းကမ်းမဲ့တာပဲ .."

"မတတ်နိုင်ဘူးလေ .. ငါ့မောင်လေးမြင်အောင် စာရေးထားမှ မောင်လေးက .. ငါ့ကို ဒီနားမှာ လာရှာမှာပေါ့"

"ဟင် ..."

ကောင်မလေးကလည်း ရောက်လာရသည့်လိုရင်းကို မပြော ..။

သူမကလည်း ဆန္ဒရှိရာကိုပြောကာ ..၊

"ငါက မြို့ကို တစ်ခေါက်မှမရောက်ဖူးခဲ့ပါဘူး၊ မောင်လေးက မြို့မှာ အလုပ်သွားလုပ်ချင်တယ်ဆိုလို့ ပိုက်ဆံလေးစုဆောင်းပေးပြီး လွှတ်လိုက်တာ၊ အဲဒါ ဘာမှ စာမလာလူမလာ အကြောင်းမပြန်တာနဲ့ လိုက်လာခဲ့တာ"

"သူက .. ဘယ်မှာနေတာလဲ၊ တွေ့ပြီးပြီလား"

"ဟီ ..."

"ပလုတ်တုတ် .."

အနားမှာ ကားတစ်စီးရပ်နေတာကို အမှတ်တမဲ့မို့ သူမ လန့်ဖျန့်သွား၏။

"နေပါဦးဟဲ့ .."

ရောက်လာသည့်ကောင်မလေးက ကားဆီ လှည့်အော်လိုက်မှ ..

"အဲဒါ .. ညီမလေးကားလား"

"ဟုတ်တယ် .. အစ်မကို စိတ်ဝင်စားသွားတာနဲ့ လာခဲ့တဲ့ ရည်ရွယ်ချက်ကိုတောင် ပြောဖို့မေ့သွားတယ်"

"ဘာလဲဟင် .."



"ဟိုလေ .. အစ်မကို ကားလေးတစ်ချက်လောက် တွန်းပေးပါလို့"

"ဘယ်လို .. ဘယ်လို .."

"အပွန်း .. အား .. အားတော့နာပါတယ်၊ ဒီနားမှာလည်း လူမတွေ့လို့ပါ၊ ဟိုလေ .. အိ လည်း ဝိုင်းတွန်းမှာပါ .."

"ဘာလဲ .. အဲဒီကားကို အိမ်ရောက်တဲ့အထိ ငါက .."

"မဟုတ်ဘူး၊ မဟုတ်ဘူး စက်နိုးသွားရင် ရပါပြီ .."

ကားက အနက်လား၊ အနီလားတော့မသိ။ မှန်တွေအပြည့်မို့ အထဲက လူကိုလည်း မမြင်ရပေ။ ဒါပေမဲ့ သူမ ကားကို သေချာကြည့်လိုက်မိကာ...

"ကားထဲက ယောက်ျားလေးလား .. ယောက်ျားရင့်မာကြီးတစ်ယောက်ကိုတော့ ကားပေါ်တင်တွန်းမပေးနိုင်ဘူးနော် .."

သိပ်လည်းနားမလည်။ မတင်မကျစိတ်ကလည်း မပျောက်ပေမယ့် သူမ ကားဝိုင်းတွန်းပေးရတော့သည်။

"ဟာ .. အစ်မ ဘာလုပ်တာလဲ၊ ခုမှ ကားလှုပ်ရုံပဲရှိသေးတာ"

"နေပါဦး .. ငါ့ပိုက်ဆံ ပိုက်ဆံ ဘယ်ကျသွားလဲမသိဘူး"

ကားတွန်းနေရာမှ ဆုပ်ကိုင်ထားသည့်ပိုက်ဆံက ဘယ်ကျသွားသည်မသိ။

"ပိုက်ဆံအိတ်လား၊ ဘာမှလည်း မရှိပါဘူး"

အိ ကလည်း ဟိုဒီ လှည့်ပတ်ရှာပေးသေးသည်။ ဒါပေမဲ့ သူမ ကျသွားတာ ပိုက်ဆံအိတ်မဟုတ်။

"တွေ့ပြီ .."

ပိုက်ဆံက အလိပ်လိုက်လေးဖြစ်နေတာ၊ ငုံ့ပြီးပြန်မတ်လိုက်သဖြင့် ပခုံးတစ်ဖက်ခြမ်းက အင်္ကျီပြဲစကို အိ မြင်သွား၏။

ဖွေးခနဲပေါ်သွားသည့် အတွင်းသားနှင့် အတွင်းခံအင်္ကျီကြိုးသနက်လေးကပါ ထင်းနေသဖြင့် တအံ့တသြဖြစ်သွား၏။

"အစ်မ .. အစ်မက ဘာဖြစ်း.."

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. အိတုန် ဘာဖြစ်နေကြတာလဲ၊ ငါ ဒီနေ့ ကားမောင်းလို့ရဦးမှာလား .."

ခပ်စူးစူးမိန်းကလေးသံလေး ကားရှေ့ခန်းကနေ ထွက်လာ၏။ ထို့ကြောင့် သေချာလည်း မမေးဖြစ်တော့ဘဲ ...

"ပိုက်ဆံတွေပြီမို့လား၊ လာပါ .. ဝိုင်းတွန်းပေးပါဦး"

သူမခမျာ အားသွန်ခွန်စိုက် တွန်းပေးရှာ၏။ မြေညီမှာမို့ ကားကလည်း တော်တော်နဲ့ စက်မနိုးနိုင်။

"မောလိုက်တာဟယ် .."

"ဟုတ်ပ .. မနိုးသေးဘူးလား လင်းရယ် .."

"မနိုးလို့ပေါ့ .. ငါက ပျော်လို့ ထိုင်နေတယ်များ မှတ်နေလို့လား.."

သူမ ကားတွန်းမလို့ လက်တင် အသင့်ပြင်ပြီးမှ ခေါင်းထောင်သွား၏။

"ပျော်ရင်လည်း ပျော်နေမှာပေါ့အေ၊ ညည်းက .. ကားကြီးထဲမှာ ဇိမ်ကျကျထိုင်နေရတာကိုး"

"အို .. တော်ပါတော့ .. တော်ပါတော့နော်၊ အစ်မကို တောင်းပန်ပါတယ်၊ ကားမောင်းနေတဲ့ အိ ရဲ့သူငယ်ချင်းက စိတ်အခန့်မသင့်ဖြစ်လာလို့ပါ .."

"စိတ်အခန့်မသင့်ဖြစ်တိုင်း သူတစ်မိမ်းကို ပြောချင်တိုင်း မပြောရဘူးလေ၊ အခန့်မသင့်တာတွေ ပြောကြကြေးဆို ငါလည်း ခုနကတင် ရန်ပွဲတွေဆက်တိုက်ဖြစ်လာခဲ့တာပဲ .."

"မြတ်စွာဘုရား .."

အိတုန် မျက်လုံးပြူးသွားသည်။ ကားနောက်မီးရောင်နဲ့ သူမ ပုံသဏ္ဌာန်ကို အနီးကပ်မြင်နေရသဖြင့် လန့်လည်းလန့်သွားမိ၏။

ထမိန်နဲ့အင်္ကျီက တောကလူတွေ မြို့ပေါ်လာဖို့ အကောင်းဆုံး ဝတ်လာတာမျိုးပါ။ ဒါပေမဲ့ အဝတ်အစား စုတ်တာမဟုတ်ဘဲ စုတ်ရာပြဲရာ



တွေနဲ့ ဖရိုဖရဲ ..

လူက အရပ်မြင့်မြင့်၊ ဖြူဖြူသွယ်သွယ်မှာ ကိုယ်လုံးက တင်းပြည့်နေသဖြင့် ပါးပါးလျားလျား လှတာမျိုးလည်းမဟုတ်။ ထို့ပြင် ဆံပင်တွေက ခါးကျော်အောင်ရှည်ပြီး ဖားလျားချထားသည်။ ဒါပေမယ့် လှလှပပမဟုတ်ဘဲ ခပ်ပွပွ ..။

သူမ ရန်ဖြစ်လာသည်လို့ပြောပေမယ့် လုံးထွေးရန်ဖြစ်လောက်တဲ့ ခပ်ပျာပျာမိန်းမပုံစံမျိုးလည်းမပေါက်ဘဲ အဲထက်တန်းကျနေတာမျိုးလည်းမဟုတ်။

"ဘာကြည့်တာလဲ .. မယုံလို့လား"

"ဟမ် .. အဲ .. မဟုတ်ပါဘူး၊ လုံးဝမဟုတ်ပါဘူးအစ်မရယ်၊ အဟဲ .. အံ့ဩလို့ပါ .. တောင်းပန်ပါတယ်၊ ကားလေးပဲ တွန်းပေးပါနော်"

"အောင်မလေး ဘာတွေဖြစ်နေတာလဲ အိတုန်၊ ဈေးညှိနေတာလား၊ တောင်းသလောက်ပေးပြီး ခိုင်းလိုက်စမ်းပါ .. ကြာလို့ .."

"ဟယ် .. အဲတစ်ယောက်က တစ်မျိုး .."

အိတုန် ဒီဘက်ကို တောင်းပန်ပြီးရင်း တောင်းပန်နေရကား သူမကလည်း ဒေါ်တသကြီး ရန်တွေ့နေတာမျိုးတော့မဟုတ်ခဲ့ပါဘဲ လင်းရဲ့ ခပ်ရိုင်းရိုင်းစကားကြောင့် အကြီးကြီး ထဖြစ်သွားခဲ့ပြီ။

"ငွေစကားပြောနေတာ ..."

"မဟုတ်ပါဘူး အစ်မရယ် .. ဟိုလေ .."

"နေ .. နေ .. ရတယ်"

တကယ့်ကျိုင်ပဲလို့တွေးမိပြီး ခေါင်းကုတ်နေခဲ့သည့် အိတုန် ငေး တသြ ဖြစ်သွားသည်။

"ပိုက်ဆံနဲ့လုပ်ရမယ်ဆိုလည်း ကားတွန်းစားရတာလောက်နဲ့တော့ မိန်းမသားချင်း သည်းခံလို့ရပါတယ်၊ ငါကလည်း .. ပိုက်ဆံလိုနေတာ .."

www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် .. အိတုန် ပေးလိုက်ဟာ မြန်မြန်လုပ်စမ်းပါ၊ ချိန်းထားတာတွေ အားလုံးလွဲကုန်တော့မယ်"

"ဒါဆို .. စက်နိုးအောင်တော့ တွန်းပေးနော်၊ အစ်မကို နှစ်ထောင်ပေးမယ် .."

"ဘာ ..."

"အစ်မရယ် .. လေးငါးဆယ်လှမ်းဆိုလည်း နိုးသွားနိုင်တာပဲကို .. ပြီးတော့ .."

"မရဘူး .. ငါးထောင်"

ဖြစ်ရလေလို့ ပြောမိပေမယ့် ယောကျ်ားတစ်ယောက်ယောက်ကို အကူအညီသွားတောင်းဖို့ဆိုတာ ပိုပြီး မလွယ်သည့်ကိစ္စ ..။

စက်နိုးသွားပြီး ကားထဲပြန်ဝင်ကာမှ သက်ပြင်းချလိုက်မိ၏။

"တော်တော်မလွယ်တဲ့မိန်းမ .. တောသူမို့လို့ပဲ .."

လင်း က ကားကို ပြန်ဝိုက်ကွေ့ပြီး လမ်းကူးလိုက်ရင်း ..၊

"ဒီလောက်စကားတွေများနေတာ နင် သဘောမပေါက်ဘူးလား"

"နင်က မသိလို့ လင်း ရဲ့ .."

"ဘာကိုသိရဦးမှာလဲ .."

"သူက .. အဲ့လိုပုံစံတော့ မဟုတ်ဘူး .."

"ဘာပုံစံလဲ .."

"ဘယ်လိုပြောရမလဲ မသိဘူး၊ ငါလည်း မပြောတတ်ပါဘူးဟာ .. ဒါပေမဲ့ နင်ပြောသလိုကြီးတော့ ဟုတ်ပုံမရပါဘူး၊ သူက သူ့မောင်ကိုရှာဖို့ မြို့ပေါ်တက်လာတာတဲ့၊ ကြည့်ရတာ မောင်နဲ့ကွဲပြီး .."

"တော်စမ်းပါဟာ .. သူများကိစ္စကို၊ ဘယ်နှစ်နာရီထိုးပြီလဲ"

အိတုန် က နာရီကြည့်ကာ ..

"ဟိုမှာလေ .. ကိုးနာရီခွဲပြီးနေပြီ .."

ဟိုမှာလေလို့ ပြရပေမယ့် လင်း ရဲ့ အကျင့်က ကားကနာရီကိုမပြော



နဲ့ ကိုယ့်လက်ကနာရီကိုတောင် ငုံ့ကြည့်တာမဟုတ်။

"ငါတို့ မရောက်သေးတာ ဖုန်းတောင်မဆက်ပါလား .."

"နင်ကလည်းနော် .. အဲ့လိုစိတ်ချမ်းသာဖွယ်လေးတွေ [illegible] တာ ကျေးဇူးပဲ .."

"ဟီး .. ဟီး .. နင်မယုံရင်ကြည့်လိုက်လေ၊ အဲ့မိန်းမတွေက [illegible] .."

လင်း က လှည့်ကြည့်လိုက်တော့ အိတုန် က လက်ခါ [illegible] ..

"အကဲကို ပြောတာမဟုတ်ဘူး၊ ဒီမိန်းမတွေ ကဲကဲသည်း [illegible] ဖြစ်လွန်းလို့ .."

"ကဲလည်း ဂရုမစိုက်ဘူး .. ငါ့ချစ်သူကိုလာငြိဖို့ ကြိုးစား [illegible] အချစ်နဲ့ပတ်သက်ရင် ဗီလိန်ပဲ ဖြစ်ရဖြစ်ရ .. လူကြမ်းပဲလု [illegible] .. လင်း တို့က အချိန်မရွေးပဲ"

"အင်း .. အချစ်ဆိုတာကလည်း ကိုယ်လိုတဲ့အရပ်မျက် [illegible] ရေကောင်းမြေကောင်းလေးမှာ စိုက်ပျိုးမယ်ဆိုတိုင်း ရှင်သ [illegible] မဟုတ်ဘူး လင်း ရဲ့ .. ထုတ်ပိုးသိမ်းထားလို့လည်းမရ၊ တိုင်မှာ ကြိုး [illegible] ကပ်တုတ်ထားလည်းမဖြစ် .."

"ဒုန်း ..."

"အ .."

ကားက ဒိုင်းခနဲဆောင့်ခုန်သွားကာ အိတုန် ရှုံ့မဲ့သွားသည်။

"ပြေပြေလည်လည်ပေါ့ဟယ် .. မကြိုက်ရင်လည်း မပြောတော့ပါဘူး" ဟု ရွဲ့ပြောလိုက်၏။ မယ် [illegible] ကြီးမက မိန့်မိန့်ကြီး ပြုံးတော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"စောင့်လိုက်ရတာ ဝါဆိုရယ် .. ဘယ်လိုလဲ ဘုရင်လေးရဲ့ အခြေအနေ .."

"အဲဒါ .. ပတ်တီးဖြည်မှသိရမှာလေ .. ဆရာဝန်တွေတော့ ပြန်ကောင်းသွားဖို့ ငါးဆယ်ရာနှုန်းလို့ ပြောတာပဲ"

"အောင်မလေး ဝမ်းသာလိုက်တာဟဲ့ .."

ငွေနှင်း ရင်ဘတ်လေးဖိ၍ မျက်ရည်တွေပါလည်နေ၏။

"ရှော့ .. ရှော့ .. ဒါ .. မကြီးပေးခိုင်းလိုက်တာ၊ မင်း ရုပ်ဖျက်တာကြီးက ဝါဆို မှန်းမသိသာပေမယ့် ရုပ်ဖျက်ထားမှန်း သိသာတယ်၊ ဂရုစိုက်ဦး .. ဘုရင်လေးမျက်လုံး ပြန်မကောင်းခင် မင်းကို ဘယ်သူမှ မရိပ်မိမှ ဘုရင်လေး အန္တရာယ်ကင်းမှာ '.."

"ဟုတ်ကဲ့ပါ ဒေါ်လေး .. စိတ်ချပါ"

သူတို့နှစ်ယောက် လူချင်းခွဲလိုက်တော့ ပတ်ဝန်းကျင်ကို အကဲခတ်ရသေးသည်။ ဝါဆို့ကို ထားခဲ့ပြီး ကုန်စုံဆိုင်ကြီးထဲက ငွေနှင်း အရင်ထွက်လာခဲ့သည်။

ဒရိုင်ဘာကို ဈေးဝယ်ပြီးမှ မုန့်သွားစားဦးမယ်ဆိုပြီး ထွက်လာခဲ့တာမို့ ပစ္စည်းသယ်ဖို့ ဒရိုင်ဘာက ဈေးထဲမှာ ပတ်ရှာနေ၏။



"ဟဲ့ .. ငါဒီမှာ .."

"ဗျာ .. သြော် .."

ဒရိုင်ဘာက ဝမ်းသာအားရ ပြန်လှည့်ကြည့်ပြီး ..

"ကျွန်တော်က မနှင်း မုန့်စားနေတုန်း ပစ္စည်းတွေ သယ်ထားမယ်ဆိုပြီး မုန့်ဆိုင်တွေဘက် သွားရှာနေတာ .."

"ငါက ဒါတွေ သွားလေ့ရာ သယ်နေရမှာလား၊ ဆိုင်မှာ အားလုံးထားခဲ့တယ် .. သွားသယ်ခဲ့ .."

"ဟုတ်ကဲ့ ..."

အိမ်မှာ ခြံစောင့် မာလီတွေနှင့် အိမ်တွင်းအလုပ်သမားတွေက အစ အသက်အကြီးဆုံးက သုံးဆယ့်ငါးဝန်းကျင်လောက်ပဲ ဖြစ်သည်။ သို့သော် လူသစ်တွေလည်း သိပ်မရှိပေ။

ကတ္တီပါစံအိမ်ကြီးမှာ မျိုးရိုးစဉ်ဆက် အမှုထမ်းခဲ့ကြသူတွေ ရှိသလို ဝင်လာပြီးရင် စွဲမြဲနေကြသည့် အလုပ်သမားတွေချည်းဖြစ်သောကြောင့် အသက်သိပ်ငယ်တာ မရှိသလို၊ အသက်ကြီးရင့်သူတွေကိုလည်း အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် မိသားစုလိုက် နေရာထိုင်ခင်းပေးထားခဲ့၏။

ဝါဆို ကတော့ သူမရဲ့တူ ဝမ်းကွဲတော်ပါသည်။ ကတ္တီပါစံအိမ်မှာနေလာခဲ့သည့် အလုပ်သမားမိသားစုထဲက မဟုတ်သော်လည်း ကိုယ့်တူဖြစ်သည့်ပြင် စံအိမ်မှာ အဝင်အထွက်နည်းသူမို့ ဒီကိစ္စမှာ ဝါဆို့ကို ရွေးလိုက်ရခြင်းဖြစ်သည်။

"မနှင်း .. ဈေးထဲဝင်နေတုန်း စံအိမ်က ဖုန်းလာသေးတယ်"

ငွေနှင်း ထိတ်ခနဲ ဖြစ်သွားသည်။ သို့သော် ..

"ဘာတဲ့လဲ .."

"သူဌေးကတော်ကြီး ဆက်တာပါ၊ ပြန်လာပြီလားတဲ့၊ ပြီးတော့ .. မနှင်း နောက်ကို လိုက်မသွားရကောင်းလားဆိုပြီး ဒေါသတွေ

www.burmeseclassic.com

www.burmeseclassic.com



ထွက်နေတယ်၊ ကျွန်မ [illegible] ချူးဝယ်ပြီးပြီဆိုမှ လိုက်သယ်နေကျ ဆိုတော့ ..''

''ဟုတ်မှာပေါ့ .. [illegible]က သံသယများတတ်တာကိုး''

''ပြီးတော့ .. ဒီနေ့ [illegible]းလာမှာကို ဘာလို့ ထွက်သွားသလဲ ဘာလဲနဲ့ ..''

''ကဲပါဟယ် .. [illegible]နေပါနဲ့တော့ စံအိမ်တော်ရောက်ရင် ငါ ဘာသာဖြေလိုက်ပါ့မယ်၊ နင်သာ ငါနိုင်းတာကို သေသေသပ်သပ်လုပ်၊ ပြီးတော့ .. ပေါက်လည်း မပေါက်ကြားစေနဲ့၊ ငါ့ကိုလည်း ဘာမှ ပြန်မမေးနဲ့''

''စိတ်ချပါ .. ကျွန်တော်သိပါတယ်''

ငွေနှင်း ခေါင်းညိတ်လိုက်ရင်း ဒေါ်မြရင်ငယ် မျက်နှာကိုမြင်ယောင်နေမိသည်။ လူက ရောဂါဘယထူပြောလာသည့်ဖြစ် စိတ်ထောင်း ကိုယ်ကြေ ဖြစ်နေရခြင်းက သက်ဆိုးမရှည်နိုင်သည့် နိမိတ်ကို ဖော်ပြနေခြင်းပဲဖြစ်သည်။

ကတ္တီပါစံအိမ်ကြီးသည် ဦးရာဇနွယ် လက်ထက်မှစတင်၍ ကြီးကျယ်မြင့်မြတ်ခြင်းအားလုံးက ယေးသိမ်ညှိုးဖျင်းခြင်းသို့ ပြောင်းလဲခဲ့သည်။

ကောင်းသောအရေးက မကောင်းခြင်းတွေကို ဖြစ်လာစေခဲ့လျှတ်ဒါတွေကို ပုံချလိုက်သော့ သူဌေးကြီးဦးရာဇမာန် သက်တမ်းတိုရခြင်းက အပြစ်ကြီးတစ်ခု ဖြစ်လာခဲ့သည်။

သက်ရှည်ကျန်းမာခြင်း၊ ဂုဏ်းတန်ခိုးမြင့်မားခြင်းတွေနှင့် သစ္စာကျိန်စာသည် ဦးရာဇမာန် တရားပျက်ခဲ့သဖြင့် ကျိန်စာကျိုးပေါက်ခဲ့သည်ဟု ဆို၏။

ထို့ပြင် လျှို့ဝှက်မိဘစကားကို မြေဝယ်မကျနားထောင် ရိုကျိုးခဲ့သော စံအိမ်၏အစဉ်လာကောင်းကို အကဲ ခေါ် ဘုရင်ငယ်လေးက ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲ၏။



သူတို့ စွပ်စွဲပြစ်တင်ကြသည့်အတိုင်း ဦးရာဇမာန်က သက်တမ်းတိုခဲ့သလို ဒေါ်မြရင်ငယ် က အသက်ငယ်ငယ်နှင့် အိပ်ရာထဲလဲခဲ့သည်။

အကဲ က အကဲ ဆိုသည့်အတိုင်း သူသဘောမကျတာဆို ဘယ်သူ့အမိန့်ကိုဖြစ်ဖြစ် ကောက်ခနဲပြန်မေးသည်။ နားထောင်ချင်မှ ထောင်သည်။

ဦးရာဇနွယ် တို့ကြိတ်မနိုင်ခဲမရနှင့် စံအိမ်ကြီးတစ်ခုလုံးက ကြိမ်မီးအုံးသလို ပူလောင်နေခဲ့လေသည်။

''မဟုတ်ဘူး ဒေါ်ဒေါ်နှင်း .. သူဌေးကတော်ကြီးက ဘယ်သူ့မှ မဝင်စေရဘူးလို့ အမိန့်ထုတ်ထားလို့ပါ''

''ငါက ဒီဆေးတွေနဲ့ အချိန်မှန်သောက်ဖို့ကို မမကြီးကို ဘယ်လိုပြောပြရမှာလဲ''

''အထဲမှာ သူဇာရှိတယ်၊ သူ ထွက်လာရင်ပြောလိုက် ..''

အခန်းတံခါးဝမှာ ငွေနှင်း နဲ့ တံခါးစောင့် အဆင်မပြေဖြစ်နေကြတုန်း ဒေါ်စန္ဒီလင်း ရောက်လာကာ ..

''အခန်းထဲကို ဘယ်သူမှမဝင်ရဘူးဆိုတာကို ညည်းကျမှ ဝင်ခွင့်ရမယ်ထင်နေတာလား ငွေနှင်း ..''

ငွေနှင်း ခေါင်းငုံ့လိုက်ကာ ..

''မဟုတ်ပါဘူး သူဌေးကတော်ကြီးရှင့် .. မမကြီးက တစ်ခါတလေ အပေါ့အပါးမနိုင်တာတွေရှိတော့ သူဇာက လူငယ်မို့လို့''

''အဲဒါ ညည်းပူစရာမလိုပါဘူး၊ လူမမာကို စိတ်မရှည်ဖြစ်လာတောင် ပေါင်လင်းကြော ကြိတ်လိမ်ဆွဲလို့ရလောက်တဲ့ အရွယ်လည်း မဟုတ်ဘူး၊ မငယ်မှာ ပါးစပ်ပါတယ်၊ နာရင် အော်နိုင်တယ်၊ သူလိုချင်တာပြောလို့ရတယ် ..''

ထိုစဉ် အခန်းတံခါး ချောက်ခနဲပွင့်သွားပြီး အသက်နှစ်ဆယ်ကျော်အရွယ် သူဇာက မျက်နှာလေးရှုံ့တွတွနှင့် ထွက်လာကာ ..

www.burmeseclassic.com

www.burmeseclassic.com



"ဟို .. မေမေကြီးက ထမီထဲမှာ အလေးသွားထားလို့ .."

"ဘာ ..."

ဒေါ်စန္ဒီလင်း စိတ်တိုသွားကာ ..

"အဲဒါကို လာအကြောင်းကြားတယ် ဟုတ်လား၊ နင့်ကို ဘာလုပ်ဖို့ ထားတာလဲ"

"ဟို .. ဟိုလေ အများကြီးပဲဆိုတော့ .."

ပြောနေရင်း သူဇာက ဒေါ်စန္ဒီလင်း ရှေ့မှာ ဆတ်ခနဲ ဒူးထောက် ထိုင်ချလိုက်ကာ လက်အုပ်လေးချီ၍ ..

"ကျွန်မ တောင်းပန်ပါတယ် သူဌေးကတော်ကြီးရယ် .. အဲဒါ တွေတော့ မကိုင်ရဲလို့ပါ၊ ကျွန်မကို ကြိုက်တဲ့အပြစ်ပေးပါ .."

"ဘာပြောလိုက်တယ် .. အေ့ .."

"နေဦး စန္ဒီ .."

ဦးရာဇနွယ် က အလုပ်ကပြန်လာသည့်ပုံစံနှင့် ဝင်လာကာ ..

"ငွေနှင်း ဒီမှာပဲနေပါစေ ..."

"ဘယ်လို .."

"လူမမာက ချေးသေးမနိုင်တဲ့အခြေအနေဖြစ်နေပြီဆိုရင် သူ့ကို ပြုစုနေကျလူပဲ ဒါတွေကို ကျွမ်းကျင်မှာ ထားလိုက်ပါ .."

ဦးရာဇနွယ် အကြည့်တွေမှာ ဒီလူမမာ မကြာခင်သေမှာပဲလို့ ပြောနေသလို အဓိပ္ပာယ်တွေဖြစ်နေကာ ဒေါ်စန္ဒီလင်း ကို ခေါင်းညိတ်ပြရင်း လက်ဆွဲခေါ်သွားခဲ့၏။

ငွေနှင်း အခန်းထဲဝင်ခွင့်ရသည်နှင့် တန်းဝင်လာခဲ့ပြီး ...

"မမကြီး ..."

ဒေါ်မြရင်ငယ် ၏ ခြုံစောင်ကို စိုးရိမ်တကြီးကိုင်လိုက်လျှင် မှေးစင်းနေသည့်မျက်လုံးတွေ ပွင့်လာပြီး ငွေနှင်း ရဲ့လက်ကို အသာလေးဖယ်ချလိုက်၏။



"ငါ ဘာမှမဖြစ်ဘူး .."

"မမကြီး ထမီထဲမှာ တကယ် .."

"ငါ .. အဲ့လောက်ထိ မဖြစ်သေးဘူး ငွေနှင်း"

"တော်ပါသေးရဲ့ မမကြီးရယ် .."

ငွေနှင်း ပြုံးပြုံးရယ်ရယ် ဖြစ်သွားခဲ့လျက် ..

"ဒါဆို သူဇာက .."

"ငါ့အခက်အခဲကို ပြောပြပြီး အကူအညီတောင်းလိုက်တာ"

ပြောရင်း ထထိုင်ဖို့ကြိုးစားနေသဖြင့် ငွေနှင်း က ဖျာပျာလဲထကာ ခေါင်းအုံးတွေဆင့်ခံပေး၏။ ဒေါ်မြရင်ငယ်က သက်သောင့်သက်သာ မှီနေလိုက်ပြီးမှ ..

"ခုချိန်မှာ ဘယ်သူက သခင်မပဲဖြစ်ဖြစ် .. ကတ္တီပါစံအိမ်ကို ခင်တွယ် နေတဲ့ အလုပ်သမားတိုင်း ငါ့ကို လေးစားမပျက်သေးပါဘူး၊ သူဇာ ရဲ့ သစ္စာရှိမှုက သက်သေပါ"

ဒေါ်စန္ဒီလင်း ရဲ့ရှေ့မှာ ဒူးထောက်တောင်းပန်သွားသည့်ပုံသည် ပေးသည့်ပြစ်ဒဏ်ကို ခံယူမည့် တကယ့်စိတ်ရင်းနှင့် လှိုက်လှိုက်လှဲလှဲ ဖြစ်သည်။

"ဘာပဲဖြစ်နေနေ ငါ့သားလေးရဲ့နောင်ရေးအတွက် ငါ သေလို့ မဖြစ်သေးဘူး .. သားကို ကာကွယ်ရမယ်၊ သူတို့တွေ ငါ့သားကို လုပ်ကြံဖို့ ကြိုးစားနေတယ်ဆိုတာ သတင်းအတိအကျမရခင်တည်းက ငါစိုးရိမ် ခဲ့ရတာ .."

ခုတော့ သူတို့တိုင်ပင်နေတာကို သေချာသိခဲ့ရတာပါ။

"မငယ် က သေလူဖြစ်နေပါပြီ၊ ငါတို့ သူ့အတွက် ပူစရာမလို ဘူး၊ လိုနေတာက အကဲ ဆိုတဲ့ကောင်လေးပဲ၊ ငါတို့မှာ နောက်ထပ် သား မမွေးတော့ ဒီအိမ်ရဲ့အမွေဆက်ခံသူကလည်း အကဲ ..၊ အခု အုပ်ချုပ်ခွင့် ရှိနေတဲ့သူကလည်း မငယ်၊ အဲဒါတွေကို ငါ့လက်ထဲရောက်လာဖို့ ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



ရမယ် ..."

"ဟုတ်တယ် .. မငယ်လည်း သေမယ်၊ အကဲလည်း မရှိတော့ဘူးဆိုရင် စန္ဒီ တို့ရှေ့မှာ ဘာအတားအဆီးမှ မရှိတော့ဘူး" တဲ့။

နေရာတကာမှာ ရှိနေကြသည့် ကိုယ့်ရဲ့လူတွေဆီကနေ ဒီစကားတွေကို အလုံးစုံပြန်ကြားခဲ့ရသည်။ ထို့ကြောင့် အကဲ ကို အိမ်ကနေ ဝုန်းဒိုင်းကြဲရန်ဖြစ်သွားသလို ဖန်တီးပြီး တခြားထွက်သွားသလို လုပ်ခဲ့ရသည်။

ဒါနဲ့တောင် လူငယ်တွေ ခရီးသွားကြရင်း ကားအက်ဆီးဒင့် ဖြစ်တော့ မှတ်ပုံတင်ထဲကအတိုင်း အိမ်ကိုအကြောင်းကြားလာသောကြောင့် အကဲ ဘယ်မှာရှိနေသည်ကို သူတို့ သိသွားခဲ့ကြ၏။

"ဒီကောင်လေးကို ပြန်ခေါ်လာပြီး အိမ်မှာပဲ ဆေးကုလိုက်၊ ပြန်ကောင်းလာရင် မိန်းမပေးစားပစ်မယ် .."

ဟု ဦးရာဇနွယ် က စီစဉ်သည်။ ဒါပေမဲ့ အကဲ ဆေးရုံကနေ ပျောက်ချင်းမလှ ပျောက်သွားခဲ့သဖြင့် ...

"အဲဒါ မငယ် အစီအစဉ်တွေမို့လား၊ ဘာလဲ .. အကဲကို ကျွန်တော့်လက်ထဲမှာ မငယ် စိတ်မချလို့လား၊ ကျွန်တော်က သူ့ ဦးလေးအရင်းကြီးပါဗျ .."

မဟုတ်ပါဘူးဆိုသည့်စကားမှလွဲ၍ ဒေါ်မြရင်ငယ် ဘာတစ်ခုမှ မဖြေရှင်းခဲ့ပေ။ ကိုယ့်ဆုံးဖြတ်ချက် ခံယူချက်အပေါ်မှာ ယုံကြည်သည်။ ကိုယ်ကအမှားလုပ်ခဲ့တာမဟုတ်ဘဲ ဖြေရှင်းချက်တွေ ခဏခဏပေးနေဖို့မလိုဘူးထင်သည်။

ထို့ကြောင့် ယုံကြည်ချက်နဲ့ ရှေ့ဆက်ခဲ့တာဖြစ်သည်။ သူတို့ကတော့ အသေသတ်ဖို့ ကြံနေဘာလား။ ဒါမှမဟုတ် လက်ထပ်ပေးပြီး ကျုံးသွင်းမယ့်နည်းမျိုးသုံးနေတာလားဆိုတာ မသိ။

ဘာပဲဖြစ်ဖြစ် သားကို လုပ်ကြံမခံရအောင် ကာကွယ်ရမည်။ ဒီပတ်ဝန်းကျင် ဒီလူတွေထဲ မထွက်နိုင်ဘဲ သိုဝ်သည်းပူလောင်နေသော အရိုးစွဲ



ထုံးစံမှုဝါဒကြီးထဲမှာပဲ ဝဲလည်နေတာ မဖြစ်စေရ။

ဒေါ်မြရင်ငယ် ကတ္တီပါစံအိမ်ကြီးကို ခင်တွယ်ပါသည်။ သို့သော်စံအိမ်ကြီးထဲက ထုံးစံကလနားတွေကိုတော့ သဘောမကျနိုင်။

သားရဲ့လက်ထက်မှာ ဒီလို သစ္စာထုံးတမ်းတွေကြောင့် ဘဝ တစ်လျှောက်လုံး နစ်မွန်းသွားမှာမျိုး မဖြစ်ရအောင် ကြိုးစားဖို့လည်း ဆုံးဖြတ်ထားခဲ့၏။

ဒီဆုံးဖြတ်ချက်ကြောင့် သူမ ဘယ်လိုပေးဆပ်ခဲ့ရသလဲ။ ဘာတွေကို စတေးခဲ့သလဲဆိုတာ ဘယ်သူမှမသိ။

ဒါကြောင့် အမိကသည် ဘုရင်ငယ်လေးရဲ့ဘဝ လွတ်မြောက်ဖို့ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

"ဘာစော်တွေ နံနေတာလဲကွာ .. တောက် .."

"ကိုလေး .."

"ငါ့ကိုခေါ်ဖို့မဟုတ်ဘူး မေးနေတာကိုဖြေ .."

"ဒီအေးမှာ ရေမြောင်းရှိနေလို့ ဖြစ်မှာပါ၊ တစ်ချက်တစ်ချက် လေငွေ့တုန်းပါ ကိုလေးရ .. အမြဲမနံပါဘူး .."

"ခဏတဖြုတ်နံတာလေးလည်း သည်းမခံနိုင်ဘူး .. ငါ့ကို အခန်းပြောင်းပေး .."

ဝါဆို စိတ်ညစ်သွားသည်။ ဟိုလူတွေ သတိမထားမိအောင် ခပ်ညံ့ညံ့ တိုက်ခန်းလေးတွေထဲမှာ လာနေရတာမို့ လိုအပ်ချက်အဝဝ ရှိနေပေမယ့် တစ်ခုတလေကို ကောက်ကပ်ပြင်ဆင်ဖို့ကမလွယ် ..၊

"ကိုလေး .. တိုက်ခန်းက အိပ်ခန်းတစ်ခန်းပဲရှိတာလေ .."

"ဘာကွ ..."

"ကိုလေးကလည်းဗျာ .. တမင် နွမ်းပါးတဲ့ရပ်ကွက်မှာ နေပါတယ်ဆိုမှ .."

"မင်းကို ဘယ်သူက နွမ်းပါးခိုင်းနေလို့လဲ .."

"မမကြီးလေ .. ဒေါ်လေးကတစ်ဆင့် ညွှန်ကြားချက်ရထားလို့ အဲ့အတိုင်း ကျွန်တော်က စီစဉ်ရတာ .."



"ဘာလဲ .. ငါက အကန်းဆိုပြီးလား .."

"ဟာ .. ဘယ်ကလာ .."

"မလိုချင်ဘူး .. ခုချက်ချင်းပြောင်းဖို့လုပ် .."

"ကိုလေး .. ကိုလေး နေပါဦး .."

ဝါဆို အကဲကိုဆွဲထားရင်း မနည်းရှင်းပြရသည်။ သိတော့ သိပါလျက်နှင့် ဆင်းရဲခြင်းအကျိုးအကြောင်းတွေအပေါ် ဘယ်လိုမှသည်းမခံနိုင်ခြင်းကြောင့် အကဲ က တက်ခေါက်မပျက် ..။

"မမကြီး နေမကောင်းနေတုန်း ပိုစိတ်ဆင်းရဲသွားမှာစိုးလို့ပါ၊ ကျွန်တော်တို့ ကိုလေးမျက်လုံး မခွဲစိပ်ခင်ထိပဲ သည်းခံရမှာပါ .."

"ငါ့ကို ဘုန်းကြီးစာချလုပ်မနေနဲ့၊ အဲဒီမြောင်းပုပ်ကိစ္စ သွားလုပ် .."

"ဟုတ်ကဲ့ပါ .."

"ဒါ ဘယ်နှစ်လွှာလဲ"

"သုံးလွှာ အပေါ်မှာရှိသေးတယ်"

"မြေညီထက် ဘာဖြစ်လို့လဲ .."

"အသံတွေ ပိုဆူတယ် ကိုလေးရ .. ပြီးတော့ ကျွန်တော်တို့က လူသိမခံချင်တာလေ .."

အကဲ ခဏငြိမ်သွားသည်။ တောင်ဇာနဲ့ ဟိုထိုး ဒီထိုးလိုက်ထောက်နေသဖြင့် ဝါဆိုက ထသွားပြီး ပြတင်းပေါက်ဖွင့်ပေးလိုက်ကာ ..။

"ဒါ .. နောက်ဖေးပိုင်းပဲ၊ ဒါပေမဲ့ ဒီဘက်က သူများခေါင်းရင်းကျတော့ အမှိုက်ပုံမရှိဘူး .. မြောင်းလည်း .."

"ဘာ .. အမှိုက်ပုံလည်း ရှိတယ်ဟုတ်လား"

"အမှိုက်ပုံကြီး မဟုတ်ပါဘူး၊ ကိုယ့်ခေါင်းရင်းက သူများ ခြေရင်းဆိုရင် ပြတင်းပေါက်ကနေ ပစ်ချကြတဲ့အမှိုက်တချို့ စုပုံပြီး အနံ့အသက် .."

"တောက် .."

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို စကားလက်စနှင့် ပြတ်တောက်သွားသည်။

"အဓိပ္ပာယ်မရှိဘူး၊ ကိုယ့်မိဘနဲ့ အိမ်နဲ့ ယာနဲ့ ရှိတာတောင် ဝရမ်းပြေးလိုနေရတယ်လို့ .. ဒီလိုနေရမှာ ဘယ်လောက်ထိနေရမှာလဲ"

"ကိုလေးရယ် .. ဒါကတော့ မေမေကြီးက လူမမာဖြစ် .."

"တော်တော့ .."

အကဲ ဒေါ်သထွက်နေပြီဆို ကားသယောင်ရှိသည့် မေးရိုးနှစ်ဖက်က တကျိုကျိုလှုပ်ခတ်နေလျက် အံကြိတ်နေတာမြင်ရုံနဲ့တင် သူ့စကားတွေ ဆွံ့အသွားတတ်၏။

"ဘုရင်လေး ကို မင်း အနွံတာခံရမယ်၊ တားစရာရှိရင် ကိုယ်ကျိုးစွန့်ပြီး တားရမယ်နော်၊ ဘုရင်လေး က သူ့ဖျေးကြီးကိုလည်း ဂရုစိုက်တာမဟုတ်ဘူး၊ ပြောစရာရှိရင် ပြန်ခံပြောတာ .. ဘာပဲဖြစ်ဖြစ်လုပ်ပိုင်ခွင့်နဲ့ပတ်သက်ရင်တော့ ဘုရင်လေးနစ်နာမှာပဲ၊ ဒါကြောင့် .. သူတို့တွေနဲ့ လောလောဆယ် ဘယ်လိုမှ မေးတွေ့လို့မဖြစ်ဘူး၊ ကလောက သူ့ အဘွားရောက်လာပြီးတဲ့အထိ ဒီလူတွေနဲ့ မတွေ့မိအောင် ထိန်းထား .."

လို့ ဒေါ်လေးက သေချာတာဝန်ပေးခဲ့တာ သတိရရင်း အကဲ ရဲ့ ဂရုမစိုက်တတ်ခြင်း တွေကို သူ တကယ်လန့်လာခဲ့မိသည်။

"ဒီမျက်လုံး ခွဲစိတ်ပြီးရင် ဘာတွေဖြစ်ဖို့ ရှိနေနေ ပြန်မယ်"

"ဟုတ်ကဲ့ပါ .. ကျွန်တော်အောက်မှာ မြောင်းကို သေချာသွားကြည့်လိုက်မယ်နော်"

"ဘာလဲ ဓာတ်ပုံရိုက်ပြီး ဖေ့စ်ဘွတ်ခ်ပေါ် တင်မလို့လား ..."

"မဟုတ်ဘူးလေ .. အခြေအနေသေချာကြည့်ပြီး .."

"မလိုဘူး .. ငါ့ကို ပန်ကာဖွင့်ပေး၊ ဒီည မိုးမချုပ်ခင် အဲယားကွန်းအပြီးတပ်ဖို့လုပ်၊ အရေးကြီးဆုံးက အဲဒါ .."

"ကိုလေး .. အခန်းပိုင်ရှင်က သူ့ဥစ္စာကိုဖောက်တာ မကြိုက်လောက်ဘူး"



"သူ့ဥစ္စာက နဂိုတည်းကပေါက်နေတာမဟုတ်ရင် ဖောက်ရမှာပဲ"

"ခက်ပြီ ..."

"ခေါင်းကုတ်နေတာလား .."

ဟ ...၊

ဝါဆို လက်ကို ကမန်းကတန်း ပြန်ချပြီး တံတွေးမျိုချမိ၏။

"တိုက်ခန်းက ဘယ်လောက်လဲ၊ ပိုင်ရှင်ဆိုပြီး အိုဗာတင်းနေ ရင် ဝယ်လိုက် .."

"သူက ရောင်းမှာမဟုတ်ဘူး၊ ငွေးစားတဲ့တိုက်ခန်း .."

"ဝါဆို ..."

"ဗျာ ..."

"မင်း .. ငါ့ရှေ့ကို နည်းနည်းတိုးရပ်နေခဲ့ရင် မင်း မျက်နှာ ပန်းသီးဖြစ်သွားလောက်ပြီ .."

"အဲဒါကြောင့် ကျွန်တော်ကလည်း ကိုလေးနဲ့ နှစ်ကိုက်ကျော်အကွာမှာပဲ ရပ်နေတာ .."

"ချွေးကောင် .. တစ်ခုခု အဆင်ပြေတာလေးရှိရင်ပြော .. ပါးစပ်ကို ရွှေချပေးမယ်"

ဝါဆိုမျက်နှာ အီလည်လည်ကြီးဖြစ်သွားသည်။ နဂိုတည်းက လူကခပ်တုတ်တုတ်၊ အရပ်က သိပ်မရှည်ဘဲလေးထောင့်ဆန်ဆန်၊ မျက်နှာကပါးတွေဖောင်းနေတော့ ဝိုင်းသလိုဖြစ်နေခဲ့သည်။

မဲ့လိုက် ရယ်လိုက်တိုင်း ပါးတွေရဲ့ဖောင်းပွနွမ်းက ထင်သာမြင်သာအောင် ရှိနေခဲ့လျက်။

"ဒီကြိုးက ဘယ်ကကြိုးလဲ .."

"အဲဒါက .. ဟာ .."

ခေါင်းတံစက်မြိတ်အောက်မှာတပ်ထားသည့် အမှိုက်အိတ်ရဲ့ကြိုးစကို ဆွဲချလိုက်တာ ဝါဆို ဘယ်လိုမှတားချိန်မရလိုက်ပေ။ အိတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



က နှုတ်ခမ်းတစ်ဖက် ပွင့်ကျသလို ပြဲထွက်သွားကာ အောက်ကို တရှိန်ထိုး ဆင်းကျသွားလေသည်။

"သွားပြီ ကိုလေးရာ .. အဲ့ါ အမိုက်အိတ်ကြီးရယ် .."

"ဘာ!..."

သူ့များဘက်ဆီပြုတ်ကျလို့ ဘာတွေဖြစ်ကုန်ပြီမှန်း ရုတ်တရက် ပြေးတောင်မကြည့်ရဲသေးပေ။ အကဲက ခေါသတကြီးထ ဖြစ်ကာ ..

"ငါ့ခေါင်းရင်းမှာ အမိုက်အိတ်ကြီး ဟုတ်လား .."

"ဒါ ကျွန်တော်တို့ခြေရင်းလေ .."

"ဘာဖြစ်ဖြစ် အမိုက်အိတ်ကို အိမ်ခေါင်းမှာ တက်ချိတ်ထားရလား"

"အဲဒါက ဒီလိုရှိ .."

"ဒီအမိုက်အိတ်ကို ဘယ်ကနေ သွန်ချလိုက်တာလဲ ဟင် .."

သွားပြီ ...၊

မိန်းမတစ်ယောက်၏ အော်သံက အောက်ကနေအပေါ်ကို လေလုံးကြီးနဲ့ ပင့်ရိုက်လာသည့်အတိုင်း ...။

"ကိုယ့်တစ်ဦးတည်းနေတယ်များ မှတ်နေလို့လား .. နည်းနည်း ပါးပါး လူလိုနားလည်ဖို့ကောင်းတယ်၊ ကိုယ့်အောက်မှာနေတယ်ဆိုပြီး လူကို လူမထင်ကြဘူး၊ ဒီမှာ .. ခုချက်ချင်းဆင်းလာပြီး ကျုံးပေးနော်၊ မဟုတ်လို့ကတော့ အောက်ကနေ ခဲနဲ့လှမ်းထုမှာ မလုပ်ဘူးမထင်နဲ့ .."

"အဲဒါ ဘာသံလဲ .."

"ကျွန်တော်တို့ အမိုက်သွန်ချတယ်ထင်ပြီး အော်နေတာလေ"

"သွားပြောလိုက် ငါတို့သွန်တာမဟုတ်ဘူး၊ အမိုက်ကအစကတည်း က ရှိနေတာလို့ .."

ကောင်းပါပေ့ ...၊

သွားပြောလိုက် တဲ့ ...။

ဝါဆို ခေါင်းကုတ်ရင် ပြတင်းပေါက်ကနေ အောက်ကို ငုံ့ကြည့်



ဒိုက်မိ၏။ ခါးထောက်၍ကြည့်နေသော မျက်နှာနှင့် တန်းခနဲတိုးလျှင် ချက်ချင်း ခေါင်းပြန်ကွယ်လိုက်မိ၏။

"အခြေအနေမကောင်းဘူး ကိုလေး၊ အမိုက်တွေက မြေညီထပ် က အဝတ်လှန်းတဲ့နောက်ဖေးချောင်တစ်ခုလုံးကို တည့်တည့် ဖုံးလွှမ်း နေတာ .."

"အဲဒီတော့ ဘာဖြစ်လဲ .. တမင်လုပ်တာမဟုတ်ဘူး .."

"တော်တော် ဆိုးရွားနေတာနော် ကိုလေး၊ စားအိုးစားခွက်တွေ လည်း တွေ့သေးတယ်၊ အဲဒီပေါ်မှာရော .."

"အလုပ်သမားငှားပေးလိုက် .. ပြန်ရှင်းပေးရင် ပြီးရောမို့လား .."

"ဒုန်း .. ဒုန်း .."

ဟင် ...၊

ဝါဆို မျက်နှာလေးငယ်ကျသွားကာ တံခါးက တုန်ခါသံဆီ အကြည့် ရောက်၏။

"ဒီမှာ .. တံခါးဖွင့်နော်၊ မဖွင့်ရင် အောက်ပြန်ဆင်းပြီး ခဲနဲ့ထုမှာ .."

"ခဲနဲ့ထုဖို့ကို အောက်ကြိမ်းလိုက် အပေါ်ကကြိမ်းလိုက်နဲ့ပါလား၊ မဖွင့်နဲ့ ထုရဲရင်ထုကြည့်လိုက် .."

"ပြဿနာပဲ ကိုလေးရာ .."

ဝါဆို တံခါးဆီပြေးသွားပြီး ဖွင့်ပေးလိုက်လျှင် အမြင်မှာ ခါးတစ်ဖက် ထောက်ရပ်နေသည့် အမျိုးသမီးက ဖြူဖြူသွယ်သွယ် လုံးကြီးပေါက်လှ...။

ပြီးတော့ ဆံပင်တွေက တင်ပါးလောက်ထိရှည်ကာ ခေါင်းစည်းကွင်း လေးနဲ့ ချည်ထား၏။ ဝတ်စားထားပုံအရ နွမ်းပါးမှန်းလည်းသိသာကာ ...။

"ဒါနဲ့ .. ဒီက အစ်မကို ကျွန်တော် သိသလိုပဲ .."

"လာဖြီးမနေပါနဲ့ .. သိရအောင် ကျွန်မက မြို့ပေါ်က အရိုင်းအရိုင်း တွေနဲ့ ဘာမှပတ်သက်တဲ့သူ မဟုတ်ဘူး၊ တောကကက်လာတာ .."

"ဒါဆို .. တောက အရိုင်းအစိုင်းပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



လှောင်ရယ်ခြင်းနှင့် အကဲ အသံကြောင့် သူမအကြည့်တွေ တိုက်ခန်းထဲကို ဦးတည်သွားသည်။

"ဘယ်သူလဲ ကွယ်ရာကနေ .."

"ဟား .. ဟား .. ဟား .. ဟား"

"နေပါဦး ခဏလေးပါ .. ဒီမှာ အစ်မ .."

သူမက အထဲကို ခေါင်းတိုးကြည့်ဖို့ ကြိုးစားသည်။ ဝါဆိုက ကိုယ်နဲ့ခံပြီး အတင်းလိုက်ပိတ်ထားကာ တံခါးဝမှာ ထုပ်ဆီးတိုးသလို ဖြစ်နေကြလျက်...။

"အစ်မက တောကဆိုရင် ပိုနီးစပ်သွားပြီ၊ ပြီးခဲ့တဲ့ တစ်ပတ်လောက်က .. ညဘက်ကြီး ကျွန်တော်တို့တက္ကစီကို တားစီးခဲ့တာလေ .."

"ဟင် ..."

"အဲဒါ အစ်မမို့လား ..."

သူမ ပါးစပ်က အဖျက်စကားပြောဖို့ ပြင်ဆင်ထားခြင်းသည် အံ့သြခြင်းသို့ရောက်လျက် ...

"ရှင်က ..."

"ဟုတ်တယ် .. အဲဒါ ကျွန်တော်တို့ပဲ၊ အစ်မကို ခေါ်တင်လိုက်ပါပြောလို့ ဒရိုင်ဘာက ကားရပ်ပေးတာ .. အစ်မတောင် ဒရိုင်ဘာကို ရန်တွေ့သေးတယ်လေ .."

သူမ ခေါင်းညိတ်လိုက်ရင်း အတင်းတိုးဖို့ပြင်ထားသည့် ခြေလှမ်းကို နောက်ပြန်ဆုတ်၍ ...

"ဟုတ်တယ် .. ဟုတ်တော့ဟုတ်ပေမယ့် .."

"အမိုက်ကိစ္စ အစ်မ မကျေနပ်ဘူးမို့လား .. အဲဒါကိုလည်း တောင်းပန်ပါတယ်၊ ကျွန်တော်တို့လည်း ဒီနေ့မှ ပြောင်းလာတာပါ .."

"ကျွန်မက သုံးရက်ရှိပြီ .."

"ဟုတ်လား .. အမိုက်က လေးလွှာကနေ ပစ်ချတာတွေဖြစ်မှာပါ၊ အဲဒါကို မခံနိုင်ကြလို့ တာလပတ်စနဲ့ ခံပေးထားတာ၊ အမိုက်တွေ



များပြီး ကြာလာတော့ အိတ်ကြီးလိုဖြစ်ပြီး ဆွဲနေတာ ကျွန်တော်မြင်တယ်၊ ဘာမှမလုပ်ရင်တော့ ဒီလိုဖြစ်မှာမဟုတ်ဘူးဗျ၊ ဒီမှာ အင်တာနာကြိုးကို ဆွဲလှုပ်လိုက်လို့ မလွှတ်မလပ်နဲ့ ပြုကျသွားတာ .."

ဝါဆို စိတ်ရှည်လက်ရှည်ရှင်းပြနေရင်း သူမကို အကဲခတ်မိသည်။ ဒီပြဿနာအတွက် ကျေအေးနိုင်ရင်တောင် ခုန ကိုလေး ပြောလိုက်တာကြောင့် ရင်ခံနေတာ ရိပ်မိလိုက်ပြီး ...

"ကိုလေးက ကျွန်တော့်အစ်ကိုဝမ်းကွဲပါ၊ မျက်လုံး သိပ်မကောင်းလို့ ခွဲစိတ်ရမှာ .."

"သြော် .."

သူမရဲ့ သြော်သံက စိတ်မကောင်းဖြစ်သွားတာ မဟုတ်ခဲ့ဘဲ ...။

"မျက်လုံးသာမကောင်းတာ လျှာစောင်းကတော့ ထက်ပါ့၊ မိန်းမကောင်းရန်တွေ့ .."

"ဟာ .. အဲဒါက .."

ပြောပြနေလျှင် ရှင်းမရဖွယ်တွေဖြစ်လာတော့မှာမို့ ဝါဆို တံခါးဆွဲပိတ်လိုက်ရကာ ပြီးမှ အပြင်ထွက်ရပ်၍ ...

"ကိုလေးက သဘောကောင်းပါတယ် အစ်မရယ် .. ပြောတာဆိုတာ နည်းနည်း လက်ပေါက်ကပ်တာလေးပဲရှိတာပါ၊ အဲ့ဒီညကလည်း အစ်မကို ကားရပ်ပေးလိုက်ဖို့ ကိုလေး ခွင့်ပြုခဲ့လို့ပေါ့၊ ကျွန်တော်ကလည်း အမိန့်မရဘဲ ဘာမှလုပ်ရဲတဲ့သူမဟုတ်ဘူး .."

ဒီစကားကျမှ လက်ခံသွားသည့်သူမမျက်နှာမှာ ညှို့သက်ခြင်းတို့ဖြစ်လာခဲ့ပြီး ..

"အဲဒီတုန်းက ကျေးဇူးတင်ပါတယ် .."

"ဗျာ ..."

"ခုလည်း မမေ့ပါဘူး၊ ဒါပေမယ့် ရှင်ပဲ စဉ်းစားကြည့်ဦး၊ ကျွန်မက အဲဒီခြေရင်း အဝတ်ခြောက်စင်လေးကိုပဲ ငှားနေရတာ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ..."

"ဒါတောင် တစ်လငါးထောင် မီးထွန်းမယ်ဆို ရှစ်ထောင် .."

"အစ်မက .. မြေညီထပ်က မဟုတ်ဘူးလား .."

"ဟင့်အင် ..."

ဖြစ်ရလေလို့ပဲ ပြောမိတော့သည်။

"လာပါဗျာ .. ကျွန်တော်တို့ချင်း နားလည်မှုရသွားပြီပဲ၊ အထဲဝင်ပါဦး"

သူမက အထဲကို နားစွင့်ကြည့်ပြီးမှ ခေါင်းခါ၏။ ခုပဲ နင်ပဲငဆ တွေပြောပြီး စကားများထားကြသဖြင့် မျက်နှာပူနေတာဖြစ်သည်။ ပြီးတော့ မိန်းမသံလည်းမကြား ..။

"လာပါ .. ကျွန်တော်တို့လည်း ညီအစ်ကိုနှစ်ယောက်တည်းပဲ၊ ဒါပေမယ့် မောင်နှမတွေလို သဘောထားလို့ရပါတယ်"

"နေပါစေ .. အောက်မှာလည်း အမှိုက်တွေရှင်းရဦးမှာ .. ကျွန်မ နေလို့ရတာ ခြောက်ပေ ငါးပေ အကျယ်လေးပဲရှိတာ .."

"ဒါဆို .. အဲဒီမှာအိပ်ပြီး အပြင်မှာ ဝယ်စားမှာလား"

"ဝယ်မစားပါဘူး .. ချက်ပြုတ်စားဖို့တောင် အလုပ်လုပ်မှ ပိုက်ဆံရမှာ .. ဘာပဲဖြစ်ဖြစ် ကျွန်မ အခု အလုပ်လည်းရပါပြီ၊ မောင်လေးကို မတွေ့မချင်း အားမလျော့နိုင်ဘူး .."

"အစ်မက တစ်ယောက်တည်းပေါ့၊ အလုပ်က ဘာအလုပ်လဲ၊ စပ်စုတာတော့မဟုတ်ပါဘူး၊ အစ်မသတ္တိကို ချီးကျူးမိတာပါ .."

"စပ်စုတာဆိုလည်း စိတ်မဆိုးပါဘူး၊ ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် ခင်ဖို့ကောင်းရင် ခင်ပါတယ်၊ နှာဘူးတွေဆိုရင်တော့ အရမ်းရွံတယ် .."

ရှင်းပါသည်။ ဒီထက်ရှင်းတာတောင် ဒီလောက် ရှင်းပါ့မလား။

"ကျွန်မတို့က မောင်နှမနှစ်ယောက်ပဲရှိတာ .. မြို့မှာ အခြေချကြမယ်လို့ မောင်နှမနှစ်ယောက်တိုင်ပင်ပြီး ဦးလေးဝမ်းကွဲနဲ့ မောင်လေးကို အရင် ထည့်လွှတ်လိုက်တာလေ၊ နေရာထိုင်ခင်းလေးတွေ့ရင် ပြင်ဆင်ထားလို့ ရအောင် ရွာမှာ ကျွန်မတို့မောင်နှမ ပိုင်ဆိုင်သမျှလေး ထုခွဲရောင်းချပြီး မောင်လေးနဲ့ပေးလိုက်သေးတယ်"



"လူလိမ်များခံရသလား ..."

"ဖြစ်နိုင်တယ် .. ဦးလေးနဲ့ကွဲသွားကြတာလား နှစ်ယောက်အတူရှိနေရဲ့လားလည်း စိုးရိမ်တယ်၊ ပိုက်ဆံတွေမရှိတော့ရင်တောင် မောင်လေးကို သေးမသိရန်မခ ပြန်တွေ့ရရင် တော်ပါပြီ"

"သူ့ကိုတွေ့ရင်ရော .."

"တောကိုတော့ မပြန်ပါဘူး .."

တောမှာ နာကျည်းစရာတစ်ခုခုရှိနေတာလား။ ဒါမှမဟုတ် ကြွေးတွေ ဘာတွေရှိလို့ ရှောင်ထွက်လာတာမျိုးလား။

ဘာကြောင့် မပြန်ချင်တာလဲဆိုတာ သူမကလည်း မပြောပြခဲ့ဘဲ...

"မောင်လေးရှိနေရင် မောင်နှမနှစ်ယောက်ဆိုတော့ ကျွန်မအတွက် လုံခြုံမယ်၊ သူ့အတွက်လည်း မျက်စိအောက်မှာဆို ပူစရာမလိုတော့ဘူး၊ စားဝတ်နေရေးအတွက် ရှာဖွေဖို့ကို ကျွန်မ မကြောက်ပါဘူး"

ပြောပြီးတာနှင့် သူမက လှည့်ပြန်ဖို့ပြင်၏။

"ဒါဆို .. အခု ဒီအောက်မှာပဲနေတာလား .. အစ်မ တစ်ယောက် : တည်းဆိုရင်တော့ လုံခြုံမှုမရှိပါဘူးဗျာ"

"သူတို့က လုံခြုံအောင် ကာရံပေးမယ်လို့ ပြောပါတယ်၊ အဆင်ပြေသွားမှာပါ"

ကာရံတယ်ပဲထားပါဦး။ ဒီလောက်ကျဉ်းကျဉ်းလေးကို ပတ်ပတ်လည် ကာရံပိတ်ဆို့လိုက်ရင် အသက်ရှူလို့တောင် ရပါ့မလား။ သတ္တိကတော့ မခေ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ဖြောင်း .. ဖြောင်း .. ဖြောင်း"

လက်ခုပ်သံကြောင့် ယောကျ်ားလေးနှစ်ယောက်အလယ်မှာ လက်ရောခြေရော ရိုက်ပုတ်ကန်ကြောက်ပစ်ရင်း ပါးစပ်က တွေ့ကရာဆဲရေးနေသော လင်း ရဲ့လှုပ်ရှားမှုအသံအားလုံး ရပ်တန့်သွားခဲ့၏။

သူမကို ကားထဲဆွဲသွင်းဖို့ကြိုးစားနေသည့် လူရွယ်နှစ်ယောက်က လင်း ကို မလွှတ်တမ်းဆွဲထားရင်း လှည့်ကြည့်ကာ ...

"အဘိုးကြီး ကိုယ့်လမ်းကိုယ်သွား"

ကားက မှောင်ရိပ်ထဲမှာ ရပ်လိုက်ပြီး လူဆင်းလာတာကို တွေ့သည်။ လူကြီးတစ်ယောက်ဆိုတာ သိလိုက်ပေမယ့် ဘယ်သူဘယ်ဝါ မသဲကွဲဘဲ လူရွယ်တွေက လှည့်အော်၏။

"မင်းတို့ ကိုယ့်လမ်းကိုယ်သွားဖို့ပဲ လိုတာကွ"

"ဟင်!..."

"ဟာ အန်ကယ်လ် .."

လင်း ကို ဆွဲထားသည့်လူနှစ်ယောက် ပျာယီပျာယာတွေ ဖြစ်ကုန်သည်။ ပြီးတော့ တောင်းပန်သလို လက်နှစ်ဖက်ဆုပ်၍ ခါးညွတ် အရိုအသေပြုတာ ကမန်းကတန်း ကားပေါ်ပြေးတက်မောင်းသွားကြ၏။

"လက်စသတ်တော့ လေးလေးရဲ့လူတွေကိုး ..."



"ညည်းနဲ့အတူ ကလပ်ထဲကထွက်လာကြတာ မဟုတ်ဘူးလား"

လင်း မျက်နှာ ကွက်ခနဲပျက်သွားသည်။ သူမထွက်လာတာက အဆိုတော် 'နေလွှမ်း' ဆီကဖုန်းရလို့ သူစောင့်နေသည်ထင်ပြီး ထွက်လာခဲ့တာဖြစ်သည်။

သူငယ်ချင်းတွေတောင် သူမထွက်လာခဲ့တာကို မသိကြ ..။

"လေးလေးက လူမိုက်တွေမွေးပြီး ကြီးပွားလာတာကိုး၊ တလောက လေးပဲ လေးလေးအကြောင်း ဖေဖေပြောနေတာ ကြားတယ်၊ ဒီကောင် အဆင်ပြေနေတယ်တဲ့ .."

"အဆင်ပြေနေရင်လည်း လူမိုက်တွေမွေးလို့ပြောတယ် ဖြစ်စရာလား လင်းမြတ်နှယ် ရယ် .. ကိုယ့်ဦးလေးကို သတင်းမေးတာ ယဉ်ကျေးလှချေလား .."

"တူမကိုပြောတဲ့ လေးလေးရဲ့စကားကရော ယဉ်ကျေးမှုရှိလို့လား လင်း ဘာသာ ဘယ်သွားသွားဘယ်ရောက်နေနေ လင်း ကို အုပ်ထိန်းမယ့် မိဘတွေရှိတယ်"

ဦးရာဇကျော် မျက်ခုံးထူထူကြီးတွေ တွန့်ကွေးသွားသည်။ ကတ္တီပါစံအိမ်မှာ ညီအစ်ကိုသုံးယောက်ရှိနေသည်ဆိုတာတောင် လူတွေ မသိတော့လောက်အောင် ရာဇကျော် ဆိုတာ အသက်နှစ်ဆယ်ကျော်ကတည်းက အမွေပြတ်စွန့်လွှတ်ခံသား ဖြစ်ခဲ့ရသည်။

ဒီအတွက် သူ ဝမ်းမနည်းခဲ့ပေ။ စံအိမ်ရဲ့ဂုဏ်သိက္ခာကြီးမြတ်မှုအရ ရာဇမျိုးဆက်တွေကို လမ်းပေါ်မှာ ကလေကချေဆန်ဆန် ရှင်သန်ခွင့်ပြုမှာ မဟုတ်တာကို သိခဲ့သည်။

သိပ်မကြာခင်မှာဘဲ သူ့အတွက် ငွေအရင်းအနှီးတွေနဲ့ လူယုံရောက်လာခဲ့သည်။ သူ ငွေကိုပဲယူလိုက်သည်။ လူကြီးတွေနဲ့ နီးနီးမှာတော့ မနေခဲ့ပေ။

ဘာဖြစ်လို့ဆိုလျှင် စည်းကမ်းတင်းကျပ်ခြင်းတွေကို သူ မကြိုက်ပေ။ လူကြီးတွေကလည်း သူကောင်းတာဆိုးတာကို မျက်ထပ်မပြောကြတော့သလို စံအိမ်ထဲမှာတောင် သူ့နာမည် ပျောက်ကွယ်နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကိုယ့်ရဲ့တူ တူမဆိုတာတောင် မြင်တွေ့ခေါ်ပြောနေဖြစ်တာပဲ ရှိသည်။ ရင်းနှီးမှုမရှိခဲ့။

ဦးလေးတစ်ယောက်လုံးကို ထိမတင် ခံပြောနေသည့် တူမ မျက်နှာကို စေ့စေ့ကြည့်ရင်း ပြုံးလိုက်မိ၏။ သူမပြောတာလည်း မှားမှမမှားဘဲ။

လေးစားချင်ဖွယ်ရှိမှ လေးစားမှာပေါ့။

"ဟား .. ဟား .. ဟား"

ဦးရာဇကျော် ပြုံးရာကနေ ဟားတိုက်ရယ်ကာ သူ့ကားဆီ ပြန်လှည့်သွား၏။ ကားထဲဝင်ခါနီးမှ ဒီတိုင်းရပ်နေဆဲရှိသည့် လင်း ကို ပြန်လှည့်ကြည့်၍...

"ညည်းစကား ညည်း မှတ်ထားနော်၊ နောက်တစ်ခါ တို့တူဝရီးတစ်ယောက်နဲ့တစ်ယောက် လေးစားသမှုတွေနဲ့ နှုတ်ဆက်နိုင်တဲ့နေရာမှာ ဆုံဖြစ်အောင် .."

လင်း နှုတ်ခမ်းလေးဖိကိုက်၍ ကားထွက်သွားတာကို မမိုတ်မသုန်ကြည့်နေခဲ့မိသည်။ သူမ ကလစ်တက်တာကို ကဲ့ရဲ့သွားမှန်းသိသောကြောင့် ခံပြင်းနေမိသည်။

ဒီမှာ ယောကျ်ားလေးနှစ်ယောက်နဲ့ မဖွယ်မရာမြင်ကွင်းကိုလည်း လက်ခုပ်တီးသွားသေးသည်။ သတ္တိကောင်းလိုက်တာဆိုပြီး လူကို ခနဲ့သွားတာပါ။

စံအိမ်နဲ့မတန်လို့ တစ်ယောက်တည်း လှမ်းထားရောက်နေရတဲ့ ကိုယ့်ဘဝကိုရော သတိရရဲ့လား။

တချို့လူတွေဆို ကဗ္ဗီပါစံအိမ်မှာ ရာဇကျော် ဆိုတဲ့ အငယ်ဆုံးညီတစ်ယောက် ရှိနေသေးတာတောင် မသိကြပေ။

ဒီလိုလူကို ကိုယ့်ဦးလေးဆိုပြီး လေးစားနေရဦးမှာလား။

ဟွန်း တော်တော်လေးစားခံချင်နေတဲ့ပုံပဲ။

ဆုတောင်းလေ ...၊



အခန်း(၇)

"ဘုရား .. ဘုရား .. ဒီမိုး ဒီထက် မသည်းပါစေနဲ့"

ဆုတောင်းရင်း အိပ်ရာကို လိပ်သိမ်းလိုက်မိသည်။ ပြီးတော့ ဒန်အိုးလေးနှစ်လုံးနဲ့ ဇလုံလေးတွေ ထမင်းစားပန်းကန်လေးတွေကို စုထပ်ပြီး မိုးမစိုသည့်ဘက်မှာ ကပ်ထားလိုက်သည်။

'ဒုက္ခရောက်တာ ဘာဖြစ်လဲ၊ ဒါ .. ကိုယ့်ရုပ်ရှာမှုမဟုတ်တာ'လို့ ဘယ်လိုပဲအားတင်းထားပေမယ့် မိုးသံလေသံတွေ လျှပ်စီးလက်တာတွေကြောင့် ငိုချင်လာသည်။

ဒီနေ့ကျမှ တိုက်ခန်းထဲကလူတွေကလည်း ဘုရားဖူးသွားကြသည်။ အခန်းစောင့်အဖြစ် အသက်ငါးဆယ်လောက် လူကြီးတစ်ယောက်ပဲ ကျန်သည်။

ဒီလူကြီးကို နေ့လယ်က အိတ်တွေပုံးတွေနဲ့ တိုက်ရှေ့မှာ တွေ့ခဲ့လိုက်သေးသည်။ မျက်နှာပုံက ဆိုးဆိုး၊ အကြည့်က ခပ်ရိုင်းရိုင်းနှင့် စကားပြောတော့ လေသံက လွင့်နေ၏။

"နင်က ငါတို့ခေါင်းရင်းနေရာပိုမှာ ကပ်နေတဲ့ ကောင်မလေးလား" တဲ့။

"ကပ်နေတာမဟုတ်ဘူး ငှားနေတာ .."

www.burmeseclassic.com

www.burmeseclassic.com



လို့ပြောလိုက်တော့ အသံထွက်အောင်ရယ်သွားသည်။ တိုက်ခန်းမှာနေတဲ့လူတွေနဲ့ ဘာတော်သလဲမသိပေမယ့် ဒီလူတွေအားလုံး ဒီလိုအမျိုးတွေချည်းပင်။

"အေးလေ .. တိုက်ခန်းပိုင်ရှင်က ထားတာဆိုတော့လည်း နေပေါ့၊ ဒါပေမဲ့ ငါတို့က ဒီတိုက်ခန်းကို အပိုင်ဝယ်ဖို့ စီစဉ်ထားကြတာ .. ငါတို့ ပိုင်သွားရင်တော့ ရှုပ်ရှုပ်ယှက်ယှက် ကပ်တွယ်နေတာတွေကို ရှင်းပစ်မှာနော် .."

"ဒါဆိုလည်း လွယ်ပါတယ် နှစ်ဦးစလုံးအဆင်ပြေသွားအောင် ငါတို့ဆီက အိမ်ဖော်လုပ်လိုက်ပေါ့၊ နေစရာစားစရာ စရိတ်ငြိမ်းသွားမှာ ငါတို့လည်း ခိုင်းဖို့လူရမယ် .."

သားအမိဖြစ်ပုံရသည့် အမျိုးသမီးနှစ်ယောက်က အတိုင်အဖောက်ညီညီ စည်းရုံးခဲ့သေးသည်။

"ကျွန်မ အိမ်ဖော်မလုပ်ပါဘူး"

သူမ ကောင်းကောင်းမွန်မွန်ပြောပြီး ငြင်းခဲ့တာပါ။ ဒါပေမဲ့ သူမတို့က နားကြားပြင်းကပ်ပုံပေါ်၏။

"ဟာလာဟင်းလင်းမှာ ပုံးစုတ်ပလုံးစုတ်တွေ ကာပြီးနေတာ အိမ်ဖော်အလုပ်ထက် သိက္ခာရှိတယ်ပေါ့ .."

"ကျွန်မ နေရေးထိုင်ရေးအတွက် ကျွန်မ စိတ်တိုင်းကျဖို့ပဲလိုတာပါ"

"ပြောမနေစမ်းပါနဲ့ မာမီရာ .. ဒီတိုက်ခန်း ကိုယ့်လက်ထဲရောက်တာနဲ့ ကန်ချလိုက်ရုံပဲ"

ပြောဖြစ်ခဲ့တာတွေကို သတိရမိကာ ဒီနေရာလေးမှာလည်း ကြာကြာမမြဲဘူးဆိုတာ သိနေသည်။ ဒါပေမဲ့ ခုချိန်မှာတော့ သူတို့ရှိနေကြလျှင် နောက်ဖေးအဝင်လှန်းတဲ့အခန်းတံခါးလေး ခဏဖွင့်ထားပေးဖို့ ပြောရင်ရနိုင်သေးသည်။



ဒီကနေ နောက်ကို နည်းနည်းထပ်ဆုတ်နိုင်လျှင် မိုးတော့ လုံသွားမှာပင် ..။

ခုတော့ ဟိုလူကြီးတစ်ယောက်တည်းရှိနေသဖြင့် မိုးချုပ်စပြုနေကာမှ ဘာမှသွားမပြောချင်။

သူမ ကိုယ့်နေရာလေးကို ထပ်ရွှေ့ထပ်ကပ်ရာ လမ်းဘေးက ရှာတွေ့လာသည့် ပလတ်စတစ်အခင်းအစုတ်ကြီးကို ဖြန့်၍ ထပ်အုပ်ထားမိ၏။

အိပ်ရာမစိုမှ မိုးတိတ်ရင် ပြန်ခင်းအိပ်လို့ရမှာဖြစ်သည်။ ထိုစဉ် မိုးစက်တွေက ပိုစိပ်လာ၏။ လျှပ်ရောင်တွေ တဝင်းဝင်းကလည်း စိတ်ပျက်ဖွယ်ဖြစ်ကာ ..

"ဂျိမ်း ..."

မိုးခြိမ်းသံက လူကို ကြိမ်းမောင်းနေသလို ထွက်ပေါ်လာခဲ့၏။ အချိန်အခါမဟုတ်ဘဲ ရွာသည့်မိုးက သူမတစ်ယောက်တည်းကို ဒုက္ခပေးဖို့ သက်သက် ရွာချနေတာလား။

ထိုအချိန်မှာ ဝါဆို ပြတင်းပေါက်ထပိတ်ရင်း အောက်ကို ငုံ့ကြည့်လိုက်မိကာ ...

"အောက်မှာ ဟိုအစ်မတစ်ယောက်တည်း ဘယ်လိုနေသလဲ မသိဘူး .. နေ့လယ်ကထိ ခေါင်မိုး မိုးရသေးတာ မတွေ့ဘူး"

"ခေါင်မိုးမရှိဘဲ နေပူတော့ ဘယ်လိုနေသလဲ"

ဝါဆိုက သူမအကြောင်းပြန်ပြောထားသဖြင့် အကဲ က စကားကောင်းပြောဖော်ရနေသည်။

"မသိပါဘူး ကိုလေးရာ .. ဒီလောက် စုတ်ပြတ်သပ်ဆင်းရဲတဲ့ အဖြစ်မျိုး တစ်ခါမှကို မတွေ့ဖူးဘူး၊ ကျူးကျော်မှာနေကြတဲ့ အိမ်တွေလည်း မြင်ဖူးတယ်၊ ကန်ဘောင်လေးတွေ အစပ်မှာ တဲထိုးနေကြတာလည်း ရှိတာပဲ၊ သူ့လောက်တော့ မဆိုးကြပါဘူး၊ ခြောက်ပေလေးလောက်ကျဉ်းကျဉ်းလေးကို ကုတ်ကပ်ပြီးနေနိုင်တာ အံ့ရော .."

www.burmeseclassic.com

www.burmeseclassic.com



"သူ့အောင်ကို ဒီနားကပဲ စောင့်ရမယ်လို့ ထင်နေတာဖြစ်မှာပေါ့ အရူး .."

ဝါဆိုက တံခါးပိတ်မလိုဖြစ်ပြီးမှ မပိတ်သေးဘဲ ဒီဘက်ပြန်လှည့်ကာ ..၏၊

"ရှူးတယ်ပြောရအောင် လည့်လိုက်တာလည်း သူ့အပြင်မရှိဘူး၊ မာနကြီးလို့လည်း ဆတ်ဆတ်ထိမခံတာပေါ့၊ နောက်ပြီး အသက်လည်း ကိုလေးထက် နည်းနည်းပိုကြီးရင်တောင် နှစ်နှစ် သုံးနှစ် .."

"ဟော့ကောင် ..မင်း စိတ်ဝင်စားတွေများနေပြီ၊ မိုးပေါက်စင်တယ် တံခါးပိတ်လိုက် .."

ဝါဆိုက ကမန်းကတန်း လှည့်၍ တံခါးပိတ်၏။ သို့သော် ...

"တံခါးတစ်ဖက်က ထပ်ဆွဲလို့မရဘူး ကျပ်နေတယ်၊ ဒါပေမဲ့ ဒီလောက်ဆို မိုးမပက်တော့ပါဘူး .."

"မင်းရှာထားတဲ့ တိုက်ခန်းမှာ ကောင်းတာဘာရှိလဲ ဝါဆို .."

"ကျွန်တော်လည်း ဆင်းရဲတဲ့နေရာဒေသဆိုပြီး ဒီလိုနေရာကို မနည်းရှာထားရတာ .."

"ကျေးရူးပဲ ..."

"အဟဲ ..."

"ဘာလဲ .. အဟဲ .."

"အဲ့လို ပြောဆိုကောင်းနေတဲ့အချိန်ဆို ကိုလေးမျက်နှာက တော်တော်ချောတာ .."

"မကောင်းတဲ့အချိန်ကျတော့ ဘာနဲ့တူလဲ .."

"ကောင်မလေးတွေကတော့ ချောတာပဲလို့ ပြောရင်ပြောမှာပေါ့၊ ကျွန်တော်ကတော့ .."

"ဒုန်း ..."

"ဘာသံကဲ .."



"ဒုန်း .."

"အဲဒါ .. အဲဒါအောက်က .."

ဝါဆို က တံခါးကို ဂျောက်ပေါက်သေးတာမှ ဖွင့်ချပ်ပြ၍ပြီး ငုံ့ကြည့်လိုက်၏။

"မိုးကသည်းတာတော့ ဘာမှမမြင်ရဘူး၊ ဓာတ်မီးထိုးကြည့်လို့ရော ကောင်းပါ့မလား .. အဲဒီအစ်မက သိပ်စွာတဲ့ဘာ .."

"မင်း စဉ်းစားနေတာနဲ့ ခုလောက်ဆို တစ်စေ့ဖြစ်နေလောက်ပြီ .. သွားဆင်းကြည့်လိုက် .."

"ဗျာ ..."

"မြန်မြန်သွား .. အဲဒီဆေါ်စွာကျယ် တစ်ခုခုဖြစ်နေဘာ ..."

ထိုသို့ အံ့ဩသွားပေမယ့် ကြာကြာရပ်မနေဘဲ ဓာတ်မီးဆွဲပြီး လှေကားအတိုင်း ပြေးဆင်းလာခဲ့သည်။ မြေညီလက်နောက်ဘေး တိုက် နှစ်လုံးကြားထဲကပဟ်ပြေးလာသည့် သူမနှင့် ပက်ပင်းတိုးကာ ..၊

"အစ်မ .. ဘာဖြစ် .."

"ဟိုမှာ .. ဟိုလူကြီး .."

သူမ ကြောက်လန့်နေသည့်ပုံနှင့် ဝါဆို့ နောက်ကို ပြေးကွယ်သည်။ နောက်ကိုကြည့်တော့လည်း ဘာမှမမြင်။ သို့သော် နှစ်ယောက်စလုံး မိုးရေ တွေစိုးရွှဲနေပြီဖြစ်ကာ ...

"ဘာမှမရှိပါဘူး .. ဘယ်လူကြီးလဲ"

"ဒီအခန်းစောင့်တဲ့လူကြီး .."

"ဘာဖြစ်လို့လဲ .. အစ်မကို ဘာလုပ်လိုက်လဲ"

"ဟင့်အင်း .. ငါက လုပ်ခဲ့တာ"

"ဟင်!..."

"သူက ငါ့ကိုစမ်းတာကိုး .."

ကြောက်နေတဲ့ပုံက သိပ်သိပ်၊ ပြန်ပြောတော့ ဒေါ်တွေပါနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကို စမ်းလိုက်လို့လဲ ..."

"ဘယ်ကိုမှ မစမ်းဘူး၊ လူကိုရမလားလို့ သွေးတိုးစမ်းတာ၊ ဒါမျိုး ဘယ်ရမလဲ ငရုတ်ကျည်ပွေ့နဲ့ .."

"ဟာ .. ခေါင်းရိုက်ခွဲလိုက်တာလား .."

"ငါက ခေါင်းကိုရိုက်မလို့ မဟုတ်ဘူး၊ ပခုံးကိုထုချလိုက်တာ .. သူက ရှောင်လိုက်လို့ .."

"ခေါင်းကို ထိသွားတယ်ပေါ့ .."

"ဟုတ်တယ်ထင်တယ် .."

"သွားပြီ .."

"ဟင်!..."

သူမ ခုမှ ကြောက်ရမှန်းသတိရသွားပုံပေါ်၏။

"သွားပြီလားဟင် .. သေသွားလောက်လား၊ ငါလုပ်ခဲ့တာ အဲ့လောက်ထိ .."

"လာ .. လာ မိုးသံလေသံနဲ့ ဘယ်သူမှ မသိသေးဘူး .."

ဝါဆို ဦးဆောင်ပြီး ပြန်လှည့်လာခဲ့သည်။ ဒါကျတော့ သူမ တိတ်တိတ်ဆိတ်ဆိတ်လေးပါလာ၏။ အပေါ်ရောက်တော့ မီးတွေလင်းထိန်နေကာ အကဲ က မွေ့ရာပေါ်မှာ လက်နှစ်ဖက် ခေါင်းအောက်သွင်း၍ ပက်လက်လှဲနေ၏။

ပြီးတော့ နားမှာ နားကျပ်တပ်၍ သီချင်းနားထောင်နေလျှင် ...

"သူက .. နားလည်းမကောင်းဘူးလား .."

"ဘယ်ကလာဗျာ .. အဲဒါ သီချင်းနားထောင်နေတာ .."

သီချင်းနားထောင်တာက တီဗီလည်းမဖွင့်၊ ဂဲက်ဆက်သံလည်း မကြားရပါလား။

သူမ အထူးအဆန်းဖြစ်သွားမိကာ ကြိုးတန်းလန်းနှင့် နားကိုပဲသေချာကြည့်နေမိ၏။ ပြီးတော့ လူပုံစံက မျက်နှာပြားချင်သလိုလို လေးထောင့်



ဆန်သလိုပုံမျိုးဖြစ်ကာ ရင်ဘတ်ကျယ်တာလည်း သိသာ၏။

မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်နှင့် နှုတ်ခမ်းသားတွေက ပုံကျသလောက် နှုတ်ခမ်းသား ... နှုရဲနေသဖြင့် မိန်းကလေးတစ်ယောက် နှုတ်ခမ်းနီဆိုးထားသလို ကြည့်ကောင်းနေသည်။

ဆံပင်ကလည်း လှိုင်းထတော့ ကောက်တာမျိုးမဖြစ်ဘဲ လုံးဝအဖြောင့်မှာ ပခုံးထိရှည်၏။ မျက်စိမ မမြင်ရသူနဲ့လည်းမတူဘဲ ဇာတ်လိုက်မင်းသားလိုချောနေတာက သိသာနေ၏။

ကိုယ့်မောင်လေးနဲ့ ရွယ်တူလောက်ရှိမလားလို့ တွေးမိလိုက်သဖြင့် အသားညိုညို ပိန်ရှည်ရှည်လေးဖြစ်နေသည့် မျက်နှာလေးကို မြင်ယောင်သွားသည်။

"ကျွန်တော့်မျက်နှာတွေ မည်းကုန်ပြီ မမ ကြည့်ပါဦး ငယ်ငယ်က အသားလတ်ဆိုတဲ့မျက်နှာက နေလောင်ပြီး အသားမည်းဖြစ်နေပြီ .. ကျွန်တော် တောမှာမနေချင်တော့ဘူး မမရာ .."

ယောက်ျားလေးပေမယ့် လှလည်းလှချင်ရှာသည်။ ကြီးပွားရေး၊ ချမ်းသာရေးတွေ နေ့စဉ်စိတ်ကူးပြီး တောမှာနေထိုင်ရခြင်းအတွက် အားမလိုအားမရတွေ ဖြစ်နေခဲ့တာလည်း သူပါပဲ ..။

"ကိုလေး .."

နားကျပ်တပ်ထားပေမယ့် တစ်ခွန်းခေါ်လိုက်တာနဲ့ အကဲ မျက်လုံးတွေ ပွင့်သွားသည်။ ပြီးတော့ တစ်စုံတစ်ခုကို ခံစားမိလိုက်သလို ခြေဆန့်လက်ဆန့် လှဲနေရာကနေ မတ်တတ်ပြင်ထိုင်လိုက်ကာ ..၊

"ဘယ်သူပါလာတာလဲ ..."

"ဟို ..."

"ကျွန်မပါ ..."

"ဘာ ..."

"အကြာကြီးမနေပါဘူး .. မိုးတိတ်ရင်ပြန်မှာပါ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ကိုလေး .. သူ့ကို အဲဒီကိစ္စနဲ့က လူကြီးတစ်ယောက် အတြည်
[illegible]င်းကို ကြိုးစွာလာလို့ ခေါင်းရိုက်ခွဲလာခဲ့တာတဲ့ .."

"ကွဲသွားရောလား .."

"အဲ့ါမသိဘူး၊ ဒါပေမဲ့ .. အော်ပြီး ပက်လက်ကြီးတော့ လဲသွား
တယ်"

အေးလိုက်တိုင်း သူကော ဝင်ဖြေလေသည်။ ကိုယ်ပြောသမှာ ကိုယ်ရှင်း
ခဲ့တဲ့ [illegible]ဦလေးတော့ ရှိသား၊ ပြောရသက်သာတယ်လို့တော့ တွေးမိ
တယ်။ ကိုလေးနဲ့ ပြောနေရင် အချိန်မရွေးရှောခ်ပြန်နိုင်တာကိုတော့
စိုးရိမ်နေမိသည်။

"နေပါဦး .. မင်း ဘာနဲ့ရိုက်လိုက်တာလဲ .."

"ငရုတ်ကျည်ပွေ့နဲ့ .."

"ဘာ .."

"ကျောက်ကျည်ပွေ့မဟုတ်ပါဘူး .. လက်ကောက်ဝတ်လောက် ဖျင်း
ကတိုးသားလေးပါ၊ ရှင့် ဟိုဟာလောက်ပဲ ရှည်တာ .."

"ဘာ [illegible] ဟယ် .."

"ဟိုမှာလေ .."

[illegible] ပြန်နေသည့် မင်း
[illegible]



"တော်တော့ .."

အကဲ နှုတ်ချပ်ဖြုတ်ပြီး ဒေါ်တွေကန်ကာ ..

"ဘယ်သူက အစ်ကိုအရှည်သရုပ်ပြခိုင်းနေလို့လဲ .. အိုဗာ .."

"ဟာ ကိုလေး .. မတာဝ်လိုက်ပါနဲ့ဦး၊ ချွေပြသမှာအတွက် တစ်ခုခု .."

"ကိုယ့်ဘာသာလုပ်လိုက်တော့ စိတ်မဝင်စားဘူး"

အဲဒီမိန်းမကို မျက်နှာမမြင်ရသည့်ပြင် စကားပြောချင်စိတ်ပါကုန်
၏။ လမ်းကနေ ကယ်ပါယူပါနဲ့ ကားတားစီးတုန်းကလည်း ကားပေါ်
ရောက်လာတာနဲ့ ကားသမားနဲ့ ရန်ဖြစ်သည်။

အမှိုက်ကျလို့ပါဆိုပြီး အခန်းရှေ့ထိရန်တက်တွေ့တာလည်း မနေ့
တစ်နေ့ကမှ ..၊

ခုရောက်လာတော့လည်း သနားချင်စဖွယ် ဘာရှိလို့လဲ။

"သူက မကျေနပ်ဘူးဆိုရင် .. ငါ ရန်တာမှာ ထွက်အိပ်ပါ့မယ်"

"ဟာ .. မဟုတ်တာ အစ်မကလည်း မိုးမက်မှာ ဘယ်လိုလုပ်
အိပ်မလဲ"

"မအိပ်လည်းရပါတယ်၊ မိုးလင်းတဲ့အထိ မိုးလွတ်တဲ့နေရာလေး
မှာ .."

"ကိုလေး[illegible] အစ်မ [illegible] သူ ရှက်
သွားသေပါ"

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မိုးတိတ်ရင် .."

"ဒုန်း .. ဒုန်း .."

ဟာ ...၊

တံခါးထုသံက ပြင်းသည်။ ဝါဆိုသာမကဘဲ အကဲ ခေါင်းထောင်သွားပြီး နားကျပ်တွေဖြုတ်၏။

"ဒုန်း .."

"ဟိတ် ဘာလို့တံခါးထုနေတာလဲ အသံပေးဖို့ ပါးစပ်မပါဘူးလား"

အကဲ စိတ်တိုတိုနှင့် အော်ပစ်လိုက်၏။

"တောက် .. ဘယ်လိုဟာတွေမှန်းမသိဘူး .."

"ဟော့ .. ငါတို့ ဒီတိုက်ခန်းက လုံခြုံရေးကွ ..."

"လုံခြုံရေးဖြစ်ဖြစ်၊ အာဏာဝကဖြစ်ဖြစ် စည်းသားထားရင် စည်းကိုကျော်ဖို့ ခွင့်တောင်းရတယ်"

"ကိုလေး နေပါဦး .. အောက်ကကိစ္စ ကွိုင်တက်ပြီ ထင်တယ်"

သူ့နားပြေးကပ်ပြောကာ ဝါဆို က တံခါးဖွင့်ဖို့ပါ ခွင့်တောင်း၏။

"ဖွင့်လိုက် .. ငါစကားပြောတာ မကြားပဲနေမယ် .."

ဟမ် ....

ဝါဆို တံခါးဖွင့်နေရင်း ပြန်လှည့်ကြည့်မိ၏။ တံခါးဖွင့်လိုက်ဆိုပြီး ဘာလုပ်ရမှာလဲ။

ဘာလုပ်ရမှန်းမသိပေမယ့် တံခါးကို ဖွင့်ပြီးနေပြီမို့ အပြင်မှာရပ်နေသည့် နက်ပြာရောင်ဘောင်းဘီပွပွ စပို့ရှပ်လက်တိုအညိုနှင့် လူထွားကြီးနဲ့ မျက်နှာချင်းဆိုင်မိလေသည်။

ထို့ပြင် လူကြီးရဲ့နောက်မှာ အသက်လေးဆယ်ကျော်ရွယ် အမျိုးသမီးကြီးနှင့် ခပ်ငယ်ငယ်မိန်းကလေးတစ်ယောက် ရှိနေသေးကာ ..

"ခုန ပြောလိုက်တာ ရှင်လား .."

ဝါဆို ခေါင်းခါမလိုဖြစ်ပြီးမှ မခါဖြစ်ဘဲရှိစဉ် ...၊



"ဟော့ကောင် .. ငါ့ပိုက်နက်ထဲ ဘယ်သူမှ မဝင်စေနဲ့ .."

"ငါတို့ကလည်း မဝင်ပါဘူး၊ ဒီထဲမှာ ရှေးရိုးပန်းချီဆိုတဲ့ မတန်မရာနာမည်နဲ့တစ်ယောက် ရှိနေတာသိတယ်၊ အဲဒါ ထုတ်ပေး .."

"ရှေးရိုးပန်းချီဖြစ်ဖြစ် .. မော်ဒန်ပန်းချီဖြစ်ဖြစ် ကျုပ် ပိုင်နက်ထဲမှာ ခင်ဗျားတို့ ဖိနပ်တစ်ဖက်ကျွတ်ကျန်ခဲ့ရင်တောင် ကျုပ် ခွင့်မပြုဘဲ ပြန်လှည့်ကောက်ခွင့်မရှိဘူး"

"မင်းက .. ထိုင်ရာမထ ရန်တွေ့ကောင်းလှချည်လား .."

"ဒါ .. လူတွေ အိပ်ရမယ့်အချိန်ပဲ၊ ကျုပ် ထိုင်ရာမထတာနဲ့ ခင်ဗျားတို့ ကျုပ်အခန်းရှေ့ရောက်နေတာနဲ့ ဘယ်သူ ယဉ်ကျေးသလဲ"

အကဲ ကလည်း တစ်ခွန်းမှမကျန်ခဲ့အောင် ပြန်လှန်မေးခွန်းထုတ်နေ၏။ လုံခြုံရေးဆိုသည့် လူထွားကြီးလည်း မာတ်မီးကတစ်ဖက် တုတ်တိုကတစ်ဖက် ကိုင်ထားပြီး အခန်းရှေ့ကနေ ရှူးရှူးရှားရှားဖြစ်နေ၏။

"ဒီမှာကောင်လေး .. မင်း အဲဒီမိန်းကလေးကို လက်ခံထားရင် ပြစ်မှုအားပေးဖြစ်မှာနော်"

သူတို့တွေ ရှေး ကိုမမြင်ကြပေ။ ရှေး ကိုယ်တိုင် ဘာဖြစ်ကျန်ခဲ့မှန်းမသိသည့် လူကြီးအခြေအနေကြောင့် ရုတ်တရက်မထွက်ရဲဘဲ ငြိမ်ကုပ်နေခဲ့တာဖြစ်၏။

"ဒီမိန်းကလေး လူရိုက်ပြီးထွက်ပြေးသွားတာ ..."

"ဘယ်သူ့ကိုလဲ ..."

"ပြောပြမယ်၊ သူ့ အထဲမှာရှိတယ်မို့လား၊ ကျုပ်တို့ ခဏဝင်ပါရစေ၊ မျက်နှာချင်းဆိုင်ပြောမှ .."

"မလိုဘူး .. အဲဒီကနေပြော .."

ဖြဲခြောက်တတ်သူနဲ့ မကြောက်တတ်တဲ့သူ တွေ့ပြီဖြစ်သည်။ ဒီတစ်ခါတော့ ဝါဆို ဘာမှဝင်မပြောဘဲ ကြည့်နေလိုက်သည်။ သူတို့တွေ ရှေးရိုးပန်းချီ ဆိုတဲ့ အစ်မကို ခေါ်ထုတ်သွားပြီး ဘယ်လိုစီရင်ကြမည်ဆို

www.burmeseclassic.com

www.burmeseclassic.com



တာ မသိနိုင်။

သူ့မှာ နေစရာမရှိ၊ သုံးစရာ ငွေမရှိတဲ့ တစ်ကောင်ကြွက် ...။

"ဒီမှာ ကောင်လေး .. သူက ခွင်းအစ်ကိုလား၊ ဘာတော်တာလဲ၊ နည်းနည်းပါးပါးပြောစမ်းပါဦး .. ငါတို့က ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့အမှုပျောက်ပျက်သွားအောင် မဆိုင်တဲ့သူကို ပြဿနာထဲမပါစေချင်လို့ .."

ဝါဆို့ မျက်နှာကို ကြည့်၍ တည့်တည့်ပြောလာ၏။ ဝါဆို က ခေါင်းခါ၍ ...

"ပြောလို့ရမှာမဟုတ်ဘူး၊ ကျွန်တော့်အစ်ကိုက မှန်တယ်ထင်ရင် ဘယ်လိုပုဂ္ဂိုလ်ကိုဖြစ်ဖြစ် တက်ပြောရဲတဲ့သူ .."

"ဒီမှာ .. ငါတို့ရဲ့ဂူက ခေါင်းကွဲလို့ဆေးရုံရောက်သွားပြီ .."

"ဆေးဖိုးလိုချင်တာလား ..."

အကဲ က မေးတော့မလို ဂွစ်းမေးလိုက်ပြီး ရယ်ကာ ...

"တစ်ပြားမှမရတဲ့အပြင် ကိုယ့်အမှုနဲ့ ကိုယ်လည်ပင်းကိုယ် ကြိုးကွင်းစွပ်သလို ဖြစ်သွားဖို့ရှိသေးတယ်၊ ဒီနေရာမှာ လှည့်ပြန်သွားမယ်ဆို နောက်ကျသေးဘူး .."

ထိုကာလတော့ ဝါဆို ပြန်တက်လာပြီး ဘာမှပြောမပြလေသေး။

[illegible]



"လာ .. လာ သမီးတို့ ရဲနဲ့တိုင်မယ် မာမီ၊ အဲဒီ အရှိုင်းအစိုင်းနဲ့ စကားပြောမနေနဲ့ .."

"တောက် .."

အမျိုးသမီးကြီး ထမိမ တက်ခေါက်ကာ ..

"နင်တို့က မိန်းကလေးကို အချောင်ရထားပြီး ပြန်ထုတ်မပေးနိုင်ဘူးဖြစ်နေကြတာပေါ့လေ တွေ့မယ် .. ဂဏ္ဍည်းခိုးသွားပါတယ်ဆိုပြီး အမှုဖွင့်မယ်၊ ဟိုဟာမလေး .. အထဲမှာ နင်ကြားတယ်နော်၊ ငါ့အိမ်မှာ နင် ဆယ်နှစ်ဆယ်မိုးကျွန်ခံတာတောင် ကြွေးမကျေအောင် ငါလုပ်ပြမယ်ကြည့် .. နင်က ငါ့နောက်ဖေးမှာကပ်နေရတာ၊ နင့်ကံကြမ္မာက ငါ့လက်ထဲမှာ ဟော့ .. နားလည်လား .."

"ဟုတ်တယ် .. တောကြိုအုံကြားက ကလေကချေကများ ငါတို့ကို လာစမ်းရဲတယ်၊ နင့်လိုဟာမကို ငါ့ဦးလေးက ကြံစည်တာ ဂုဏ်တောင်ယူရဦးမှာ .. ငါ့ဦးလေးက ဆောက်လုပ်ရေးကန်ထရိုက်တာ သီရိုလား ဦးကြာစိ ဆို အပျော်ဖြစ်ဖြစ်၊ အပျက်ဖြစ်ဖြစ် အလကားဆိုးကျွန်ရ .. မိန်းမဘဝသွားမှ ပေါ်မှာပေါ့ .."

"အဲဒါ ပေါ်ဦး .."

[illegible]

www.burmeseclassic.com



သူတို့အကြည့်တွေ တံခါးဝနဲ့မျက်နှာချင်းဆိုင်မှာ ပြုံးတူးပြံတဲလေး မြင်နေရသည့် စီစီတီဗီကင်မရာဆီ စုပြုံရောက်သွားကြ၏။

ဝါဆို့ မျက်နှာကြီး ပြုံးစိသွားကာ ရိုက်ချပြီးမှ နောက်တစ်ချက် ပြန်ဆုတ်လိုက်သည့် ရှေး ရဲ့လက်လေးကို လှမ်းတို့၍ ..

"အစ်မ အထဲပြန်ဝင်တော့ .."

"တောက် .. လူပါးဝတဲ့ဟာတွေ တွေ့မယ် .."

ကြိတ်မနိုင်ခဲမရ ကြိမ်းဝါး၍ လှည့်ပြန်သွားကြလေသည်။ ထိုအချိန်မှာ မိုးသံလုံးဝတိတ်နေပြီဖြစ်ကာ ..၊

"ဟား .. ဟား .. မှား"

အကဲ ရဲ့ ခပ်သဲ့သဲ့ကပဲ ကျယ်လောင်နေခဲ့၏။ ပြုံးနေသည့် ဝါဆိုနှင့် အကဲ ရဲ့ရယ်သံကြားမှာ ရှေး မျက်နှာလေး မပြုံးနိုင်မရယ်နိုင်ဖြစ်နေကာ ဟိုကြည့်ဒီကြည့် ဖြစ်နေခဲ့ရင်း ..၊

ညရဲ့ရာသီဥတုက ထင်သလောက်တော့ မဆိုးခဲ့။

♛



အခန်း(၈)

"အလုပ်လုပ်တယ်ပဲ သဘောထားပေါ့ဗျာ .. ချက်ပြုတ်လျှော်ဖွတ်ပေးရမှာက ဒီမှာ ကျောင်းသားတွေပဲဖြစ်နေလို့ပါ၊ အိမ်အကူလို့သဘောမထားပါနဲ့ .."

"ကျွန်မ .. အဲ .. အစ်မက ဘာလုပ်ရမှာလဲ .."

"ပြောပြီးပြီလေ .. ဒီမှာ ကျွန်တော်တို့သုံးယောက်စာ ချက်ပြုတ်ရုံပဲ၊ လျှော်ဖွတ်တာ သန့်ရှင်းရေးလုပ်တာကတော့ ကျွန်တော်နဲ့ကြုံရင်လည်း ကျွန်တော် လုပ်မှာပါ"

ရှေး က ဘာမှမပြောဘဲ စီးကရက်ထိုင်သောက်နေသည့် အကဲ ကိုကြည့်၍ ..

"မင်း ဘာမှလုပ်စရာမလိုပါဘူး၊ အိမ်မှုကိစ္စလောက်ကတော့ အစ်မလုပ်နိုင်တယ်၊ ဒီအတွက် လစာလည်းမပေးပါနဲ့ .. အကဲ က .."

"မင်း ငါ့ကို အကဲ လို့မခေါ်နဲ့ .."

အကဲ မျက်နှာက တင်းနေသည်။ ဒီနာမည်ကို မနက်အစောတုန်းက သူဖုန်းပြောနေတာကို ကြားသွားတာမှန်းသိသည်။

ရှေးရဲ့ သူမ ခေါ်တာကိုတော့ နားဝင်မချိုနိုင် ..။

ပါတယ်အေ .. ဘုံ ပြောနေတော့ .. ဟုတ်တယ် ငါ အကဲ ပြောနေတာဆို

www.burmeseclassic.com

www.burmeseclassic.com



တို့ပါ"

ရွှေ ရဲ့ဝေဝေဝါးဝါး ခြေ ... ကဲသွားခဲ့ပေမယ့် အကဲ ရဲ့ခေါင်းက တော့ တစ်ပက်မညိတ်မဲ့ပေ။

"သူများကဲတိုင်း မင်းကဲလို့မရဘူး၊ လိုရင်းက အဲဒါ .."

"တို့ကလည်း ကဲချင်လို့ ကဲနေတာမဟုတ်ဘူး၊ မင်းက တို့ထက် ငယ်လို့ .."

"ဘယ်သူပြောတာလဲ .."

ကြည့်စမ်း .. ခုလေးတင်ပဲ ဝါဆို က ပြောလိုက်တာ သူ့ရှေ့တင်။ သိလိုကြီးနဲ့ မေးချလိုက်တော့ သူမ ကြောင်တောင်တောင်ဖြစ်သွားခဲ့သည်။

"မရွှေ က မှတ်ထားလေဗျာ .. ကျွန်တော်တို့မှာလည်း ပြောပြလို့ မရတဲ့ အိမ်တွင်းရေးပြဿနာတစ်ခုရှိတယ်၊ ဒါကြောင့် .. ဒီလိုနေရာမှာ တမင်လာနေရတာ .. ကိုလေးရဲ့နာမည်က 'ဘုရင်ငယ်လေး'တဲ့ .."

ဘုရားရေ !...

ရွှေ မျက်လုံးဝိုင်းသွားတော့ ဝါဆို က ပြုံးလိုက်ကာ ...

"အဲဒါနဲ့ပတ်သက်ပြီး အိမ်တွင်းရေးကို တမင်ပြောမပြတာ .. ကိုလေး က အိမ်မှာလည်း ဒီလိုပဲပြောဆိုနေထိုင်တတ်တဲ့သူပါ၊ ဒါကြောင့် အစစ အရာရာ နားလည်မှုရှိကြဖို့ .."

မလွယ်ဘူးဆိုတာတော့သိသည်။ ဒါပေမဲ့ အဆင်ပြေသွားမှာပါလို့ လည်းတွက်မိ၏။ ကကယ်တမ်းကျတော့ ရွှေ ဘက်ကစပြီး ပြောင်းလဲ ပေးခဲ့တာဖြစ်သည်။

"သူကလည်း ဘုရင်ငယ်လေး ဖြစ်သလို ငါကလည်း ကိုယ့်ရပ်ရွာ မှာတည်းက ဘယ်သူ့ကိုမှ ဗိုလ်ထားခဲ့တာမဟုတ်ဘူး၊ ဒါပေမဲ့ ညက ကိစ္စမှာ သူ့စိတ်ရင်းကို ငါနားလည်သွားပါတယ်၊ ကျေးဇူးလည်း တင် တယ်၊ ဒါကြောင့် .. ငါသည်းခံပါ့မယ် .."

ဟု ကတိပေးရသည်။ အောက်ထပ်မှာဖြစ်



ကတော့ နောက်ထပ်ဘာသံမှမကြားရတော့ဘဲ ငြိမ်းချမ်းသွားခဲ့၏။

မထည့်အတူနေဖြစ်နေကြ ... အကဲ နဲ့ ရွှေ ..။

"ဒီဟာကြီး ဖြုတ်ထားလိုက်ပါလား ဝါဆို .."

ဝါဆို က အဲယားကွန်းဖောက်ဖြုတ်၍ သန့်ရှင်းရေးလုပ်နေရင်း လှည့် ကြည့်ကာ ..

"ဘယ်ဟာကြီးလဲ .."

"ဒါကြီးက ရုပ်ရှင်ရိုက်နေတာဆို .."

"မဟုတ်ပါဘူး မရွှေ ရာ .. အဲဒါ စီစီတီဗီကင်မရာပါ .."

"သူ့ရှေ့ကဖြတ်မှန်သမျှ ဒီထဲပါသွားမှာပေါ့ .."

"ဟုတ်တယ်လေ .."

"အဲဒါမကောင်းဘူး .."

သူမ ပြောသမျှကို အကဲ အားလုံးကြားနေရ၏။ ရွှေ ကလည်း အကဲ တစ်ခုခု ထပြောလိုက်မှာတော့ ကြောက်ပေမယ့် ..၊

"ဟို .. ငါမလွှတ်လပ်လို့ပါ၊ တော်ကြာ အထိုင်မတော် အထ မတော်နဲ့ .."

"တော်အောင်ထိုင် .. တော်အောင်ထပေါ့၊ ဒီမှာ ကျုပ်ကအကာန်း"

"ကန်းနေရင်လည်း ဘာမြင်ဖို့လိုလို့လဲ .."

"ဟ .. လိုတာပေါ့ .. မျက်လုံးခွဲပြီးပြန်မြင်လာရင် ကန်းနေတုန်းက ဖြတ်သန်းခဲ့တာတွေကို ပြန်ကြည့်မလို့ .. ကိုယ့်စိတ်ကူးနဲ့ကိုယ် .."

ဟင် !....

ရွှေ ထိတ်ခနဲဖြစ်သွားသည်။ အလိုလိုမှ ထမီ ခဏခဏ ပြင်ဝတ် တတ်သည့်အကျင့်က ရွာမှာကန့်ကဆို ဘုန်းကြီးကျောင်း တစ်ခါသွား ဖို့တောင် တစ်နေကုန်အောင် စဉ်းစားနေရတာ ..၊

"ဟဲ့ ရွှေရိုး ရယ် .. ထမီဝတ်တာလည်း သိုသိုသိပ်သိပ်လေးဝတ်လို့ ရပါတယ်အေ .. ဘုန်းကြီးကျောင်းမှာခဝမှာ ဘယ့်နှယ်ထမီကြီး ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



ဖြန့်နေရလား ..."

"ခစ် .. ခစ် .. ရှေးရိုး ကြောင့် ဒီသရက်ပင်မှာ ငှက်တွေတောင် တစ်ကောင်မှ မနားတော့ဘူး .."

"ဟုတ်တယ် .. ပျံပြေးကုန်ကြပြီ ခုနတင် .."

သူမ ရာဇဝင်က ဤသို့ရှိခဲ့ခြင်းကြောင့် ..

အဲဒါမှ ပြဿနာပဲဟု တစ်ယောက်တည်း ရေရွတ်မိရင်း ..

"မမြင်ရတာတောင်မှ ရှေ့ရေးနောက်ရေးတွေနဲ့ .. မကြုံဖူးဘူး .."

"ဟား .. ဟား .. ဟား"

ဝါဆို က နောက်က ရောက်လာပြီး ထရယ်၏။ ရှေး အလန့်တကြားဖြစ်သွား၏။

"တိုးတိုးရယ်စမ်းပါ .. ဟိုပုဂ္ဂိုလ်ကြားသွားလို့ လေလုံးကြီး နှစ်ပိဿာသာလောက်နဲ့ ပစ်ပေါက်နေဦးမယ်"

"မရှေး .. ကိုလေး ဂဝုတော့ ကြောက်သားနော် .."

"မကြောက်လို့မှမရတာ .. ငါလည်း ငါ့အကြောင်းနဲ့ငါပါ .."

ရေဇလုံလေးဆွဲပြီး ဘေးဇင်မှာ ရေဖွင့်ထည့်နေရင်း ..

"သူ စိတ်ရင်းကောင်းမှန်းသိနေလို့ ငါ့စိတ်နဲ့ငါ အလျှော့ပေးထားတာ၊ မဟုတ်လို့ကတော့ ခိုကပ်နေချင်တာလောက်နဲ့များ သူများ ပြောတာဆိုတာ ခံနေဖို့ဝေးပါ"

"သိပါတယ်ဗျာ .. မရှေး ဘယ်လောက်ဗွာတယ်ဆိုတာလည်း သိတယ်၊ ဘယ်လောက်လက်မြန်တယ်ဆိုတာလည်း မြင်ပါတယ်၊ ဒါနဲ့ မရှေး က တောသူဆိုပြီးနာမည်ကတော့ ရေလည်လန်းတယ်ဗျ၊ ဘယ်သူပေးခဲ့တာလဲ .."

"တောဆိုပေမယ့် တို့တောက သိပ်တော့မခေါင်ပါဘူး၊ ပြီးတော့ မြို့က တစ်ခုခုဆန်းပြားတာဆို သိပ်အတုခိုးကြတာ .. ကလေးတစ်ယောက်မွေးလို့ နာမည်ပေးတော့မယ်ဆိုရင်လည်း တစ်ရွာလုံးစုပြုံ



ဝိုင်းအုံပြီး လိုက်မှတ်ထား ကြိုက်ထားသမျှစာတ်လမ်းတွေ ရုပ်ရှင်တွေထဲကနာမည်တွေ ပေးကြတော့တာပဲ .."

"ရုပ်ရှင်ဘယ်မှာသွားကြည့်ကြတာလဲ .."

"ငါတို့ ရွာလူကြီးအိမ်မှာရှိတယ်လေ .."

"ဗီဒီယိုလုပ်ပါ .."

"ရုပ်ရှင်နဲ့ ဗီဒီယို မတူဘူးလား .."

ဒါတွေကအစ သူမ မသိရှာပေ ..။

"ရွာမှာ လျှပ်စစ်မီးမရှိတော့ အဲဒီ ဗီဒီယိုဆိုတာလည်း အိမ်တိုင်း မရှိကြဘူးလေ"

"မီးစက်တွေ .. ဘက်ထရီတွေနဲ့ ရုံဖွင့်မပြကြဘူးလား .."

"ရုံရယ်လို့ မရှိပါဘူး၊ တစ်ခါတလေတော့ ပိုက်ဆံပေးရမယ်ဆိုပြီး သူကြီးက ကလေးတွေမဝင်အောင် တမင်လုပ်တာမျိုးရှိတယ်၊ ကလေးတွေကလည်း ချေးပါသေးပေါက်နဲ့လုပ်ကြတော့ ဘယ်ကြိုက်မလဲနော်၊ ကလေးတွေ ပိုက်ဆံပေးရမယ်လည်းဖြစ်ရော ပြန်ကုန်ကြရော .."

"ဒါပေမဲ့ .. ရုပ်ရှင်ဗီဒီယိုတောင် မကြည့်ဘူးရင် ဗဟုသုတ ချို့ယွင်းတာပေါ့၊ ဒါက .. အပန်းဖြေရင်း ဗဟုသုတတိုးစေတဲ့ ဖျော်ဖြေမှုတစ်ခုပဲလေ၊ စာအုပ်အငှားဆိုင်တော့ ရှိလား"

"မရှိပါဘူး .. မြို့ကနေဝယ်လာတဲ့သူရှိရင် တစ်ရွာလုံး ဝိုင်းငှားပြီး ဖတ်ကြတာပေါ့ .."

"ငှားဖတ်ချင်စိတ်လေးတွေရှိလို့ တော်သေးတာပေါ့ .."

"စာဖတ်ကတော့ ဝါသနာပါကြပါတယ်၊ ရွာမှာ စာမတတ်တဲ့လူလည်း သိပ်မရှိဘူး၊ အနည်းဆုံး မူလတန်းတော့ အောင်ကြတယ်"

"မရှေး ကရော .."

"ဆယ်တန်းအောင်ပြီးသားပါ .. ကျောင်းတက်ချင်တာနဲ့ အဘွားရှိတဲ့ရွာကို လိုက်နေခဲ့မိတာ၊ အဖေဆုံးသွားတာတော့ မြေချအမီမပြန်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့ပါဘူး၊ အထက်တန်းကျောင်းကြီးနဲ့နီးအောင် အဘွားတို့ရွာမှာ အဆင်ပြေတယ်လေ .. အဘွားတို့ရွာနဲ့ တို့ရွာက အဝေးကြီးပဲ၊ ရေတစ်တန်၊ လှည်းတစ်တန်နဲ့ သွားရတာ .."

ရှေး မျက်နှာကား ကြေကွဲဟန်တွေ အထင်းသားဖြစ်လာကာ ...၊

"နောက်ကျတော့လည်း ဆယ်တန်းအောင်ထားတယ်ဆိုတာ အလကားပါပဲ၊ ကိုယ့်မိဘရဲ့နောက်ဆုံးခရီးကိုတောင် မပို့လိုက်နိုင်ဘူး ဆိုတဲ့ နောင်တနဲ့ အမြဲတမ်း ကြေကွဲနေခဲ့ရတာပဲ အဖက်တင်တယ်"

"ဘယ်ဟုတ်မလဲ မရှေး ရယ် .. တောမှာချည်းပဲနေရရင်တောင် မရှေး ပြောသလိုဖြစ်နေရင် နေမယ်၊ မြို့ရောက်လာတော့ ပညာရေးက အရမ်းအရေးကြီးတာဗျ .."

"တကယ်ဆို ငါ့မောင်လေးက ဆယ်တန်းအောင်ပြီးသားဖြစ်ရမှာ သူဆိုရင် မြို့မှာ အလုပ်လုပ်ချင်တာလေ .. ခုလို ခုနစ်တန်းအောင်ထား ရုံလောက်နဲ့စာရင် လူတောတိုးဦးမှာ .. ခုတော့ .. သူ့ခမျာ အလုပ်မရှိဘဲ ဘယ်ချောင်ဘယ်ကြားမှာ ဒုက္ခရောက်နေပြီလဲ မသိပါဘူး"

"ဒီလိုလည်း မဟုတ်ပါဘူးဗျာ .. ပညာသင်ကြတာ အလုပ်ရဖို့ ဟစ်ခု တည်းပဟုတ်ဘူး၊ အလုပ်ကြီးအကိုင်ကြီး လုပ်နေကြတဲ့ လူတိုင်းရော ဟန်ဟန် ပန်ပန်တွေ ဖြစ်နေကြလို့လား၊ အဓိကက အသိပညာ တိုးပွားဖို့ပါ"

စကားပြောရင်း သူမအကြောင်း တော်တော်လေး သိလာရကာ...

"အခု မရှေး တို့မှာ မိဘအုပ်ထိန်းသူမရှိတော့ဘူးပေါ့ .."

"မရှိတော့ဘူး .."

သူမက ပြောချင်ပုံတော့ မပေါ်ပါ။ သို့သော် ..

"အဖေက ရွာမှာ လယ်တွေ ယာတွေ အများဆုံးပိုင်တဲ့သူပေါ့၊ ကျွဲဖော်လောင်ဖက်အဖြစ် ဆွေနီးမျိုးစပ်တစ်ယောက်ကို အဖေက ခေါ် ထားပြီး ချစ်လည်းချစ်တယ်၊ ယုံလည်းယုံတယ်၊ ငါတို့ကတော့ ကိုယ့် ဦးလေး လိုကို ချစ်ခဲ့ကြတာ .. သူက .. အပြောကလည်း အရမ်းချိုတာလေ .."



အပြောချိုတဲ့သူမှာ ချိုပါပြီးသားလို့ လူကြီးတွေပြောကြတဲ့အတိုင်း လူတစ်ယောက်ကိုဖျက်ဆီးဖို့အတွက် အရက်သေစာ လောင်းကစားက စပြီး မိန်းမကိစ္စတွေပါ ပါလာအောင် အဖေ့ကို မြူဆွယ်နိုင်ခဲ့သည်။

စီးပွားရေးဘက်ကို သိပ်မလှည့်ချင်တော့တဲ့အခါ နေရာတကာ သူမပါရင်မပြီးသလို လုပ်လာခဲ့သည်။ အဖေကတော့ နောက်ရောက်မှန်း မသိ ရောက်သွားခဲ့၏။

"နောက်ကျတော့ အဖေနဲ့အမေ အိမ်ထောင်ရေးပါ မသာယာ တော့ဘဲ အမေကပဲ ဖောက်ပြန်သလိုလို .. ငါ ဆယ်တန်းအောင်ပြီး ပြန် သွားတော့ အဖေလည်း ဆုံးသွားပြီ၊ အမေကလည်း သူလုပ်ကြံတဲ့ သတင်း တွေနဲ့ရှက်ပြီး အိပ်ရာထဲလဲနေတော့တာပဲ၊ မောင်လေးနဲ့ အဲဒီလူကြီးနှာ တစ်စက်မှ မတည့်တော့ ပိုဆိုးတာပေါ့၊ မောင်လေးက အလုအပကြိုက် တယ်၊ သူက ကဲ့ရဲ့ရှုတ်ချတယ် .."

အလုပ်ကြမ်းတွေ မလုပ်စဖူး လုပ်ရသည်နှင့် မောင်လေး ညည်းညူ လာခဲ့သည်။ အမေဆုံးသွားသည်နှင့် သူမတို့မောင်နှမ အတွင်းပစ္စည်း တွေရှိသမျှ ရောင်းချပြီး မောင်မလေး စိတ်ချမ်းသာတာလုပ်ဖို့ ဦးလေးနဲ့ ထည့်လွှတ်လိုက်၏။

"အဲဒီတော့ .. ပစ္စည်းတွေရောင်းတာ သူ မပြောဘူးလား၊ မရှေး အမေပိုင်တာတွေဆို သူပြောခွင့်ရှိတယ်လေ .."

"ပြောရဲပြောကြည့်ပါလား .. သူက အစတည်းက အိမ်က အလုပ် သမားပဲ တစ်ရွာလုံးသိတယ် .. သူ့လက်ထက်ပွားဆိုတာလည်း ဘာမှ မရှိဘူး၊ ငါတို့ အိမ်ပေါ်တက်လာပြီးသုံးဖြုန်းတာ .. အမေ့ကိုလည်း မလှုပ်နိုင်အောင် ပြောဆိုနှာမည်ဖျက်ပြီး ရပ်ကွက်အကူအညီနဲ့ သူယူခဲ့တာ .. အဲဒီစိတ်နဲ့ အမေသေရတာလေ .."

ဘဝဆိုတာလည်း ကိုယ်ဖြစ်ချင်တာ ဖြစ်ခွင့်မရှိပါလား။

သူမအကြောင်း ကြားလိုက်ကာမှ ကရုဏာစိတ်လည်း ဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုလိုဒီလိုတွေးနေမိတာတွေလည်း ပျောက်သွားခဲ့၏။

ကိုလေးကိုပြောပြတော့ အားလုံးနားထောင်ပြီးမှ ...

"သေချာလည်းမေးကြည့်ဦး .. အဲဒီ ပထွေးကို ဓားနဲ့ထိုးသတ်ပြီး များ ပြေးလာသလားလို့ .."

"ဟာ .. မဟုတ်လောက်ပါဘူး ကိုလေးရာ .. မရှေး က စိတ်ဆတ်ပြီး လက်မြန်တာပဲရှိတာ .. ဟိုလူကြီးကို ရိုက်ခဲ့တုန်းကတောင် သူ အသေကြောက်နေတာ .."

"ဘယ်သူပြောတာလဲ .."

"ကျွန်တော် မြင်တာပဲဟာ .."

"မင်း မျက်လုံးမကောင်းတာ ဖြစ်ရင်ဖြစ်မှာပေါ့ကွ .. အဲဒီမိန်းမ က ယောကျ်ားတစ်ပိုင်း မိန်းမတစ်ပိုင်း .."

ဝါဆို့ မျက်နှာ ရှုံ့မဲ့သွားသည်။ အကဲ ကလည်း မမြင်ရဘဲနဲ့ သိနေကာ ဆံပင်တွေသပ်ရင်း တစ်ဖက်လှည့်ပြုံး၏။

စကားပြောတိုင်း နူးညံ့နေတာက နည်းနည်း၊ ဘုဆတ်ဆတ် ရန်စကားတွေပဲ ပြောတတ်တာကများများ ...။ တောမှာ ပြည့်ပြည့်စုံစုံ ကြွယ်ကြွယ်ဝဝနေလာခဲ့သည်ဆိုပြီး မြို့ပေါ်မှာ တစ်ယောက်တည်း သူများနောက်ဖေးချောင်မှာ အိုးတစ်လုံး ဖျာတစ်ချပ်နဲ့ မလုံမခြုံနေရဖို့ဆိုလည်း လာခဲ့။

ပိုက်ဆံမရှိလို့ အားငယ်နေတဲ့အချိန် ဘယ်အချိန်လဲ မေးကြည့်ချင်မိသည်။

လေသံအရတော့ သူမရဲ့တစ်ချိန်လုံးမှာ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ခြင်းဆိုတာ ရှိရဲ့လား ...၊



အခန်း(၉)

"နေထိုင်မကောင်းဖြစ်ပြီး အားနည်းနေတယ်ဆိုတော့ ပြောလည်း မပြောချင်ပါဘူး .. ဒါပေမဲ့ .."

"ပြောပါအမေ .. ကျွန်မ ရပါတယ်"

ဒေါ်စိန်ပုလဲ က ရှေးလူကြီးတွေပုံစံအတိုင်း နီညိုရောင်အင်္ကျီပွပွ လက်ရှည်ခေါင်းလောင်းပွပွကြီးနှင့် ဆံပင်ထုံးမြင့်မြင့်ကို ထိပ်မကျတကျ တင်ထုံးထား၏။

ပြီးတော့ ဆံထုံးမှာ ရွှေဘီးတဝင်းဝင်းနှင့် ...

အသက်က ငါးဆယ်ကျော်လောက်မှာ အသက်ခုနစ်ဆယ်လောက် ပုံပေါက်နေ၏။ နေထိုင်မကောင်းဖြစ်နေသော ဒေါ်မြရင်ငယ်ကို စိတ်မသက်သာသလိုကြည့်ရင်း ဘေးမှာထိုင်လိုက်သည်။

သူမဘေးမှာလည်း အထိန်းတော်ပါနေကာ ရွှေရိုးတပ်ပိုးယပ်တောင်ကို ကိုင်ထား၏။

ဒီစံအိမ်ကို လူကြီးတစ်ယောက်ယောက်လာပြီဆို အဲရှိကွန်းတွေပိတ်ထားရသည်။ ရေခဲသေတ္တာထဲက စားစရာ ဘာမှထုတ်မကျွေးရ။

အားလုံးက ရောဂါရဖွယ် ဘေးတွေ့ဖွယ်တွေဟုပြောကာ ကိုယ့်ယပ်တောင်နဲ့ကိုယ် ခပ်သည်။ သစ်သီးသစ်ဥဆို လတ်လတ်ဆတ်ဆတ်

www.burmeseclassic.com



ဆေးကြောကျွေးမှ ..။

"ညည်းတို့ လူကြီးတွေပြောတာကျတော့ လက်မခံချင်ကြဘူး၊ အမှည့်တဝင်းဝင်း သီးကင်းတဖြိုက်ဖြိုက်တဲ့၊ ကြည့်စမ်း ..ညည်းတို့ လင်မယား လူကြီးမိဘရဲ့ဆုံးမဩဝါဒတွေကို ငြင်းလို့ အခု ဘာတွေ ဖြစ်နေပြီလဲ .."

"ကျွန်မ သက်သာလာပါပြီ အမေ .."

"ငါပြောတာကို အတိုက်အခံ ငြင်းချင်တာလား မိငယ် .."

"မဟုတ်ပါဘူး"

"ငါက .."

ဒေါ်စိန်ပုလဲ စကားစလိုက်ပြီးမှ ယပ်တောင်ခပ်ပေးနေသူဘက် လှည့်၍ ..

"နောက်ဆုတ်ယပ်စမ်း .. ဒီမှာ လူမမာရှိတာ မတွေ့ဘူးလား"

"ဟုတ်ကဲ့ရှင် .."

ယပ်ခတ်ပေးနေသည့် ကောင်မလေး နောက်ဆုတ်လိုက်မှ ဒီဘက် ပြန်လှည့်၍ ..

"ငါ .. ညည်းတို့သားအမိကိုပါ ထပ်ပြီး ကြည့်မနေနိုင်ဘူး မိငယ်၊ ညည်းရဲ့ ငြင်းစိတ်ကြောင့် သားကိုလည်း ဆုံးခဲ့ရပြီးပြီ၊ အခု မြေးလေး ကိုလည်း ညည်း အခြားလွှတ်ထားပြန်ပြီ .."

"ဟုတ်တယ်မေမေ .. သူ ကျွန်တော် မိန်းမယူလိုက်တည်းက သူလည်း လုပ်ချင်ရာလုပ်ခွင့်ရှိသွားသလိုမျိုး မေမေတို့ကလည်း ဝေးနေ တော့ ဘာကိုမှ ဂရုမစိုက်ချင်ဘူး"

ဦးရာဇနွယ် က နောက်ကျမခံ ဝင်တိုင်သည်။ ဘေးမှာ ဒေါ်စန္ဒီလင်း နှင့် သမီးဖြစ်သူပါ ရှိနေကာ လင်း က ရင်ဖုံးအင်္ကျီပွပွလေးနှင့် ချိတ်ထမီ လေးကိုဝတ်ထား၏။

ဒေါ်စန္ဒီလင်း ကအစ ရင်ဖုံးနဲ့ ပိုးထမီနဲ့ဖြစ်ကာ ဦးရာဇနွယ် က



တိုက်ပုံဝတ်ထားတဲ့အထိ တစ်အိမ်လုံး မြန်မာဆန်နေကြ၏။

ဒေါ်စိန်ပုလဲ ဟာ အမြဲတမ်း သားတွေဘက်က ရပ်တည်ခဲ့သူဖြစ် သည့် အလျောက် ..

"ယောက်ျားသားက မိန်းမယူတာ တစ်ဖက်ငါးရာစီဖြစ်နေနေ ညည်းလိုက်တိုင်းလို့မရဘူး၊ သူ ညည်းကို လက်ထပ်ဖို့နာခံခဲ့တယ်၊ ငါတို့ စည်းကမ်းအတိုင်း သားမယားနေရာမှာ ထားတယ်၊ ငါတို့စံအိမ် မှာ ငါတို့ရဲ့သားတွေက နာခံတတ်တဲ့အကျင့်ရှိကြပြီးသား .. ချွေးမတိုင်း လည်းကောင်းခဲ့တာပဲ .. ညည်းကျမှ .."

ဒေါ်စိန်ပုလဲ က စကားပြောရင်း ဒေါ်စန္ဒီလင်း ကိုလည်း ကြည့် လိုက်သေးသည်။ အစဉ်အလာအရ ချွေးမကြီးကိုပဲ ထိပ်တိုက်ချွေးနွေး တိုင်ပင်နေရပေမယ့် ကိုယ့်သားရဲ့ဘေးမှာ ဇနီးမယားဝတ္တရားကျေပြွန် ၍ ရေပူရေချမ်းကမ်းလှမ်းနေသူကိုသာ လိုလားနေမိတာအမှန်။

ဒါပေမဲ့ တစ်ခု ရင်ခံနေတာက ဒေါ်မြရင်ငယ် က မိဘတွေကိုယ် တိုင် သဘောတူကြည်ဖြူ၍ လက်ဆက်ပေးခဲ့တဲ့ဇနီးဖြစ်ကာ ဒေါ်စန္ဒီလင်း ကိုတော့ ဘယ်အချိန်မှာ တွေ့ဆုံနှစ်သက်ပြီး ဘယ်မျိုးရိုး ဘယ်ဇာတိမှန်း မသိလိုက်ဘဲ ချွေးမအဖြစ် လက်ခံခဲ့ရတာဖြစ်သည်။

ဒေါ်မြရင်ငယ် သည် မဟာဆန်သည့်အလှနှင့် ဆံပင်ရှည်တွေ ပေါင်တစ်ဝက်လောက်ထိရှည်နေတာ ခုချိန်ထိ ခေါင်းအုံးထက်မှာ လုံးထွေး ပုံကျနေဆဲ ..။

ဒေါ်စန္ဒီလင်း ကတော့ ဆံပင်သိပ်ရှည်ပုံမပေါ်ပေ။

တွေ့လိုက်ရတိုင်း နောက်တွဲဆံထုံးသေးသေးလေးမှာ ပန်းတွေပန် ထားပြီး ညိုညက်ညက်အသားကို မိတ်ကပ်ပါးပါးနှင့် အရောင်တင်၏။

လူမမာဖြစ်နေသော ဒေါ်မြရင်ငယ် ရဲ့ ဖွေးနုဖြူဖျော့နေသော မျက်နှာမှာ အကြောစိမ်းများပင် ပေါ်နေအောင် ဝင်းကြည်နေတာ မငြင်း နိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းခြင်းအဖြာဖြာနှင့် ပြည့်စုံနေသည့်ချွေးမကို အကြိုက်မတွေ့နိုင်ဘဲ ရွက်ကြမ်းရေကျိုမျှဖြင့် ဒီစံအိမ်မှာ ချွေးမလာဖြစ်နေသည့် မိန်းမကိုတော့ ချွေးမလို့သဘောမထားခဲ့ခြင်းတွေတောင် မရှိတော့အောင် ဘာဖြစ်လို့ လက်ခံချင်လာခဲ့သလဲဆိုတာ မတွေးတတ်တော့ပါ။

"သူ .. နေမကောင်းသေးတော့ သူလည်းနား မေမေလည်းနားရအောင် မေမေ့အတွက် စားစရာနဲ့ အပန်းဖြေဆောင်ကို သွားပြင်ထားလိုက်မယ်နော် မေမေ .."

တွေးနေတုန်း ဒေါ်စန္ဒီလင်း ရဲ့ သိတတ်မှုတွေကို ကြားလိုက်ရကာ...

"အေး .. ဒါပေမဲ့ ပြောစရာရှိတာကို ပြောပြီးမှပဲ နားနိုင်မယ်၊ သူလည်း အိပ်ရာထဲမှာပဲ နေရတာကြာလှပေါ့၊ ဘယ့်နှယ့်လဲ ပြောလို့ဖြစ်ရဲ့မို့လား"

"ဟုတ်ကဲ့ပါ .. ပြောပါအမေ .. ကျွန်မ နားထောင်နေပါတယ်"

"ကောင်းပြီ .. ဒါဆို စည်းကမ်းနည်းလမ်းမကျခဲ့တာတွေ ပြန်မပြောတော့ဘူး၊ အခု အရေးကြီးတာကိုပဲ ပြောမယ်၊ အဲဒါက .. ငါ့မြေးကိစ္စ .."

ဒေါ်စိန်ပုလဲ က စကားစလိုက်ပြီး ချွေးမမျက်နှာကို အကဲခတ်သည်။ မျက်လွှာချထားလို့ မသိသာတာလား။ ဒါမှမဟုတ် တကယ်ပဲ သူမကိုယ်တိုင် သားကို မနိုင်နင်းတာလား ..၊

ဒါဆိုရင်တော့ ဖုန်းဆက်တိုင်ပြောတဲ့ သားငယ်ရဲ့စကားတွေကို နောက်ထပ်ပြန်မေးဖို့ လိုပြီထင်သည်။ မျက်လုံးတွေက သားဖြစ်သည့် ဦးရာဇနွယ် ဆီ ရောက်သွားလျှင် ..

"ပြောလိုက်ပါ မေမေ .. အကဲ က သူ့သားပါ၊ ကျွန်တော်က ဘာမှ ပြောဆိုဆုံးမခွင့်မရှိတဲ့သ ူ"

"အိုကွယ် .."

ဒေါ်စိန်ပုလဲ မျက်နှာပျက်သွားသည်။ ဒေါ်မြရင်ငယ် ကပျာကယာ



မေ့လာကာ ..

"အဲလို မဟုတ်ပါဘူး အမေ .."

"ဘာမဟုတ်တာလဲ မိငယ် .. ယောကျာ်းလေးက ဖအေရဲ့ ဆိုဆုံးမမှုမရှိလို့ ဒီလောက် ဆိုးသွမ်းနေတာပေါ့၊ ပြီးတော့ .. ညည်းက အခန်းပြင်တောင်မထွက်နိုင်တဲ့လူမမာ .. ဒီကလေးကို ဖအေကမဆုံးမရင် ဘာတွေဆက်ဖြစ်လာမလဲ တွေးလေ"

"တွေးစရာမလိုဘူး မေမေ .. ခု အဲ့ကောင်လေးမရှိတော့ဘူးလေ၊ သူ့ကို ကျွန်တော်ဆူလို့ဆိုပြီး ထွက်သွားလိုက်တာ ပြန်ကိုမလာတော့ဘူး"

"ဖြစ်ရလေတယ် .. ငါတို့မျိုးရိုးစဉ်ဆက်မှာ ဆုံးမတာ မနာခံဘဲ ဒီလိုလုပ်သွားရဲတဲ့သူ ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူး၊ ဒီကလေး ဒီလိုဖြစ်နေတာ ညည်းနဲ့ မသက်ဆိုင်ဘူးလို့များ ထင်နေသလား မိငယ်"

ဒေါ်မြရင်ငယ် မျက်နှာလေးမမော့ ဘာမှလည်း ခွန်းတုံ့မပြန်ပေ။ ဘွားတို့လာမယ်ဆိုကတည်းက ကိုနွယ် တို့ တစ်ခုခုလှမ်းတိုင်လိုက်လို့ပဲဆိုတာ သူမသိသည်။

ဘွားတို့မလာဘဲ ယောက္ခမဖြစ်သည့် ဒေါ်စိန်ပုလဲ ရောက်လာတော့ သူမအတွက် ပို၍ အခြေအနေဆိုးခဲ့ရကာ ..၊

"ညည်းမှာ အပြစ်ရှိတယ်၊ ဖေဖေတို့ကလည်း မြေးအတွက် အကောင်းဆုံး စီစဉ်ပေးခဲ့ဖို့ ငါ့ကို တာဝန်ပေးလိုက်တယ်၊ ဒီတော့ မြေးနဲ့ပတ်သက်တဲ့ ကိစ္စအဝဝကို ဒီနေ့ကစပြီး ငါတို့လက်ထဲ လွှဲအပ်ပေးရမယ် .."

ဒေါ်စိန်ပုလဲ က စကားရပ်လိုက်ပြီးမှ ..

"မြေးလေးရဲ့ အိမ်ထောင်ရေးနဲ့ ရှေ့ဆက် ဘယ်လိုအစီအစဉ်တွေနဲ့သွားမလဲဆိုတဲ့ သူ့ရဲ့အနာဂတ်အတွက် ငါတို့တွေအားလုံး ဆုံးဖြတ်မယ် .. စီစဉ်မယ် .."

www.burmeseclassic.com

www.burmeseclassic.com



"အကဲ က .. ပျောက်နေတာ မေမေ"

"ကြွက်တွင်းထဲဝင်ပုန်းနေပါစေ .. ကတ္တီပါစံအိမ်ရဲ့ အရိပ်ချည်းပဲဆိုတာ သင်းသိစေရမယ်၊ သူ ဘယ်မှသွားပုန်းနေလို့မှ မလွတ်ဘူး၊ မြေးပါလာရင် စံအိမ်တော်ရဲ့ထုံးစံအတိုင်း နောင် ဘယ်တော့မှ ဒီလို မလုပ်ရဲအောင် သစ္စာဆိုရမယ်၊ မျိုးဆက်သစ်အတွက် အမွေလွှဲအပ်ဆက်ခံတာတွေ ကျင်းပမယ် .."

"မေမေ .. အကဲ က အိမ်ထောင်တောင် မကျသေးဘူး .."

ဦးရာဇနွယ် ချည်းပဲ အသံထွက်နေသဖြင့် ဒေါ်စိန်ပုလဲ မျက်မှောင်ကုတ်သွားသည်။

"အဲဒါ .. တို့ လူကြီးတွေမသိဘဲနေမလား သားငယ်၊ ကလေးနဲ့ ပတ်သက်တဲ့ ဘယ်ကိစ္စမဆို ဒီမှာ ဘာတစ်ခုမှစိစဉ်လို့ မဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ စံအိမ်က ကျိန်စာထိပြီး ညစ်နွမ်းနေတာ .. ဒါကို ပြန်ပြီးသန့်စင်ရမယ်၊ ဒီမှာနေကြတဲ့ မင်းတို့အားလုံးကိုလည်း ကတိသစ္စာပျက်ခဲ့ခြင်းနဲ့ပတ်သက်ပြီး ကြီးလေးတဲ့တာဝန်တွေ ပေးရမယ်၊ အဲဒါ .. မင်းတို့လက်ထက်မှာ တာဝန်မကျေကြတဲ့အတွက် ပေးတဲ့အပြစ်ပဲ"

"ကိုမာန် နဲ့ပတ်သက်ပြီး ဖြစ်ရတာတွေပဲ မေမေ .. ကျွန်တော်တို့က ဘာဆိုင်လို့လဲ"

"ကျွန်တော်တို့ဆိုတာ ဘယ်သူတွေကို ရည်ညွှန်းလိုက်တာလဲ"

ဦးရာဇနွယ် ဆွံ့အသွားသည်။ ဒေါ်စိန်ပုလဲ က စူးစိုက်ကြည့်နေ၏။

"ကျွန်တော်ပြောတာက .."

"အားလုံးလုပ်ရပ်တွေ မှားယွင်းနေတာကို မေမေ ပြောနေတာ၊ တမလွန်ရောက်သွားတဲ့လူကို လွှဲမချနဲ့၊ အိပ်ရာထဲမှာလဲနေတဲ့သူမှာပဲ အပြစ်ရှိတာမဟုတ်ဘူး၊ မင်းရဲ့လုပ်ရပ် အကြီးအကျယ်မှားယွင်းခဲ့တာတွေ ပြန်စဉ်းစားပါဦး"



"ကျွန်တော် မေမေတို့စကားကို နာခံခဲ့တာပဲ မေမေ .."

"မှန်တယ် .. တစ်ခုပေးပြီး နှစ်ခု သုံးခု ပြန်ယူခဲ့တာကိုလည်း မမေ့နဲ့"

ဒေါ်စိန်ပုလဲ က ပြတ်သားစွာဆို၍ မေးဖြစ်သည့် လင်း ဆီ အကြည့်ရောက်သွားသည်။ တော်ဝင်ချွေးမက မွေးတဲ့သားနဲ့ တော်မဝင်သူက မွေးတဲ့သမီးမို့ ခွဲခြားထားတာတော့မဟုတ်ပေ။

ဒါပေမဲ့ ဒီအိမ်ကြီးရဲ့ ကျမ်းသစ္စာအတိုင်း လူကြီးတွေရဲ့ ထိမ်းမြားပေးခြင်းမဟုတ်ဘဲ ထုံးစံကာလနားကို ဖောက်ဖျက်ပေါင်းစည်းတဲ့သူဟာ ကတ္တီပါစံအိမ်ရဲ့ အမွေဆက်ခံနိုင်သူကို မွေးဖွားနိုင်မှာမဟုတ် .."

ဒီတိုင်းပဲဖြစ်လာတာကြောင့်လည်း ဒေါ်မြရင်ငယ် က သားမွေးပြီး ဒေါ်နှီလင်း က သမီးမွေးခဲ့သည်။ အကယ်၍ ဒီလိုမဟုတ်ဘဲ ဒေါ်မြရင်ငယ် က သားသမီးမမွေးနိုင်ခဲ့ရင် ဒါမှမဟုတ် မွေးပေမယ့် သမီးလေးပဲ မွေး၍ ဒေါ်စန္ဒီလင်း က သားမွေးခဲ့လျှင် အခြေအနေက ပြောင်းပြန်ဖြစ်သွားနိုင်သေးသည်။

ဒီလို ဘယ်တော့မှ ဖြစ်လာဖို့မရှိတာကို လူကြီးတွေက ယုံကြည်ထားသလို ဖြစ်လည်းဖြစ်မလာတာမို့ ဒေါ်စန္ဒီလင်း တို့သားအမိနဲ့ ပတ်သက်သော နောင်ရေးကိစ္စအဝဝက ဘယ်လူကြီးရဲ့ခေါင်းထဲမှာမှ မရှိခဲ့ခြင်းဖြစ်သည်။

ဒီနေ့ထိ ချွေးမအဖြစ် ဆက်လက်ဆက်ဆံနေခြင်းကပင် ဦးရာဇနွယ် ဒေါ်မြရင်ငယ် ကို လက်ထပ်ထားခဲ့သည့် နာခံမှုကြောင့် ဖြစ်၏။

လင်း ထံရောက်သွားသည့် အကြည့်တစ်ချက်ကို ဦးရာဇနွယ် နားလည်သည်။ ထို့ကြောင့် ...

"မေမေ့ကို ကျွန်တော် တစ်ခုပြောခွင့်ပြုပါ .."

"ပြော ..."

"ကျွန်တော်နဲ့လက်ထပ်မှာ သားသမီးမရအောင် မေမေ့ချွေးမကြီး

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ခဲ့သလဲဆိုတာ ..”

“အဲဒီကိစ္စတွေ ပြီးခဲ့ပြီပဲ သားငယ် .. ဘာအတွက် အစဖော်နေတာလဲ”

“အဲဒါကြောင့် ကျွန်တော်က သားရဲ့အဖေတစ်ယောက် ဖြစ်ခွင့်မရှိခဲ့တာ”

“မင်း .. စန္ဒီ့ကို လက်ထပ်ခဲ့တာကော အဲဒါကြောင့် မဟုတ်ဘူးမှတ်လား”

ဦးရာဇနွယ် မျက်နှာပျက်၏။

“မင်းလည်း သားမွေးလို့ရနိုင်ခဲ့တာပဲလေ .. ကိုယ့်ဂုဏ်ကိုယ် မဖော်ချင်ပါနဲ့”

“ဒါပေမဲ့ .. သားမွေးတဲ့မိခင်မှ၊ မျိုးဆက်က သားယောက်ျားဖြစ်မှ အမွေဆက်ခံသူဖြစ်နိုင်တာဆိုတဲ့ စံအိမ်ရဲ့အစဉ်အလာကတော့ ..”

“သားငယ် ..”

ဘယ်လိုမှ ထင်မှတ်ဖွယ်မရှိသော ဒေါ်စိန်ပုလဲ ရဲ့ဒေါသက ကျောက်တုံးကြီးတစ်တုံး ရေထဲပစ်ချလိုက်သည့်နှယ် ..။

“ထုံးတမ်းစဉ်လာထိ မင်းဝေဖန်ဖို့မလိုဘူး ..”

“မဟုတ်ဘူးလေ .. ယောက်ျားလေးမှ အမွေဆက်ခံနိုင်တယ်ဆိုတာ မြန်မာ့ဓလေ့ထုံးစံလည်း မဟုတ်ပါဘူး၊ ဗုဒ္ဓဘာသာအယူဝါဒမှာလည်း ကျိန်စာတွေ .. သစ္စာတွေ ..”

“တိတ်စမ်း .. ခုချက်ချင်းတိတ် ..”

ဒေါ်စိန်ပုလဲ နေရာမှ ထရပ်လိုက်သည်။

“မင်းရဲ့တော်လှန်မှုတွေကို ငါတို့ ဘိုးဘေးတွေကြားရင် ဘယ်လောက်စိတ်မချမ်းမသာ ဖြစ်လိုက်မလဲ၊ အခု .. မင်း ဘာကို ပြောချင်တာလဲ၊ ဒါတွေ အစဖော်ပြီး ဝေဖန်ဖို့အတွက် မင်း လိုချင်နေဘာလဲ၊ အမွေလား .. မင်းရဲ့ဇနီးကို တော်ဝင်ချွေးမ မင်းရဲ့သမီးကို မွေခံထိုက်စေ



အဲဒီလိုတွေ ပြောင်းလဲပေးစေချင်တာလား”

ဦးရာဇနွယ် မျက်နှာငုံ့သွားသည်။

“အဲဒီလို ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး သားငယ် .. ငါ့စံအိမ်မှာ ငါ့ဥပဒေပဲ၊ အဲဒါ ငါတို့မိဘဘိုးဘွားတွေရဲ့စကား .. အဲဒီစကားကို ငါ ဘို့က ဓားသွားလို ထက်သထက်ထက်အောင် လက်ဆင့်ကမ်းသွေးပေးခဲ့ကြတာ ..”

ဒေါ်စိန်ပုလဲ အသံတွေ မာကြောနေခဲ့လျက် လူမမာ ဒေါ်မြရင်ငယ်နဲ့ ပြောဆိုနေခြင်းတွေအားလုံးကို မေ့သွားပုံပေါ်ကာ ..၊

“မိသားစုအဖြစ် ရသင့်ရထိုက်တာရမယ်၊ ခံစားသင့်တဲ့အတိုင်းခံစားရမယ်၊ ကတ္တီပါစံအိမ်ကြီးရဲ့ မျိုးဆက်အမွေခံ ဖြစ်ခွင့်ရဖို့ကတော့”

“ကျွန်တော် နားလည်ပါပြီ ..”

ဦးရာဇနွယ် အသံအားဖြင့် တကယ်နားလည်သွားလို့ပြောတာ မဟုတ်မှန်းသိသာပေမယ့် ဒေါ်စိန်ပုလဲ ကလည်း ဘာမှ ထပ်မမေးဘဲ ဆက်မပြောတော့ဘဲ စောင့်နေလိုက်သည်။

“အခု ကျွန်တော် ပြောချင်တာက အဂ္ဂဲ ကိုတော့ ကျွန်တော့်သားအဖြစ် သတ်မှတ်ခွင့်ရှိနိုင်သလားလို့ ..”

“ဟုတ်တယ်လေ .. မင်းသားပါပဲ၊ ဘာထပ်ရှိသေးလို့လဲ ..”

“ဒါပေမဲ့ .. အဂ္ဂဲ က လည်း အဲ့လိုမမှတ်ဘူး၊ ခုလည်း မေမေတို့ ဘွားဘွားတို့က အဂ္ဂဲ ရဲ့ အနာဂတ်အတွက် ဘွားဘွားတို့ပဲ စီမံမယ်ဆိုတော့ ..”

“ငါတို့တွေရှိသေးသားနဲ့ မင်းက စီမံချင်လို့မရဘူး၊ ဒါ စံအိမ်ရဲ့စည်းကမ်းပဲ ..”

ဦးရာဇနွယ် အကြည့်တွေ ဒေါ်မြရင်ငယ် ဆီ ရောက်သွားသည်။ ခုထိ တစ်ခွန်းတစ်ပါဒမှဝင်မပြောဘဲ ဘာတွေကို သူ့းက ကျေနပ်နေတာလဲ ..။

www.burmeseclassic.com

www.burmeseclassic.com



အကဲ ကို လွှတ်ရာကျွတ်ရာပို့ထားပြီးပြီဆိုပြီး စိတ်ချ ယုံကြည်နေတာလား ..။

ဒါမှမဟုတ် လူကြီးတွေ ဒီလိုပြောလာအောင် ဒီမိန်းမ တမင်အကွက်ရွှေ့နေတာလား။

"ကြည့်လည်းလုပ်ဦးနော် မေမေ၊ ဘွားဘွားတို့ကို ပို့တာမဟုတ်ဘဲနဲ့ ဟိုက ရောက်လာပြီး ကြီးကြီးငယ်ကို အပြစ်မတင်ဘဲ ကိုကို့ကို အသာလေး ဓိကုပ်ခေါ်သွားမှ ဟုတ်မှပေ့ဖြစ်နေမှာ မြင်ယောင်သေးတယ်"

လို့သမီးက သတိပေးခဲ့သေးသည်။ ကိုယ်က ဒါတွေ မတွက်မိဘဲ လူငယ်တွေက ကြိုတင်သိမြင်နေပါလား။ ခုကော့ လင်း ပြောခဲ့တဲ့အတိုင်း ဖြစ်နေပါပြီ။

ဘွားဘွားတို့ကို ခေါ်လိုက်တာက ဒီလိုတွေဖြစ်လာစေဖို့ မဟုတ်ခဲ့ပေ။ အကဲ ကို ကိုယ့်လက်ထဲပြန်ထည့်ပေးခဲ့ဖို့ ဒေါ်မြရင်ငယ် အပြစ်တွေကို ထောက်ပြချင်တာဖြစ်သည်။

ဖြစ်လာတာက အကဲ နဲ့သူတို့ကို ဟိုတုန်းကထက်ပို၍ ဝေးကွာစေဖို့ ..၊

"မေမေတို့ ဒီလိုလုပ်သွားရင် .. အကဲ က အလိုလိုမှ ကျွန်တော့်ကို ဦးလေးလို့တောင် သတ်မှတ်ချင်တာမဟုတ်တဲ့ဟာ အခု ပထွေးလုံးလုံး ဖြစ်ပြီပေါ့ .."

"လောလောဆယ်တော့ .. မြေးလေးပျောက်နေတာကို ပြန်တွေ့အောင်ရှာပြီး ဆုံးမဖို့တွေအတွက် မင်းလက်ထဲကိုတန်းထည့်ဖို့ မဖြစ်နိုင်ဘူး၊ ပြီးတော့ .. မြေးလေးက အနှီးသုပ်ကလေးနဲ့ရှိနေတဲ့ အရွယ်လည်း မဟုတ်ဘူး၊ မြေးကို အိမ်ထောင်ချပေးရမယ် .."

"ဒါဆိုလည်း မဟာဆီ မဟာသွေးဆိုတာ စိန်စီရွှေခွက်နဲ့သာ တင့်တယ်တာပါ၊ ကတ္တီပါစံအိမ်က သွေးကို တခြားသွေးမရောရအောင် အကဲ ကို သမီး လင်း နဲ့ပဲ လက်ထပ်ပေးသင့်တယ် မေမေ"



"ဘယ်လို .."

ဒေါ်စိန်ပုလဲ အံ့အားသင့်သွားသည်။

"မဖြစ်နိုင်တာ .."

ဒေါ်မြရင်ငယ် ထိတ်လန့်သည့်အသံသဲ့သဲ့နှင့် ခေါင်းတခါခါ ငြင်းသည်။

"သူတို့ မောင်နှမတွေပါ၊ ပြီးတော့ .."

"ဟိုးရှေးတုန်းက မင်းမျိုးမင်းနွယ်တွေလည်း ဆွေတော်မျိုးတော်တွေချင်းပဲ လက်ဆက်ခဲ့ကြတာပါ .."

"ခုဟာက .. ညီအစ်ကိုအရင်းကမွေးတဲ့ ကလေးတွေ .."

"ညီအစ်မချင်းမှမဟုတ်ဘဲ .. ဘာလို့မဖြစ်ရမှာလဲ .."

ဒေါ်မြရင်ငယ် နဲ့ ဦးရာဇနွယ် ပဲ အငြင်းပွားနေကြရကာ ..

"ဘယ်လိုဖြစ်မှ .. ခုမှ နလံထလာတာလဲ မငယ် .. မေမေနဲ့တော့ ဘာမှမပြောခဲ့ဘဲ သားကိုထိတော့မှ ချက်ချင်း ခေါင်းထောင်လာပါလား"

"မေမေပြောနေတာတွေကို အစ်မဘက်က ဘာမှ စောဒကတက်ဖို့ မရှိပါဘူး၊ ဒါပေမဲ့ .. တစ်သက်လုံး မောင်နှမအရင်းတွေလို နေလာခဲ့တဲ့ ကလေးတွေကို .."

"မောင်နှမအရင်းမဟုတ်တာ သူတို့သိတယ်၊ ပြီးတော့ .. မောင်နှမ သံယောဇဉ်နဲ့ ချစ်ချစ်ခင်ခင် ဖက်လှဲတကင်းနေခဲ့တာရော ရှိခဲ့ဖူးလို့လား"

ပြောနေရင်း ဒေါ်စိန်ပုလဲ ဘက်ကို လှည့်၍ ...

"အကဲ က ငယ်ငယ်တည်းက ဘယ်သူ့ကိုမှ ရှိသေလေးစားရကောင်းမှန်း မသိခဲ့တာ မေမေ၊ ကျွန်တော် .. ခုပြောနေတာက အကဲ အမွေရမှာမို့ ရလိုမှုနဲ့ပြောတာ မဟုတ်ဘူး၊ အကဲ ကို ကျွန်တော့်သား အဖြစ် ထိန်းကျောင်းခွင့်မရခဲ့သမျှ သူ့ယောက္ခမဖြစ်ခဲ့ရင်တော့ ငါ မင်းအဖေလို့ ပြောပိုင်ခွင့်ရှိနိုင်သေးတယ်"

ကြားရတာကတော့ အကဲ ရဲ့ ယုံကြည်အားကိုးမှုကို ရယူချင်၍

www.burmeseclassic.com



သက်သက်လိုလို .. အကဲ ရဲ့ အသိအမှတ်ပြုခြင်း၊ ချစ်ခင်ရင်းနှီးခြင်းကိုပဲ ရယူချင်တာလိုလို ..။

ရင်ထဲမှာ တကယ်တမ်း ဒီလိုမဟုတ်ဘူးဆိုတာ ဒေါ်မြရင်ငယ် သိနေသည်။

မကြံစည်သင့်တာတွေ ကြံစည်စိတ်ကူးရလောက်အောင် လောဘ တွေ တက်နေတာ ဟန်တောင်မဆောင်ပါလား။

ဒေါ်စိန်ပုလဲ အသံတိတ်နေသဖြင့် ဒေါ်မြရင်ငယ် စိတ်တွေ လေး နေမိသည်။ သားလေးရဲ့အိမ်ထောင်ရေးကို ဒီလို ဖွတ်အမွှစီစဉ်မှုတွေနဲ့ ဖိနှိပ်ထောင်ချပစ်လိုက်မှာတော့ မလိုလားနိုင် ..။

သားလေး လွတ်မြောက်ပါစေ။

♛



## အခန်း(၁၀)

"ခင်ဗျား ဘယ်ကပြန်လာတာလဲ .."

ဖိနပ်ချွတ်မှာ ဖိနပ်ချွတ်ပြီး နေရာတကျ ထားသိုနေတုန်း မေးသံ ကြောင့် လှမ်းကြည့်လိုက်မိသည်။

အကဲ က ထမင်းစားစားပွဲမှာ ထိုင်လျက် အုပ်ဆောင်းဖွင့်ထားပြီး ဘာမှလည်းမကိုင်ဘဲ ဒီတိုင်းငုတ်တုတ် ..၊

"မောင်လေးသတင်း သွားစုံစမ်းတာလေ .. မင်းက ဘာထိုင်လုပ် နေတာလဲ .."

"ထမင်းပွဲမှာ ထိုင်နေမှတော့ ဘာလုပ်ဖို့ရှိလို့လဲ .."

"ဟင် .. ခုချိန်ထိ ထမင်းမစားရသေးဘူးလား .."

အကဲ က မျက်မှောင်ကြီးကုတ်ထားပြီး မဖြေ ..။ ရှေး က ခြေလှမ်း သွက်သွက်နင်းဝင်လာကာ ...

"မနက်က ဝါဆို့ ကို ပြောထားခဲ့တယ်လေ .."

"ဝါဆို က ကျူရှင်ဆရာ၊ တစ်ပတ်မှာ သုံးရက်မအားဘူး၊ အဲဒါ ခင်ဗျား မသိဘူးလား"

"သိတယ်လေ .. သိပေမယ့် ဘယ်နေ့ဆိုတာ ပြောမထားဘဲ၊ ဖြစ်ရလေဟယ် .. တစ်နာရီတောင်ထိုးတော့မယ်၊ ခဏလေး ခဏလေး ငါ ထမီလဲလိုက်ချင်လို့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

နောက်ဖေးဝင်သည့်ခြေလှမ်းက 'ဘာ'သံကြောင့် ကုံ့ခဲ့ ပြဲ ၏။

"ဒီမှာ ဗိုက်ဆာလို့ အူပေါက်နေပြီ၊ ခင်ဗျားက ထမင်းကိုင် အကျီ ကိုင် လုပ်ဦးမယ် .."

"ဘာပဲကိုင်ကိုင် လက်ကို ရေပြန်ဆေးလိုက်ရင် မရဘူးလား၊ မင်းပဲ ကြီးကျယ်တတ်တယ်မထင်နဲ့၊ ငါကလည်း ညစ်ညစ်ပတ်ပတ် လုပ်ကိုင်တာ ဝါသနာမပါဘူး"

"ပါပါ မပါပါ .. ခင်ဗျား သူများနောက်ဖေးမှာ အိပ်ဖို့တော့ ကြိုး စားခဲ့တာမို့လား .. လုပ်မနေနဲ့ ကျုပ် လူရှာပြီးရင် ခင်ဗျားကို ဖြုတ်မှာ .."

"ကျေးဇူးပဲ .. ငါကလည်း မင်းလို တစ်နေကုန် တစ်ချက်မှ အပေါက် အလမ်းတည့်အောင် ပြောဖော်မရတဲ့လူနဲ့ အကြာကြီးနေဖို့ စိတ်မကူးဘူး .."

"ဒုန်း ..."

"ခင်ဗျား ကျုပ်ကို မရွဲ့နဲ့နော် .."

"မင်းကို ရွဲ့ချင်ရင်လည်း ထမင်းပန်းကန်၊ ဟင်းပန်းကန်ကို ဆောင့် ချရလောက်အောင် ငါ မမိုက်ရိုင်းဘူး၊ ဒီမှာ စင်းတီတုံးလွတ်ကျသွားတာ .."

သူ့ကိုပဲ ဖြေရှင်းနေရသေးသည်။ ပြီးတော့ ပုဇွန်ဆီပြန်နဲ့ ဆိတ် သားနှပ်၊ ကြက်သားကြော်၊ မှိုကန်စွန်းကြော်တွေကို သေချာပြင်ဆင် ချပေး လိုက်၏။

"ရော့ .. ဒီမှာ ဇွန်းနဲ့ခပ်ရင်း .."

ဒီယောကျ်ားနှစ်ယောက်ကို သူမ အံ့ဩနေမိခဲ့သည်။ အိမ်မှာ ပရိ ဘောဂလည်းမစုံဘဲ ရေခဲသေတ္တာ၊ အဲယားကွန်းကတော့ နည်းတာကြီး တွေမဟုတ်။

ပြီးတော့ အလုပ်လုပ်ကြတာမတွေ့ဘဲ စားသောက်တာတွေက လွန်သည်။ သွားရည်စာဆို ရေခဲသေတ္တာထဲမှာအပြည့် ..။

ဟင်းတွေချက်လိုက်ရတာလည်း ရွာမှာ ဘုန်းကြီးပွဲတောင် ဒီ လောက် စုံမယ်မထင်။ ဟင်းတွေစုံရင်တောင် အကောင်းစားဟင်းတွေ



ချည်း လေးငါးမျိုးတော့ နေ့တိုင်းပါမှာ မဟုတ်တာ သေချာသည်။

"ကိုလေးက .. ဟင်းတော့ သိပ်မစားဘူး၊ ဒါပေမဲ့ တစ်မျိုးနှစ်မျိုးနဲ့ လည်း မရဘူး"လို့ ဝါဆိုကပြောသည်။

ထို့ပြင် သူမကို လစာပေးထားတာကပဲ နည်းသလား ..။

"မရှေး လည်း လိုအပ်တာဝယ်ရတာပေါ့၊ လစာကြိုယူထား"ဆိုပြီး ဘာမှမလုပ်ရသေးဘဲ နှစ်လစာကြိုထုတ်ပေးသေးသည်။

ရန်ကုန်မှ အိမ်အကူတစ်ယောက် ဘယ်လောက်ရသည်တော့ မသိ။ ဒါမှမဟုတ် အိမ်အကူလို သဘောမထားပါနဲ့လို့ပြောခဲ့တဲ့အတိုင်း စေတနာ နဲ့ပေးခဲ့တာလား ..။

သူမအတွက် နှစ်လစာဆိုတာက သုံးသိန်းတောင်မှ ..။

ဝါဆို နဲ့ အကဲ စိတ်ထားကောင်းကြတာကို သိပါသည်။ ဒါပေမဲ့ နားလည်ရခက်တာတွေလည်း အများကြီးပဲ ရှိနေသေး၏။

"ရှေး ..."

"ဟင် .. ဘာလိုချင်လို့လဲ .."

"ခင်ဗျား .. အခု .. ကျုပ်ကို ထိုင်ကြည့်နေတာလား .."

"ထိုင်ကြည့်နေတာ မဟုတ်ဘူး၊ မင်း ဘာလိုဦးမလဲ စောင့်နေရင်း နဲ့ ကြည့်နေတာ .."

"ဟုတ်တယ် .. ခင်ဗျား လက်တွေ သန့်ရှင်းတယ်ဆိုရင် ဒီ ထိုင်"

နည်းနည်းတော့ ချဉ်နေမိသည်။ မေးလိုက်ရင် အဖြေတန်းထွက် လာတတ်တာ ကောင်းတော့ကောင်းသည်။ ဒါပေမဲ့ တစ်ခုခု ပစ်ဆောင့် သွားသလို အောင့်သက်သက် ကျန်ရစ်တာ ဘာမှန်းမသိ ..။

မျက်နှာကို မမြင်ရပေမယ့် သူမရဲ့ ဆတ်ဆတ်ထိမခံသည့် စကားသံ ကြောင့် ဘယ်လောက်ထိမှာပြီး ဘယ်လို ရုပ်ရည်အဆင်းသဏ္ဌာန်ရှိနိုင် သလဲဆိုတာ ပြေးကြည့်ဖို့မလိုပေ ..။

"ပြောလေ ကိုလေး .. ငါထိုင်ပြီးပြီ၊ ဘာလုပ်ပေးရမလဲ .."

"ခင်ဗျားလက်တွေရှော .."

www.burmeseclassic.com

www.burmeseclassic.com



"ခုပဲ .. မင်းအတွက် ခူးခပ်ပြင်ဆင်ပေးနေတာ ဘာရှိရဦးမှာလဲ၊ ဖင်လည်း မကိုင်ရသေးဘူး၊ ခေါင်းလည်း မကိုင်ရသေးဘူး .."

"ဟာ .. ကြည့်စမ်း .."

"ထမီလဲပါရစေဆိုတာတောင် ရှုံနေတာ .. ဖင်တွေ ခေါင်းတွေ များ ကိုင်မိ .."

"ရှေး ..."

"ပြော .."

"ခင်ဗျား တော်တော် ပါးစပ်ကြမ်းပါလား .."

"ငါက ပါးစပ်ကြမ်းတယ်ဆိုရင်တောင် လူတစ်ယောက်လုံး လွှင့်ပါသွားလောက်အောင် အော်နိုင်လွန်းတဲ့ မင်းကို မမီသေးဘူး .."

"ဟုတ်တယ် .. အခု လွှင့်မသွားသေးဘူးဆိုတော့ ဒီထက် ထပ် အော်နိုင်ဖို့လိုသေးတယ်၊ ခင်ဗျား ညောင်းလိုက်တော့ .."

"ဘာရယ် .."

"ဒိုးတော့ ..."

"ဘာ .."

"ရှေးဦးပန်းချီ ..."

"ဖျန်း ..."

"လန့်လိုက်တာဟယ် .."

ရှေး တကယ်လန့်သွားတာဖြစ်သည်။ စားပွဲခုံကို ရိုက်ချလိုက်တာ အရှန်းမကျတကျမို့ သူမရှေ့မှာ လက်ဝါးကြီးက ကြောက်စရာ။

"ဘယ်လိုဖြစ်နေတာလဲ ကိုလေးရယ် .. ငါက ကန်းနေတဲ့လူနဲ့ ရန်မဖြစ်ချင်လို့ သည်းခံနေတာ .. ကြောက်လို့များ ထင်နေလား"

"ဘာလဲ .. ခင်ဗျားက ဖက်လုံးချင်သေးလို့လား"

"ဖက်လုံးနေစရာလား၊ အခု .. ငါ့လက်ထဲမှာ ဘာကိုင်ထားလဲ သိလား .."

"ဘာကိုင်ထားထား ဂရုမစိုက်ဘူး၊ လုပ်စရာရှိရင် လုပ်ချလိုက်၊



ခင်ဗျားကို ဒေါသထွက်နေတာ နိုင်လိုမင်းထက် အော်ဟစ်နေတယ် ထင်လို့လား၊ ဒေါသအစစ်တွေနော် .. ကျုပ် မြင်နေရလို့ကတော့ ရိုက် သတ်ပစ်တာ ကြာပြီ ..."

"အောင်မာ .. အောင်မာ ကန်းနေလို့ပဲ တော်တော့တယ် ..."

"ခင်ဗျား ..."

"ဒုန်း ..."

နောက်ထပ် လက်သီးဆုပ်နဲ့ ထုလိုက်ပြန်ကာ ကျွတ်ခနဲ ဖြစ်၏။ ရှေး ထိတ်လန့်ကာ ပခုံးလေးတောင် ကျုံ့သွားခဲ့၏။

တကယ် စိတ်တိုနေမှန်းသိတော့လည်း မကျေနပ်မာသည့်လူနဲ့ ပြိုင် ဖြစ်နေတာကိုပဲ လွန်မှန်းတွေးမိသွား၏။ ပြီးတော့ သူက ဒုက္ခိတ ..။

"ငါတောင်းပန်ပါတယ် .. ထမင်းအေးဆေးစားပါ .."

"မလိုဘူး မတောင်းပန်နဲ့၊ စားလည်း မစားတော့ဘူး .."

"ကိုလေး .. ဟဲ့ .."

"ဘာလဲ .. ကျုပ်ကို လာမထိနဲ့ .."

သူထရပ်တော့ အင်္ကျီလက်စကို ကမန်းကတန်း လှမ်းဆွဲမိကာ...

"ယောကျ်ားလေးဖြစ်ပြီး စိတ်ကောက်တတ်တာ မကောင်းဘူး.."

"ဘာ ..."

"လာပါ .. ပြန်ထိုင်ပါ၊ ငါကလည်း အတိုက်အခံပြောတတ်တာ အကျင့်ပါနေလို့ပါ၊ ဟုတ်ပါတယ် .. ငါ ပါးစပ်ကြမ်းတယ်ဆိုတာ .. ဒါပေမဲ့ .. ငါတို့တောမှာတော့ ဒီလိုစကားတွေက ထမင်းစားရေသောက် ပြောနေကြတာပဲလေ .. နောက်ဆို ငါ ဆင်ခြင်ပါ့မယ် .. ရပြီလား .."

စိတ်ကောက်သည် အပြောခံရမှာစိုးလို့ ထိုင်လိုက်ရပေမယ့် စိတ်တို နေတာက မပြေသေးပေ။ ရှေး ကတော့ ဘာမှ စိတ်ထဲမထားဖို့ ကြိုးစား ကာ သူပြန်ထိုင်လိုက်မှ သက်ပြင်းချရင်း။

"အင့် .. ဒီမှာဇွန်း"

ဇွန်းကို လက်ထဲထည့်ပေးလိုက်ကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"ဟင်းတွေ ဇွန်းနဲ့ခပ်ပြီး ထမင်းပေါ်ပုံမယ်နော်၊ ဝါဆို လုပ်ပေးသလိုတော့ .. ဂါက်နဲ့မကိုင်ပါဘူး .."

ပြောနေရင်း ပုစွန်ထုပ်ကိုဖဲ့ယူကာ သူစားမယ့် ဇွန်းပေါ် ထမင်းရော ဟင်းရော သေချာတင်ပေး၍ –

"စားလို့ရပြီ ..."

သူ့ဟာသူတော့ စားလို့ရမည် ထင်ခဲ့ပေမယ့် ပါးစပ်ထဲ တည့်တည့်မဝင်ဘဲ နှုတ်ခမ်းသားတွေထိလိုက် မေးနဲ့နီးသွားလိုက် ဖြစ်နေတာကို မြင်ရကာ ..၊

"ခစ်"

မျိုသိပ်ဖို့လည်း သတိမရဘဲ ရယ်သံထွက်သွား၏။

"ဘာရယ်တာလဲ .."

"မရယ်ပါဘူး .. ဒီ .. ပေနေတယ် .. ဒီဘက်လှည့် .."

သူ့မျက်နှာကြီး နီမြန်းသုန်မှုန်နေတာမြင်လျက်နှင့် ဒီပါးစပ်ကို ဖိပိတ်ထားလို့လည်းမရ။

"ကိုယ့်လက်နဲ့ ပါးစပ်နဲ့တော့ တည့်နေတာပဲလို့ သူများတွေပြောကြတာ မဟုတ်ဘူးလားဟင် .."

"ဘယ်သူပြောတာလဲ .. ခင်ဗျားကန်းကြည့်ပါလား"

"ကန်းတော့မကန်းဖူးပေမယ့် .. ညဘက် စားသောက်နေတုန်း ရေနံဆီကုန်သွားရင် မှောင်ကျသွားတာပဲ၊ ဒါပေမဲ့ စားလို့ရတာပဲ .."

"အဲဒါ .. မှောင်သွားလို့မမြင်တာလေ၊ ကျုပ်က ကန်းနေတာ၊ ပြီးတော့ .. ဒါ လက်နဲ့ ပါးစပ်နဲ့ မဟုတ်ဘူး၊ ဇွန်းနဲ့ ပါးစပ်နဲ့ .."

"ဇွန်းနဲ့ပါးစပ်နဲ့ပဲ စားနေကျမဟုတ်ဘူးလား .."

"စားနေကျပေမယ့် ကန်းနေကျမှ မဟုတ်တာ .."

"ခစ် .. ခစ် .. ခစ်"

"ရှေး ..."

"မင်းကိုရယ်တာ မဟုတ်ပါဘူး ..."



"ဘာကိုရယ်တာလဲ ..."

"ဟို .. မင်း ပြောတာကိုလေ ..."

ရန်ဖြစ်ရတော့မှာကို သိလေ၊ ရှေး ကိုယ့်ဘာသာ ဆင်ခြင်ဖို့ သံထိချုပ်၍ ..

"ဝါဆို က ခွံ့ကျွေးတာလားဟင် .. ပေးလေ တို့ခွံ့ပေးမယ် .."

"နေပေ့စေတော့ .."

"မစားဘဲမနေပါနဲ့ .. မင်းရဲ့ ဝေယျာဝစ္စလုပ်ကိုင်ပေးဖို့ တို့က လစာယူထားတာ အလုပ်သမားလို့ပဲ သဘောထားပါ၊ တို့နေရတာလည်း လိပ်ပြာသန့်တာပေါ့"

သူ့ကို ထမင်းကျွေးခွင့်ရဖို့ အတော် ကြိုးစားလိုက်ရသည်။ ဝါဆို ပြောသလိုပဲ။

"ကိုလေးက ခုမှ ဒေါသကြီးနေတာပါ၊ သူ့မှာ လုပ်စရာတွေက အများကြီး တခြား ရင်ဆိုင်နေရတဲ့ အခက်အခဲတွေလည်း ရှိသေးတယ်၊ ဒါပေမဲ့ .. မျက်လုံးထိခိုက်ပြီး ဘာမှမလုပ်ဘဲ ပုန်းရှောင်နေရတော့ အလကားနေရင်း စိတ်တိုတတ်နေတာ" တဲ့။

'ငါပဲမှားတာ'လို့ ကိုယ့်ကိုယ်ကို အထပ်ထပ်ဆုံးမ၍ နောက်ထပ် ကိုလေးနဲ့ ပြဿနာမဖြစ်အောင်နေဖို့ ဆုံးဖြတ်နေမိသည်။

ဆုံးဖြတ်ချက်ခိုင်မာဖို့ ကိုယ့်ကိုယ်ကိုယ် မသေချာတာလည်းသိပေမယ့် ခိုင်မာရမည်လို့ အထပ်ထပ် သတိပေးနေဖို့ နောက်ထပ် ဆုံးဖြတ်ထားမိပြန်၏။

လွှတ်ခနဲ မပြောနဲ့။ ထောင်းခနဲ စိတ်မတိုနဲ့။

သူက ဘုရင်ငယ်လေး .. ရယ် ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

"မျက်လုံးခွဲရမယ်ဆိုတော့ .. ဘာတွေလိုမလဲဟင် .."

"မလိုပါဘူး လူမမာအတွက် သင့်တော်မယ့် အစားအသောက်လေးတွေ စီစဉ်ပေးဖို့ .. ဝေယျာဝစ္စလေး နည်းနည်းပါးပါး လုပ်ကိုင်ပေးရုံပဲ၊ မရှေး ရှိနေတော့ အဆင်ပြေနေတာပဲဟာ .."

"အင်း .. အဆင်ပြေစေချင်တာပါ၊ နေမကောင်းတဲ့လူမမာကို ပြုစုဖူးပေမယ့် ဒီလို ခွဲစိတ်တာမျိုးတော့ တစ်ခါမှ မကြုံခဲ့ဘူး၊ အဲဒါကြောင့် .. ကိုယ်ရှိနေသားနဲ့ ဟိုဟာလိုဒီဟာလို ဖြစ်ကုန်မှာစိုးတာ .."

"မျက်လုံးခွဲပြီး အိမ်မှာပဲ ပြန်နေမှာလေ .. ပတ်တီးဖြေကာမှ ဆရာဝန်ဆီပြန်သွားရမှာ .. ကိုယ့်အိမ်မှာကိုယ်ပဲ .."

မျက်စိအထူးကုဆရာဝန်ဆီက ပြန်လာတော့ တက္ကစီပေါ်မှာ အကဲက နားကျပ်တပ်ပြီး သီချင်းနားထောင်နေသည်။ ဝါဆို က နောက်လှည့်စကားပြောရင်း ရှေး နဲ့ တစ်ဖက်စီမှာ ထိုင်နေသည့် အကဲ ကိုလည်း လှမ်းကြည့်သည်။

"သူ့ကို ခေါ်လိုက်စမ်းပါ မရှေး၊ ဝယ်စရာရှိသေးတယ်ပြောလို့ ရှေ့မှာ ခဏရပ်ဦးမလားလို့ .."

"သူက သီချင်းနားထောင်နေရင် ခေါ်တာကြိုက်တာမဟုတ်ဘူး၊ ကိုယ့်ဘာသာ ဆင်းဝယ်လိုက်ပါလား၊ ကားရပ်သွားရင် သူမေးမှာပဲ"



"အင်း .. ဟုတ်ပါတယ်၊ ကိုယ့်ဟာကိုယ်ပဲ ဆင်းလိုက်တော့မယ်"

ဝါဆို က ပြောပြီး ရှေ့ပြန်လှည့်၍ ...

"ဦးလေး .. ဟိုရှေ့က စတိုးဆိုင်ရှေ့မှာ ခဏရပ်ပေးပါ .."

ရှေး သူ့ကို သေချာကြည့်ပြီး အကဲခတ်မိ၏။ ဝယ်စရာရှိသေးတယ်လို့ ပြောတာက တစ်ယောက်၊ ဆင်းဝယ်မှာက တစ်ယောက်။

သူ ဘာလိုတာ သူပဲသိမှာ မဟုတ်ဘူးလား ...။

သွားလည်းမခေါ်ရဲ။ စိတ်ထဲမှာလည်း မချင့်မရဲ ဖြစ်လာရကာ ..

"မျက်စိမမြင်ရပါဘူးဆို နားပါပိတ်ထားလိုက်သေးတယ်၊ အရေးဟဲ့ဆို ပြောမကြားခေါ်မကြား မမြင်မစမ်းနဲ့ ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှလုပ်စရာမလိုဘူး .."

ပြောမိကာမှ သူ နားကျပ်ဖြုတ်လိုက်တာနှင့် တိုးသွားခဲ့တာ ကိုယ့်ကံ ...။

"ဒီမှာ .. မမြင်မစမ်းမို့လို့ ခေါ်ပေးအော်ပေးမယ့်လူတွေ အနားမှာထားထားတာ ကိုယ့်တာဝန်ကိုကျေအောင်လုပ်ဖို့ပဲ စဉ်းစား၊ အတင်းမတုတ်နဲ့ .."

"အနားမှာထိုင်ပြောနေတာ အတင်းတုတ်တယ်ဖြစ်စရာလား၊ မင်းက ကိုယ်သာမမြင်တာ၊ မြင်တဲ့လူကပြောရင် ကြိုက်လား၊ မကြားလို့ မကြားဘူးထင်ပြီး လက်တို့ခေါ်တော့ ကျေးဇူးတင်ပါတယ်ဆိုတာရှိဖူးလား"

"ကျေးဇူးတင်ပါတယ် ဟုတ်လား၊ ပြောမယ်လေ ဆုတောင်း.."

ရန်ဖြစ်နေရလို့လား။ စိတ်မဝင်စားတာလားတော့မသိ ...။

ကားရပ်လိုက်တာရော၊ ဝါဆို ဆင်းသွားတာရော အကဲ က သတိထားပုံလည်းမပေါ်၊ မေးလည်းမမေး။

"ငါလည်း .. စီးကရက်ဘူးလေး သွားဝယ်လိုက်ဦးမယ် .."

တက္ကစီဒရိုင်ဘာကလည်း အကျီအိတ်လေးပြန်စမ်းပြီး ကားပေါ်က ဆင်းထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကတော့ နားကျပ်ပြန်တပ်ပြီး အူတစ်ဖက် လှုပ်နေသေးသည်။

နေပေါ့။ ဘယ်သူက ဆုတောင်းနေမှာမို့လို့လဲ ..။

စိတ်နောက်ကိုယ်ပါ ဖင်ရွှေ့ထိုင်လိုက်သဖြင့် မေးစင်းနေသည့် သူ့မျက်လုံးတွေ ခပ်လှုပ်လှုပ်ဖြစ်သွားကာ ..၊

"ခင်ဗျားကို ဘယ်သူမှ လှမ်းမဆွဲဘူး ငြိမ်ငြိမ်နေ .."

ရှေး လှည့်ကြည့်ကာ သူက မြင်သလိုလိုနှင့် ..

"ရှေ့ကလူတွေ ဆင်းသွားကြကာမှ ကားက တလှုပ်လှုပ်နဲ့ ဒန်းဖင်းဖြစ်နေရင် ဟိုလိုဒီလိုတွေ ထင်ကုန်ဦးမယ် .."

ဒန်းဖင်းဖြစ်နေရင်ဆိုတာ ဘာလဲ ..၊

ဒါမျိုး ကြားဖူးနေကျမဟုတ်သည်မို့ ဘာမှန်းမသိ။ ထိုစဉ် ဝါဆို ခပ်သုတ်သုတ် လျှောက်လာကာ သူ့ဆောက မှန်ကို ပုတ်ခေါက်၏။

ပြီးမှ နားကျပ်တပ်ထားတာကို သတိရသွားကာ ရှေ့က သွားဝင်ထိုင်လိုက်ပြီး ...

"ကိုလေး .."

"အဲဒါကို ခုပဲ ပြောနေတာ .."

ဟု ရှေး က ပြောရင်း သူ့ နားကျပ်ကို ဆိုးဆိုးဆတ်ဆတ်ဆွဲဖြုတ်ပစ်လိုက်၏။

"ဟ ..."

လူက ဆတ်ခနဲဖြစ်ကာ ဒေါသမျက်နှာကြီးက ရှေး ဆီ အော်တိုမစ်တစ် ရောက်လာခဲ့သည်။ ရှေး ကလည်း သူ့မျက်နှာကို စေ့စေ့ကြည့်၍..

"ဒေါသနောက်ထား .. ဟိုမှာ ပြောတာကို အရင်နားထောင်လိုက်ဦး၊ နောက်မှာ ကျားလိုက်လို့တဲ့ .."

ဝါဆို ပြူးတူးပြဲတဲဖြစ်လာတာကို ရည်ရွယ်လိုက်ပေမယ့် ရှေး ပြောတာ အတိအကျမှန်သွားခဲ့လျက် ..၊

"ဟုတ်တယ် ကိုလေး .. ကျားတော့ မဟုတ်ဘူး၊ အန်ကယ်နွယ့် လူတွေ ဆေးခန်းဘက်ကို သွားကြတာ မြင်လိုက်တယ်၊ သူတို့ ဘယ်လို



သတင်းရသွားလဲ မသိဘူး .."

"သူတို့လမ်း သူတို့သွားကြတာ ဖြစ်မှာပါ .."

"အဲဒါ ဟုတ် မဟုတ် .. ကျွန်တော် သွားကြည့်လိုက်မယ်၊ ကိုလေးတို့ ပြန်နှင့်တော့နော်၊ မရှေး ကိုလေးကို ဂရုစိုက်ခေါ်သွားပေးနော် .."

"ဟော့ကောင် .. မှာမနေနဲ့၊ ကန်းနေတာနဲ့ပဲ လေးဘက်ထောက်သွားဖို့မလိုဘူး .."

"ကန်းတာအဆိုးဆုံးပေါ့ .. မျက်လုံးမမြင်ရမှတော့ လေးဘက်ထောက်သွားလည်း အနံ့ရလို့ ရှောင်နိုင်ရင် ခွေးချေးပုံပေါ့ .."

လုပ်ဟ ...၊

ဝါဆို ခေါင်းကြီးသွားသည်။

"ရှေ့ကနေ ငှက်ကြီးတောင်ဓားကြီးနဲ့ ပြေးခုတ်မယ့်လူဆို ဘာနဲ့ ကြည့်ပြီး ဘယ်လိုမြင်မှာလဲ .."

"ရှေးဦးပန်းချီ .."

မမြင်တဲ့လူက ရှေးရဲ့လက်ကို ဆတ်ခနဲ ဆွဲပစ်လိုက်တာ တည့်တည့်မတ်မတ်။ ဝါဆို အံ့ဩသွားပေမယ့် ကားထဲက ကမန်းကတန်း ပြန်ထွက်ရင်း ...

"ကျွန်တော်သွားပြီနော် .."

တားဆီးဖျန်ဖြေနေဖို့ အချိန်လည်းမရှိ။ တားလို့လည်း ရမှာမဟုတ်တာမို့ အရှိန်မကုန်သလောက် ဖြစ်ကြပေ့စေလို့ သဘောပိုက်ပြီး နောက်ထပ် တက္ကစီတစ်စီးထပ်တား၍ နောက်ကြောင်းပြန်လှည့်လာခဲ့သည်။

သူသိနေတဲ့အတိုင်း အကဲ ရဲ့ဒေါသကလည်း လစ်မစ်မရှိခဲ့ဘဲ ..။

"ခင်ဗျား လူကို ဘာထင်နေလဲ .. ရှေးဦးပန်းချီ .."

"ဘာမှမထင်ဘူး .. လွှတ် .."

ဖြေရှင်းရမယ့်အစား အံ့ဩနေတာကို အဖြေရှာနေရတာနှင့် ရှေး အသံလေးက ပျော့နေသည်။ မသိရင် သူ့ဒေါသကို ကြောက်သွားတာလိုလို ..။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကိုင်ထားသည့်ပိုက်ဆံအိတ်ကြီးက စတီးကွင်းလေးတွေကို ဆွဲချီချချီလုပ်နေမိသဖြင့် ထိုဆီကထိခတ်သံကြောင့် သူမရဲ့လက်ကို မှန်းကိုင်လိုက်တာ ဖြစ်၏။

ဒါကို တွေးမိသွားမှ ရှေး က လက်ကို ဆောင့်ရုန်းကာ ...

"မှန်တာပြောတော့ တည့်တည့်ထိသွားတယ် ဟုတ်လား၊ အခု မလိုအပ်တဲ့ စကားလေးတွေပြောပြီး ရှည်လျားနေရတာ အဲ့ဒီ နားကျပ်ကြောင့်လေ၊ ဝါဆို က အရေးကြီးသုတ်ပြေးလာပြောတယ်၊ ပြောလို့မရလို့ ကားထဲပြန်ဝင်လာရတယ်"

"အဲဒါ ဘာဖြစ်သွားနိုင်သလဲ .."

"ဟိုမှာ လွဲသွားနိုင်တာပေါ့၊ အန်ကယ်နွယ် ဆိုတဲ့လူတွေ ကိုယ့်နောက်လိုက်သလား၊ သူတို့လမ်း သူတို့သွားကြတာလား၊ ရေရေရာရာ သိရဖို့ မသေချာတော့ဘူး .."

"အဲဒါကို စိတ်ပူတာလား၊ ဆရာကြီးလုပ်ချင်တာလား၊ သူများပြဿနာကို ဒီလောက်ထိ စပ်စပ်စုစု လိုက်ပူမနေနဲ့၊ နောက်တစ်ခါကျုပ်ကိုယ်ပေါ်က တစ်ခုခုကို ကျုပ်ကို ခွင့်မတောင်းဘဲ ကိုယ်ထိလက်ရောက်လာကိုင်ကြည့် .."

"မင်း ကိုယ်ပေါ်မှာလည်း စိတ်ဝင်စားစရာ ဘာမှမရှိဘူး ..."

"ဘာ ..."

"ဟော့ .. ဟိုတစ်ယောက် ကားဆီပြန်သွားသလားလို့ ဘယ်ရောက်သွားလဲ စောင့်ရဦးမှာလား .."

ကားဆရာ ပြန်ရောက်လာသဖြင့် သူတို့စကားရေလုပွဲ တစ်ခန်းရပ်သွားခဲ့၏။

"သူ ပြန်မလိုက်တော့ဘူးဦးလေး .. မောင်းလို့ရပြီ .."

ပြောပြီးမှ ရှေး မျက်လုံးက အပြင်ကို ရောက်သွားခဲ့ကာ ...

"မမောင်းနဲ့ဦး ခဏလေး .."

ရှေး က ကားမှန်ချလိုက်ပြီး အနားက ဖြတ်လျှောက်သွားသည့်



မိန်းကလေးနှစ်ယောက်ကို သွားအဖြီးသားနှင့် မော့ရယ်ပြရင်း ...၊

"ဒီမှာ ညီမ .."

သူမဘက်က လျှောက်လာတာ အိတုန် ဖြစ်နေခဲ့လျက် ရှေး ကို ရုတ်တရက် မမှတ်မိ။

"တို့ဒလ .. လွန်ခဲ့တဲ့ နှစ်ပတ်သုံးပတ်လောက်က ညီမတို့ကို ကားတွန်းပေးခဲ့တာ .."

"သြော် .."

သတိရသွားသည့် သြော် သံကြီးက ရှည်လျားစွာ ဖြစ်နေခဲ့လျက်..

"အစ်မကိုး .. အစ်မက ဆံပင်တွေ ဖြောင့်ပြီး အရမ်းလန်းလာတော့ မမှတ်မိဘူး၊ ဘယ်လိုလဲ မောင်လေးနဲ့ ပြန်တွေ့ပြီလား .."

"မတွေ့သေးဘူး .. အဲ့ဒါ ညီမကိုမေးချင်လို့၊ ဟိုလေ မောင်လေး ဓာတ်ပုံညီမလေးကိုပေးခဲ့တာ .. မထူးခြားဘူးလားဟင်၊ ညီမက ဂျာနယ်မှာ ကြေညာပေးမယ်ဆိုတော့ .."

ဘေးမှာပါလာသည့် လင်း က မဲ့ရွဲ့သွားလျက် ..

"ကိုယ်လည်း ခွင်တွေ့လို့ အဆင်ပြေနေပြီပဲ၊ သူများ အားကိုးနေသေးတယ် .."

အိတုန် နဲ့ကွယ်၍ တီးတိုးရေရွတ်မိ၏။ ထိုညမှာတည်းက ရှေး ရဲ့ ဆတ်ဆတ်ကျဲမာနကိုသိထားသဖြင့် သိပ်ကျယ်ကျယ်တော့ မပြောရဲ။

နောက်တစ်ရက်ကျော်မှ အိတုန် နဲ့သူမ ထိုနေရာမှာပဲ ထပ်တွေ့ပြီး ဓာတ်ပုံပေးတာ ယူတာတွေ ဖြစ်ခဲ့သည်တဲ့။

"အဲ့ဒီခြံစည်းရိုးမှာပဲ စာတွေလာရေးနေတာ ထပ်မြင်ရတော့ ကိုလည်း သနားသွားတာနဲ့ ဓာတ်ပုံမပါဘူးလားမေးပြီး ကူညီမယ်လို့ပြောလိုက်တာ" တဲ့။

အိတုန် ပြန်ပြောပြလို့ ဒေါသထွက်ပြီး ဓာတ်ပုံကို သူမ ဆုတ်ဖြဲပစ်လိုက်တာ မီးသဂြိုဟ်စက်ထဲ ထည့်လိုက်တာထက်တောင် မြန်သေးသည်။

ရှေးရိုးမောင် ဆိုတဲ့ တောသားချွတ်လေး ဘဝဆုံးရှာပြီဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမ မသိသေးပါလား။

"သနားလိုက်ပါဘိ"လို့ စိတ်ထဲကပြောရင်း လက်လေးပိုက်၍ တစ်ဖက်လှည့်နေလိုက်မိသည်။

သို့သော် မျက်ဝန်းထောင့်မှာ လက်တစ်ဖက်နဲ့ ထိုလက်ကောက်ဝတ်က လက်ပတ်အနီရောင်ကို သတိထားမိသွားခဲ့၏။ ထို့ကြောင့် အမှတ်တမဲ့ လွှဲလိုက်မိသည့်မျက်ဝန်းတွေ ကားထဲက လက်ပိုင်ရှင်၏ မျက်နှာဆီ သေလုမျောပါးပြန်ရောက်သွားကာ ...

"ကိုကိုပါလား ..."

မှန်ချထားသည့်တံခါးနား ပြေးကပ်၍ သေချာကုန်းကြည့်လိုက်မိ၏။ ရွှေး ကလည်း သူမခေါ်လိုက်သည် 'ကိုကို'ဆိုတာကို သေချာကြားလိုက်ကာ ...၊

ဟင် !...

ခုမှ အကဲ ကို သတိရသွားမိသည်။ သူ့မှာ အတွေ့မခံနိုင်သူတွေကို ရှောင်ပုန်းနေရတာ ..။

ကိုယ့်ရဲ့မဆင်ခြင်မှုကြောင့် သိနေတဲ့လူနဲ့ ပက်ပင်းတိုးခဲ့ရပြီ။

သူမ ဘာမှဆက်မတွေးတော့ဘဲ မှန်တင်သည့်ခလုတ်ပေါ် လက်တင်၍ လင်း ရဲ့လက်ကို တွန်းချပစ်လိုက်ကာ ...

"အကြောင်းလာမရိုက်ပါနဲ့ ဦးလေး မောင်းတော့ .."

ကားက ဘီးလိမ့်ရုံပဲ ရှိသေးသည်။ လင်း က ကားမှန်တစ်ဝက် တက်နေတာကို ပြန်ဆွဲထားကာ ...၊

"ပြောခဲ့ .. အခု ဘယ်မှာနေကြတာလဲ .."

"ကောင်းတယ် .. အဲ့တိုင်းလိုက်ခဲ့လေ .. ပြောမယ် .."

ရွှေး က ရွှံ့ပြောကာ မှန်လည်းမတင်ဘဲ ထားလိုက်၏။ ကားက အရှိန်ရလာသည်နှင့် လင်း ခလုတ်တိုက်လဲပြိုကျကျန်ခဲ့လျှက် ...။

"တောက်"

"လင်း ရယ် .. ဘာမြင်လိုက်လို့လဲ၊ ဒီလောက်တောင် ကိုယ့်ကိုမှ



မခေါ်ချင်တာကို .."

အိတုန် က ပြေးတွဲပေးရင်း ကရုဏာဒေါသနှင့် ပြော၏။ လင်း က သူမကို ပြန်မဖြေမနေပေ။ လွယ်ထားသည့်အိတ်ထဲက ဖုန်းထုတ်ယူလိုက်ကာ –

"ဦးယက္ခလား ..."

"... ... ..."

"ဦးလူတွေ ဘယ်မှာလဲ .. ကိုကိုက ကျောက်မြောင်းဈေးနားမှာ"

"... ... ..."

"မသိဘူး ဈေးတောင်ဘက်အတိုင်းသွားတာပဲ၊ ဦးယက္ခ လူတွေ ဒီနားမှာဆို လိုက်ခိုင်းလေ .."

"... ... ..."

"ပြီးရော ပြီးရော .. လင်း ခုလိုက်သွားမယ် .. ဒါပဲ"

"လင်း .."

လင်း က ကားဆီ ခြေကုန်သုတ်ပြေးသဖြင့် ထော့နင်းထော့နင်းဖြစ်နေ၏။ အိတုန် က ပြေးတွဲလိုက်ရင်း ဝိုင်းကူရသည်။

"ဘာတွေဖြစ်နေကြတာလဲ လင်း .. ခုန မရွှေး လား၊ ဟိုဘက်က အဖော်လား၊ သူတို့က လူဆိုးသူခိုးတွေလားဟင်"

"မဟုတ်ပါဘူး၊ ပြီးမှ ရှင်းပြမယ်၊ မြန်မြန်တက် .."

လင်း က ကားမောင်းကျွမ်းသလောက် ကားပေါ်ရောက်တာနှင့် ကျွမ်းကျင်စွာ ဝိုက်တတ်၏။

ကားနှစ်စီး ဘယ်အကွာအဝေးလောက် ရှိကြသလဲဆိုတာ မသိ။ မှီမယ် မမှီဘူးဆိုတာလည်း မသေချာ။ သို့သော် ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

"ဒီမှာ ..."

သူ့ကိုမထိနဲ့ဆိုတော့ အသံအကျယ်ကြီးနဲ့ နားနားကပ်ခေါ်လိုက်မိသည်။ အကဲမျက်လုံးတွေ ပွင့်သွားပြီး နားကျပ်ကိုဖြုတ်၍ ..

"ဘာလဲ .."

နောက်မှာ ကောင်မလေးနှစ်ယောက်လိုက်လာတယ် .."

"လိုက်တာ ဘာဖြစ်လဲ .."

"ရှင့်ကိုမြင်သွားပြီးမှ သူတို့ကားပေါ်ပြေးတက်ပြီး မောင်းလိုက်လာတာ .."

အရေးထဲမှာ ကားက မီးပွိုင့်တွေချည်း မိနေသဖြင့် နောက်ကားက မီလာခဲ့ခြင်းဖြစ်သည်။

"ဘာလဲ .. ခင်ဗျားလှမ်းခေါ်လိုက်တဲ့ နှစ်ယောက်မို့လား .."

"ဟုတ်တယ် .. ငါလည်း အဲလိုဖြစ်မယ်မှန်းမသိလို့ပါ၊ မောင်လေးခတ်ပုံ သူ့ကိုပေးလိုက်တာ .. အကြောင်းထူးမထူး သိချင်တာနဲ့ .."

အကဲ က ဘာမှမပြောဘဲ နားကျပ်ပြန်တပ်ဖို့ပြင်၍ ...၊

"ကိုလေး ..."

ရှေး က နားကျပ်ကို ဆွဲယူထားလိုက်ကာ ..



"အဲဒီကောင်မလေးတစ်ယောက်က ဟိုဘက်ကနေ ကိုကိုလို့ခေါ်ပြီး မင်းကို ပြေးလာကြည့်တာ .."

လင်း ...

အကဲ တန်းသိလိုက်သည်။ ဒါပေမဲ့ သူ နားကျပ်မတပ်ခင် ရှေး ကို စကားပြန်ပြောတာ လင်း မှမဟုတ်ဘဲ ဒါဆို ဟိုဘက်က တစ်ယောက်က လင်း လား ..။

"အဲ့တစ်ယောက်ကို 'လင်း'လင်းနဲ့ စကားထဲထည့်ခေါ်နေတာတော့ ကြားတယ်၊ သူ့ကိုသိလားဟင်"

"သိတယ် .."

"ဟင် .."

ပြောရင်း နောက်ကို လှည့်ကြည့်လိုက်မိ၏။

"ဟုတ်တယ် .. ပါလာတာသေချာတယ် .."

နို့မို့ဆို သူတို့က နောက်ကျစွာလိုက်လာတာမို့ မီးနီဖို့မရှိပေ။ သူမတို့က တိုက်ခန်းပြန်ဖို့ ဂငယ်ကွေ့ပြန်ကွေ့လိုက်ရသဖြင့် ကိုယ်ယောင်ပြနေသလိုဖြစ်ခဲ့ရသည်။ ထို့ပြင် မီးပွိုင့်တွေက မိနှင့် ..။

"ဦးလေးရေ .. မြန်မြန်လေးမောင်းပေးပါရှင် .. ပိုက်ဆံပိုပေးပါ့မယ်"

"အေးပါ .. ဦးကလည်း ညည်းတို့စကားတွေကြားပြီး မြန်မြန်မောင်းဖို့ ကြိုးစားနေတာပါ၊ ဒါပေမဲ့ ကားတွေကြပ် မီးပွိုင့်တွေမိနေ့ ဘယ်လိုလုပ်ရမလဲ"

"ဒုက္ခပါပဲ .."

တကယ်တမ်း အကဲ တို့ရဲ့ ရှောင်ပြေးနေရသည့်ပြဿနာ အဓိပ္ပာယ်အမြစ်ကို ရှေး သေချာမသိပေ။ လိုက်နေသူတွေနဲ့ ဘယ်လို ဆက်စပ်ပတ်သက်တယ်ဆိုတာလည်းမသိ။

"ကိုလေးက ပတွေးနဲ့နေရတာ .. ပတွေးက အနိုင်ကျင့်လွန်းလို့

www.burmeseclassic.com

www.burmeseclassic.com



ကိုလေးကလည်း ဂျွတ်ဆတ်ဆတ်နဲ့လေ .. အဲဒါ ပြဿနာတွေတက်ပြီး ထွက်လာတာပဲ၊ ပထွေးက တပည့်တွေများတယ်၊ ကိုလေးကို လိုက်ရန်ရှာမှာတောင် စိုးရတယ်''တဲ့။

သူမ သိတာ ဒါပဲဖြစ်သည်။ ကိုလေး အိမ်မပြန်ချင်သောကြောင့် ပတ်ပြေးနေသည်။ ဟိုလူတွေက တွေ့သွားရင် ချုပ်နှောင်ခေါ်သွားကြမလား၊ မသေရုံတမယ် ထိုးနှက်ထားခဲ့မလား။

သူမသိနေတာ ဒီတိုင်း ...။

"ကိုလေး ပြောဦးလေ .. ငါတို့ အိမ်တန်းပြန်လို့တော့ မဖြစ်ဘူးထင်တယ်"

"ဘာဖြစ်နေတာလဲ ခင်ဗျားက .. ဘယ်သူလိုက်လိုက် တွေ့တော့ဘာဖြစ်လဲ၊ မဟုတ်တာ ဘာမှလုပ်မထားဘူး၊ ဂရုစိုက်စရာလည်း မလိုဘူး၊ ဦးလေး .. တာမွေအပိုင်းကနေ .."

"နေဦး ..."

ဘယ်ချိုး ညာချိုး မပြောရသေးခင် ရှေ့က သူ့လက်မောင်းကို ကိုင်လှုပ်လိုက်ပြီး ..

"ရှေ့ကအကွေ့ကျရင် သူတို့ကားနဲ့ မြင်ကွင်းမတန်းခင် တွေ့တဲ့ဆိုင်ထဲ မောင်းဝင်လိုက်ပါနော်"

"အေး .. အေး"

ကားဆရာကြီးကလည်း ပြောတဲ့အတိုင်း အမြန်မောင်းပေးရှာသည်။ သို့သော် ...

"ညည်းတို့ကို ချပေးလို့မရဘူး၊ ဦးလေး ကားပါရစ်မှ ဖြစ်မှာ .. ဒီနေရာမှာ ကားလုံးဝရပ်ခွင့်မရှိဘူးကွ .."

လမ်းဘေးမှ ရပ်စထရန့်လေးတစ်ခုမဲရှိသည်။ မှန်နက်တွေ ကာထားသဖြင့် ဆိုင်က သေးပေမယ့် အဆောင်ပြေနိုင်၏။ ဘာမှ စဉ်းစားမနေတော့ဘဲ ထိုရေ့မှာပဲ ကားကို ဝါကင်ဝင်ထိုးခိုင်းလိုက်ရကာ ...



"ဦးလေး ဘယ်လောက်ပေးရမလဲဟင် .."

"ခုနစ်ထောင်ပဲပေးပါ .."

"ဟင် နီးနီးလေးကို ခုနစ် .."

"အင် .."

"အို ဘယ်လိုလုပ်တာလဲ .."

"ဆင်း ...."

ပိုက်ဆံထုတ်နေတုန်း ကိုင်ထားသမျှကို သူ့ဟာသူဆွဲယူပြီး လှမ်းဆိုက်သည်။ ဝါဆို ပေးထားသည့်ပိုက်ဆံတွေ ငါးထောင်တန် အထပ်ဘယ်လောက်ပါသွားပြီမသိ။

"ဦးလေး ပါးစပ်တော့ပိတ်ထားပေး .."

"စိတ်ချ .."

နောက်ကားရောက်လာမှာစိုးကာ ကမန်းကတန်းထွက်ခဲ့ရသဖြင့် ဒီကိစ္စကို ကြာကြာ ပုံကြီးချဲ့ချိန်မရလိုက်။

ဟိုမှာရောက်လာကြပြီး လက်မတင်လေးပဲ ကြည့်စမ်း''

"ဒါဘာလဲ .."

"စားသောက်ဆိုင်ပဲ၊ ဒါပေမဲ့ .. အပြင်ကကြည့်တာ အထဲကို ဘာမှမမြင်ရဘူး"

"အထဲလိုက်လာရင် ဘယ်စားဖိုအောက ဝင်ပုန်းမှာမို့လို့လဲ .."

ဟုတ်သည်။ အထဲကို သူတို့ရောက်လာကြရင် ဘယ်လိုလုပ်မလဲ။

"အစ်မ .. ဘာသုံးဆောင်မလဲဗျ၊ စားပွဲအလွတ်တွေရှိပါတယ်၊ နောက်ကလူတွေလာဖို့ ရှိသေးတာလား၊ ဘယ်နှစ်ယောက်လဲ၊ စားပွဲခုံဆက်ပေးလို့ရပါတယ် .."

"အင်း .. စားမယ် အကောင်းဆုံးစားစရာတွေ ပြင်ပေးထားနော်"

"အစ်မ .. ဒင်နာလား .. အဆာပြေလား .."

"နေပါဦး .. လောလောဆယ် အိမ်သာတက်ချင်လို့တဲ့ အိမ်သာ

www.burmeseclassic.com



ဘယ်မှာလဲ ပြစမ်းပါ"

တွိုင်းလက်ကို ဘယ်လိုကြီး မေးချလိုက်တာလဲ။ ပြီးတော့ တိုးတိုးသက်သာလည်းမဟုတ်။ စားသောက်နေသည့်လူတွေ ဘာတွေဖြစ်ကုန်ပြီလဲ မသိ။

အကဲ ဆံပင်ဖွရင်း ရှုံ့မဲ့သွား၏။ သွားချင်နေတဲ့သူကလည်း သူဖြစ်နေရသေးသည်။ ဗိုက်နှိပ်ပြီး ခါးပဲ ကုန်းထားရတော့မလိုလို ..။

"လာ .. လာ .. မြန်မြန်"

"ရှေး .. ခင်ဗျား တော်တော်လွန်နေပြီနော် .."

"ဩော် .. လွန်တာကျူံတာတွေ တိုင်းမနေစမ်းပါနဲ့၊ မြန်မြန်လာပါဆိုမှ .."

"ဖယ်စမ်းပါ .. ကျွန်တော်မှ မဝင်ချင်တာ .. ခင်ဗျားမအောင့်နိုင်ရင်သွား .."

သူက လက်ကို ပြန်ရုန်းတိုင်း သူမက အတင်းပြန်ဆွဲထားကာ ဘယ်ကို ဆွဲခေါ်နေမှန်းမသိ။

"ဘယ်သူက အိမ်သာထဲဝင်ပါ့မယ် ပြောနေလို့လဲ၊ လာ ဒီပေါ်တက် .. ဒီမှာ ခြေထောက်တင် လှမ်းတင်လိုက်၊ အင်း .. ရပြီ၊ မြန်မြန်တက်ပါ .. ဒီမှာ သူများတက်ရဦးမှာ .."

ပြလိုက်သည့် တွိုင်းလက်နဲ့ဆန့်ကျင်ဘက် မီးဖိုဆောင်ဘက်ကို ကွေ့ပတ်၍ ..၊



အခန်း (၁၃)

"ဘယ်ရောက်သွားကြလဲ .."

"တွိုင်းလက်ဝင်သွားပါတယ်ဆိုမှ .. ဒီမှာလည်း စားစရာတွေမှာထားတဲ့ဥစ္စာ .. ဘူနွေ့မပျက်ပါနဲ့ဟာ ထွက်လာမှာပေါ့ .."

အိတုန်က အကဲ တို့မှာထားသည်ဆိုသော စားပွဲနဲ့ကပ်လျက်မှာ ခုံဆွဲ၍ ထိုင်ချလိုက်ပြီး ...

"ထိုင်လေ လင်း .."

"နင်ထင်သလို မဟုတ်ဘဲ ထွက်ပြေးသွားကြရင် ဘယ်လိုလုပ်မလဲ၊ ဦးယက္ခကြီး က ငါ့ကို မျက်ခြေမပျက်လိုက်ထားလို့ ပြောထားတာ .. အဲဒါ ဖေဖေသိရင် ငါ့ကို ဒီလောက်ညံ့ရလားလို့ဆူမှာ .."

"နောက်မှာ အုတ်တံတိုင်းကြီးနဲ့ ဟိုဘက်မှာလည်း ဘာအဆောက်အဦလဲမသိဘူး၊ ပြေးဖို့လမ်းမှမရှိတာ .. ငါတို့ မျက်ခြေပြတ်ကျန်ခဲ့ပြီထင်ပြီး အေးဆေးဝင်နားကြတာ အသိသာကြီး .. ကဲပါ .. ထိုင်စမ်းပါ"

လင်း ရဲ့လက်ကို ဆွဲချပြီး စားသောက်စရာတွေတောင် မှာလိုက်သေးသည်။ လင်း ကတော့ ခံစားမိနေခဲ့၏။ အိတုန် ပြောသလို ဖြစ်နိုင်ပါ့မလား ..။

သူမ ငုတ်တုတ်ထိုင်ချရင်း တွေးနေတုန်းမှာ ရှေးနို့ အကဲ က

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်နောက်က အလုပ်သမားတချို့အကူအညီနှင့် နောက်တံခါးကနေ ထွက်သွားကြပြီဖြစ်သည်။

သို့သော် ဆိုင်ထဲက ချောမောစွာ ထွက်လာနိုင်ပေမယ့် နောက်ကာ လျက်က ဒွာနဆိုင်ရာအဆောက်အဦခြံစည်းရိုး သွပ်ဆူးတွေကို ခက်ခဲစွာ ကျော်ဖြတ်ခဲ့ရသည်။

"အား .. ကျွတ် .. ကျွတ်"

"သေပေါ့ခင်ဗျား .."

နားထင်စပ်မှ သွပ်ဆူးနဲ့ထိထားသည်။ လက်မောင်းမှာတစ်ချက်၊ ခြေထောက်တွေမှာဆိုတာ ဘယ်နှစ်ရာမှန်းတောင်မသိ။ အကဲ ဒေါသ တွေ ဖွတ်ထွက်နေတာ ..၊

"သူတို့က ဘာတွေထင်လို့ ဒီလောက်တောင်ပြေးနေရတာလဲ အဲဒါ .. လောဘဇောတိုက်နေကြတဲ့အရူးတွေ .. မြေတိုက်ထဲက ခုန်ထွက် လာကြတဲ့ ကျိန်စာသင့်အရုပ်တွေ .. ကျုပ်က ဘာမို့လို့ ခွေးတိုးပေါက် ကကုန်းကွပြေးခဲ့ရတာလဲ၊ ခင်ဗျားကြောင့် တောက် .."

ရွှေး ဒေါသနဲ့ ရန်ပြန်မတွေ့အားပေ။ သူမတစ်ကိုယ်လုံး ဆူးခြစ်ရာ တွေမွထနေတာ။ နဖူးထောင့်မှာ သွေးတွေထွက်နေတာ သုတ်လို့မနိုင် တော့ပေ ..။

တကယ်ဆို သူမ ဒီလောက် ထိဖို့မရှိပေ။ မမြင်ရတဲ့သူကို ထိမှာ စိုးရိမ်ပြီး သူ့ကိုပဲ လွတ်အောင် ဂရုစိုက်လုပ်ပေးနေရသဖြင့် ကိုယ့်ကိုယ် ကိုယ် ထိရှနေတာတွေကို နာရကျင်ရမှန်းမသိခဲ့တာ ဖြစ်သည်။

ဒါတွေက ကြာလာလေ နာမှန်းသိလာလေ ..။

"ကားပေါ်တက် .."

"လုပ်မနေနဲ့ ဒီတိုင်းသွားမယ် .. မြင်ချင်တဲ့လူမြင်ပေ့စေ"

"ကိုလေး .. ငါ့ကို နင် မရွဲ့ပါနဲ့"

သူ့ကို ကားပေါ်ပါလာအောင် သူမပဲ အတင်းဆွဲတင်ရပြန်ကာ..



"မင်း ကြောက်ကြောက် မကြောက်ကြောက် သူတို့လက်ထဲ ပြန် မရောက်ချင်လို့ ရှောင်ပြေးနေကြတာ မဟုတ်ဘူးလား၊ မင်း ပထွေးက မင်းကို အလွတ်မပေးနိုင်ဘူးဖြစ်နေတာလည်း သတ်ပစ်ဖို့ထိ အငြိုးကြီး နေတာဖြစ်နိုင်တယ်လို့ ဝါဆို ငါ့ကိုပြောတယ်၊ အဲဒါကြောင့် ငါ့ကိုယ် ငါ အနာခံပြီး မင်းကိုစောင့်ရှောက်ခဲ့တာ .."

"ဘာဗျ ..."

"မင်းလိုပဲ ငါလည်း ဒဏ်ရာရတာပဲ .."

"ပြောလေ .. ကျွန်တော်မှ မမြင်ရတာ .. ဘာဖြစ်ဖြစ်ပြော ကျုပ်က အကန်း .."

"မင်း .. ငါ့ကို အဲလိုမပြောနဲ့ .."

"နောက်ကို လောကွတ်မချော်နဲ့ ဒေါ်ရွှေးရိုးပန်းချီ၊ သူများ မိသားစု အတွင်းရေး ခင်ဗျား ဘာမှမသိဘူး၊ ကျုပ်ကို ကာကွယ်ပေးနိုင်တယ် ဆိုတဲ့ ဂုဏ်ထူးလည်း ခင်ဗျားကို ဘယ်သူမှပေးမှာ မဟုတ်ဘူး၊ ပေးဖို့လည်း မလိုဘူး၊ ဘာဖြစ်လို့လဲဆိုတော့ .. ဒီလောကမှာ အသက်လုပြေးရှောင်ရ လောက်အောင် ကျုပ်ကြောက်တဲ့သူ ဘယ်သူမှမရှိသေးလို့ .."

ရွှေး မျက်ရည်တွေ တစိမ့်စိမ့်ကျလာတာ သူ့စကားတွေကြောင့် လား၊ ဒဏ်ရာတွေက နာကျင်နေလို့လား မသိတော့ပါ။ သို့သော် မငိုဘဲ တစိမ့်စိမ့်ကျသည့်မျက်ရည်တို့က ပြန်ရောက်သွားတဲ့အထိ မရပ်တန့်နိုင်

"ဟာ .. ဘာ ဘာတွေဖြစ်လာကြတာတုန်း .."

စိတ်ပူနေသဖြင့် ထိုင်မရ ထမရ ဖြစ်နေသော ဝါဆို က ရွှေ့ကထွက် စောင့်နေကာ ပြေးတွဲပြီးမှ သူတို့အခြေအနေကို သတိရကာ ...၊

"ဆရာဝန်ခေါ်မှထင်တယ် .."

"ဆူးခြစ်ရာလောက်နဲ့ သေမသွားဘူး ဟော့ကောင် အပိုတွေ မလုပ်နဲ့"

"မဟုတ်ဘူးလေ .. မရွှေး က .."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သူ့ကြောင့်ပဲ .."

"ခေါ်သွားလိုက် ဝါဆို .. ဒီရှေ့ကဆိုင်မှာ ဆေးထည့်ဖို့ သွားဝယ်လိုက်ဦးမယ်"

"ဟာ .. မရှေး မသွားနဲ့လေ .. သွေးသံတရဲရဲနဲ့ .."

ခုတောင် လူတွေလှမ်းကြည့်ကုန်ပါပြီ။ ဝါဆို ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ရင်း မီးရောင်တွေထဲက လွတ်ရာကို တွဲခေါ်ခဲ့ရ၏။

"ဘာဖြစ်တာလဲ .. ကျွန်တော်က မတွေ့ခဲ့ဘဲ မရှေး တို့နဲ့ သွားတွေ့တာလား .."

"ဟုတ်ပါတယ် .. ငါ့ကြောင့်ပါ .."

ပြောလိုက်ရင်း ရှေး အသံ ငိုသံပါသွားတာကို ဝါဆို သိလိုက်သည်။ သို့သော် ဘာမှမမေးအားသေးဘဲ ဆေးဆိုင်ကို သူပဲပြေးဝယ်ရကာ အပေါ်ရောက်တော့မှ ...၊

"မရှေး ရော .."

"ဟား .. ဘာဖြစ်လို့ တရှေးတည်း ရှေးနေတာလဲကွ၊ သူ့ကို လိုက်ကြည့်နေရအောင် ငါက အကန်း .."

"မဟုတ်ပါဘူး ကိုလေးရာ .. မရှေး နဖူးမှာ သွေးတွေစီးကျနေတာ နည်းတာမဟုတ်ဘူး .."

အကဲ အသံတိတ်သွားသည်။

"လက်တွေမှာရော ပွထနေတာပဲ၊ အင်္ကျီတွေလည်း စုတ်ပြဲနေတာ မြင်မကောင်းဘူး"

ဒါ ဘယ်လိုဖြစ်နိုင်မှာလဲ ..။

ကိုယ်လို ကန်းနေတာလည်း မဟုတ်ဘဲ ကိုယ့်အန္တရာယ်ကို ကိုယ် မရှောင်နိုင်ဘူးလား ..။

ဝါဆို က အကဲ နဖူးကို ဆေးထည့်ပလပ်စတာကပ်ပေးရင်း ရှေး ကို ဟိုဒီလှမ်းရှာရင်း ..၊



"ကိုလေး လက်မောင်းက ဒဏ်ရာ ခဏလေးနော်၊ မရှေး နဖူးက သွေးတွေ တအားထွက်နေလို့ အခြေအနေလေး ပြေးကြည့်လိုက်ချင်လို့"

ဝါဆို ထွက်သွားတော့ အကဲ မှာ တွေးစရာတွေ ဖြစ်ကျန်ခဲ့၏။ ဝါဆို ဒီလောက်ဖြစ်နေတာ ရှေး ရဲ့ဒဏ်ရာ တော်တော်ကြီးသွားလို့ပဲထင်သည်။

ဒါဆို သူ ပြောတာတွေ လွန်သွားပြီလား ..။

"ခဏလေး နေဦး ခေါင်းထပ်ငုံ့ဦး .. အား .."

"ကျွတ် .. ကျွတ် ခြေထောက် ခြေထောက်ကို ဆန့်ထုတ်လိုက်ပြီ .. အ .."

"ခါးနည်းနည်း ညွတ်လိုက်ပါဦး .. နည်းနည်းဆိုရပြီ .."

"ထိကုန်သေးလားဟင် .. ဒီမှာတော့ အင်္ကျီနည်းနည်းစုတ်သွားတယ်၊ ဘယ်မှာရှိသေးလဲ၊ မရှိတော့ဘူးမလား .."

သူမရဲ့အသံတွေကို ပြန်တွေးမိလာခဲ့၏။ သူ့ကိုဆွဲထုတ်ဖိကိုင်တာတွေ လုပ်ပေးနေရင်း သူမရဲ့ 'အား'ခနဲ ညည်းညူသံတွေ ပါလာတတ်တာ ခုမှ ထည့်စဉ်းစားမိသည်။

ကိုယ့်ကို ဂရုစိုက်နေရင်း သူမ ကိုယ့်ကိုယ်ကိုယ် သတိလွတ်သွားတာတွေလား။

ဖြစ်နိုင်ခြေတွေ တရေးရေး ပေါ်လာခဲ့သည်။

ထိုစဉ် ဝါဆိုနဲ့ သူမ အသံတွေကို ကြားလိုက်ရ၏။

"မလုပ်ပါနဲ့ မရှေး ရာ .. ကိုလေးက မရှေး ကို ပြောချင်လို့ အနိုင်ပိုင်းပြောနေတာ မဟုတ်ပါဘူး၊ သူ့စိတ်ကိုက ဘယ်တုန်းကမှ တစ်ဖက်သားကို ဂရုမစိုက်ခဲ့တာ .. အဲဒါကို မရှေး က ပြေးဖို့ဆွဲခေါ်နေပြီး ထိမိခိုက်မိတော့ ဒေါသထွက်တုန်း ပြောတဲ့စကားတွေပါ .."

"ဟုတ်ပါတယ် .. အဲဒီပြဿနာတက်ရတာလည်း ငါ့ကြောင့်ပါ၊ သူတို့ကို ငါ သွားစကားပြောမိလို့ ဖြစ်ရတာ .. ဖယ်ပါ ဝါဆို ရယ် .. ငါ စိတ်ဆိုးလို့ မဟုတ်ပါဘူး၊ နေ့စဉ်ရန်ဖြစ်နေရတာကို ရှောင်ချင်လို့

www.burmeseclassic.com

www.burmeseclassic.com



ပါ"

"မရှောင်ပါနဲ့ဗျာ .. မရွေး ရော .. ကျွန်တော်တို့ရော .. ဒီလောက် အဆင်ပြေနေတာကို မရွေး ထွက်မသွားပါနဲ့၊ တကယ်လို့ သွားမယ်ဆို ရင်တော့ ကိုလေး မျက်လုံးခွဲစိတ်ရတော့မှာကို သတိရပါဦး၊ ကျွန်တော် တစ်ခု သာက်တည်း လူမမာကို မစောင့်ရှောက်တတ်ဘူး၊ တခြား လူစိမ်း တွေနဲ့ ဆိုရင်လည်း မဖြစ်ဘူးလေ၊ မရွေး သိပါတယ် .."

သူမရဲ့ရှိုက်သံတွေက ဝမ်းပမ်းတနည်း လှိုက်ခါနေလျက် ..။

"မဖြစ်လို့ပါ၊ ငါ သူနဲ့ စကားမများဘူး၊ ရန်မဖြစ်ဘူးလို့ ဆုံးဖြတ် ခဲ့တယ်၊ ဒါပေမဲ့ .. ငါ့စိတ်ကို ငါမနိုင်ဘူး၊ နောက်ထပ်လည်း ခုလို အမှားတွေ ထပ်လုပ်မိဦးမှာပဲ၊ နင်တို့ပေးထားတဲ့လစာထဲက တစ်ဝက် တော့ ငါယူခဲ့တယ်၊ ငါ ဝယ်ခြမ်းထားတဲ့ ကုန်ကျစရိတ်တွေ ဒီ ကုန်ပြန် ထားခဲ့ပါတယ်။

"မရွေး ..."

ရွေး သူ့ရှေ့ရောက်လာပြီကို သိသည်။ ဝါဆို က ရှေ့ကပိတ်ထား တာလား၊ လက်ဆွဲထားတာလား ..။ ဒီနားမှာပဲ နှစ်ယောက်စလုံး ရှိနေ ကြ၏။

"ကိုလေး .. မရွေး ကထွက်သွားတော့မလို့တဲ့၊ တားပါဦးဗျာ၊ ခေါင်းမှာလည်းဒဏ်ရာကြီးက ကွဲထားတာ နည်းတာမဟုတ်ဘူး၊ လက် မောင်းလက်ဖျံတွေမှာလည်း ခြစ်ရာတွေ ပွထလို့၊ ကျောတွေ ဆံပင်တွေ ထဲမှာပါ ရှိနေတာ .."

"သူသွားမယ်ဆိုတာ .. ငါက ဘာလုပ်ရမှာလဲ၊ ငါကိုယ်တိုင် ဒူး ထောက်တောင်းပန်စေချင်နေတာလား .."

"မလိုပါဘူး၊ မင်း .. အဲဒီလို ဘယ်တော့မှလုပ်မှာမဟုတ်ဘူးဆိုတာ သိရက်နဲ့ ငါက ဟန်ရေးပြနေတယ်ထင်လို့လား"

ရွေး က အိတ်လေးဆွဲပြီး ဆက်ထွက်သွားသည်။



"မရွေး .. ခဏ .."

ဝါဆို က အတင်းလိုက်ခေါ်ပြန်ကာ ...

"ကိုလေးက မတောင်းပန်ပေမယ့် .. သူ မရွေး ကို မသွားစေချင် ဘူး၊ အဲဒါကို ယုံပါဗျာ .."

"ဝါဆို .. ငါက သူ့ဆန္ဒကို သိချင်လို့ အမူအရာတွေလုပ်ပြနေတာ မဟုတ်ဘူး၊ စော်ကားခံရသမျှမှာ စေတနာကို စော်ကားခံရတာ ရိုက် သတ်တာထက်နာတယ် မင်းသိရဲ့လား၊ ငါ .. ငါ သူ့ကို အန္တရာယ် ဖြစ်မှာစိုးတဲ့စိတ်တစ်ခုတည်းနဲ့ပါ .."

သူမ ရှိုက်သံတွေကို ထပ်ကြားရတော့ အကဲ စိတ်တွေတိုလာ သည်။ ဘာဖြစ်လို့ ပြေးနေရတာလဲ။ ကိုယ့်မှာရော သူမမှာပါ ဒဏ်ရာ ဒဏ်ချက်တွေ ဖြစ်ရလောက်အောင် ဘာကြောင့် ကြောက်လန့်တွက်ပြေး ရတာလဲ ..။

"တောက် .."

သူ့တက်ခေါက်သံကြောင့် ဝါဆို လှည့်ကြည့်သည်။ ရွေး က နှုတ် ခမ်းလေးကိုက်လိုက်ပြီး လွတ်ကျသွားသည့်အိတ်ကို ပြန်ကောက်ရင်း ..

"ငါ့ကြောင့် သူ တစ်ခုခုဖြစ်သွားမှာ ကြောက်ခဲ့တာလည်း တကယ် ပဲ၊ ဒါပေမဲ့ .. ငါ ဟီးရိုးလုပ်ချင်တာမဟုတ်ဘူး၊ သူများကို ပြောဖို့ဆို နည်းနည်းလေးမှ မစာနာဘူး၊ သူနဲ့ငါ ဘယ်တော့မှ အဆင်ပြေလာမှာ လည်း မဟုတ်ဘူး၊ ငါ့ရှေ့က ဖယ်ပေးပါ .."

"ဝါဆို .."

"ဗျာ .. ကိုလေး .."

"သူ့ဟာသူ သွားချင်သွားပေ့စေ ဒီနေ့ .. ငါ အိမ်ပြန်မယ် .."

"ဗျာ .. ဘယ်လို ကိုလေး .."

"ငါက ဘယ်လောက်ထိ ပြေးနေရမှာလဲ၊ မင်းကလေးမှ ငါ ပြန်လို့ ရမယ်ဆိုရင် မလိုဘူး၊ ငါ့မှာ ပါးစပ်ပါတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ ကိုလေးရာ .. ကိုလေး မျက်လုံးမမြင်တာ သူတို့သိသွားရင် ကြီးကြီးငယ်လည်း ဘာမှတတ်နိုင်မှာမဟုတ်တော့ဘူး၊ ကိုလေးကို သူတို့ သတ်ပစ်ကြမှာ .."

ဝါဆို က တံခါးကိုပိတ်ပြီး ကျောကပ်ထားလိုက်၏။

"မရှေး ကို ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့အခြေအနေ အမှန်အတိုင်း ပြောပြမယ်ဗျာ .. နည်းနည်းလေးတော့ လွဲပြောခဲ့မိတာကို ခွင့်လွှတ်ပါ၊ ကျွန်တော်တို့ လုံခြုံရေးအတွက် နားလည်ပေးပါ .."

ဝါဆို က အကဲ ရဲ့ ခွင့်ပြုချက်ကို မတောင်းတော့ဘဲ ဦးရာဇနွယ်တို့စိတ်ဓာတ်တွေကို သေချာပြောပြလိုက်သည်။ ပြီးတော့ ကတ္တီပါစံအိမ်ရဲ့အယူသည်းမှု၊ ကြီးကျယ်ခမ်းနားမှုတွေပါ ပြောပြရင်း ..၊

"အခု .. ကိုလေးကိုတောင် ပြောမပြရသေးတဲ့အကြောင်းတွေ ရှိသေးတယ်"

သူ့ဘက်ရောက်လာတော့ အကဲ မျက်နှာ မသိမသာစောင်းငဲ့လာ၏။

"ဘွားဘွားရောက်လာပြီး ကိုလေးကို တွေ့အောင်ရှာဖို့ ပြောသွားတယ်တဲ့၊ ကြီးကြီးငယ်ကို တာဝန်ပေးတာမဟုတ်ဘူး၊ အန်ကယ်နွယ့်ကိုလည်း မဟုတ်ဘူး၊ သူ့ဘာသာရှာဖို့ စီစဉ်မှာ .. အရေးကြီးတာက ဘွားဘွားနဲ့အန်ကယ်လ်နွယ် တို့ စိတ်သဘောကွဲသွားတဲ့ ကိစ္စပဲ .."

ဦးရာဇနွယ် က ကိုယ့်ကြံစည်ချက်နဲ့ကိုယ် ဘွားအေကို လှမ်းခေါ်သည်။ ရောက်လာတော့ အမေကိုယ်တိုင်ဖြစ်နေကာ အစတည်းက ခေါ်စိန်ပုလဲ က ပို၍စိတ်ဓာတ်မာကြောခဲ့ရာ အခြေအနေတွေတစ်မျိုးဖြစ်သွားခဲ့သည်။

ဦးရာဇနွယ် သူထင်သလိုဖြစ်မလာဘဲ အကဲ ကို အုပ်ထိန်းခွင့် လုံးဝမရတော့တာ သေချာသွားခဲ့သဖြင့် ကြီးကြီးမားမားတွေ ကြံစည်နေပြီဖြစ်ကြောင်း ခေါ်မြရင်ငယ်က သိနေ၏။

"ကြီးကြီးငယ်က အဲဒါကို ရိပ်မိနေရုံမကဘူး၊ အန်ကယ်နွယ်



တခြားလူတွေကို အမိန့်ပေးလိုက်တာပါ သေချာကြားခဲ့ရတာ .."

ဝါဆို က အကဲ ကို လှမ်းကြည့်သေးသည်။ ပြီးမှ ..

"ကိုလေးကို ဘွားဘွားတို့ထက် အရင်တွေ့အောင် ရှာပြီး အပြတ်ရှင်းပစ်ရမယ်တဲ့ .."

အကဲ မျက်နှာ တင်းခနဲဖြစ်သွားသည်။ တကယ်တမ်း မေမေ သူ့အတွက်စိုးရိမ်တာက ကတ္တီပါစံအိမ်မှာဆက်နေပြီး စံအိမ်တော်ရဲ့ ကတိကျိန်စာများအတိုင်း အစဉ်အဆက် ပေးဆပ်သွားရမှာတွေကို ဖြစ်သည်။

ထို့ကြောင့် သူ့ကို စံအိမ်မှာမနေဖြစ်စေရန် အကြောင်းကြောင်းနဲ့ တိုက်ဆိုင်အောင် စီစဉ်ပြီး အပြင်ထုတ်ပေးခဲ့တာဖြစ်သည်။

"သားကတော့ လက်ခံချင်မှခံမယ်၊ ဒါပေမဲ့ .. ကတိတွေ ကျိန်စာတွေဆိုတာ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ကြရတာမျိုး၊ သား .. ဒီမှာနေပြီး သူတို့ကို ဆန့်ကျင်နေရင် ဒီကျိန်စာတွေက လွတ်မြောက်မှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မေမေက ကတိပြုထားခဲ့ရတာလေး၊ ဒါကြောင့် .. သားဒီကထွက်သွားမှဖြစ်မယ်"

ခေါ်မြရင်ငယ် ကလည်း ခေတ်မျိုးရိုးမဟုတ်ပေ။ ဘိုးဘွားစဉ်ဆက် ချမ်းသာကြွယ်ဝသည့်မျိုးရိုးပဲ ဖြစ်သည်။ ထို့ကြောင့် ကတ္တီပါစံအိမ်ကြီးကနေ ရရှိပိုင်ဆိုင်ရမည့်အမွေအနှစ်ကို မရလည်း ရှိတာနဲ့ပဲ ကျေနပ်နိုင်သည့် ရောင့်ရဲမှုရှိခဲ့တာဖြစ်၏။

"သားလေး .. ကတ္တီပါစံအိမ်က ဘုရင်ငယ်လေးမဖြစ်ရလည်း 'ရွှေခံရိုဦမ်'က သခင်လေးတော့ ဖြစ်လို့ရပါသေးတယ်၊ မေမေတို့ သူတို့လောက် မချမ်းသာပေမယ့် မနိမ့်ပါးပါဘူး၊ ဒီက စည်းစိမ်ဥစ္စာတွေကို မမက်ပါနဲ့ သား၊ အပြင်လောကမှာ လူတွေအကြောင်းသိအောင် ကြိုးစား သတ္တိရှိပါစေ မမိုက်ပါနဲ့၊ ရောင့်ရဲနိုင်တာကောင်းပေမယ့် ကိုယ့်ဘဝကို မြင့်သထက်မြင့်အောင်သာ ကြိုးစားရတယ်တာ နိမ့်ကျမယ့်အလုပ် မလုပ်ရဘူး"

စသဖြင့်သော ဆုံးမစကားတွေနဲ့ သူ့ကို လွှတ်လိုက်တာ စံအိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာဖို့မဟုတ်ပေ။ ဒီအကြောင်းအရာတွေထဲမှာ အားလုံးက မေမေ့ဆုံးဖြတ်ချက်၊ မေမေ့ဆန္ဒတွေသာ ဖြစ် ည်။

ခုလို လုယက်သတ်ဖြတ်ဖို့ထိ ဖြစ်လာနိုင်တာတွေ မပါပေ ..။

"မင်းကို ဒါတွေ ဘယ်သူပြောတာလဲ ဝါဆို .."

"ဒါလေးနှင်း ပြောလိုက်တာ ကိုလေး .. အားလုံးက ကြီးကြီးငယ့် ပြောခိုင်းတာတွေပါ၊ ကိုလေးကို ရှမ်းပြည်က ဘိုးဘွားတွေဆီ တစ်ခါတည်း သွားလိုက်စေချင်တာ .."

"မေမေမပါဘဲ .. ငါ .. ဘယ်မှမသွားဘူး .."

"သူတို့က ကြီးကြီးငယ် ကိုတော့ လူမမာမို့ ဘာအန္တရာယ်မှ ပေးမှာမဟုတ်ဘူး"

"ငါ့ကိုကလည်း ဂရုမစိုက်ဘူး၊ အခု .. င မမြင်မစမ်းဘဝနဲ့မို့လို့ ဒီလိုနေတာ .. ငါ့မျက်စိပြန်မြင်ရတဲ့နေ့ ကတ္တီပါစံအိမ်ကို ပြန်မယ် .."

တောင်းပန်မှု ပြောင်းဆန်သွားသဖြင့် ဝါဆို အငေးသားကြည့်နေလေသည်။ ရှေး လည်း ကိုယ့်ပြဿနာကို မေ့ကာ အကဲ အတွက်သာ တွေးမိလာခဲ့ပြီး ..။

"ကျိန်စာဆိုတာ ဘာတွေလဲဟင်"

အကဲ ကို လှမ်းကြည့်ပေမယ့် ပြောမယ့်ပုံမမြင်သောကြောင့် ဝါဆိုကပဲ ရှင်းပြလိုက်ကာ ..၊

"ကျွန်တော်လည်း သိပ်တော့မသိဘူး၊ ဒါပေမဲ့ .. အစ်ကိုကြီးရဲ့ဇနီးကို အဲဒီ အစ်ကိုကြီးအရွယ်မတိုင်ခင် သေဆုံးသွားရင် ညီဖြစ်တဲ့သူက ဆက်လက်စောင့်ရှောက်ကြရတဲ့ ထုံးစံရှိခဲ့တာ .."

"ဟင် ..."

"အဲဒီ အစဉ်အလာကြောင့် အန်ကယ်နွယ် က ကိုလေးရဲ့ဦးလေး ပေမယ့် အဖေ ဖြစ်လာတာပေါ့ .."

"ဟိတ်ကောင် တော်တော့ .. ဘာလဲ မင်း ဒါတွေ ပြောပြပြီး သူ



သွားအောင် သနားခံနေတာလား .."

"မာနတွေ သိပ်ပြမနေနဲ့ ကိုလေး .. အဲဒါတွေက ဘာမှမသိခဲ့လို့ မြင်ဆင်ခဲ့တာ၊ သူများ .. ဒီလို အခက်အခဲရှိနေတာသိရက်နဲ့ ငါ ထွက်သွားဘူး .."

အကဲ က မျက်နှာကြီး ဆူပုတ်ပုတ်နှင့် တစ်ဖက်လှည့်ပစ်သည်။ ဝါဆို ကတော့ အတိုင်းမသိ ဝမ်းသာသွားကာ ..။

"မရှေး .. ခုလို နားလည်ပေးမယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခုတောင်မှ ကိုလေးကို မရှေး က ရဲဘော်ရဲဘက်စိတ်နဲ့ ကာကွယ်ပေးခဲ့တာပဲ .."

"ဝါဆို .."

"ဗျာ .. မပြောတော့ဘူး ကိုလေး ပြီးပြီ .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

"ဒုန်း .."

"ရေချိုးခန်းထဲက ဝါဆို လား .."

"မဟုတ်ဘူး .. ဘာလုပ်မလို့လဲ၊ ရေချိုးမလို့လား .."

"ဟုတ်တယ် .. မြန်မြန်လုပ်"

သူ လှည့်ထွက်မယ်ကြံကာမှ တံခါးက ချောက်ခနဲ ပွင့်သွားကာ...

"ချိုးလေ ငါက အဝတ်လျှော်တာပါ၊ ရတယ် ပြီးမှ အဝတ်လျှော်မယ်၊ လာ .. ချိုး .."

တကယ်က ရေချိုးမလို့ ဝင်ခဲ့တာဖြစ်သည်။ အဝတ်တစ်ဇလုံ အရင်လျှော်မယ်ဆိုပြီး မချိုးဖြစ်သေးတာမို့ တဘက်စောင်လေး ပြန်ဆွဲခြုံလိုက်သည်။

သူပြီးမှ ပြန်ဝင်ဖို့ စိတ်ကူးနှင့် အပြင်ထွက်ပေးလိုက်ချင်သည့် စေတနာသည် ...

"အမေ့ .. အား .."

"ဘိုင်း ...."

"ရှေး .."

ဘိုင်းခနဲလဲသံကြီးကြောင့် အကဲ စိုးရိမ်သွားမိသည်။

"ရှေး .. ဘာဖြစ်တာလဲ .."

"အား .. သေပါပြီ .. ချော်လဲတာ .."



ထွက်သွားပေးမယ်ဆိုပြီး အဝတ်တွေရွှေ့ဖယ်၍ လက်တွေခါလိုက်မိသည်။ လျှော်ဖွတ်ထားသည့် ဆပ်ပြာရည်တွေ မစင်သေးတာကိုလည်း သတိမထားမိလိုက် ...။

"ခင်ဗျား ဘယ်မှာလဲ .."

"ဝင်မလာခဲ့နဲ့၊ ကြမ်းပေါ်မှာ ဆပ်ပြာတွေရှိသေးတယ်၊ အား .. ကျွတ် .. ကျွတ် .."

သူခြေလှမ်းတုံ့သွားကာ ...

"ခင်ဗျား အခု လဲနေတာမို့လား၊ ထလို့ရလား .."

"ရ .. အား .."

"ဒုတ် ..."

"မရဘူး ..."

ပြန်လဲကျပြီး ဘာတွေထပ်ဆောင့်မိကုန်ပြီ မသိ ...။

အကဲ ဝင်သွားသည်နှင့် ကြမ်းပေါ်မှာ ချော်နေတာကို သတိထားမိလိုက်သည်။ ရှေး ဝေဒနာခံစားနေရှာရင်း အကဲ ဝင်လာတာမြင်ကာ ကွာကျနေသည့် တဘက်ကို လစ်ဟာနေသည့် ပခုံးမှာ ပတ်ခြုံလိုက်၏။

သူမ ထမီရင်လျားနဲ့ရှိနေတာ အကဲ မသိပါစေနဲ့ ...၊

ဆုတောင်းရင်း ဖင်ဒရွတ်တိုက်၍ ငုတ်တုတ်ထိုင်လိုက်သည်။ ခြေကျင်းဝတ်က အဆမတန်နာကျင်နေတာ ဘာဖြစ်သွားသည်မသိ ...။

"ရှေး ..."

"ငါ .. ဒီမှာ .."

အကဲ က နံရံကိုလက်တစ်ဖက်နဲ့ကိုင်ထားပြီး ရှေ့တိုးလာသည်။ အိမ်နေရင်း ဘောင်းဘီအတိုပွပွ အပေါ်ကိုယ်လာနှင့် အကဲ ရဲ့ ရင်အုံပြန့်ပြန့်က မှေးနဝင်းထိန်နေသည်။

ထိုအခါကျမှ သူလည်း အကျီမပါ၊ ကိုယ်လည်း ထမီရင်လျားနှင့် အဖြစ်ကို ရှက်ရမှန် သတိရလာ၏။

"ရပြီ .. ငါ့ဘာသာ ထကြည့်တာရ .. အား ..."

www.burmeseclassic.com

www.burmeseclassic.com



ကောက်ထကြည့်တာပေမယ့် ခြေထောက်ကို အားပြုလိုက်တာနှင့် ပြန်ထိုင်ကျကာ ..၊

"နာလိုက်တာ .. သေပါပြီ"

"သေချင်နေတာသေပေါ့ .."

အားပေးစကားက ချိုသာပါ၏။

"ခင်ဗျားကို ကျုပ်က ထိချင်ကိုင်ချင်လွန်းလို့ လာတွဲနေတယ် မှတ် .. ဟာ .."

"အမလေး ..."

ဒေါထွက်လိုက်လို့ ခြေချော်တာလား၊ ချော်ကိုချော်ချင်တာလား မသိ။ သူ ကိုယ့်ကိုယ်ကိုယ် ထိန်းလိုက်တာတောင် ဘယ်လိုမှ မရလိုက်။

"သေပါပြီ ကိုလေးရယ် .. အဲဒါကြောင့် ပြောနေတာကို .."

သူ လဲကျသွားတာ ရှေး ကိုယ်လေးကိုဖြစ်ကာ လက်တွေ မျက်နှာတွေ ဘယ်လိုထိခိုက်စော်ကားမိကုန်သည်မသိ ..။

"ဆောရီး ..."

ရှေး ကိုယ်လေးပေါ်ကနေ နောက်ထပ် ပက်ခနဲ ပြန်လန်ကျသွားတာ၊ ရှေး က တွန်းထုတ်ပစ်လိုက်တာ ဖြစ်ကာ ..၊

"ငါက တောင်းပန်ရမှာပါ .. ငါလည်း .. ဟို .."

"ရပါတယ် .."

အကဲ မျက်နှာလည်း နီရဲနေ၏။ သူမ ကိုယ်ပေါ်သို့ လဲကျသွားချိန်မှာ သူ့မျက်လုံးတွေ မမြင်ရပေမယ့် ..၊

"ဆောရီးပါ .. ကျွန်တော်က ခင်ဗျားကိုစိတ်ပူပြီး .."

"ငါ သိပါတယ်၊ အခု .. နင် ဘယ်ထိသွားသေးလဲ .."

သူ ခေါင်းခါလိုက်သည်။ သူတောင်းပန် ကိုယ်တောင်းပန်နှင့် ဘယ်သူကလွန်ပြီး ဘယ်သူက သည်းခံလိုက်ရသည်တော့မသိ။ သို့သော် သူပဲ ပြန်ထရပြီး လက်ကမ်း၍ ..၊

ကျွန်တော့်လက်ကို ဆွဲထလေ .."



ကန်းနေတဲ့လူက ကျိုးနေတဲ့လူကို ပြန်တွဲနေသည့်အဖြစ်က ရယ်စရာတော့ ကောင်းပေမယ့် မတတ်နိုင် ။။

သူကမ်းပေးထားသည့် လက်ထဲကို ရှေး ရဲ့လက်လေးတစ်ဖက် ရောက်လာသည်။ တောသူဆိုတာ မယုံနိုင်အောင် နုနယ်နေတာကို သတိထားမိလိုက်သလို လက်ချောင်းလေးတွေ သေးပုံပေါ်တာကိုလည်း ခန့်မှန်းလိုက်မိသည်။

"ကိုလေး .. ငါ .. ငါ မင်းကိုဆွဲထားရုံနဲ့ ထလို့မရဘူး၊ နေပေ့စေတော့ .. ဝါဆို လာမှပဲ .."

"ဝါဆို က ဘယ်သွားတာလဲ .."

"ဆပ်ပြာဘူးကုန်လို့ သွားဝယ်မယ်ဆိုပြီး ထွက်သွားတာပဲ .."

"အဲဒါကို ဒီမှာ မလာမချင်း ငုတ်တုတ်ထိုင်အော်နေမလို့လား.."

အကဲ ရှေ့ပြန်တိုးကာ ရှေး ရဲ့လက်ဖဝါးလေးကို သေချာဖိဆုပ်ကာ သူမရဲ့လက်မောင်းရင်းကို လှမ်းကိုင်ပြီး ..

"ထကြည့် .."

သူမက ထရပ်ရင်း သူ့ ဇိတ်ပူပြီး ဆွဲနေရင်းနှင့် ပခုံးလေးနှစ်ဖက်ကနေ ဆွဲမပေးနေသလို ဖြစ်သွားခဲ့သည်။ သူမကိုယ်ပေါ်မှ ခြုံထည်လည်း မရှိသည့်ပြင် ထမီရင်လျှားနဲ့မှန်းသိနေသဖြင့် သူ့တစ်ကိုယ်လုံး ရှူရှိန်းဖိန်းနေခဲ့၏။

"ခဏလေး .. ဟို .. မောင် .. တဘက် .."

"ထားလိုက်တော့ .."

ရှေး ပြန်ကောက်ဖို့ကြိုးစားပေမယ့် သူ ဆွဲထူတဲ့အတိုင်း အားယူပြီးထလိုက်ရတော့ ခြုံထားသည့်စောင်က မပါတော့ပေ။ ထို့ပြင် ဘယ်လိုမှ ထောက်မရသည့် ခြေထောက်ကြောင့် သူ့လက်မောင်းကိုဖက်၍ တစ်ကိုယ်လုံး မှီထားရလျှင် ..၊

"ကျွန်တော့်ကို ခလုတ်မတိုက်အောင်ပြောပြ .."

"ဟင် .. ဘာလုပ် .. မလုပ်ပါနဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



ရှေး ကိုယ်လေးကို သူ ပွေ့ချီလိုက်လျှင် ရက်လွန်းသဖြင့် မျက်လုံးတွေပါ ပြာသွား၏။ ပြီးတော့ သူမ ရင်တွေခုန်လာကာ ကတုန်ကယင်ကြီး ဖြစ်သွားခဲ့လျက် ..၊

"အဲ့လောက်မဟုတ်ပါဘူး .. ငါရ .."

"ဒီတိုင်းသွားရမလား .."

"နည်းနည်းကွေ့လေ .."

သူတို့ နောက်ဖေးခန်းက ထွက်လာခဲ့လျှင် ..

"ဟာ .. ကိုလေး .."

"သူချော်လဲလို့ .."

ဝါဆို အသံကြားလိုက်ရာနှင့် အကဲ ထံမှ ဖြေရှင်းသံ တစ်ထပ်တည်း ထွက်လာခဲ့ပြီး ..၊

"မင်းလည်း .. နောက်ဆို သွားစရာရှိရင် ပြောသွားတဲ့အကျင့်လုပ်၊ အိမ်မှာ လူတစ်ယောက် အပိုရှိတာနဲ့ ထင်သလိုနေနေတယ် .."

ရှေး ကိုပွေ့ထားသည့် သူ့ကို ဝါဆို က လာတွဲသဖြင့် သူမနေရာမှာ သေချာချပေးလိုက်ပြီး ဆူနေတာက မရပ်။

"အခု .. မင်းထွက်သွားတာ သူ မပြော၊ ငါက မသိရနဲ့ ဖြစ်ကုန်တာလေ .. ကြည့်ကောင်းနေလား"

'ကောင်းတယ်'လို့ ပြောလိုက်သည့် ပြုံးဖြီးဖြီးမျက်နှာကြီးကို အကဲ မမြင်။

"ကျွန်တော် .. ဒီရှေ့မှာတင် ဝယ်မယ်ဆိုပြီး ဆင်းသွားတာပါ၊ ဒါပေမဲ့ .. ကိုလေး သုံးနေကျဘူး မတွေ့တာနဲ့ လိုက်ရှာနေရလို့ ပေရှည်သွားတာ မရှေး ဘာဖြစ်သွားလဲဟင် .."

"ဘာမှမဖြစ်ပါဘူး .. ငါ့ဘာသာ နည်းနည်းနှိပ်လိုက်ရင် ရမှာပါ၊ သွား .. သွား .. နင့်အစ်ကိုကိုပဲ သွားကြည့် .."

ရှေး ကလည်း အတင်းနှင်လွှတ်နေ၏။ အကဲ မျက်နှာကြီးကလည်း သုန်မှုန်နီမြန်းနေသည်။ ရှေး ကို ကျောပေးကာ မမြင်ရသည့်



အခ ဘက်ကိုလှည့်၍ ဝါဆို သွားကြီးအဖြီးသားနှင့် အသံတိတ် ပန်းဆွဲလုပ်နေ၏။

"အဲဒါ ဘာလုပ်နေတာလဲ .."

"ဟိ .. ဟိ .. ဗျာ .."

ရုတ်တရက် ထွေးလိုက်မိကာ ရယ်သံကြီးပါသွားသဖြင့် အကဲ မျက်နှာ ချက်ချင်းလှည့်လာသည်။

"ဘာရယ်စရာပါလို့လဲ .."

"ဟင့်အင်း .. မဟုတ်ပါဘူး၊ ဟိုမှာ .. ဟိုဘက်တိုက်က ပြတင်းပေါက်မှာ ချာတိတ်လေး ငုတ်တုတ်ထိုင်ပြီး ကျွန်တော့်ကို မျက်နှာပြောင်ပြနေလို့ .."

မသိရင်ခက်ဦးမည်။ ခွေးဝဲစားကောင် ..။

အကဲ စိတ်ထဲကနေ ကျိန်ဆဲလိုက်ပြီး မျက်နှာပြန်လွှဲ၏။

ပြီးတော့ ဖျောက်ဖျက်မရသည့် ပူထူရှိန်းဖိန်းခြင်းက အရေပြားပေါ်မှာ ခုထိတင်နေတုန်း ..။

တစ်သက်နဲ့တစ်ကိုယ် မိန်းမတစ်ယောက်ကို ဒီလို ပွေ့ဖက်ထိတွေ့မိခဲ့တာ ဒါသာပထမဆုံး ..။

မသိတဲ့လူကတော့ မိန်းကလေး မရှက်ရဘူး၊ သင်းပဲ ရှက်နေတယ်လို့ ထင်လိမ့်မည်။

သို့သော် ရှက်နေမိတာလား၊ မျက်နှာပူနေမိတာလား၊ ဘာမှန်းမသိသော သူ့အဖြစ်နှင့် ပတ်သက်၍ သူမနဲ့ သူသာ သိကြသော မျက်နှာ ရှုဖွယ်ဖြစ်ရပ်သည် ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

"ကိုလေးကလည်း .. မျက်နှာကြီး ဟိုလွှဲဒီလွှဲ မရွှေ ကလည်း အဲဒီနေ့ကကိစ္စပြောလိုက်ရင် ခြေလှမ်းတွေမှာ ကယောင်ကတမ်း .."

"မင်း စလာပြန်ပြီ"

"မဟုတ်ပါဘူး .. အဲဒီနေ့က ဘာတွေဖြစ်ခဲ့ကြလို့လဲလို့"

"ဘာမှမဖြစ်ဘူး .."

"တစ်ယောက်နဲ့တစ်ယောက် .."

"ဝါဆို မင်း ကိုယ့်အလုပ်ကိုယ်လုပ် .."

"အခု ဆေးခန်းသွားရမှာလေ .. ကျွန်တော်က ကန့်ကပြန်လာမှ လိုက်လာမှာ .."

"အဲဒါဘာဖြစ်လဲ"

"ကိုလေးတို့က မျက်နှာရဲရဲ မကြည့်ကြတော့ .."

"ဘယ်သူပြောတာလဲ မကြည့်ရဲဘူးဆိုတာ .."

တမင် ပြုံးပြုံးမေးဆတ်မေးနေတော့ ဝါဆို က ခေါင်းကုတ်ရင်း ရယ်သည်။ မမြင်ရဆည့်လူကို မကြည့်ရဲဘူး သွားပြောမိတာကိုက သူ့ အမှား ..။

"ကိုလေးက ကြည့်ရဲမှာပေါ့ မြင်မှမမြင်ရတာ .. ကျွန်တော် ပြောတာက မရွှေ က ပိုသိသာတာ .. ကိုလေးတို့ ရေချိုးခန်းထဲမှာ မတော်



ဘရော် တစ်ခုခု .."

"ဒုန် .. ဖွမ်"

"အဲ .."

နောက်က ပြုတ်ကျသံကြောင့် ဝါဆို ဖျတ်ခနဲလှည့်ကြည့်သည်။ ရွှေ က မျက်လုံးလေးဝိုင်းနေကာ သူ့ လှည့်ကြည့်လိုက်မှ လွတ်ကျသွားသည့် လင်ဗန်းလေးနဲ့ချိုင့်ကို ကမန်းကတန်း ပြန်ကောက်၏။

ပြီးတော့ ချက်ချင်းထွက်ပြေးတော့မတတ် ထရပ်လိုက်ပြီးမှ ...

"ဆေးရုံသွားဖို့ အားလုံးပြင်ပြီးပြီလို့ .. အဲ့ဒါလေ .."

"ဟုတ်တယ်လေ .. လာပြောဖို့မလိုပါဘူး၊ ကိုလေးက မရွှေ ကို စောင့်နေတာ .. ကျွန်တော်က ကားသွားခေါ်ပေးမှာ .. မသွားခင်လေး ကိုလေးကို ကျန်းမာရေးလေးမေးနေတာပါ"

ရွှေ ခေါင်းညိတ်လိုက်ရင်း ချာခနဲလှည့်ပြေးသွား၏။ ဝါဆို က နှစ်ယောက်စလုံးမျက်နှာကို အကဲခတ်ပြီး အသံတိတ်ရယ်နေသည်။

ဒီနှစ်ယောက် သူ့ထိန်းကိုယ့်ထိန်းနဲ့ ဘယ်တွေ ဘယ်လို ထိမိ ကိုင်မိကြသည်မသိပါ။ တစ်ယောက်က ချော်လဲသည်။ တစ်ယောက်က မမြင်မစမ်းနဲ့ လက်ကမ်းထူရသည်။

ထိမိ ငြိမိတာရှိလည်း ဒါ ဘာဖြစ်သွားနိုင်လို့လဲ ..။

နှစ်ယောက်စလုံး အရှက်သည်းနေကြတာက ရယ်စရာ ..။

"ကိုလေး မျက်လုံးမခွဲခင် မရွှေ ရဲ့ပုံစံကို မြင်သွားအောင် ကျွန်တော် ပြောပေးသင့်ပြီထင်တယ် .."

နားနားကပ်ပြောလိုက်တော့ အကဲ ဘာသံမှထွက်မလာပေ။ ဝါဆို ကျေနပ်စွာပြုံးသည်။

"မဟုတ်ပါဘူး .. အကယ်၍ မျက်လုံးဖြေလိုက်တဲ့အချိန်မှာ ကိုလေး ကိုယ့်ဘေးမှာရှိနေတာ ဘယ်သူဟာဝါဖြစ်နိုင်မှန်း ကိုယ့်ဘာသာ ခန့်မှန်းလို့ရအောင်ပါ၊ ကျွန်တော်ကလည်း အဲဒီအချိန် အနားမှာ မရှိသခိုက် ဖြစ်နေရင်ပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် .. ချောင်မနေနဲ့၊ ပြောမှာပြော .."

"သိတယ် .. တို့ကိုလေးက အဲဒီလိုသတ္တိရှိတယ်ဆိုတာ .. ဘယ်တော့မှ မြဲစိစိမနေဘူး၊ ပြောင်ဝန်ခံတာ .."

"ဘာ ..."

"ဩော် .. အကြီးကြီး မတွေးလိုက်ပါနဲ့ ကိုလေးကလည်း .. မရွေးရဲ့စိတ်နေစိတ်ထားကို ခန့်မှန်းရင်းနဲ့ သူ ဘယ်လိုပုံစံရှိတယ်ဆိုတာ ကိုလေး စိတ်ဝင်စားလာပြီမို့လား .. အဲဒါကို ပြောတာ .."

"ဟုတ်တယ် .."

အကဲ က စီးကရက်မီးညှိဖို့ထုတ်သည်။ ဝါဆို က မီးခြစ်နဲ့ကပ်ပေးလိုက်ပြီး မီးစွဲသွားမှ ...၊

"သူက တောသူဆိုပေမယ့် မထင်ရတဲ့ပုံစံတွေ တစ်ခါတစ်ခါပေါက်နေတယ် .."

"သူ့ကိုမြင်ရင် ကိုလေး ပိုအံ့ဩမှာ .."

"ဘာဖြစ်လို့လဲ .."

ဝါဆို က အသံကိုနှိမ့်လိုက်ပြီး မျက်နှာပိုကပ်၍ ...၊

"မရွေး က တအားချစ်ဖို့ကောင်းတာဗျ၊ ကျွန်တော်ကတော့ မြင်တည်းက ကိုယ့်အစ်မကြီးလိုပဲ တန်းခင်သွားတာ .. ဟဲ .. ဟဲ .. ကိုလေးဆီးမှာ သူရောက်လာတာကိုက .."

"ကောင်းကောင်းပြော .. အညစ်အနွမ်းတွေမပါစေနဲ့"

"မပါပါဘူး .. သူက ရုပ်ရည်သန့်တယ်၊ တောသူပေမယ့် မိဘကပြည့်စုံတော့ လယ်တွေ ယာတွေ ဘာမှလုပ်ရတာမဟုတ်ဘူး ထင်တယ်၊ အသားဖြူပြီး ကိုယ်လုံးတောင့်တယ်၊ အရပ်မြင့်တယ်၊ ဆံပင်က ခါးကျော်တယ်ဗျ .."

"မျက်နှာကျပုံက ဘယ်လိုမျိုးလဲ .."

မေးပြီးမှ သူ့ဘာသာ တွေးမိသွားကာ ...၊

"ဒီလောက် ဆတ်ဆတ်ထိမခံတာ နှုတ်ခမ်းပါးလျှာပါးနဲ့ မျက်နှာ



လုံးလုံးလေးပဲ ဖြစ်မယ် ..."

"တော်တော်များများ လွဲသွားပြီ ကိုလေး၊ မရွေး က လေးထောင့်ဆန်တဲ့မျက်နှာမျိုးဗျ ...၊ ပါးရိုးနည်းနည်းထွက်ပေမယ့် ပါးက ပြေပြေလေးဆိုတော့ သူ့နှုတ်ခမ်းလုံးလုံးထွေးထွေးနဲ့ ချစ်ဖို့ကောင်းတယ်၊ ကိုလေးပြောသလို နှုတ်ခမ်းမပါးဘူး၊ ထူထူပြန့်ပြန့်လေးပဲ၊ ဒါပေမဲ့ .. သေးသေးလေးပေါ့ .."

အကဲ က စီးကရက်ရှိုက်လိုက်ပြီး ခေါင်းညိတ်သည်။

"ပြီးတော့ .. သွားလေးတွေကဗျာ၊ တကယ့် သခွားသီးထဲက အစေ့လေးတွေလိုပဲ၊ တကယ့် ပိစိသေးသေးလေးတွေ .."

"မည်းမည်းကြီးတွေပေါ့ .."

"ဟာ .. သခွားစေ့က အမည်းချည်းပဲရှိတာ မဟုတ်ပါဘူး ကိုလေးကလည်း ဖြူဖြူနုနုလေးတွေ ရှိသေးတယ်လေ .. အဲဒီတိုင်းပဲ၊ ရယ်နေရင် ပါးစပ်က သွားကို ကားထွက်မသွားဘူး၊ ဘယ်လိုရယ်နေနေ သူ့နှုတ်ခမ်းလေးက လုံကိုလုံတာ .."

"ဝါဆို .."

"ဟင် .. ဟာ .. မဟုတ်ဘူး၊ ကိုလေး မြင်လို့ရအောင် အက်တမ်ထိပြောတာနော် .. လုံးဝရိုးသားတယ်"

အကဲ က ပြုံးလိုက်ကာ ...

"ဘာတွေ မလုံမလဲဖြစ်နေတာလဲ၊ ငါ ဘာမှ မပြောရသေးဘူး"

"သိဘူးလေ .. ကိုလေးအသံကြီးက .."

"ငါ .. ဒီနေ့ ဆေးရုံမတက်သေးဘူးဆိုတာ ပြောမလို့"

"ဗျာ .. ဘာဖြစ်လို့လဲ"

"သူလည်း ခြေထောက်နာနေသေးတယ်၊ နဖူးမှာလည်း ဒဏ်ရာမကျက်သေးဘူး .."

"ကျက်နေပါပြီ .. ပလာစတာတောင် မကပ်တော့ဘူး .."

"ဒါပေမဲ့ .. ငါ မသွားချင်ဘူး၊ ခွဲစိပ်ပြီး လူမမာ လုပ်နေရမှာ အမုန်း

www.burmeseclassic.com



ဆုံးပဲ ..."

ကိုယ့်ဘာသာ ဆေးရုံမတက်ချင်တာကို ရှေး ကိုလွှဲချနေသဖြင့် ဝါဆို ခေါင်းဖွမိ၏။

"ကိုလေးရာ .. ကျွန်တော်တို့လည်း အိမ်မှာပြန်နေဖို့ ပြောခဲ့သေးတာပဲ၊ ရတယ်ဆိုပြီးမှ မဖြစ်ပါဘူးဆိုတာ ဘယ်လိုလုပ်ရမလဲ၊ သူတို့ပြောတာလည်း ဟုတ်တယ်လေ၊ ခွဲစိပ်ကုသမှုခံထားတဲ့လူနာက ဆရာဝန်နဲ့ အနီးကပ်ရှိနေမှလေ ..."

"သွားလို့ရပြီ .."

ရှေး က အသံပေးပြီး ဆွဲခြင်းကို အိမ်ရှေ့တန်းသယ်သွားသည်။ ဝါဆို က လိုက်ကြည့်ပြီး ပြုံးစိစိနှင့် ..။

"ကိုလေး နေဦးနော်၊ ကျွန်တော် ကျန်တဲ့ပစ္စည်း သွားသယ်လိုက်ဦးမယ်"

ကားခေါ်ပြီးတော့လည်း ကိုလေးကို သွားခေါ်ခဲ့ပါဆိုတာ ခေါင်းခါ၏။

"မင်း သွားခေါ်လေ၊ သူက ငါ့ကူတွဲပေးရင် ကြိုက်တာမဟုတ်ဘူး"

"အဲဒါ အစကပါ .. ခုဆို .. ကြိုက်နေပါပြီ .."

"ဘယ်လို .."

"သြော် .. အစက ရင်းမှုမရင်းနှီးကြတာ .. အခု .. အိုခေနေပြီ ဥစ္စာ"

"ကဲ .. သွားခေါ်ပါကွာ၊ ဆရာဝန်နဲ့ ချိန်းထားတာ နောက်ကျနေဦးမယ် .."

ခပ်တည်တည် အမိန့်ပေးနေပေမယ့် သူမ မျက်ဝန်းတွေကို မသိမသာ လွှဲထားတာ သိသာနေတဲ့အဖြစ်။ ဝါဆို သက်ပြင်းချ၍ ..။

ဘာတွေ ဒီလောက်ဖြစ်ခဲ့လို့လဲ။

မသိရဘူးဆိုမှ သိချင်ပါဘိ ..။



အခန်း(၁၆)

"သားလေး မျက်လုံးခွဲစိပ်နေပြီ ငွေနှင်း၊ ငါ အနားမှာ ရှိချင်လိုက်တာ .."

"အဆင်ပြေမှာပါ မကြီးရယ် .. ကိုယ်လည်း ကျွန်းမာတာမှ မဟုတ်တာ ပုတီးစိပ်အာရုံပြုပြီး အေးအေးချမ်းချမ်းနေပါ၊ ကျွန်မ သတင်းမပြတ် မေးနေပါ့မယ်၊ ခုဆို .. လူလေးကို ပြုစုပေးဖို့ မိန်းကလေးတစ်ယောက်တောင် ငှားထားတယ်တဲ့ .."

"ဘယ့်နှယ့်မိန်းကလေးလဲ၊ စပါယ်ရှယ်နာ့စ်မဟုတ်ဘူးလား"

"မဟုတ်ဘူးတဲ့ .. လူလေးအကြောင်းလည်း မကြီးသိသားနဲ့၊ သူ လူမမာမဟုတ်ဘူးဆိုပြီး .. အဲလိုတွေ လုပ်ပေးရင် ဘယ်လိုလုပ်လက်ခံမှာလဲ .."

"ဒါဖြင့် .. ခု မိန်းကလေးကရော စိတ်ချရလို့လား၊ လူမမာပြုစုတတ်ပါ့မလား၊ ဝါဆို့ ကို နင် သေချာမလုပ်နိုင်ဘူးလား ငွေနှင်းရယ်၊ ဒီလောက်အရေးကြီးတဲ့အချိန်ကို ဘာမှ မပြုစုတတ်တဲ့ယောကျ်ားလေးနဲ့ မိန်းကလေးနဲ့ ဖြစ်မလား .."

ဒေါ်မြရင်ငယ် စိတ်ပူကာ ငုတ်တုတ်ထထိုင်မိလေသည်။ သားလေး

www.burmeseclassic.com

www.burmeseclassic.com



ကို ကိုယ့်လို ဝဋ်ဒုက္ခမျိုး မခံစားစေချင်သောကြောင့် လွှတ်ထားရပေမယ့် ဆေဒနာခံစားလာရတဲ့အခါ 'ငါများ ခုနေသေသွားရင် သားလေး မျက်နှာကိုတောင် မြင်သွားခွင့်ရတော့မှာ မဟုတ်ဘူး' လို့ မကြာခဏ တွေးပြီးငိုမိသည်။

အိမ်ထောင်ရေးဆိုတဲ့ ဝဲဂယက်ထဲမှာ သူမ သာယာပျော်ရွှင်ခဲ့ရတဲ့ အချိန်ဟာ သားလေးနဲ့အတူနေရတဲ့အချိန်လေးသာ ရှိခဲ့သည်။

ကတ္တီပါစံအိမ်ကြီးရဲ့ ထုံးတမ်းအစဉ်အလာများအတိုင်း ကကြိုးရုပ်လိုနေရသည့်ဘဝတစ်လျှောက်လုံး ဦးရာဇနွယ် ၏ အမုန်းအငြိုးတွေ ယှုတ်မာကောက်ကျစ်မှုတွေကြောင့် ငရဲကျခဲ့ရ၏။

ထို့ကြောင့် သူမ နောက်ထပ် သားသမီးမရတော့အောင် တားဆီးခဲ့သည်။ ယောကျ်ားလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် မလိုချင်တော့ပေ။

ဘယ်လောက်ထိလဲဆိုလျှင် သူမ မိန်းမတစ်ယောက်ရဲ့ဘဝကိုတောင် တန်ဖိုးထားရမှန်းမသိတော့ဘဲ ရောဂါတစ်ခုအကြောင်းပြပြီး သားအိမ်ပါ ထုတ်ပစ်ခဲ့တဲ့အထိ ပြတ်သားနိုင်ခဲ့၏။

အစက ဦးရာဇနွယ် မသိပေမယ့် သိသွားသည့်အချိန်မှာ ဒေါသူပုန်ထခဲ့သည်။ ကိုယ်နဲ့ရသည့်သားကို လိုချင်တာမဟုတ်ပေမယ့် သူ့မှာ သားတစ်ယောက်ရှိသည့်အဖြစ်ကို လိုချင်တာဖြစ်၏။

ဒေါ်စန္ဒီလင်း နဲ့ လက်ထပ်ပေမယ့် သမီးပဲ ထပ်ရလိုက်သဖြင့် ပိုဆိုးခဲ့၏။ ခုတော့ ဒေါ်စိန်ပုလဲ ၏ ပြတ်သားစွာကြေညာသွားခြင်းကြောင့် ဦးရာဇနွယ် ရဲ့ဇာတိရုပ်တွေ ပေါ်လာခဲ့ပြီဖြစ်၏။

ဘယ်လိုမှ အစရှာမရအောင် အကဲ ကို သေသေသပ်သပ် ပိပိရိရိ သုတ်သင်ပစ်ဖို့ အားကြိုးမာန်တက် စီစဉ်နေကြ၏။

"ဒီမိန်းမနဲ့ပဲမဟုတ်ဘူး .. သားအမိနှစ်ယောက်လုံးနဲ့ ငါက အစေးကပ်တာမဟုတ်ဘူး၊ ဒါပေမဲ့ .. မငယ်ကို ငါနိုင်တယ်၊ အကဲ ကို ဘယ်



သူမှ ထိန်းချုပ်နိုင်မှာမဟုတ်ဘူး၊ ဒီကောင်လေးကို မငယ် တွန်းအားပေးနေတာ ဘယ်သူမှမသိပေမယ့် ငါသိတယ်၊ ဒါကြောင့် .. ဒီကောင်လေးကို ဇာတ်သိမ်းပစ်ဖို့က အဓိကလိုရင်းပဲ .."

လို့ ကြိမ်းဝါးနေတာ ငွေနှင်း ကိုယ်တိုင် ကြားခဲ့တာဖြစ်သည်။ ထို့ပြင် သူမရှေ့မှာလည်း ..၊

"ခင်ဗျားသားကို ကျုပ် ဘယ်လိုပုံသွင်းမလဲ စောင့်ကြည့်နေ မငယ်၊ သူ ဘယ်လောက်ထိ ဝေးဝေးပြေးနိုင်မှာလဲ၊ ခင်ဗျားလည်း သူ့ နောက်ကွယ်မှာ ကြာကြာမနေနိုင်စေရဘူး၊ ခင်ဗျား ဘာတွေလုပ်နေသလဲဆိုတာ ဘွားဘွားတို့ကို ကျုပ် အားလုံး ဖွင့်ချပြမယ် .."

လို့ ပြောပြီး သိပ်မကြာလိုက်ခင် ဒေါ်စိန်ပုလဲ ရောက်လာခဲ့တာဖြစ်သည်။ ဒါပေမဲ့ လူကြီးတွေကတော့ သားသမီးပြောတိုင်း မျက်စိမှိတ်ယုံတတ်တဲ့ မိဘမျိုးတွေမဟုတ်ကြတာ ကိုယ့်အတွက် သက်သာသွားခဲ့၏။

ဘာပဲဖြစ်ဖြစ် သားကိုရှာကြမယ့် လူဦးရေတွေတိုးလာတာပဲ ဖြစ်သည်။ သားကလည်း ပြန်လာမယ်ပဲ တကဲကဲ ဖြစ်နေသည်တဲ့။

"ငွေနှင်းရေ .."

"ရှင် .. မမကြီး"

"သားလေး မျက်စိပြန်ကောင်းသွားရင် သူ့အဘွားတွေရှိတဲ့ ရှမ်းပြည်ကိုပဲ သွားရမယ်လို့ ငါက ပြောတဲ့အကြောင်း သေချာပြောရမယ်"

"အဲဒါတော့ .."

"မဖြစ်ဘူး ငွေနှင်း .. သား သူ့ဘိုးဘွားတွေဆီ ပြန်ရောက်သွားမှ ကတ္တီပါစံအိမ်ကလူတွေ မထိရဲမှာ .."

"ဒါပေမဲ့ .. လူကြီးချင်း .."

"မတတ်နိုင်ဘူး .. သားကို သူတို့သက်ဆိုင်သလို ငါ့မိဘတွေလည်း ဆိုင်တယ်၊ သားရဲ့အနာဂတ်ကို သားကသာ မကြည်ဖြူရင် သူတို့

www.burmeseclassic.com

www.burmeseclassic.com



ဘာမှဖွတ်လုပ်လို့မရဘူး၊ သားလေးဘက်က သူ့ဘိုးဘွားတွေလည်း ရပ်တည်ပေးခွင့်ရှိတယ်၊ ပြီးတော့ .. ငါ .."

မာန်မာနတို့ လွှမ်းနေသော ဒေါ်မြရင်ငယ် ရဲ့မျက်ဝန်းတွေက တည်ငြိမ်အေးစက်နေကာ ..။

"ငါ့သားဘက်က ရပ်တည်မယ်၊ ငါကိုယ်တိုင် ဒီကတိသစ္စာ .. ကျိန်စာတွေထဲက ရုန်းထွက်တော့မယ်၊ သူတို့ရဲ့အမွေ တစ်ပြားတစ်ချပ်မှ ငါ့အတွက် မလိုအပ်ဘူး၊ ငါ့သားလေးလည်း ဒါတွေကို မမက်ပါဘူး .."

ဦးရာဇနွယ် ရဲ့အောက်မှာ ဦးရာဇကျော် ရှိသေးသည်။ အစက စိတ်လိုက်မာန်ပါ စွန့်ပစ်ခဲ့ကြပေမယ့် ဂုဏ်သိက္ခာကို အသက်လို ဖက်တွယ်ထားကြသည့် စံအိမ်တော်၏ ထုံးစံကြောင့် နောက်ပိုင်းမှာ ထောက်ပံ့မှုတွေ ပြန်လုပ်ခဲ့ကြသည်။

ခုဆို စံအိမ်ပေါ် ပြန်ခေါ်ထားတော့မလိုလိုတောင် ပြင်ဆင်နေကြပြီဖြစ်သည်။ ဒေါ်မြရင်ငယ် အသက်ငယ်ငယ်နှင့် အိမ်ထောင်နှစ်ဆက်ပြောင်းခဲ့ရသည်။

အခု လေးဆယ်ကျော် ငါးဆယ်တွင်းရောက်နေမှ သုံးဆက်မြောက်ကို မပြောင်းရဘူးလို့ ဘယ်သူပြောနိုင်မလဲ။ ကိုယ့်ဘဝ ငရဲမကျအောင် ကိုယ့်ရဲ့အိမ်ထောင်ဘက်ခင်ပွန်းကို အသက်ရှင်ကျန်းမာအောင် မအိပ်မနေဆုတောင်းရင်း ကျိုးလန့်တာစားဘဝနဲ့ တစ်သက်လုံးနေသွားရတော့မည့် ကတ္တီပါစံအိမ်။

ဒီ ငရဲတွင်းကနေ သူမ အသက်မသေဆုံးမီ အလွတ်ရုန်းထွက်ဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်ပြီး ဒါတွေဟာ သားလေးရဲ့ရှေ့ရေးနဲ့ ပတ်သက်လာမှ ဖြစ်လာခဲ့သည့်သတ္တိတွေ ဖြစ်သည်။

မိန်းမတစ်ယောက်ရဲ့ဘဝမှာ အိမ်ထောင်ကိုပစ်ပြီး ကိုယ့်သဘောနဲ့ကိုယ် ပျက်စီးရာပျက်စီးကြောင်း ကြံစည်ခြင်းဟာ ဘာကြောင့်ဖြစ်ဖြစ်



ခေတ်တယ်ပါ။

ကိုယ့်မိဘ အသိုင်းအဝိုင်းတွေလည်း သဘောကျကြမှာမဟုတ်။ ဒါပေမဲ့ ဆုံးဖြတ်ချက်ချပြီးတာကို မပြင်တော့ဖို့က နိုင်မာနေပြီဖြစ်သည်။

သားကို ကတ္တီပါစံအိမ်မှာ အိမ်ထောင်ကျခွင့်မပြုနိုင် ..။

သားရဲ့ဇနီးဟာ ကိုယ့်လိုသောကတွေနဲ့ ကိုယ့်ရင်သွေးကိုတောင် အဖော်မဲ့အောင် ဖြတ်တောက်ချုပ်တီးနေရမယ့်ငရဲမျိုး မရောက်စေရ။

သားတွေ သမီးတွေနဲ့ ပျော်ရွှင်နေရမယ့် အိမ်ထောင်ရေးမျိုးမှာ သားလေး တစ်သက်လုံး ရှင်သန်နေရမည်။

ဒါက သန္နိဋ္ဌာန်ပဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

ဆေးခန်းကို တစ်ချိန်လုံးစောင့်ကြည့်ပါလို့ ပြောထားပေမယ့် အချိန်တွေသာ ကုန်သွားသည်။ ဖုန်းစောင့်နေတာ အလကားပဲဖြစ်၏။

"တောက် ..."

ဦးရာဇနွယ် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း တက်ခေါက်လိုက်မိသည်။ ဆိုဖာမှာထိုင်နေသည့် လင်း က ဆတ်ခနဲထရပ်လိုက်ကာ ...

"လင်း လိုက်သွားမယ် ဖေဖေ .."

"ဘာလိုက်လုပ်မှာလဲ .."

"သူများကို နိုင်းနေတိုင်း ဒီလိုပဲ အားမလိုအားမရ ထိုင်စောင့်နေရမှာ .."

"လင်း .."

ဦးရာဇနွယ် လင်း နားကို တိုးကပ်၍ အသံနှိမ့်ကာ ...

"အခု ဖေဖေတို့ ရတနာစိန်ကျောက်ရောင်းဖို့ ဝယ်လက်စောင့်နေတာမဟုတ်ဘူး .."

"လင်း သိပါတယ်၊ ပိပိရိရိ ရှိပါစေမယ် .."

"တော်တော့ သမီး .."

စိတ်တိုသွားတာရော စိုးရိမ်တာတွေရော စုံနေကာ ...၊



"လင်းမြတ်နွယ် က ဦးရာဇနွယ် ရဲ့သမီး .. အဲဒါကို ဘယ်လို ပိပိရိရိ ကာကွယ်ချင်လို့ပဲ၊ ဒီကိစ္စ ပေါ့သေးသေးမှတ်နေသလားဟင် .."

"ပေါ့သေးသေးမဟုတ်မှန်းသိလည်း အစတည်းက ကလေးကို ဘာလို့ အသိပေးထားလဲ ကိုကြီးရယ် .. လူငယ်တွေက စိတ်မြန်လက်မြန်ဆုပ်တတ်ပါတိနဲ့ .."

ဒေါ်စန္ဒီလင်း ရောက်လာတော့ ဦးရာဇနွယ် ရဲ့စိုးရိမ်မှုက ပိုတိုးသွားသည်။

"ဒီမှာ သုံးယောက်စလုံးလာစုနေလို့မဖြစ်ဘူးကွ၊ မေမေက သိပ်ပါးနပ်တာ သွား .. သွား .. စန္ဒီ မင်းအလုပ်မင်းသွားလုပ် .."

"မေမေ .. အပေါ်ထပ်ဘုရားခန်းမှာ သောက်တော်ရေခွက်တွေဆေးကြောနေတယ် .."

"အဲဒါ .. မင်းက ဝိုင်းမကူဘဲနဲ့"

"ကိုကြီးရယ် .. သူ ဘုရားခန်းဝင်ရင် ဘာပဲလုပ်နေနေ ဘယ်သူ့ကို နိုင်းဖူးလို့လဲ၊ နိုင်းချင်ရင် စန္ဒီ့ တင်မကဘူး၊ ဒီမှာ အလုပ်သမားတွေမှ တစ်ပုံကြီးပဲ .."

"ကဲ .. ဖေဖေတို့ကလည်း အရေးကြီး နေတဲ့အချိန်မှာ ဘွားဘွားဘာလုပ်နေသလဲ စိတ်ဝင်စားနေကြပြန်ပြီ .."

"ဟဲ့ .. ဘယ်ကိုလဲ"

"လင်း .. သမီး"

"ဘယ်မှမဟုတ်ပါဘူး .."

လင်း ဆိုးဆိုးဆက်ဆက် ထွက်သွားတာမြင်သည်နှင့် ဦးရာဇနွယ်တို့ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြ၏။ ထိုစဉ် လှရိပ်တွေ့လိုက်သဖြင့် လင်း ပြန်လှည့်လာသည် ထင်ကာ ...

"ပြန်ဝင်ခဲ့စမ်း သမီး .. သမီးဖေဖေ ပြောစရာရှိသေးတယ်"

"သူဌေးကတော်ကြီး ကျွန်မကို ခေါ်တာလားဟင် .."

www.burmeseclassic.com

www.burmeseclassic.com



ငွေနှင်း …။

ဒေါ်စန္ဒီလင်း မျက်နှာတင်းသွားသည်။ ငွေနှင်းက သူမတို့နဲ့ အသက် မတိမ်းမယိမ်းလောက်ပါ။ ဒါပေမဲ့ သူမကို မြင်လိုက်ရတိုင်း အချိုးမပြေ သည့် အိမ်ဖော်ပေါက်စမကဲ့သို့ ဘယ်အချိန်ဖြစ်ဖြစ် ကြည့်လို့မရ။

"နင်က ဒီနားမှာ ဘာလုပ်နေတာလဲ …"

"အဝင်း မအားလို့ သူ့ကိုယ်စား ဧည့်ခန်းသန့်ရှင်းရေးလုပ်ပေး ဖို့ပါ၊ သူဌေးကတော်တို့ စကားပြောနေကြလို့ ကျွန်မ …"

"မလိုဘူး … ငါတို့ရှိနေရင် ပြန်လှည့်သွားလိုက် …၊ ခေါ်မခိုင်းဘဲ ရစ်သီရစ်သီလာမလုပ်နဲ့၊ နောက် ဒါမျိုးတွေ့နေရင် သတိပေးမနေဘူး ပါးဆွဲရိုက်ပစ်မှာ …"

"ဟုတ်ကဲ့ပါ …"

ငွေနှင်း ကြက်မွေးတံလေးကိုင်လျက် ပြန်ထွက်သွားလျှင် ဦးရာဇနွယ် က ဒေါ်စန္ဒီလင်း လက်ကိုကိုင်ပြီး ဆွဲလှည့်ကာ …၊

"မင်း … အဲ့ဒီအချိုးတွေကို ခုထိ မဖျောက်နိုင်သေးဘူးပဲ စန္ဒီ …"

ဒေါ်စန္ဒီလင်း မျက်နှာပျက်သွားသည်။

"အကျင့်ဆိုတာ ဖျောက်ရခက်တတ်တာ ဒါပဲ စကားပြောတာ မကြ စမ်းပါနဲ့၊ ပြောရင် လက်မပါပါနဲ့၊ မင်းကို ငါ ပြောပေါင်းများလှပြီ"

"ငွေနှင်း ဘာလုပ်နေတယ်ဆိုတာ ကိုကြီးလည်းသိသားနဲ့ …"

"ငွေနှင်း ဖြစ်ဖြစ် … ဘယ်သူဖြစ်ဖြစ်ကွာ၊ အိမ်ကအလုပ်သမား မင်းကို ဘယ်သူများ ရင်နဲ့နှစ်ပြီး ဘုရားထူးနေလို့လဲ၊ မငယ် အတွက် အသက်ပေးပြီး ကာကွယ်မယ့်သူနဲ့ …"

"ဒါကတော့ …"

"ဒါကတော့ မပြောနဲ့၊ ချင်ခင်လေးစားမှုဆိုတာ ဘာနဲ့မှုလဲယူ မရဘူး၊ သူ့မေတ္တာကိုရချင်ရင် ကိုယ့်မေတ္တာနဲ့ရင်းရတယ်ကွ၊ ပြော ဆက်ဆံတဲ့အခါ ဘယ်သူ့အပေါ်မှာဖြစ်ဖြစ် စာနာစိတ်လေးထားဖို့



တဖွဖွ ပြောခဲ့တယ် …"

"ခုတော့ … မငယ် ကမှ မဟာဆန်တဲ့မိန်းမလို ကိုကြီးလည်း ပြော လာပြီပေါ့ …"

"အစတည်းက သိပြီးသား …"

"ဘာ …"

"ငါ … မင်းနဲ့ ဘာမှမဖြစ်ချင်ဘူး စန္ဒီ၊ ခု အရေးကြီးတဲ့အချိန်မှာ ဒါတွေ ပြောနေရတာ …မင်းကို ပြီးပြည့်စုံတဲ့မိန်းမဖြစ်စေချင်လွန်းလို့ မဟုတ်ဘူး၊ ငါ့ကိစ္စမအောင်မြင်ခင် မင်းကြောင့် ပျက်စီးကုန်မှာ မခံနိုင်လို့"

"ဘယ်လိုပြောလိုက်တာလဲ ကိုကြီးရယ် … စန္ဒီ က လမ်းဆောင်ရွေး သည်ဆိုပေမယ့် …"

"တော်ပြီ … တော်ပြီ လူကြားအောင် ကိုယ့်ပေါင်ကိုယ်လှန်ထောင်း မနေနဲ့၊ မင်းသွားတော့ …"

ဖုန်းသံဝင်လာသည်နှင့် ဦးရာဇနွယ် ဖုန်းကိုင်ရင်း ခြံထဲ ခပ်သုတ် သုတ်ဆင်းသွားသည်။ ဒီနေ့က အရေးကြီးဆုံးနေ့တစ်နေ့ …။

"ဟဲ့ … ပြောစမ်း"

"…… …… ……"

"တောက် … ဒါလေးတောင် မင်းတို့ အသုံးမကျကြဘူးလား၊ ဒေါက်တာ ဦးဝေစိုးထွန်းကို ဖုန်းမဆက်ဘူးလား၊ ဖုန်းဆက်တာ ကြာတယ်၊ ခုဝင် တွေ့လိုက် …"

"…… …… ……"

"ဘာ … ဘယ်လို"

"…… …… ……"

"မျက်လုံးခွဲစိပ်မယ့်လူနာ ဟုတ်လား … ဟိတ်ကောင် မင်း သေချာ လား …"

"…… …… ……"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အတီအကျွလွဲနေတာပဲ၊ ဒေါက်တာ ဘယ်သူ .. အဲဒီ ခွဲစိပ်မယ့် ဆရာဝန်လိပ်စာ ငါ့ကို ပြန်ပြောစမ်း .."

ဦးရာဇနွယ် စိတ်လှုပ်ရှားလွန်းသဖြင့် ကားတက်မောင်း၍ တဲတွေး ခဏခဏ မျှိချရင်း နှုတ်ခမ်းသပ်နေရသည်။ အကဲ က မျက်လုံးကွယ် သွားတာလား ..။

ဒါဆို ကားအက်ဆီးဒင့်မှာတည်းက ကွယ်ခဲ့တာပေါ့။ သူ့ကို ဘယ် သူစောင့်ရှောက်နေသလဲ။ မငယ် ဘယ်လိုအစီအစဉ်တွေနဲ့ မျက်မမြင် ကို လုံအောင်ဝှက်ထားတာလဲ ..။

ကားထက် စိတ်က ပိုပြေးနေမိကာ အတွေးတွေသာ ရှုပ်ယှက်ခတ် နေပြီး ဘာတစ်ခုမှလည်း မရေရာ ..။

"တောက် .. ဒုက္ခတဖြစ်နေတာတောင် ပတ်ပြေးနေသေးတယ်၊ မင်း သေသင့်နေတာ မင်းနားလည်ပြီး ငါ့ရှေ့မှာ လည်စင်းပေးရမှာ ဘုရင်ငယ်လေး .. မင်း ဘုရင်ဖြစ်ခွင့်မရှိတော့ဘူးဆိုတာ ကြိုသိထား သင့်တာ ခွေးသူခိုးလေး .."

ကားက ကိုယ်ပိုင်ဆေးရုံကြီးတစ်ခုရှေ့မှာ အလျင်စလို ထိုးရပ်သွား ၏။ ပါကင်စောင့်က ရောက်လာကာ ..၊

"အစ်ကို .. ဒီမှာ ဆရာဝန်ကားရပ်မှာမို့လို့ ဟိုဘက်မှာ သွားထိုး ပေးပါနော်"

"ငါ လူနာပြဖို့မဟုတ်ဘူး ခဏပဲ ..."

ပြောပြီး ကားပေါ်က ဆင်းလိုက်ကာ ..

"ဟေ့ .. နေဦး၊ ဒေါက်တာ ကျော်သူရ ရောက်ပြီလား၊ မျက်လုံး အထူးကုခွဲစိတ်ဆရာဝန် .."

"ဒေါက်တာ ကျော်သူရက နှစ်ယောက်ရှိတယ်ဗျ"

"ဟာ ..."

စိတ်တိုနေတာကို ဘယ်လိုမှရည်လို့မရအောင် ဖြစ်သွားရကာ ..



"ငါမေးတာ မရှင်းလို့လား .. မျက်လုံးအထူးကု ခွဲစိတ် .."

"ဟုတ်တယ် အစ်ကို၊ ဘွဲ့တွေတသီကြီးရထားတာလည်း အတူ တူပဲ၊ တစ်ခုပဲကွဲတယ်၊ ဒေါက်တာဦးကျော်သူရက အသက်ငါးဆယ် လောက် .. ဒေါက်တာကျော်သူရကတော့ သုံးဆယ်ဝန်းကျင်ပဲ၊ ပိုနည်း နည်း လိုနည်းနည်းပေါ့"

"တောက် ..."

"အဲဒါ .. ဒေါက်တာ ကျော်သူရအငယ် ကားရပ်မယ့်နေရာပဲ၊ ပြော ရင်းနဲ့ သူ့ကားလာပြီထင်တယ် .."

ဟင် ...။

ဦးရာဇနွယ် အားတက်သွားသည်။ ဒီအချိန်ကိုပဲ သတင်းရတာ ဆိုတော့ သူပဲဖြစ်နိုင်တာပေါ့။

"ဟာ .. အစ်ကို အစ်ကို့ကားကို ခဏရွှေ့ပေးပါဗျာ၊ ဟိုမှာ ဒေါက်တာ ဟွန်းတီးနေပြီ"

ဦးရာဇနွယ် တစ်ချက်မှလှည့်မကြည့်တော့ဘဲ ဒေါက်တာ့ကားဆီ ပြေးသွားကာ ...။

"ဒေါက်တာ .. ဒေါက်တာက ဘုရင်ငယ်လေး ဆိုတဲ့ ပေးရှင့်ရဲ့ ဆရာဝန် လားဗျာ၊ ကျွန်တော် သူ့အဖေပါ .."

"ဘုရင်ငယ်လေး ဆိုတာ လူနာမည်လား .. မသိဘူး .."

ငါ .. တယ် ...၊

လိုချင်သည့်မေးခွန်းမပြောဘဲ အလုပ်ရှုပ်သလို အကြည့်ခံရပြီး ခေါင်းခါသွားသည်။ စိတ်ရှိလက်ရှိသာ ပေါက်ကွဲပစ်လိုက်ရလျှင် ကား ဘီးရော လူကိုပါ နှစ်ပတ်သုံးပတ်လည်သွားအောင် လိမ့်ကန်ပစ်ချင်မိသည်။

နောက်ထပ်တစ်ယောက်ကိုလည်း စုံစမ်းချင်စိတ်မရှိတော့ဘဲ လှည့် ပြန်လာခဲ့မိကာ ..

"ယက္ခ .. ဒေါက်တာကျော်သူရ ဆီ ရအောင်ဆက်သွယ်၊ မင်းကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တိုင်လုပ်၊ ဘာလုပ်ရမလဲဆိုတာ ငါ အခုပြောမယ်၊ သေချာနားထောင်”

ယက္ခ ကို ညွှန်ကြားလိုက်ရင်း စိတ်ထဲက ကျိန်းဝါးမိသည်။

“ဘယ်သူ့ပယောဂမှန်းမသိလိုက်ဘဲ မင်းသေစေရမယ် အကဲ၊ စံအိမ်တော်က ဘယ်သူမှမသိလိုက်ဘဲ မြောင်းဆောင်းမှာ မင်းရဲ့မသာ ကျိုး တဖုတ်ဖုတ် .. လောက်တက်သွားလိမ့်မယ် ဟား .. ဟား .. ဟား ..”

“ဟား .. ဟား .. ဟား ..”

မှသိရင် ကားမောင်းရင်း တစ်ယောက်တည်း အခြောက်တိုက် ထရယ် နေသလိုလို ...။



အခန်း(၁၈)

“ဆရာဝန်က .. တခြားက ဆရာဝန်ဆိုတော့ ပတ်တီးဖြည်ရင် အချိန်မီ ရောက်လာပါ့မလား”

“မရောက်လည်း ရန်ကုန်မှာ ပတ်တီးဖြည်ပေးနိုင်တဲ့ မျက်လုံးခွဲစိတ် ဆရာဝန်တွေ အများကြီးပဲ မရှေး ရာ .. ပူမနေစမ်းပါနဲ့ ..”

“မဟုတ်ဘူးလေ .. ကုလက်စဆရာဝန်နဲ့ပဲ ပျောက်ကင်းတဲ့အထိ ဘူးသင့်တာပေါ့ ..”

“ဟုတ်ပေမယ့် .. ကျွန်တော်တို့က လမ်းကြောင်းအတိုင်း သွား ကြတာမှမဟုတ်တာ၊ မရှေး အဲ့ဒါ ကိုလေးအတွက်လား ..”

“အင်း ..”

ကြက်သားကြော်နဲ့ ထမင်းဆီဆမ်းလေးလုပ်ထားကာ ကြက်ရိုး ချောက်ချည်လေးကို ရှောက်ရွက်လေးပြန်အုပ်ထားသဖြင့် မွှေးနေသည်။

ဝါဆို က ကုန်းကုန်းကွကွအနံ့ခံနေရင်း ဗိုက်ကိုလည်း ပွတ်၍ ...

“ကြက်သား ဘယ်တုန်းက ကြော်လိုက်တာလဲ၊ ဘာနံ့မှတောင် မလိုက်ဘူး”

“နောက်ဖေးမှာ မီးဖိုထုတ်ပြီး တံခါးတွေ ပြန်ပိတ်ထားလိုက်တာ – နင့်ကိုလေး ညှော်မိမှာစိုးလို့ ..”

www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း .."

"ဘာရယ်တာလဲ .."

ဝါဆို က ခေါင်းခါပြ၍ ..၊

"မရှေး နဲ့ ကိုလေး ကို သဘောကျလို့ပါ၊ ဘာနဲ့တူနေသလဲဆိုတော့ .."

"ဘာနဲ့တူတူ လျှောက်ပြောမနေနဲ့ .."

"ဩော် .. ကဲ ဘာမှတောင်မပြောရသေးဘူး .."

"မပြောနဲ့ .. ရော့ .. ဒါတွေသွားကျွေး၊ နေ့လယ်ထမင်းစားပြီး ဆေးသောက်ရဦးမှာ .."

"ဟာ .. ကျွန်တော် အခု အပြင်သွားမလို့"

"ဟင် ..."

ဇန်းကလေးထဲမှာ ဟင်းချိုပန်းကန်နဲ့ ထမင်းကို သေချာထည့်ထားပြီးမှ ရှေးက မော့ကြည့်၏။

"ငါ့ကိုလည်း မပြောဘူး၊ ဘယ်သွားမလို့လဲ .."

"ကြီးကြီးငယ် ခေါ်ထားတယ်၊ အဲဒါ သွားတွေ့ရဦးမှာ .. တချို့ကိစ္စတွေကို ကိုလေး မသိအောင်လုပ်နေရတာရှိတယ်၊ ဟိုက ကိစ္စတွေ ကိုကြီး အကုန်သိရင် မလွယ်ဘူး၊ ဆရာဝန် ချက်ချင်းချိန်းလိုက်ရတာတောင် ဟိုဆရာဝန်အဆင်မပြေတော့လို့လို့ အဆင်ပြေသလို ပြောလိုက်ရတာ.."

"မဟုတ်ဘူးလား ..."

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ ကိုလေးကို ဒုက္ခပေးမယ့်လူတွေက ခြေလှမ်းကျဲတယ်၊ ကျွန်တော်တို့ ကြံစည်လိုက်တာနဲ့ သူတို့က သိနေပြီဆိုတာချည်းပဲ၊ ဒါကြောင့် ဆေးရုံတက်မနေဘဲ အိမ်ပြန်လာတဲ့အထိ လုပ်ပစ်လိုက်တာပေါ့ .."

"ဒုက္ခပါပဲဟယ် .. ငါ ရင်မောလိုက်တာ၊ သူ့မျက်လုံးမြန်မြန်ပြန်မြင်မှပါ .."

"ဟုတ်တယ် ..."



"နင်လည်း အပြင်သွားရင် သိပ်အကြာကြီးမနေနဲ့၊ အဲဒီလူတွေ သတင်းရပြီး ဒီထိလိုက်လာကြရင် ငါလည်း ဘယ်သူဘယ်ဝါဆိုတာ သိထားတာမဟုတ်ဘူး၊ သူကလည်း မမြင်သေးတာနဲ့ .."

"ကျွန်တော်ကတော့ မရှေး နဲ့ ကျုန်ခဲ့ရင် မပူပါဘူး .."

ရှေး က ဘောဇင်မှ သက်ဆေးနေရင်း 'မဟုတ်တာမပြောနဲ့'ဆိုသည့် မျက်စောင်းနှင့်လှည့်ကြည့်၏။

"မဟုတ်ပါဘူး၊ မရှေး က ရဲဘော်ရဲဘက်စိတ်ဓာတ်ရှိတာ သိလို့ပြောတာပါ၊ ဒါနဲ့ .. တစ်ခုလောက်မေးလို့ရမလား"

"ဘာလဲ .."

"မရှေး ဆေးရုံမှာ လူနာစောင့်ဖို့ စီစဉ်နေတုန်းက မရှေး ရဲ့ မှတ်ပုံတင် ထုတ်လာတာ ကျွန်တော် ယူကြည့်လိုက်တယ် .."

"အဲဒီတော့ ဘာဖြစ်လဲ"

"မရှေး အသက်က လိမ်ထားတာပဲ"

ဟင် !...

ရှေး ရဲ့ သွက်လက်သည့်လှုပ်ရှားမှုတွေ တုံ့ဆိုင်းကုန်၏။ ပြီးတော့ မလုံမလဲလေး ပြုံးလိုက်ပြီး ..

"ငါက .."

"သူများတွေဆို အသက်ငယ်ချင်ကြတာပါ၊ အစ်မလို့ ခေါ်ရင် မကြိုက်တာနဲ့ .. အဒေါ်လို့ခေါ်ရင် မကြိုက်တာနဲ့ .."

"ငါကတော့ .. ကြိုက်လို့ပေါ့ဟယ် .. ဖယ် .. ဖယ် .. ထမင်းနယ်ပြီးသားတွေ ကြာရင်မကောင်းဘူး .."

"ဒုန်း .."

အယ် ..

ရှေးအိမ်ဘက်က တံခါးဆောင့်ပိတ်လိုက်သံကြောင့် အိမ်ယောက်စလုံး မျက်နှာတွေ ပျက်ကုန်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုလေးလား မသိဘူး .."

"တစ်ယောက်မှအနားမှာမရှိလို့ထလာတာထင်တယ်၊ ချော်ချက်လဲသလား သွား .. သွား .. ကြည့်စမ်းပါ"

ခေါင်းညိတ်ပြီး ပြေးထွက်ခဲ့ပေမယ့် ကိုလေး ချော်လဲမှာမဟုတ်ဘူးဆိုတာ သူ သိနေသည်။

ဒါပေမဲ့ ဒီလောက် တံခါးဆောင့်ပိတ်လိုက်တာတော့ ...

"ကိုလေး .."

"ဒေါက် .. ဒေါက် .."

"ဘာလဲ ငါ ဘာမှမဖြစ်ဘူး .."

ပြန်ပြောသောလေသံက အကောင်းကြီး ...။

"ဖြစ်ဖြစ် .. မဖြစ်ဖြစ် သွားလာလှုပ်ရှားရင် တစ်ယောက်ယောက်ဟည်းမသွားပါနဲ့ဆို ကိုလေးရာ .. မျက်လုံးကြောင့်ပြောတာကို .."

နောက်ထပ် အော်ထုတ်မှာလည်းစိုးကာ "မရှေး ကျွန်တော်သွားဦး" ဟု တစ်ခါတည်း ပြောခဲ့ပြီး မြန်မြန်ထွက်ရသည်။ တစ်ခုခုဆိုတာတော့ သေချာပါသည်။

ရှေး က ထမင်းပန်းကန်တွေ မြန်မြန်သွားထားပြီး ရေအိမ်က အထွက်ကို စောင့်နေရင်း ကြာနေသဖြင့် ...၊

"ကိုလေး .."

"...... ...... ......"

"ကိုလေး .."

"...... ...... ......"

ဒုက္ခပဲ .. ခုန ဝါဆို မေးတုန်းကတော့ အကောင်းပါ။

အနားကပ်မသွားသင့်ပေမယ့် စိတ်ပူလာကာ တံခါးကိုတောင် နားနဲ့ကပ်လိုက်မိလျက် ...။

"ကိုလေး .. ကိုလေး အထဲမှာဘာဖြစ်နေလဲ .. အသံပေးလေ"



"...... ...... ......"

ရှေး မျက်လုံးပိုပြူးလာ၏။ စေ့ပိတ်နေသည့်တံခါးရွက်နားမှာ ကပ်၍ လက်နဲ့ပဲ ထိုးကော်ဖွင့်တော့မလိုလို၊ ပျာယီပျာယာ ဖြစ်နေစဉ်...။

"ဒုန်း ..."

"အား ... သေပြီ ..."

တံခါးကပွင့်လာပြီး လူကို ရင်ဘတ်ကနေတွန်းပစ်လိုက်သလို ဖြစ်သွားကာ ကိုယ့်ကိုယ်ကိုယ် ဖင်ထိုင်လဲမသွားအောင် ထိန်းရင်း၊ နံရံဘက်ကို အင့်ခနဲကျသွား၏။

"ဘာဖြစ်တာလဲ .."

အထဲက ထွက်လာတာ အကောင်းတိုင်းကြီးနှင့် မေးလိုက်တာ သူကပဲ တစ်ပြန်စီး ...။

"ဘာဖြစ်တာလဲ ဟုတ်လား .. အဲလို တမင်လုပ်ပစ်ချင်တာလား၊ ဘာဖြစ်လို့ အသံမပေးဘဲ ငြိမ်နေတာလဲ၊ မင်းနာမည်ကို ခေါ်လို့ကောင်းလွန်းလို့ ခေါ်နေတယ်မထင်နဲ့ .."

"ဘာကြောင့်ခေါ်ခေါ် ငါ ထူးချင်မှထူးမှာပေါ့၊ နာမည်ခေါ်တာရော .. ဒီလောက်ကပ်ခေါ်စရာလိုလို့လား"

"ကပ်ချင်လွန်းလို့လေ .."

"ကိုယ့်ဝါသနာကိုယ်သိမှာပေါ့ .."

"ကိုလေး .."

"ဘာလဲ .."

ရှေး ကိုယ့်ပခုံးလေးကို နှိပ်ထားရင်း ဒေါသနှင့် ဆောင့်ခေါ်မိကာ "မင်း လူနာဖြစ်နေလို့သိလား .."

သူက ရှေး ရဲ့ဘေးကနေ ရှေ့ကိုရောက်သွားပြီးမှ ပြန်လှည့်ကြည့်၍...

"ပြောပါ .. မဟုတ်ရင် ဘာလုပ်ချင်လို့လဲ .."

ပတ်တီးစည်းထားသည့်မျက်နှာက ရှေး ပြောချင်သည့် ဒေါသ

www.burmeseclassic.com



စကားတွေကို အရှိန်လျော့ကျစေခဲ့လျက် ..၊

"ဘာမှမလုပ်နိုင်သေးတော့ မေးမနေနဲ့ .."

ပြောလိုက်ရင်း သူ့လက်မောင်းကို ဆွဲထားလိုက်ရကာ ..

"ဒီဘက်နည်းနည်းတိုးလျှောက် .. ဟိုဘက်က ခုနတင် ကွန်ပျူတာပုံးကြီးထဲက အတိုအထွာတွေ သွန်ချထားတာ .."

"သိတယ် .. လက်တွေ့ကျကျကိုသိထားတာ .."

"ဟင်!..."

သူ ဘာပြောလိုက်မှန်းမသိဘဲ ဟိုဒီလိုက်ကြည့်မိလျက် သူ့ရဲ့အိမ်စီးဖိနပ်တစ်ဖက်ကို ထိုအပုံနဲ့ခပ်လှမ်းလှမ်းကြားထဲမှာ တွေ့လိုက်ရ၏။

ငုံ့ကြည့်လိုက်တော့ သူ့ခြေထောက်မှာ ရေအိမ်စီးဖိနပ်ကြီးနဲ့ ..

"ဖိနပ်က ဘာဖြစ်လို့လဲ"

"မသိဘူး ခြေထောက်ကိုစူးသွားလို့"

ဘုရား ....။

ဒါလည်း သူမကြောင့်ပဲမို့ ရှေး ထိတ်လန့်သွားမိ၏။

"သံများစူးသွားသလား .. အဲဒါ အဲဒါတွေကို ငါ ရှင်းမလို့ဆို ထုတ်လိုက်တာ .."

ပြောလည်းပြောရင်း ပြေးသွားမိသည်။ ပြီးတော့ ချွတ်ထားခဲ့သည့် ဖိနပ်ကိုကောက်ယူကြည့်လိုက်လျှင် တစ်တောင်လောက်သံချောင်း သေးသေးလေးကို အဖျားကောက်ထားသည့်ဘက်က ဖိနပ်ကို ဖောက်ဝင်ထား၏။

"ဘုရား .. ဘုရား .."

ရှေး ချက်ချင်း ထပြေးလာပြန်ကာ ....

"ခြေထောက်ပြစမ်းပါ၊ ဘယ်ခြေထောက်လဲဟင် .. တော်တော်စူးသွားသလား .."

"တော်တော်မစူးလို့ ဒီအတိုင်းရပ်နေတာပေါ့၊ ဘာလဲ မင်း ငါ့ရှေ့မှာ ငုတ်တုတ်ထိုင်နေတာလား၊ ဒီတစ်ခါဆို ခေါင်းတက်နင်းမိမှာနော်၊



ပြီးမှ အသံဗြဲနဲ့ မအော်နဲ့ .."

ရှေး ပြန်ထရပ်ကာ သူ့ကိုတွဲ၍ ရေချန်းပြန်ခေါ်လာခဲ့သည်။ သို့သော် သူ့ခြေထောက်နားမှာ ပြန်ထိုင်ချလိုက်ပြီး ဖိနပ်ချွတ်ကြည့်လိုက်လျှင် ...

"ဟင် .. သွေးတွေ"

"ဖိနှင်းဟားမှတော့ ပေကျံနေမှာပေါ့၊ မင်း .. ငါ့ခြေထောက်ကို ကိုင်ပြီး ငါ့ကို ထမင်းကျွေးမလို့လား .."

"မဟုတ်ပါဘူး .. ဆေးထည့်ပြီး သေချာသွားဆေးမှာပါ .."

"ဘာမှမဖြစ်ဘူး၊ လုပ်မနေနဲ့ .."

"ခဏလေးပဲ .."

ခုန ရန်တွေ့ကောင်းခဲ့တာ သူမ မဟုတ်သလိုပင်။ ခြေထောက်ကို သန့်စင်ပြီးမှ ဆေးထည့်ပေးသည်။ ပြီးတော့ သူမပဲ တဖျစ်တောက်တောက်။

"ငါ့ကြောင့် .. ငါချည်းပဲမှားနေတာ .. မင်းကို ငါ တောင်းပန်ပါတယ်၊ မင်း ဒေါသကြီးတတ်ပေမယ့် ဒုက္ခတွေ့ကြတိုင်း ငါ့ကြောင့်ချည်းပဲ"

"ဘာလဲ ငိုတော့မလို့လား .."

"မဟုတ်ပါဘူး .."

သူမ ငိုသံတွေပါနေခဲ့လျက် မငိုပါဘူး ငြင်းနေသေးသည်။ ပြီးတော့ —

"ငါ .. ထမင်းအသစ် နယ်လာခဲ့မယ်၊ နယ်ပြီးသားတွေက တော်တော်ကြာနေပြီ .."

သူမ တလွှားလွှားနှင့် ကိုင်နေတာကို နားစွင့်ရင်း အကဲ နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ချက်ထင်ခဲ့ပြီးတော့ သူမအနားပြန်ရောက်လာမှ ...

"ဘာဟင်းလဲ .."

"ကြက်သားကြော်နဲ့ ကြက်ရိုးဟင်းချိုလေးချက်ထားတာ ဟင်းတွေကိုတော့ ဘာနဲ့မတည့်မှန်းမသိလို့လေ .."

"ရှောက်ရွက်နဲ့ရတယ် .."

"အင်း .. မကြိုက်ဘူးလား .."

www.burmeseclassic.com

www.burmeseclassic.com



"မကြိုက်ဘူး .."

"ရတယ် .. အိုးထဲမှာ ရောက်ရှက်မခတ်ရသေးတာ ရှိသေးတယ်၊ ငါက မင်းညှိနှံ့တွေ ဘာတွေ ရမှာစိုးလို့ .."

"မင်း ငါ့ကို မင်းနဲ့ ငါနဲ့ ပြောရဖို့အတွက် အသက်လိမ်ထားတာလား"

ဟင် !...

သူ ထမင်းစားဖို့ ကြက်သားဖဲ့ပြီး ခွန်းပေါ်တင်လိုက်ရင်း ရှေး တုံ့ခနဲ ဖြစ်သွားသည်။

"ပြောစမ်းပါ .. ငါ့ထက် ကြီးချင်ရတဲ့အကြောင်း .."

"ကြီးမှ အကြီးလိုမျိုး ပြောလို့ရမှာပေါ့၊ မင်းလောက် မောက်မာတာ မင်းပဲရှိတယ်၊ မင်းထက် အသက်ငယ်မှန်းသိရင် .."

"ဘာ .. မင်း ငါ့ထက်တောင်ငယ်တယ် ဟုတ်လား၊ ငါ့အသက် မင်းသိတယ်ပေါ့ .."

"ဝါဆို ပြောပြတာ .. အဲဒါကြောင့် ငါက မင်းထက် သုံးနှစ်လောက် ပိုကြီးတယ်လို့ပဲပြောလိုက်တာပါ၊ ငါ့အသက် ဘယ်လောက်လို့ တမင် လိမ်မပြောခဲ့ပါဘူး .."

"ဘာထူးသေးလို့လဲ .. မင်း"

ပြောပြီး အကဲ ခပ်ကြိတ်ကြိတ် တက်ခေါက်၏။

"ပြောတိုင်းယုံတဲ့ ဟိုသတ္တဝါလေးလည်း လာပေ့စေဦး၊ ဒီလောက် ကွာဟပြီးပြောထားတာတောင် ယုံရတယ်လို့ .."

"မင်းက သူဌေးသားဆိုတော့ နနဖက်ဖက်နဲ့ကိုး၊ ငါက တောသူ ဆိုတော့ ရင့်လို့ဖြစ်မှာပေါ့ .."

"ရှေးရိုးပန်းချီ"

"ချွင် ..."

"ဟဲ့ .. ကုန်ပြီ .."

ခွန်းကိုင်လိုက်ကာမှ လက်ကို လှမ်းတို့လိုက်သဖြင့် ထမင်းတွေနဲ့



ခွန်းက ချွန်းခနဲပြုတ်ကျသွား၏။ သို့သော် ရှေး ခွန်းပြန်မကောက်ရသေး ခင် အကဲ က လက်ကို ဖမ်းဆုပ်ထားလိုက်၏။

"ခုကစပြီး မင်းအသုံးအနှုန်းတွေကို ပြင်"

"ဘာပြင်ရမှာလဲ ငါက .."

"အဲဒါတွေတော်တော့ .. မင်းနဲ့ငါနဲ့ပြောပြီး လူကို ဘာတောင် အောက်မေ့နေသလဲ၊ ငါက မမြင်ရတိုင်း ခင်ဗျားတွေ ကျွန်တော်တွေနဲ့ ပြောမိလို့"

"အဲဒါရော ဘာဖြစ်လဲ၊ ငါ့လိပ်ပြာငါသန့်ချင်လို့ အစ်မကြီးလိုနေပြီး မင်းကို .. အဲ .. ရှင့်ကို ပြုစုနေတာလေ၊ ရှယ်တူ မတိမ်းမယိမ်းဆိုရင် တစ်ယောက်တစ်ခွန်းပြန်ပက်နေကြတာနဲ့ ဘယ်လောက်အဆင်ပြေမှာ လဲ၊ အသက်ကြီးပါတယ်ဆိုတာတောင်မှ လူကို ရှေး လို့ခေါ်ပြီး နိုင်ချင် တိုင်းနိုင် .."

"နိုင်နေတာမဟုတ်ဘူး၊ ငါ ဘယ်သူနဲ့ဖြစ်ဖြစ် ဒီလိုပဲ ပြောနေကျ"

"ပြောလို့ရတဲ့လူတွေနဲ့ပဲ ပြောနေရလို့ပါ .."

"မင်းကိုတော့ လာမပြောနဲ့လို့ ပြောချင်တာလား"

"ဟုတ်တယ် .. သူများပိုက်ဆံချမ်းသာတိုင်း ပြောချင်သလို ပြောဆို တာခံစရာလား၊ ကိုယ့်ဝမ်းကိုယ်ကျောင်း .. ကိုယ့်လမ်းကိုယ်လျှောက် ရတာ မဆိုင်တဲ့လူကို နိုင်ချင်လို့မရဘူး .."

"အခု .. မင်းကို ငါနိုင်ချင်တယ်၊ ငါ ဘာပြောပြောခံရမယ် ဘယ် လိုလဲ .."

"ခံနေရတာပဲလေ .. ဒါပေမဲ့ မင်း .. ရှင် .. ပိုက်ဆံချမ်းသာလို့ ငြိမ်နေတာမဟုတ်ဘူး"

"ဘာကြောင့်လဲ .."

"ဘာကြောင့်ဖြစ်ဖြစ်ပါ .. ရှင့်မျက်လုံးပြန်ကောင်းသွားတာနဲ့ အားလုံး ပြီးပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



အကဲ ဘက်က ငြိမ်ကျသွားသည်။ ရွေး သူ့လက်ကို ခါချပစ်လိုက်ပြီး ဖိတ်စင်ပြုတ်ကျကုန်တဲ့ာတွေ ရက်းလင်းရင်း ထမင်းကို ပြန်လုပ်နေရပြန်သည်။

စိတ်ကတော့ တိုနေပြီဖြစ်ကာ ...

"သူများပြောတာတွေကြားပြီး ဒင်းက စိတ်တွေဝဲ့နေတာကိုး၊ ဒါကြောင့် အိမ်သာထဲမှာ ဒေါသတွေပြပြီး ငါ့ကို ဒုက္ခပေးတာ၊ ဟွန်း လုပ်ထားပေါ့၊ လူမမာမို့ သည်းခံနေတာ၊ ပြန်ကောင်းသွားကြည့်ပါ"

"ထမင်းက ဒီနေ့စားမှာ .."

ပွစိရေရွတ်နေတုန်း အကဲ ဆီက ပျံ့လွင့်လာသည်။ ရွေး ကလည်း ဆတ်ခနဲလှည့်ကြည့်ကာ သူ့ကို မမြင်ရပေမယ့် ...။

"စားဖို့လုပ်နေတာပဲလေ .. ဘယ်နှစ်ခါရှိနေပြီလဲ၊ မြန်မြန်စားချင်ရင် များများမပြောနဲ့၊ ဒီတစ်ခါဆို .. ထမင်းက အစားထပ်ပြင်စရာမရှိတော့ဘူး .."

"အခု .. ငါပြောနေတာမဟုတ်ဘူး၊ မင်းပြောနေတာ၊ ကွယ်ရာမှာသွားပြီး ပေါက်ပေါက်ဖောက်နေတာ မနားဘူး .."

ကြည့်စမ်း .. ဒါလည်း သူပါတာပဲလား ...။

သင်းကလည်း ရှိသေသမှုတွေနဲ့ ပြောခဲ့ရတာကို အလျော်ပြန်လိုချင်နေတဲ့ပုံ ...။

ရွေး ကလည်း အဲဒီလိုတွေ မဖြစ်ချင်လို့ တမင်တကာ အစ်မကြီးလုပ်ခဲ့တာပဲ ...။

မဟုတ်ကြတော့ဘူးဆိုရင်တော့ ရတယ်လေ။ ဒီနေ့ကစပြီး တွေ့ပြီ။



အခန်း(၁၉)

"မနက်ဖြန် ပတ်တီးဖြည်ရတော့မှာနော် .."

"ဟုတ်တယ် ..."

ဖြေလိုက်ပြီး ဘာသံမှထွက်မလာသဖြင့် ဝါဆို က လှည့်ကြည့်ကာ...

"ဘာဖြစ်လို့လဲ မရွေး .."

"ပြန်ဖို့လေ .. ကိုလေး မျက်လုံးပြန်ကောင်းသွားရင် တို့လည်း ပြန်မှာ .."

"ဘယ်ကိုလဲ .. တောကိုတော့ မပြန်ချင်ဘူးဆိုပြီးတော့ .."

ရွေး က ငရုတ်သီးထောင်းနေရင်း သက်ပြင်းလေးချ၍ ...။

"အဲဒါ စဉ်းစားတာလေ .. ဒီက လစာလည်း ရှိနေပြီဆိုတော့ အပြင်မှာ နေဖို့တိုင်ဖို့လေးတော့ အဆင်ပြေပါပြီ။ ပိုက်ဆံတစ်ပြားမှ မရှိဘဲနဲ့တောင် သောင်တင်နေခဲ့သေးတာ၊ ရန်ကုန်မှာနေဖို့ကို မကြောက်ဘူး .. မောင်လေးနဲ့ မတွေ့တော့တဲ့အဖြစ်ကိုပဲ ညအိပ်ရာဝင်တိုင်း ငိုနေရတယ် .."

ဝါဆို က မုန်လာဥနီခြစ်ပေးနေရင်း စိတ်မကောင်းဖြစ်သွားသလို လှမ်းကြည့်၏။

"ငါလိုက်လာတော့ မောင်လေး တော်တော်ပျက်စီးနေတာ .."

"ဟင် .. မရွေး နဲ့ ရန်ကုန်မှာ ဆုံပြီးပြီပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



စကားထဲမှာ ပါခဲ့ဖူးသလား .. မပါခဲ့တာလားမသိ ..။

ထိုအဖြစ်ကို ဝါဆို ခုမှ သိခဲ့တာဖြစ်သည်။

"ဆုံမိတဲ့မနက်မှာပဲ သူ့ကို လူနှစ်ယောက်က လာခေါ်သွားလို့ ပါသွားတာ .."

"လူနှစ်ယောက်က ဘယ်လိုပုံစံတွေလဲ၊ လူဆိုးတွေနဲ့တူသလား၊ သူငယ်ချင်းတွေလား .."

"လူဆိုးလား .. လူကောင်းလားတော့ မသိဘူး၊ သူငယ်ချင်းတွေ မဟုတ်ဘူးဆိုတာတော့ သေချာတယ်၊ ပြီးတော့ .. သူ့ကို ကောင်းတဲ့ စကားလာပြောတာမဟုတ်မှန်းလည်း ငါ အကဲခတ်မိတယ်၊ ကြည့်ရတာ သူ့တို့ ပြဿနာတစ်ခုခုရှိထားကြတဲ့ပုံစံပဲ၊ ငါကလည်း မောင်လေး ဘာ တွေဖြစ်နေမှန်းပဲ သိချင်တာပါ"

"သူ ဘာမှမပြောပြဘူးလား .."

"ဟင့်အင်း .."

ရှေး က ရေတ်သီးခွဲခြမ်းထောင်းထားတာတွေကို ပန်းကန်လေးထဲ ထည့်လိုက်ပြီး ကြက်သွန်နီဥခွာပြီးသားတွေ လှီးဖို့ပြင်ရင်း ..။

"ပြောချိန်ကို မရလိုက်ဘူး၊ ငါ ရန်ကုန်ကို ရောက်ပြီး သူနဲ့တွေ့တာ စကား ခဏလေးပဲပြောရသေးတယ်၊ သူ အဲဒီလူတွေနဲ့ပါသွားပြီး ပြန်မလာ တော့ဘူး .."

"ပြန်လာမှာပေါ့ မရှေးရယ် .. မရှေး ကိုယ့်အိမ်မှာပဲ .."

"ဘုန်းကြီးကျောင်းမှာ သူပြန်လာတဲ့အထိ ဘယ်လို ထိုင်စောင့် ရမလဲ .."

"ဘုန်းကြီးကျောင်းမှာ .."

"ဟုတ်တယ် .. ဦးလေးဝမ်းကွဲဆိုတာလည်း အစက သူ့ကို လက်တွဲ ခေါ်သေးတယ်တဲ့၊ နောက်ကျမှ ပြန်လှည့်မကြည့်တော့တာတဲ့၊ အဲဒီ ကျောင်းက ကပ္ပိယက ပြန်ပြောပြတာ .."

"ဦးလေးကလည်း ဘုန်းကြီးကျောင်းမှာနေတာလား .."

"ဦးလေးက သုပဏ္ဏမှာနေတာပါ၊ ဆရာတော်က ရွာကျောင်းမှာ



ထိုင်ဖူးတဲ့ ဆရာတော်ဆိုတော့ အားလုံးနဲ့ ရင်းနှီးတယ်လေ .. မောင်လေးနဲ့ ဦးလေး ရန်ကုန်ရောက်ကာစက ခဏခဏသွားလည်ကြတယ်၊ ဆရာတော့် ကို ဖူးရင်း ဝင်ထွက်စားသောက်နေကျတဲ့၊ နောက်တော့ မောင်လေးတစ်ယောက် တည်း နေစရာမရှိလို့ နေပါရစေဆိုပြီး ရောက်လာတာ .."

"အဲဒါလည်း ဦးလေးက တာဝန်ခံခေါ်သွားပြီး ဂရုမစိုက်လို့လားမှ မသိတာ .. မရှေး ရဲ့မောင်မှာ ရင်းဖို့နှီးဖို့ငွေတွေ ပါသွားတာဆို .."

"မဟုတ်ပါဘူး ဝါဆို ရယ် .. ဟိုရောက်တာနဲ့ မောင်လေး ပြောပြ ပါတယ်၊ သူမကောင်းတာပါတဲ့၊ ဦးလေးကြောင့်ဆိုရင် သူ ပြောပြမှာ ပေါ့၊ သူ လူပေါင်းမှားလို့ ငွေတွေကုန်ပြီပဲပြောတယ်၊ တကယ်ဆို .. ငွေတွေကုန်လို့ ကြောက်ရွံ့နေတဲ့မောင်လေးကို ငါက အားပေးရမှာ"

သူကလည်း ငွေတွေကုန်ပြီဆိုတော့ ရှိသမျှကုန်ပါပြီဆိုပြီး ကြောက် နေတဲ့သူ့ကို ပိုပြီး ထိတ်လန့်ဖျာများသွားအောင် ဆူလိုက်မိသေးသည်။

"ကျွန်တော် မှားပါတယ် မမရယ် .. ကျွန်တော် သူတို့ပြောတာကို အဟုတ်ကြီးထင်ပြီး ပါသမျှပိုက်ဆံတွေ ထည့်ရင်းလိုက်မိတာ" ဟု တောင်း ပန်နေသည့်ကြားက ဆူမိ၏။

"ဒါပေမဲ့ .. ငါ ပြန်သတိရပါတယ်၊ မောင်လေး ဟိုလူတွေနဲ့ပါ သွားတော့ ပြန်လာရင် မောင်လေးကို ငါ မဆူတော့ဘူးလို့လည်း ဆုံးဖြတ် ထားတာပါ"

"သူ ပြန်မလာတော့ဘူးပေါ့ .."

"ဟုတ်တယ် .."

ရှေး ငိုသံတွေပါနေပါပြီ။

"သူ ပြန်မလာတော့ဘူး၊ ငါ စောင့်နေရင်းနဲ့ ညနေသာစောင်းသွား တယ် ပြန်မလာတော့ဘူး၊ အဲဒါနဲ့ ငါ ဆရာတော့်ကို လျှောက်ပြီး ထွက် လိုက်လာခဲ့တာ .."

"မရှေး က ရန်ကုန်ကို တစ်ခါမှမရောက်ဘူးဘဲနဲ့လား .."

"ရန်ကုန်မပြောနဲ့၊ မြို့ဆိုရင် ငါကျောင်းတက်တဲ့မိတ္ထီလာတောင်မှ ကျောင်းဆိုကျောင်းကိုပဲ ရောက်ဖူးတာ .."

www.burmeseclassic.com



သုမမောင်လေးနောက်ကို လိုက်ခဲ့တော့ လူနေရပ်ကွက်တစ်ခုကို အရင်ဖြတ်တက်ခဲ့တာဖြစ်သည်။ ကားတွေ လူတွေ ရှုပ်ရှုပ်ယှက်ယှက် ဘာမှ မတွေ့သေးသရွေ့ အလင်းရောင်ရှိနေတာကို အားကိုးပြီး မကြောက်မရွံ့ လျှောက်သွားနေခဲ့သည်။

မိုးချုပ်တော့မည်ဆိုတာ မှောင်ရီပြိုးဖျ အလင်းဖျော့ကောင်းကင်ကြီးမျက်နှာညိုလာမှ သတိရသည်။ ထိုအချိန်မှာ ခြေထောက်တွေ ညောင်းကိုက်နေပြီဖြစ်ကာ ဘယ်တွေရောက်နေပြီမှန်းလည်းမသိ။

သုမမှာ ကချင်လွယ်အိတ်လေးတစ်လုံးနှင့် ပိုက်ဆံအိတ်လေးတစ်လုံးပဲပါသည်။ ဆံပင်ရှည်တွေ ကျောနောက်မှာစုစည်းထားလျက် ချည်ထည်ထမီလေးနှင့် သုမကို မျဉ်းကျားကမကူးလို့ ဖမ်းလိုက်တော့ ပတ်ဝန်းကျင်လူတွေအားလုံးက သတိထားမိကုန်ကြသည်။

ထိုလူတွေထဲမှာ ကိုယ့်ကို တောသူမလည်မဝယ်လို့ သိပြီး ကြံစည်ချင်တဲ့သူတွေ ပါနေခဲ့မှန်း သုမမသိခဲ့။

"ငါ့ကို ကားပေါ်အတင်းတက်ခိုင်းတဲ့လူတွေကို ပါးရိုက်မလို့ လုပ်သေးတယ်၊ အဲဒီအချိန်မှာ ငါ့အမေအရွယ် အဒေါ်ကြီးတစ်ယောက်က ငါ့လက်ကိုဆွဲထားပြီး သူတို့က ယာဉ်ထိန်းရဲတွေတဲ့၊ လူကူးမျဉ်းကျားက မကူးလို့ ငါ့ကိုဖမ်းကြတာတဲ့၊ မလုပ်ရဘူးလို့ သူက သတိထားတယ်၊ အဲဒီမှာ ငါ သူနဲ့ သိသွားတာ .."

ကားပေါ်ပါသွားခဲ့ကြတဲ့လူချင်း ရင်းနှီးသွားကြတော့ ကိုယ့်အမေအရွယ်လောက်ဆိုသည့်အသိက အန္တရာယ်ကို မရှောင်ရှားနိုင်ဘဲ ဖြစ်သွားခဲ့ရင်း ...။

ထိုမိန်းမကြီး လမ်းပြခေါ်သွားသည့်အတိုင်း ဖဝါးထပ်မျှ လိုက်ပါသွားခဲ့သည်။ သုမရောက်သွားခဲ့တာက ကိုယ်ခန္ဓာရောင်းစားကြသည့် မိန်းကလေးများစုဝေးရာသို့ ...။

"မရွှေး အဖြစ်ကလည်း ရင်သိမ့်တုန်ပါလား .."

"ဟုတ်တယ် .. ငါ အဲဒီကနေ လွတ်အောင် မနည်းပြေးလာရတာ ငါ့မှာပါလာသမျှ ပိုက်ဆံနဲ့ ပစ္စည်းအတိုအထွာလေးတွေ ဘာတစ်ခုမှ



ပြန်မယူနိုင်တော့ဘဲ ဖိနပ်တောင်မပါဘဲ ပြေးခဲ့ရတယ် .."

ပြောပြနေရင်း ဝါဆို အားမှာပဲ ပြန်ထိုင်လိုက်ပြီး ဆေးကြောစရာတွေကို စုထပ်သိမ်းရင်း ...၊

"ငါလည်း ယောကျ်ားလေးတစ်ယောက်ဆီက ပိုက်ဆံကို ဘယ်ယူရဲပါ့မလဲ ဝါဆို ရယ် .. အဲဒီတုန်းကဆို ကားပေါ်မှာ ယောကျ်ားတွေ သုံးယောက်တောင်မှ .."

သူတို့ဆီက ပိုက်ဆံယူသွားသည့်အဖြစ်ကို ရည်ရွယ်မှန်း ဝါဆိုသိလိုက်ကာ ...၊

"ဒါကတော့ မရွှေး မမှားပါဘူးဗျာ၊ မရွှေး သတ္တိရှိတာ အဲဒီမှာတည်းက ကျွန်တော်တို့က သိပါတယ်၊ တက္ကစီဒရိုင်ဘာကိုလည်း ကိုလေးပိတ်ပြောပစ်လိုက်သေးတယ်၊ ဘယ်လိုမိန်းကလေးမျိုးပဲဖြစ်နေနေ ကိုယ့်ရှေ့မှာ ဒုက္ခရောက်နေတာမြင်ရင် ဘယ်ယောကျ်ားဖြစ်ဖြစ် ကူညီမှာပဲ၊ နှာဘူးဖြစ်ဖြစ် ဂန်ဒူးဖြစ်ဖြစ် မိန်းမသားတစ်ယောက်ကို ကူညီချင်တဲ့စိတ်က အရင်ဖြစ်တာပါ .."

ရွှေး က မျက်ရည်တွေပြည့်နေသည့် မျက်ဝန်းလေးတွေနှင့် မော့ကြည့်ပြီးမှ မျက်တောင်တွေခတ်ပစ်ရင်း ပြန်ငုံ့သွားရှာသည်။

"ဟုတ်ပါတယ် .. ငါလည်း သန့်သန့်ရှင်းရှင်း အကူအညီပေးတာမျိုးကို မယူရဲစရာမရှိဘူးဆိုတဲ့စိတ်မွေးပြီး မရှက်တတ်တဲ့မျက်နှာနဲ့ ယူခဲ့ရတာပါ၊ ကားပေါ်ကဆင်းခဲ့တဲ့အချိန်မှာ ငါ့ကိုယ်ငါ ဘယ်လိုမိန်းမဖြစ်သွားပြီမှန်းတောင် မသိတော့အောင် ရှက်နေခဲ့မိတယ်၊ ဒါပေမဲ့ .. အဲဒီပိုက်ဆံလေးနဲ့ပဲ ငါ့ရဲ့မနက်ဖြန်အတွက် အားမွေးနိုင်ခဲ့တာ .."

"ကဲပါ မရွှေး ရာ .. စိတ်ညစ်စရာတွေထားလိုက်ပါ၊ မရွှေး အတွက် အစစအဆင်ပြေအောင် ဖုန်းတစ်လုံးဝယ်ပေးလိုက်တဲ့ ကိုလေး က ပြောနေတာ .."

"ဘယ်လို .."

"ဖုန်းလေ .. အခု ကျွန်တော်ကိုင်နေတဲ့ဖုန်းမျိုး၊ ကိုလေးက မျက်စိထိနိုက်မိတည်းက ဖုန်းမကိုင်တော့တာ .. သူ့ဆီမှာ ဖုန်းရှိတယ်၊ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဖုန်းမှလက်ခံမပြောဘူး၊ သူခေါ်ချင်မှကိုင်တာ .. ကြီးကြီးငယ်တို့က လည်း ဖုန်းမကိုင်ဖို့မှာလာတယ်လေ .. ပြောစရာရှိတာ ကျွန်တော်နဲ့ပဲ ကိုယ်တိုင်တွေ့ပြီးပြောတယ်၊ ဘယ်သူမှ မယုံရလို့တဲ့ ..”

ရွှေး က နားထောင်နေကာ ...၊

“ငါ ဖုန်းကိုင်ဖို့မလိုပါဘူး၊ မြို့မှ ငါနဲ့ပတ်သက်ဖို့ လူလည်းမရှိဘူး၊ မြို့မှာပဲနေတော့မယ်လို့လည်း မဆုံးဖြတ်ရသေးဘူး၊ ပြီးတော့ ..”

“ဘာလဲ .. ဖုန်းမကိုင်တတ်ဘူး ပြောမလို့လား၊ ကျွန်တော် သင်ပေးမှာပေါ့ ..”

ရွှေး က ခေါင်းတွင်တွင်ခါ၏။ သူမ ဒီမှာ ရှိနေဖို့ကလည်း အလွန်ဆုံးကြာမှ နှစ်ရက်ပါပဲ ..။

“ကျွန်တော်ပြောတာက .. မရွှေး ရဲ့မောင်လေးကို ရှာဖို့လည်း ဖုန်းရှိရင် ပိုအဆင်ပြေတယ်၊ သူလည်း ခုလောက်ဆို ဖုန်းတစ်လုံးလောက်တော့ရှိရင် ရှိနေမှာပေါ့၊ အလုပ်လုပ်ဖို့ မြို့ကိုရောက်လာပြီဆိုတည်းက ဖုန်းက ပထမဆုံးလိုအပ်သော ပစ္စည်းပဲ၊ သူ့မှာ ဖုန်းရှိနေရင် မရွှေး ကိုရှာဖို့ ကြိုးစားမှာပဲ၊ မရွှေး တို့မောင်နှမ ဖုန်းကြောင့် ပြန်တွေ့နိုင်တယ်”

ရွှေး စိတ်တော့ဝင်စားပေမယ့် မောင်လေးနဲ့သူမ အလွယ်တကူ ပြန်မတွေ့နိုင်ဘူးဆိုသည့် ပူလောင်သော ဖိစီးမှုတစ်ရပ်က နှိပ်စက်နေခဲ့၏။

ကိုယ်တိုင် လမ်းပေါ်ထွက်ပြီး ရွာရိုးကိုးပေါက်လျှောက်သွားပြီး ရှာတာတောင် မတွေ့ခဲ့ရသည့်အဖြစ်ကို မမေ့နိုင်သေး။ ပြီးတော့ သူတို့နဲ့ လမ်းခွဲထွက်ခဲ့ပြီဆိုရင်တော့ အလကားပေးကမ်းကူညီစာ ဘာတစ်ခုမှ ပါမလာစေချင်။

စကားပြောရင်း အလုပ်လုပ်နေရတာလည်း မတွင်ဘဲ ကိုယ့် အတွေးနဲ့ကိုယ် တိတ်ဆိတ်သွားခဲ့စဉ် ..။

“တင်းတောင် ...”

အခန်းရှေ့မှာ လူခေါ်ဘဲလ်တပ်ထားသဖြင့် ခေါ်သံက ကျယ်လောင်စွာ ဝင်လာသည်။ ထိုအချိန်မှာ ဝါဆို က လက်တွေ့ပေနေသဖြင့် ရွှေး ပဲ အပြင်ထွက်လာခဲ့ပြီး ...၊



“ဘာကိစ္စရှိလို့လဲဟင် ..”

အတွင်းတံခါးဖွင့်လိုက်တော့ ဘာ့ဂျာတံခါးရဲ့အပြင်မှာ အမျိုးသမီးတစ်ယောက်နှင့် အမျိုးသားတစ် ယောက် ..။ နှစ်ယောက်စလုံး၏ မျက်နှာတွေ တင်းနေလျက် ...၊

“ဒီက အညှော်လုပ်တာတွေ လွန်လွန်းလို့ လာပြောတာပဲ”

“ရှင် ..”

“ဒီမှာဟဲ့ .. လုပ်ချင်ရင် ကိုယ့်တိုက်ခန်းကို အလုံပိတ်ပြီးလုပ်၊ အပေါ်မှာနေတဲ့လူတွေက ညှော်ဖုံးပေါက်တော့မယ် ..”

“နေပါဦး အစ်မ .. ဒီအခန်းက ညှော်လုပ်နေတယ်လို့ ဘာဖြစ်လို့ တပ်အပ်ပြောနေတာလဲ၊ ကျွန်မတို့ဆီမှာလည်း မကျန်းမာတဲ့လူရှိတယ်၊ ဘာ အညှော်မှမလုပ် ..”

“ဟော့ .. ဟော့ .. မီးဖိုချောင်ထဲပြေးကြည့်လို့မရဘူးဆိုပြီး ဗလောင်းဗလဲတွေ ပြောမနေနဲ့ ..”

“ဟာ .. သိပ်ရတာပေါ့ ..”

ရွှေး ကပြောပြီး ဘာ့ဂျာတံခါးကိုပါ သော့ဖြုတ်လိုက်ကာ ..၊

“သွား ဝင်ကြည့်လိုက်လေ၊ ကြော်လှော်ထားတဲ့အိုးမြင်ရင် ကြိုက်သလိုလုပ်သွားလို့ရတယ်၊ မရှိဘူးဆိုတာသိရင်တော့ ရှင်တို့ ဒီတိုင်း ပြန်ထွက်သွားလို့မရဘူး၊ နှစ်ယောက်စလုံး လေးဘက်ထောက် ခွေးလိုအူပြီး ..”

“ကောင်မ .. နင် ခုချက်ချင်း တိတ်စမ်း၊ သတ္တိရှိရင် တံခါးဖွင့်လိုက်”

“ဖွင့်ပြီ ..”

ရွှေး က တံခါးကို ဂျိုင်းခနဲ အားစိုက်ဆွဲလိုက်လျှင် ...

“အား .. သေပြီ .. ညှပ်နေပြီ၊ လုပ် .. လုပ် ပြန်ဆွဲလိုက်စမ်းပါ..”

ယောကျ်ားကြီး လက်ညှပ်နေတာကို ဆွဲလည်းမထုတ်နိုင်ဘဲ ထခုန်မတတ်အော်၏။ အမျိုးသမီးပျာယာခတ်သွားကာ ..။

“ဟဲ့ .. ဟဲ့ကောင်မ ပြန်ဆွဲလိုက်စမ်း .. ခုဆွဲ ..”

“မဆွဲနိုင်ဘူး၊ တံခါးက .. ရှင့်လူလက်ကို လိုက်ညှပ်တာမဟုတ်

www.burmeseclassic.com



ဘူး၊ ကိုယ့်ဘာသာ မနေတတ်မထိုင်တတ် ..."

"ကြည့်စမ်း .. ငါ .. ငါ ပါးရိုက်လိုက်ရ .."

အမျိုးသမီးက လက်မြှောက်လိုက်ပြီးမှ မရိုက်ရဲဘဲ တက်ခေါက်နေလျှင် ရှေး က ခြောင်းခနဲ ရိုက်ချပစ်လိုက်၏။

"ဟော့ .. ကောင်မလေး နင် .. နင် .. စွာလှချေလား .."

"ဂျိမ်း ..."

သမီးလား၊ တူမလား ဘာတော်မှန်းမသိပေမယ့် အမျိုးသမီး ပါး ရိုက်ခံလိုက်ရသည်နှင့် လူကြီး ဒေါကန်သွားကာ လက်ညှပ်နေလျက်နှင့် တံခါးကို တအားလွှဲကန်ပစ်၏။

ရှေး က တံခါးကို ပြူးတူးပြဲတဲ လိုက်ငုံ့ကြည့်ကာ ...

"နောက်ထပ် .. ဒီတံခါးကို တစ်ခုခုလုပ်ကြည့်စမ်း၊ သူများစိတ်ကို လာပြီး ရိုက်ချိုးဖျက်ဆီးမှုတွေ ဆူပူရမ်းကားမှုတွေနဲ့ အချုပ်ထဲ တန်းစီ ဝို့ပစ်မယ် ဘာမှတ်နေလဲ .. ဟွန်း .."

တံခါးကို ဂျိမ်းခနဲ ပြန်ပိတ်လိုက်ပြီး မကျေနိုင် မချမ်းနိုင် ခါးထောက် လိုက်သေးသည်။ ပြီးမှ ဒီဘက်လှည့်လိုက်လျှင် ဝါဆို နဲ့ အကဲ ရဲ့ မချိ မချဉ်မျက်နှာတွေကို တွေ့ပြီး အို့တို့အမ်းတမ်းဖြစ်သွားခဲ့သည်။

"မရှေး .. ဟိုလူကြီးက တန်းလန်းကြီးနဲ့လား .."

"ဘာ ..."

"မဟုတ်ဘူး .. လက်ညှပ်လျက် တန်းလန်းကြီးနဲ့လားလို့ .."

"ဟုတ်တယ် .. သူ့ကိုပဲ ဒီက ပြန်ဆွဲထုတ်ပေးရဦးမယ်လို့၊ သေ လိုက်တော့ .."

အိမ်ထဲမှာပဲ ဒေါတွေကန်နေသေးသည်။ မီးဖိုထဲ ပြန်ဝင်သွားတော့ ဝါဆိုက အကဲ နားနားကပ်၍ ...၊

"ကိုလေး ကြားတယ်မို့လား .. ဆရာခေါ်လိုက်တော့ .."



အခန်း(၂၀)

"မပြောချင်ဘူး .."

"ပြောလိုက်ပါ ကိုလေးရာ .. ကိုလေးအတွက် ဒီအချိန်က အရေးကြီး သလို ကြီးကြီးငယ်အတွက်လည်း ကိုလေးဆီက စကားတစ်ခွန်းက သေရေး ရှင်ရေးပါ၊ ကြီးကြီးငယ်ရဲ့ရှင်သန်မှုအားလုံးက ကိုလေးပေါ်မှာပါ၊ ကိုလေး ကိုယ့်ဆန္ဒကို ခဏဘေးဖယ်ထားပြီး ပြောလိုက်ပါဗျာ .."

ဖုန်းကိုင်ရင်း ဝါဆို အတင်းတောင်းပန်နေမိသည်။ အကဲ က အံကြိတ်ထားသည့်မျက်နှာကို လွှဲ၍ တစ်ခွန်းဆိုတစ်ခွန်း နည်းနည်း လေးမှ ပြင်ဆင်ထုတ်ပြန်မည့်ပုံမပေါ်။

သူတို့မိသားစုကိစ္စဆိုပေမယ့် မပြောဆိုဘဲ ကြည့်နေရတာ ရှေး နေမထိထိုင်မသာ ဖြစ်လာခဲ့၏။ ဘေးမှာ ငုတ်တုတ်ထိုင်စောင့်နေရသည့် ဆရာဝန်နဲ့ နာ့စ်ကိုရော သူ့အပေါင်းအသင်း အစေအပါးတွေလို့ ထင် နေသလား။

"ကျွန်တော် .. ဒီပတ်တီးဖြေဖို့အတွက် စဉ်းစားစရာတွေ အများ ကြီးရှိသေးတယ် ဒေါက်တာ၊ ဒါအတွက် .. အချိန်ကုန်မခံပါနဲ့၊ ပြန်လို့ ရပါပြီ .."

www.burmeseclassic.com

www.burmeseclassic.com



"ပြန်သွားချင်တာပေါ့ မောင်ငယ်လေးရာ .. ဆရာက မင်းရဲ့ လူကြီးတွေ အဆမတန်ပေးထားတာကြောင့် မဟုတ်ပါဘူး၊ လူနာကို နားလည်ပေးဖို့ ကြိုးစားနေတာပါ၊ ငါ့တူကြီး ဒီမျက်လုံးကို ဒီတိုင်း ဆက်ထားရင် အန္တရာယ်ရှိတယ် .."

"ရှိပါစေ .. ကျွန်တော် အစတည်းက ဒီမျက်လုံးခွဲစိပ်ခံခဲ့တာ မေမေ့ဆန္ဒနဲ့ပါ၊ ဒါပေမဲ့ .. ကျွန်တော်ဖြစ်ချင်တဲ့ဆန္ဒကို တောင်းဆိုဖို့လည်းပါတယ်၊ ကျွန်တော် ဖြစ်ချင်တာကို ဖြစ်ခွင့်မရရင် ဒီမျက်လုံး ပြန်မြင်လည်းအလကားပဲ .."

ဖုန်း ဒီတိုင်းကိုင်ထားရတာမို့ ဒီကပြောနေသမျှကို ဒေါ်မြရင်ငယ်တို့လည်း ကြားနေရမှာပါ။ ကြားထဲက ဝါဆို ဘာဆက်လုပ်ရမှန်းမသိတော့ဘဲ ရှေး ကို လှမ်းကြည့်မိ၏။

ထိုစဉ် ဖုန်းထဲက အသံကြောင့် ...

"ဟလို ကြီးကြီးငယ် .."

"…. …. …."

"ကိုလေးနဲ့ .."

"မပြောဘူး .. မျက်လုံးပြန်ကောင်းခဲ့ရင် ကတ္တီပါစံအိမ်ကို ငါ ပြန်လာမယ်၊ အဲဒါ ခွင့်ပြုတယ်ဆိုရင် တစ်ခွန်းတည်းပဲ .."

"မိဘနဲ့စကားပြောတာ ရိုင်းလှချည်လား ကိုလေးရဲ့ .."

ရှေး ဘယ်လိုမှ မနေနိုင်တော့ဘဲ ...

"ရှင် စံအိမ်ကို ပြန်ပြီး ဘာလုပ်ချင်တာလဲ .."

"အဲဒါ မင်းနဲ့ဘာဆိုင်လဲ .."

"ကျွန်မလည်း .. ရှင်နဲ့ တစ်ခုခုပတ်သက်နေလို့ ဒီနားမှာ ထိုင်နေတာပဲလေ၊ ကတ္တီပါစံအိမ်ကို ပြန်ချင်တာက ရှင့်အမေအတွက်ပဲ မဟုတ်ဘူးလား၊ ရှင် .. ခုလိုလုပ်နေလို့ သူ တစ်ခုခုဖြစ်သွားရင် ရှင် ဘာပြန်လုပ်နိုင်လဲ"



မမြင်ရသည့်မျက်လုံးတွေက ဦးတည်ချက်မဲ့နေပေမယ့် ရှေး ကို ဒေါသတွေထွက်ရင်း မျက်နှာပူနေကာ ...၊

"မင်း နေရာတကာမပါနဲ့ ရှေး .."

"ပါချင်လို့ ပါနေတာမဟုတ်ဘူး၊ ရှင်နောင်တအကြီးကြီး ရသွားမှာ ကြိုမြင်လို့ ပြောနေတာ .. ရှင်ဖြစ်ချင်နေတဲ့ဆန္ဒတွေက ရှင့်မျက်လုံး ပြန်မကောင်းဘူးဆိုရင် .. ဒါမှမဟုတ် .. ရှင့် အမေမရှိတော့ဘူးဆိုရင်"

"မင်း တိတ်စမ်း .."

အကဲ အသံက မိုးကြိုးပစ်သံထက် ပြင်း၏။ ရှေး က တစ်ချက်တော့ တိတ်ကျသွားပေမယ့် ဝါဆို့ လက်ထဲက ဖုန်းကို လှမ်းကြည့်ပြီး ဝါဆို ကို မျက်ရိပ်ပြ၍ ...

"ဘာဖြစ်လို့လဲ ဝါဆို ဘာဖြစ်လို့လဲ .."

"ဒီ .. ဒီမှာ .."

ဝါဆို ရုတ်တရက် ဘာပြောရမှန်းမသိဖြစ်နေစဉ် ရှေး က ဆွဲယူလိုက်ကာ ..

"ဟလို .. ဟလို"

"…. …. …."

"ရှင် ဘာဖြစ်သွားတာလဲ ဒေါ်လေး၊ ဘာဖြစ်လို့လဲဟင် .."

ရှေး ရဲ့ 'ရှင်' ဆိုသည့် အထိတ်တလန့်အသံကြောင့် အကဲ ရဲ့ မျက်နှာ ဆတ်ခနဲလှည့်လာပြီး နားစွင့်နေ၏။ ရှေး က သူ့ဘက်ကိုလှည့်၍ ...

"ကဲ ရှင်ကျေနပ်သွားပြီလား .."

"မင်း ဘာပြောတာလဲ၊ ပြောစမ်း .. မေမေ ဘာဖြစ်သွားတာလဲ"

"မူးလဲသွားတယ်တဲ့၊ ရှင် ပြောချင်တယ်ဆိုလည်း ဟိုက မပြောနိုင်တော့ဘူး .."

"ရှေးရိုးပန်းချီ .. မင်း .."

www.burmeseclassic.com

www.burmeseclassic.com



အကဲ ဝုန်းခနဲထရပ်ကာ ဆုပ်ထားသည့်လက်သီးနှစ်ဖက်က ရှေး တို့ မှုန့်မှုန့်ညက်ညက်ကျေအောင် ထုချလိုက်တော့မယ် အတိုင်း ..။

ရှေး ကလည်း သူ့ဒေါသကို ကြောက်လန့်နှုတ်ဆိတ်ပေးမှာ မဟုတ်သည့် မာနနှင့် ..၊

"ရှင့်အမေ တစ်ခုခုဖြစ်ခဲ့ရင်ဆိုတာ ကြားတောင်မကြားရဲဘူး မို့လား၊ အခု သွားလိုက်လေ .. ဘာမှမမြင်ရတဲ့ဘဝနဲ့ ရှင့်အမေဆီ ပြေးသွားမှာလား .. တိုင်နဲ့ ခေါင်းနဲ့ ပြေးဆောင့်မှာလား .."

"ငါ .. ကွာ .."

"ဒုန်း .. ခွမ်း"

"ကိုလေး ..."

အကဲ ဘာမှန်းညာမှန်းမသိဘဲ ခြေလှမ်းကန်ပစ်လိုက်ကာ စားပွဲလည်း ဒုန်းခနဲခါသွားသလို လူပါပြိုလဲသွားခဲ့၏။ ခေါသွားထက် လျှာစောင်းပိုထက်သည်ဆိုသည့်စကားက ဒီနေရာမှာ သက်သေပြ၍ ..



အခန်း(၂၁)

"ဘာတွေဖြစ်ကုန်တာလဲဟင် ငွေနှင်း .."

ဖုန်းထဲက ဆူညံသံတွေနှင့်အတူ ဝါဆို က ဖုန်းကိုပိတ်ပစ်လိုက်သဖြင့် ဒေါ်မြရင်ငယ် ဘာကို နားလည်ရမှန်းမသိတော့အောင် ဖြစ်သွားခဲ့၏။

ဒေါ်ငွေနှင်း ကတော့ မိခင်ဖြစ်သူ ဒေါ်မြရင်ငယ် လောက် ကဃောင်ကတမ်းဖြစ်မနေခဲ့သည်မို့ အခြေအနေကို တွက်ဆကာ ..၊

"ဘာမှမဖြစ်နိုင်ပါဘူး၊ အားလုံးကောင်းသွားမှာပါ၊ ဝင်ပြောပေးတဲ့မိန်းကလေးကို လူလေးက အလေးထားတဲ့ပုံပဲ .."

"သားလေးကို ပိုင်ပိုင်နိုင်နိုင်ဝင်ပြောရဲတာ ဘယ်က မိန်းကလေးလဲ .. ဘယ်သူမှ သားကို အဲလို မပြောရဲဘူး၊ ပြောရလောက်အောင် အဲ့လောက်ထိ ရင်းနှီးတဲ့ မိန်းကလေးလည်း သားမှာ မရှိပါဘူး .."

"မမကြီးကို ကျွန်မ ဟိုတစ်ခါပြောဖူးတဲ့ အလုပ်သမားခေါ်ထားတဲ့ မိန်းကလေးဆိုတာပဲ ဖြစ်မှာပါ"

"ဟင် .. ဒါ ဒါ အလုပ်သမားအသံလား"

"ဟုတ်တယ် မမကြီးရဲ့ .. တောကတဲ့"

"တောက .."

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်တာ ...။

ထပ်မေးလိုက်ပြီးမှ ကိုယ့်ဘာသာ အတည်ပြုမိ၏။ အလုပ်သမားလေးသံမျိုးလည်းမဟုတ်၊ တောသံလည်းမပါ။

"မမကြီးက .. ဘာတွေစိတ်ပူနေတာလဲဟင်၊ လောလောဆယ်သူ ပြောပေးလိုက်တာ လူလေး နားလည်သွားတဲ့ပုံပဲ .."

"ငါတော့ .. အဲ့ဒီမိန်းကလေးကို သားက ကိုင်ပေါက်ပစ်လိုက်ပြီထင်တာပဲ"

"မဟုတ်လောက်ပါဘူး၊ လူလေးက စိတ်ဆတ်ပေမယ့် ကိုယ့်ထက်အားနည်းတဲ့သူအပေါ် အထူးသဖြင့် မိန်းမသားတစ်ယောက်ကို ကိုယ်ထိလက်ရောက် နာကျင်စေတာမျိုး လုပ်မှာမဟုတ်ဘူး၊ ကျွန်မ ယုံတယ်၊ အဲဒီကိစ္စရဲ့နောက်မှာ သူတို့ အဆင်ပြေသွားမှာပါ .."

"ငါ့ကို .. မူးလဲသွားပြီလို့ ဟိုမိန်းကလေးပြောလိုက်တာ နင် ကြားလိုက်သေးလား .."

ငွေနှင်း က ပြုံးလိုက်ရင်း ဒေါ်မြရင်ငယ် လက်ကိုတွဲ၍ ပြတင်းပေါက်နားကနေ အိပ်ရာဆီ ပြန်ခေါ်လာပြီး ...။

"ကြားတာပေါ့ မမကြီးရယ် .. ဒီကောင်မလေးဉာဏ်ကောင်းလို့ မမကြီးရဲ့သားငယ်လေးကို ချက်ကောင်းထိသွားအောင် ပြောနိုင်တာ၊ မမကြီး စိတ်ချနေပါ၊ ခုလောက်ဆို .. လူလေး ပတ်တီးဖြည်နေပါပြီ၊ မျက်လုံးလည်း ပြန်မြင်ရမယ်ဆိုတာ ကျွန်မယုံတယ်"

"ငါလည်း .. သားလေးပြန်ကောင်းသွားမယ်ဆိုတာ သိတယ်၊ ဒါပေမဲ့ .. ဒီကို ပြန်မလာစေချင်လို့ သူပြောတဲ့အတိုင်း မလိုက်လျောနိုင်တာ .. ခုနေသာ သားပြန်လာရင် အမေက သူ့ကို တန်းခေါ်သွားမှာ .. ပြီးရင် ကတ္တီပါစံအိမ်ရဲ့ထုံးစံကလနားတွေနဲ့ လက်ထပ်ပွဲကြီး ကျင်းပမယ်၊ ပြီးရင်တော့ .."

ဒေါ်မြရင်ငယ် ခံစားချက်တွေနဲ့ ရင်တစ်ခုလုံး ပူလောင်မွန်းကျပ်



နေခဲ့လျက် ...။

"သားလေးနဲ့ လက်ထပ်ခဲ့တဲ့ မိန်းကလေးက သူ့ကလေးအတွက်အခု ငါပူနေရတဲ့သောကမျိုးနဲ့ တစ်ဘဝလုံး လုံးထွေးပူလောင်နေရတော့မယ်၊ အကယ်၍ လင်း ကသာ အိမ်ထောင်ကျပြီး သားလေးမွေးခဲ့မယ်ဆိုရင်လည်း .."

"တော်ပါပေတယ် မငယ် .."

"ဖြောင်း .. ဖြောင်း .. ဖြောင်း"

စိတ်မပါသောလက်ခုပ်တီးသံ တဖတ်ဖတ်က ခိုတွေ ကျီးတွေခြောက်လှန့်တ်သည့်အသံမျိုးပဲ ထွက်ပေါ်လာကာ ...။

"ကတ္တီပါစံအိမ်ကြီးရဲ့ ကျက်သရေမင်္ဂလာအဖြာဖြာကို ခင်ဗျားက ဒီလို ချိုးဖွဲ့တွေးနေခဲ့တာကိုး .."

ဦးရာဇနွယ် နှင့်အတူ ဒေါ်စန္ဒီလင်း လည်း ပါလာသည်။ ထို့ပြင် စံအိမ်ရဲ့အိမ်တော်ထိန်း ဦးလွန်း လည်းပါလျက် ...။

"ဦးလွန်း တွေ့တယ်နော်၊ မဟာဆီ ဗမာသွေးဆိုတဲ့ ဒေါ်မြရင်ငယ်လေး သူ့စိတ်ထဲမှာ ဘာတွေရှိနေခဲ့သလဲ၊ အခု ဘာတွေကြံစည်လုပ်ဆောင်နေသလဲဆိုတာ .."

ငွေနှင်း ထိတ်လန့်သွားကာ ဒေါ်မြရင်ငယ် မျက်နှာမှာ မမြင်ဖူးခဲ့သော အေးစက်တင်းမာမှုတို့ လွှမ်းခြုံနေခဲ့ပြီ။

"ဝါးတစ်လုံးကိုတောင် လူတွေအသုံးပြုတဲ့အခါ အတွင်းထရံ၊ အပြင်ထရံဆိုပြီး ကွဲပြားသွားတယ် ကိုနွယ်၊ ငါ ဒီစံအိမ်ကြီးမှာ နေနေသမျှ ဘယ်သူ့အပေါ်မှ မကျေနပ်ချက်နဲ့ မကြည့်ဘဲ ပြောဆိုနေထိုင်ခဲ့တာပါ၊ ငါ့ဆန္ဒ ဘယ်လိုရှိနေသလဲဆိုတာ ဘယ်သူနဲ့မှ မဆိုင်ဘူး .."

"ခင်ဗျားက .. ဒီလိုနည်းနဲ့ အတွင်းထရံ၊ အပြင်ထရံ ခွဲခြားထားခဲ့တာလား၊ စကားဆိုတာ ပြောတိုင်းရပါတယ်"

"ငါကတော့ .. ပြောလို့ရတိုင်း မပြောဘူး၊ ကိုယ်ပြောတဲ့စကား

www.burmeseclassic.com

www.burmeseclassic.com



အတွက် တာဝန်ယူစိတ်နဲ့ယှဉ်ပြီး ပြောခဲ့တာ .."

"ဒါဖြင့် .. ဒီစံအိမ်က ထုံးတမ်းစဉ်လာတွေအတိုင်း နေပါ့မယ်ဆိုတာက အမွေတွေလွှဲပေးမယ့်အချိန်ထိ တာဝန်ယူထားတဲ့စကားလား.."

ဒေါ်မြရင်ငယ် က ဦးရာဇနွယ် ကို သနားသည့်အကြည့်နှင့် စိုက်ကြည့်၏။ ပြီးမှ ...

"အမွေတွေ လွှဲပေးမယ်ဆိုတာ ဘယ်အချိန်လဲ ကိုနွယ် .. မင်းသိထားရင် ပြောစမ်းပါ .."

ဦးရာဇနွယ် ကြောင်တောင်တောင်ဖြစ်သွားသည်။

"ငါ့သားက အမွေဆက်ခံဖို့ခွင့်ရှိနေတဲ့သူပါ၊ ပြိုင်ဘက်မရှိ .. အချိန်မရွေး သူလိုချင်ချင် မလိုချင်ချင် ကဏ္ဍပါစံအိမ်ရဲ့ မွေခံထိုက်သူပဲ .."

မျက်နှာတည့်တည့်ကြည့်ပြောနေသဖြင့် ဦးရာဇနွယ် ဒေါ်သချောင်းချောင်းထွက်လျက် ...၊

"အဲဒါတွေ ခင်ဗျား အပိုင်သိပြီး အကဲ ကို အပိုင်သိမ်းထားချင်တာလေ .. မဟုတ်ဘူးလား .."

"ဟင် .. ဘယ်လို .."

ဒေါ်မြရင်ငယ် အံ့ဩသလို ပြန်ကြည့်လိုက်က ...

"အပိုင်သိမ်းနေရအောင် ဘုရင်ငယ်လေးက ဘယ်သူ့သားမို့လို့လဲ"

ဦးရာဇနွယ် အရှိုက်ထိသွားသည်။ တကယ် ခံစားနေရတာက သူ့သားကို ကိုယ်နဲ့ ဘယ်လိုမှ သက်ဆိုင်ခွင့်မရှိအောင် သွေးထိုးစည်းခြားထားခဲ့ခြင်းကိုပါ။

ဒါပေမဲ့ နှုတ်ကနေ ဘာတွေပြောထွက်ကုန်သည်မသိ ...။

"အဟွန်း .. မသိအောင် ချောင်းနားထောင်ရလို့ မင်း နားကြားမှားတာဖြစ်မှာပါ၊ တို့ပြောနေတာ အမွေကိစ္စမဟုတ်ဘူး"

"မငယ်က ဒီလိုပြောရင် .. အိမ်တော်ထိန်းကြီးကိုပါ စွပ်စွဲလိုက်တာပေါ့၊ စန္ဒီ တို့က အတူတူလာကြတာ .."



ဦးလွန်း ကို မိဘအုပ်ထိန်းသူလို လေးစားကြတာမို့ ဒေါ်စန္ဒီလင်း က ဦးလွန်း နဲ့လှည့်တိုက်ပေး၏။ ဦးလွန်း က တည်ငြိမ်စွာရှိနေသလို ဒေါ်မြရင်ငယ် ကလည်း တောင်းပန်သလို တစ်ချက်ပဲကြည့်သည်။

"တို့ .. ဘယ်သူ့ကိုမှ မစွပ်စွဲဘူး စန္ဒီ၊ ဒါကြောင့် .. ဖြေရှင်းဖို့လည်း မလိုဘူး၊ ဒီနေရာထိရောက်လာပြီး ဒီလိုစကားတွေလာပြောနေတဲ့အတွက် နင်တို့ကို ဖွယ်ဖွယ်ရာရာ စကားတွေနဲ့ လက်ခံမပြောနိုင်တာ ငါ့မှာ အပြစ်ရှိနေရင်လည်း မတတ်နိုင်ဘူး .."

"ကြားတဲ့အတိုင်းပဲ .. ဦးလွန်း၊ မေမေ့ကို ပြန်ပြောပြပေးပါ၊ သူ သိပ်အားကိုးနေတဲ့ချွေးမကြီးက သူ့သား အမွေတွေရပြီးတာနဲ့ ဒီက အပြီးလစ်ဖို့ ချောင်းနေတယ်ဆိုတာ .."

"မဟုတ်သေးပါဘူး ကိုနွယ် .. နင် ခေါင်းစဉ်တပ်လိုက်ပေမယ့် ဘုဒ်က ဖော်ပြချက်နဲ့ လွဲနေတယ်"

ဒေါ်မြရင်ငယ် မျိုသိပ်နေခဲ့သမျှ သတ္တိမွေးလိုက်သည်။ တစ်သက်လုံး ကိုယ့်အပေါ် မိုက်ရိုင်းအငြိုးထားနေခဲ့သည့် ဦးရာဇနွယ် ရဲ့ ပြောင်မြောက်သော ခနိုးခနဲ့အနိုင်ယူစကားတွေကိုလည်း နာကျည်းနေမိကာ..။

"ငါ့သားက အမွေခံထိုက်နေတဲ့ အကျိုးအကြောင်းများစွာ ရှိပေမယ့် ဒီနေ့ထိ သားဘယ်မှာရှိနေတယ်ဆိုတာ ငါပြောခဲ့သလား .."

"သိသားပဲ၊ ခင်ဗျား သားကို ခင်ဗျား ဝှက်ထားတာ .."

"သိပ်မှန်တာပေါ့၊ မင်းရဲ့စကားကို ရှေ့နောက်ညီအောင် ပြောကြည့်စမ်းပါဦး၊ ငါက .. အမွေတွေလိုချင်လွန်းလို့ သားကို ဝှက်ထားတာဖြစ်နိုင်လား .."

"ဒါကတော့ .. မငယ် ဘာတွေကြံနေလဲ ဘယ်သူသိမှာလဲ .."

ဒေါ်စန္ဒီလင်း က မနိုင်နိုင်ရာပြောဖို့ ဝင်သည်။

"စန္ဒီ တို့က လင်း နဲ့ပေးစားဖို့ပြောခဲ့တော့ မငယ် ရင်ထဲ ဘယ်လိုခံစားကူးတွေ ဖြစ်သွားမလဲ တွေးကြည့်ရင် ဖြစ်နိုင်တာတွေမှ အများကြီး၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ .. ဒါက လူကြီးတွေ လုပ်သွားမှာပါ၊ သမီးရှင်ဖြစ်တဲ့သူရော သားမောင်တက်နေတဲ့လူတွေရော ဘာမှ ပူပင်စီစဉ်နေစရာမလိုဘူး .."

"ဒါဆိုရင် .. တို့ ဘာတွေပြောနေနေ ဘာတွေကြံနေနေ ဘာဖြစ်လို့ လာချောင်းပြီးနားထောင်တာလဲ .."

"ခင်ဗျား ပြောပြန်ပြီလား .."

"မေမေကြီးရှင့် .."

အိမ်အကူမိန်းကလေးနှစ်ယောက် ခပ်လှမ်းလှမ်းကိုရောက်လာပြီး ဒေါ်မြရင်ငယ် ဘက်ကို ခေါင်းလေးငုံ့ရပ်ကာ ..၊

"ဘွားဘွားကြီးက အားလုံးလာခဲ့ကြဖို့ အမိန့်ရှိလိုက်ပါတယ်ရှင့် ဟင် ...၊

မေမေ ...၊

"မေမေ ဘယ်မှာလဲ မယ်စော .."

ဒေါ်စန္ဒီလင်း ထိတ်ထိတ်ပျာပျာ လှည့်မေး၏။

"ဘွားဘွားကြီးက အောက်ထပ် ဧည့်ဆောင်မှာပါ .."

ပြဿနာကြီးမားခဲ့ပြီကို သိလိုက်ကာ ဦးရာဇနွယ် တို့လင်မယား မျက်လုံးချင်းဆုံမိကြ၏။ ကြည့်လိုက်တော့ ဦးလွန်း လည်း မရှိတော့ပေ

ဒေါ်မြရင်ငယ် ရဲ့ အကြံအစည်တွေကို နားထောင်ပြီး ဦးလွန်း က လက်တွေ့ခေါ်ပြခဲ့တာပါ။

ဒါပေမဲ့ ဘာ့တစ်ခွန်းမှလည်း မဝေဖန်၊ ကောင်းတာဆိုးတာလည်း ပြောမသွားဘဲ ဘာလဲ ..။

"ကိုကြီး .. မေမေ့ကို ဘယ်သူသွားပြေးပြောလိုက်တာလဲ မသိဘူး နော်"

"မသိဘူး .."

"မေမေ ကိုယ်တိုင် ဒီနားရောက်လာခဲ့တာများလား .."

"ဘယ်လိုလုပ် သိမှာလဲ .."



"ခု .. ဘယ်သူ့ကိုဆူမယ်လို့ ရှင်ထင်လဲဟင် .."

"တာ .. မင်းတော့ .."

"မဟုတ်ပါဘူး၊ မေမေတို့က အမြဲတမ်းပဲ မငယ်ဆိုရင် အလွှတ်၊ ဘာဖြစ်ဖြစ် စန္ဒီ့ အပြစ်ချည်းပဲ .."

"နားငြီးလိုက်တာကွာ .."

ဦးရာဇနွယ် စိတ်ရှိတဲ့အတိုင်း တွန်းထုတ်အော်ငေါက်ပစ်ချင်သေ မယ့် မေမေ့နားထဲရောက်သွားမှာ စိုးရသည်မို့ ထိန်းချုပ်လိုက်ရသည်။

ကိုယ့်စိတ်နဲ့ကိုယ်တောင် အဆင်မပြေဖြစ်နေရတာ မိန်းမတွေ အလိုက်မသိတာ တော်တော်ဆိုးလေသည်။

ခုတလော ဘာဖြစ်လို့များ လုပ်လိုက်သမျှ လွဲနေရတာလဲ။

♛

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၂)

"ဘယ်လိုနေလဲ မောင်ငယ်လေး .."

"မျက်လုံးတွေ ကျိန်းနေတယ် .."

"ဖြစ်လိမ့်မယ် .. မင်းက ဆန္ဒစောပြီး အလင်းရောင်ကို လိုက်ကြည့်တာကိုး .."

ဒီလို ခေါင်းမာသည့်လူနာမျိုးကို စိတ်ရှည်လက်ရှည် ထိုင်စောင့်ပေးနေသည့် ဆရာဝန်မျိုးကလည်း ရှားပါ၏။

"မျက်လုံးကို အားမလိုအားမရစိတ်နဲ့ သူငယ်အိမ်ကျုံ့စေတာ [illegible] ကျဉ်းစေတာတွေ သိပ်မလုပ်ခိုင်းနဲ့ဦး၊ အခု .. ခဏလေးပြန်မှိတ်ပြီး သုံး[illegible] မိနစ်လောက် နားထားလိုက်ပါ .."

သူ့မျက်လုံးတွေ ပြန်မှိတ်လိုက်လျှင် အဖြူအနီအဝါစင်းကြောင်[illegible] တွေ ပြေးလွှားနေသေးသည်။ ပြီးတော့မှ အလင်းရောင်တစ်ခုကို တည်[illegible] ငြိမ်စွာ ရှုစိုက်နိုင်လာ၏။

"ဆရာ .. သီတာဟိုတယ်မှာရှိမယ်နော်၊ ဒီနားမှာပဲ .. လူ[illegible] မျက်လုံးအခြေအနေ အဆင်မပြေဖြစ်နေတာရှိရင် ဖုန်းဆက်လိုက်၊ ည[illegible] မှ လေဆိပ်ဆင်းမှာ .."

"ဟုတ်ကဲ့ .."

ဆရာဝန် နှုတ်ဆက်ပြန်သွားတာကို ကြားနေပေမယ့် သူ ဒီတို[illegible]



လှဲနေမိသည်။ မမေ ဘယ်လိုနေသေးလဲ။ သူ မျက်လုံးပြန်မြင်ရပြီဆိုတာ ဝါဆို ဘာလို့သတင်းမပို့သေးတာလဲ ..။

စိတ်ထဲမှာ အတွေးတွေဖြစ်နေကာ မျက်လုံးတွေ ဖျတ်ခနဲ ဖွင့်လိုက်မိပြန်သည်။ ဒီတစ်ခါလည်း အလင်းရောင်စူးစူးကြောင့် လက်နဲ့ တာလိုက်ရပြန်ကာ ..။

"မျက်လုံးဖွင့်မယ်ဆိုရင် ဖြည်းဖြည်းပဲဖွင့်ရမယ်လို့ ဒေါက်တာက ပြောထားတယ်လေ .."

သူ့ဘေးမှာထိုင်နေသည့် အမျိုးသမီးတစ်ယောက်။

အသားဖြူဖြူ၊ မျက်နှာခပ်ပြားပြားနှင့် မျက်လုံးကတော့ လှသည်။ သို့သော် ..

သူမအသံက ရှေး မဟုတ်ဘူးဆိုတာ ဖော်ပြနေ၏။

"မင်း ဘယ်သူလဲ .."

"ကျွန်မက ချိုချိုပါ၊ ဒေါက်တာနဲ့ပါလာတဲ့နာစ့်၊ ဒေါက်တာက ခဏ စောင့်ကြည့်နေခဲ့ဦးလို့ မှာထားခဲ့လို့ .."

"ကျွန်တော်ရပြီ .."

သူမ မျက်နှာတော့ ပျက်သွား၏။ ပြီးမှ အကဲ က ပြန်စေချင်တာ နှန်းသိကာ ခေါင်းညိတ်၍ ..။

"ဒါဆို .. ကျွန်မပြန်တော့မယ်၊ ရှင့် မျက်လုံး .."

"ရပြီ .. ဝါဆို .. ဟေ့"

"လာပြီ ကိုလေး .."

ဝါဆို့ ကို အိမ်ထဲမှာထင်ပြီး ဖွတ်ခေါ်နေမိ၏။ ပြေးဝင်လာတော့ အပြင်ကနေ ခလုတ်တိုက်မတတ် ..။

"ဒေါက်တာ့ကို သွားပြန်ပို့တာပါ၊ ကိုလေး ဘာခိုင်းမလို့လဲ .."

"ရှေး ရော .."

"မရှေး ဈေးသွားဝယ်နေတယ်လေ၊ ကိုလေးက မျက်လုံးပြန်မြင်ပြီဆိုတော့ ဖွယ်ဖွယ်ရာရာလေးစားရအောင်လို့တဲ့၊ ပြီးတော့ .. သူပြန်မလို့ ဘာလက်မှတ် .."

www.burmeseclassic.com



"ဘယ်ကိုပြန်မှာလဲ .."

ဝါဆို ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ နှာစ်ကလည်း ပြန်မယ် နှုတ်ဆက်နေသဖြင့် ...၊

"မင်း ဘာဖြစ်နေတာလဲ ဝါဆို၊ ငါမေးနေတာဖြေမှာလား၊ အဲ့ နောက်လိုက်မလို့လား .."

"သူ့ကို .."

"သူ့ဆွဲခြင်းနဲ့သူနိုင်တယ်၊ မင်းထမ်းပို့ဖို့ မလိုဘူး .."

"ရပါတယ်ရှင် .. ဟိုတယ်ကလည်း တစ်လမ်းကျော်လေးမှာပါ.."

ဟိုတယ်လ်ဆိုပေမယ့် မိုတယ်လ်လောက်တောင် မခမ်းနားပါ။ ဆရာဝန်က လူနာနဲ့နီးအောင် တမင် တည်းခိုနေရတာဖြစ်သည်။

အားလုံးက ဒေါ်မြရင်ငယ် ၏အစီအစဉ်တွေပဲမို့ သူတို့မှာ အကဲ ရဲ့စကားတွေ အချိုးမပြေပေမယ့် နားလည်ဖို့ပဲ ကြိုးစားနေကြရသည်။

နှာစ်လေးထွက်သွားမှ ဝါဆို က သူ့ခြေရင်းမှာ ထိုင်လိုက်ကာ ..

"သူ့ရှေ့မှာလည်း ဘာမှမပြောချင်လို့ပါ ကိုလေးရာ .. မရှေး က ကိုလေးပြန်ကောင်းသွားရင် သူ သွားတော့မယ်လို့ ကျွန်တော့်ကိုပြော..."

"မင်းကိုပဲ ပြောနေလည်း ငါ ပြီးမှပြီးတာ .."

"ဟုတ်ပါတယ် .. ကိုလေး ပြီးမှပြီးမှာပါ"

အကဲ မျက်လုံးကြီး သူ့ဆီ တန်းတန်းမတ်မတ် ရောက်လာလျှင်...

"မဟုတ်ပါဘူး .. ကိုလေးကိုလည်း သူ ပြောမှာပါ၊ ဟိုတုန်းက ကိုလေးက လူနာလေ၊ အခု .. ကောင်းနေပြီဆိုတော့ .."

"မေမေ့ဆီ ဖုန်းဆက်ပြီးပြီလား"

"ဆက်တယ် ကိုလေး၊ ကြီးကြီးငယ်က ဝမ်းတွေသာလို့ .."

"ဒါနဲ့ .. မေမေ မူးလဲနေတယ်ဆို .."

"ဗျာ ..."

ဝါဆို့ မျက်နှာမှာ ထိတ်လန့်ဗျာများခြင်းတွေ တဖြုတ်ဖြုတ် ပြေး လွှားပျောက်ကွယ်ဖြစ်နေခဲ့လျှက် ...၊

"အဟွန်း .. အခု သက်သာသွားပြီထင်တယ်၊ ဟို .. နည်းနည်း



ပါးပါးပဲ မူးတာ ကိုလေးရ .."

"ဟုတ်လား .. အဲလိုပြောလား .."

"မပြောပါဘူး .. ဒါပေမဲ့ ကိုလေးကလည်း .."

"ဝါဆို မဏိမ်တတ်ဘဲနဲ့ မလိမ်နဲ့ .."

အမှတ်တမဲ့မေးလိုက်တာပေမယ့် ဝါဆို့ အမူအရာ စကားသံတွေ ကြောင့် အကဲ ရဲ့သံသယစိတ်တွေ ပိုမိုများပြားလာကာ ...၊

"ပြော .. အဲဒီလို ထလုပ်လိုက်တာ မင်း လက်တို့နိုင်းလိုက်တာ လား၊ ရှေး ရဲ့အကြံလား .."

မင်း လက်တို့နိုင်းလိုက်တာလားဆိုတော့ ခေါင်းခါသည်။ ရှေး ရဲ့ အကြံလားဆိုတော့လည်း ခေါင်းခါ၏။

"တောက် .."

တက်ခေါက်သံအဆုံးမှာ ရှေး က အပြင်ကပြန်လာသဖြင့် အကဲ မျက်ခုံးတွေ စုကျုံ့သွားသည်။

သူမက ရှေးရှိုးပန်းချီပဲ ..။

သူ မြင်တာနဲ့ တန်းသိလိုက်သည်။ မမြင်ရခင်တည်းက စိတ်မှာ သင်ဟပ်နေခဲ့သည့် ပုံရိပ်အတိုင်း ဖိနပ် ငုံ့သိမ်းလိုက်တာ၊ ကျောထက်မှာ နစည်းစွာရှိနေသည့် ဆံပင်ရှည်တွေက ဘေးတစ်ဖက်ကို ဝဲခနဲ လွှဲကျ သွား၏။

သူမ ဒီတိုင်းပြန်မော့လာကာ ချထားသည့်ဆွဲခြင်းကို ပြန်ကောက် ယိုက်ပြီး ...၊

"ဟင် .. ဧည့်သည်တွေ ဘယ်ရောက်ကုန်ပြီလဲ .."

"ဒေါက်တာတို့က ပြန်သွားပြီ .."

ဝါဆို က ဖြေပြီး ကိုလေးကို မသိမသာ ကြည့်ပြလိုက်၏။ ထိုအခါ ကျမှ ကိုယ့်မျက်နှာထက်မှာ စူးစိုက်ကျရောက်နေသည့် အဝဲ ရဲ့မျက်လုံး တွေကို ရှေး သေချာကြည့်မိသွား၏။

"ပြန်ကောင်းနေပြီ .."

မေးခွန်းလား ဘာလားတော့မသိ။ သို့သော် ရှေး ရဲ့ မျက်ဝန်း

www.burmeseclassic.com



လေးတွေ ဝမ်းသာသွားတာသိသာ၏။ သို့သော် ခဏလေးပဲဖြစ်ကာ အကဲရဲ့ မျက်နှာပေါ်က တင်းမာမှုကြောင့် သူမ မျက်နှာလေးတည်သွား၏။

ပြီးတော့ စိတ်မကောင်းဖြစ်သွားခြင်းက ရင်ထဲကို စူးတစ်ချောင်း နစ်ဝင်သွားသလိုပင် ...။

ကိုယ့်အလုပ်ကိုယ်လုပ်ရမည်ဟု သတိချပ်၍ အပြင်ထွက်ခဲ့ပေမယ့် သူမစိတ်ထဲမှာ မပြတ်ဆုတောင်းနေမိသည်က အကဲ မျက်လုံးတွေ ပြန်ကောင်းပါစေလို့ ...။

အနားမှာ စောင့်ကြည့်ပြီး ရင်မောနေချင်ပေမယ့် တွေးကြည့်လိုက်တော့ ကိုယ်နဲ့သူ အဲ့လောက်ထိ ရင်းနှီးကြတာလည်းမဟုတ်။ ပြီးတော့ မျက်လုံးတွေဖွင့်ဖွင့်ချင်း သူ အမြင်ချင်ဆုံးအရာက ရှိမနေဘဲ ကိုယ့်မျက်နှာကြီးတန်းမြင်သွားလျှင် မလိုလားစွာ အော်ထုတ်ဖို့လည်း ရှိနိုင်သေးသည်။

မလိုအပ်ခြင်းများစွာကို ထည့်သွင်းစဉ်းစားပြီးမှ သူမ ထွက်သွားခဲ့တာပါ။ ခုတော့လည်း လူတစ်ယောက်ရဲ့မျက်လုံးတွေ အလင်းရောင်ပြန်ရသည့်အချိန်နာရီတွေက ဇာတ်လမ်းတွေထဲမှာလောက် သာယာစိုပြည်မှုမရှိခဲ့ပါလား။

ဒါကြောင့်များ အကဲ စိတ်တိုနေတာလား ...။

အထဲကိုဝင်လာခဲ့ရင်း သူ့အကြောင်းကိုပဲ မပြတ်တွေးနေမိခဲ့သည်။ သူ့မှာချစ်သူလည်း ရှိနိုင်သည်။ သူ့ကိုချစ်ကြတဲ့ မိသားစုတွေလည်း ရှိသည်။ ခုချိန်မှာ တစ်ယောက်တည်း အထီးကျန်ဖြတ်သန်းရခြင်းအတွက် ဘယ်သူ မနာကျင်ဘဲနေမလဲ ...။

ငါ ဘာဖြစ်လို့ ငါ့ကို မလိုလားဘူးချည်းပဲ တွေးနေရတာလဲ ...။

ဆွဲခြင်းလေးကို စားပွဲပေါ်တင်လိုက်ရင်း ဒီတိုင်း မလွှတ်ဘဲ ငေးနေမိပြန်သည်။

ဒီနေ့ တစ်ရက်ပဲ ရှေး ...၊

နှင့်စိတ်ကို အကောင်းဆုံး အရှည်ဆုံးထားရမယ်။ သူတို့ကျေးဇူးကြောင့် နင် အလုမပျက် ဘဝမပျက် ဒီနေ့ထိ လုံလုံခြုံခြုံနေခဲ့ရတာ၊ ခွဲရခါနီးမှ အမုန်းနဲ့မခွဲချင်နဲ့ ...။



ကိုယ့်စိတ်ကို ဖြေသိမ့်ရင်း ဆွဲခြင်းထဲက ပိုက်ဆံအိတ်လေးကို ဆွဲထုတ်လိုက်သည်။ ပြီးတော့ ပိုက်ဆံတွေကြားထဲမှာ အလျင်စလို ထိုးထည့်လာသည့် ကားလက်မှတ်ကို ယူကြည့်လိုက်၏။

ရွာကိုပြန်ဖို့တော့ စိတ်မကူးပါ။ တောင်ကြီးမှာ ဆွေမျိုးလို ချစ်ခင်ရင်းနှီးရသည့် သူငယ်ချင်းနှစ်ယောက်ရှိသည်။ တစ်ယောက်နဲ့တော့ အမြဲတမ်း အဆက်အသွယ်ရှိနေတာနဲ့ ခုချိန်မှာ အကူအညီရနိုင်ကောင်း၏။

မောင်လေးကိုရှာဖို့က ကိုယ့်အတွက် လုံခြုံမှုအရင်ရှာရမှာမို့ အချိန်ကာလတစ်ခုထိတော့ စွန့်ခွာရဦးမှာဖြစ်သည်။

အကယ်၍သာ အကဲ တို့ဆီမှာပဲ နောက်ထပ် သုံးလလောက် ဆက်လုပ်ခွင့်ရရင်တော့ ပိုက်ဆံသုံးလေးသိန်း စုမိမှာပေမယ့် ...။

"ဟဲ .. ဟဲ့ .."

လက်မှတ်ကို ပိုက်ဆံတွေနဲ့ထပ်ပြီး ချထားလိုက်ကာမှ လေတစ်ချက်ဝှေ့လိုက်တာနှင့် လျောခနဲ လွင့်ကျကုန်၏။

ဒုက္ခပါပဲ ...။

ရှေး ပိုက်ဆံကို အရေးမထားနိုင်ဘဲ လက်မှတ်နောက်ကို ကမန်းကတန်းလိုက်မိ၏။ လေနဲ့ပါပြီး ပြတင်းပေါက်ကနေ အောက်ထိပါသွားလျှင် သွားပြီ။

ဟင် !...

လက်မှတ်က ကြမ်းပေါ်မှာ တစ်ချက်ငြိမ်သွားသဖြင့် ရှေး အလျင်အမြန် ကောက်လိုက်မိ၏။ သို့သော် ...၊

"ဘာလို့ တက်နင်းလိုက်တာလဲ ကိုလေး၊ အဲဒါ စက္ကူစုတ်မဟုတ်ဘူး၊ ကားလက်မှတ် .."

အစွန်းအစလေးပဲပေါ်နေတာကို မရမကဆွဲယူလိုက်လျှင် ပြဲတော့မှာဖြစ်သည်။ အကဲ ဇာ အကျအနဖိထားပြီး ဘောင်းဘီထဲ လက်နှိုက်ရပ်နေကာ ..

"သိလို့ တမင်နင်းထားတာဆိုရင်ရော .."

"ဘာရယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဝါဆို ခေါင်းကုတ်လိုက်မိသည်။ ဒေါသတွေထွက်နေရင်း ရှေး ပြန်ဝင်လာတာနှင့် အသံတိတ်သွားခဲ့သဖြင့် အေးချမ်းသွားပြီ ထင်ခဲ့၏။

နောက်ထိဝင်လိုက်သွားပြီး ကိုလေး ပြဿနာရှာပြန်ပြီ ..။

"ရှင် တော်တော်ရိုင်းပါလား ကိုလေး"

"ဟုတ်တယ် .. လိုအပ်ရင်ရိုင်းဖို့ အမြဲတမ်းအဆင်သင့်ပဲ .."

"လိုအပ်ရင် .. ဟုတ်လား၊ ကျွန်မအတွက် ရှင် ရိုင်းဖို့လိုနေတယ်ပေါ့"

"စကားတွေများမနေနဲ့၊ မင်းက ကိုယ့်သဘောနဲ့ကိုယ် ပြန်ဖို့စီစဉ် နေရအောင် ငါ့ဆီမှာ အလုပ်လုပ်တာ ဘယ်လောက်ရှိသေးလို့လဲ"

သူပြောတာကို ရှေး ရုတ်တရက်နားမလည် ..။

"ဒီမှာ .. အလုပ်သမားတစ်ယောက်က အလုပ်စဝင်ပြီဆိုရင် သုံးလ တာဝန်ယူရတယ်၊ သုံးလမပြည့်ခင် ကိုယ့်သဘောနဲ့ကိုယ် ထွက်မယ် ဆိုရင် လစာ နှစ်ဆပြန်လျော်ရတယ် .."

"နှစ်ဆ ..."

ဟု လိုက်ရွတ်ပြီး သူမရဲ့လစာကို နှစ်ဆနဲ့တွက်ကြည့်လိုက်တာ မျက်တောင်တောင်လေးတွေ တဖျတ်ဖျတ်ခတ်၏။

"ကျွန်မက အဲ့လောက် ဘယ်ကရမှာလဲ ..."

"မရနိုင်ရင် မသွားနဲ့ပေါ့၊ မင်း အလုပ်လုပ်တာ ခုမှ တစ်လခွဲပဲ ရှိသေးတယ် .."

"နေပါဦး ကိုလေး၊ ရှင်တို့ ကျွန်မကို အလုပ်လုပ်ခိုင်းတုန်းက တော့ .. ဒီစည်းကမ်းတွေ မပါခဲ့ပါလား၊ ကျွန်မကို တောသူဆိုပြီး .."

"မင်း မအ,ဘူးဆိုတာသိတယ်၊ ဒါပေမဲ့ .. မသိတာတွေ အများကြီး ရှိသေးတယ် ရှေးရိုးပန်းချီ၊ မင်းမယုံရင် စုံစမ်းလိုက်ပါဦး၊ ငါတို့က မင်း အဆင်ပြေအောင် မလိုအပ်တာတွေ အများကြီးလုပ်ပေးခဲ့တာ ..၊ စည်းကမ်းကလနားတွေရွတ်ပြနေရင် မင်းလည်း အထင်လွဲနိုင်သလို မရှိတဲ့လူကို ကြိုးတုပ်ထားသလို ဖြစ်မှာပဲ .."

ဒါလည်း ဟုတ်နေ၏။ ရှေး ရဲ့အကြည့်တွေ ဝါဆို့ ထံ ရောက်သွား သည်။ သူမရဲ့အစီအစဉ်တွေကို ဝါဆို နဲ့ ပြောဆိုတိုင်ပင်ခဲ့တာပါ။



ဒါနဲ့တောင် ဝါဆို ဒီလို စည်းကမ်းတွေ ဘာမှမပြောခဲ့ပါလား။

ဝါဆို က မျက်နှာရှုံ့တွတွနှင့် ခေါင်းညိတ်ပြကာ တောင်းပန်နေ တာလား ..။ ကိုလေး မတရားပြောနေတာပဲလို့ ဆိုချင်တာလား ..။

" ငါပြောတာ မင်းကြားရဲ့လား .."

ရှေး မျက်ဝန်းလေးတွေ သူ့ဆီ ပြန်ရောက်လာသည်။

"ကြားတယ်၊ ဒါပေမဲ့ .. ရှင်တို့လည်း ပြန်ကြမှာမဟုတ်ဘူးလား"

"အဲဒါ မင်းကိစ္စမဟုတ်ပါဘူး .."

"မဟုတ်လို့ မထားခဲ့တာပဲ၊ ဒါပေမဲ့ .. အခု ကျွန်မက ဘယ်မှာ အလုပ်ဆက်လုပ်ရမှာလဲ"

"ငါတို့ နေထိုင်မယ့်နေရာ ဘယ်မှာဖြစ်ဖြစ် .."

ရင်ထဲမှာ အောင့်သက်သက်ကြီးဖြစ်သွားသည်။ ကိုယ့်ဘဝကို လုံခြုံမှုပေးခဲ့လို့ ကျေးဇူးတင်ရပေမယ့် ငွေဝယ်ကျွန်လို ဆက်ဆံနေတာ ကိုတော့ နာကျင်မိ၏။

"ဝါဆို"

"ဗျာ ..."

"ငါ့ကိုဖုန်းပေး .."

သူလက်ဖြန့်လိုက်တာနှင့် ဝါဆို က လက်ထဲကို ဖုန်းပြေးထည့် သည်။ အကဲ က ဖုန်းကိုင်ပြီး ပြတင်းတံခါးတစ်ချပ်ပိတ်နေတာကို တွန်း ဖွင့်ပစ်လိုက်၏။

ပြီးတော့ အောက်ကိုငုံ့ကြည့်ရင်း ဖုန်းခေါ်သည်။ သူ မမြင်ရခင် တုန်းက ဒီပေါ်က အမှိုက်အိတ်ကြီးကို ဆွဲချလိုက်မိတာ ဖြစ်မည်။

အောက်တည့်တည့်မှာ သေတ္တာပုံးခွံတွေကာရံလက်စနှင့် ပြိုပျက် နေသော အခန်းငယ်လေးတစ်ခုကို မြင်နေရ၏။

ဒီထဲမှာ ရှေး နေဖို့ ကြိုးစားခဲ့ရှာသည်။ စိတ်ထဲမှာ ကရုဏာ တစ် ချက်တော့ ဖြစ်သွားမိ၏။ သူပြောဆိုနေရတာလည်း တမင် မောက်မာ ကြွားဝါချင်လို့မှ မဟုတ်ဘဲ ..၊

"ဟလို .. ဒေါ်နှင်းလား .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. လူလေး .. အငယ်လေးလားဟင် .."

"ဟုတ်တယ် .. ကျွန်တော် မမေနဲ့ပြောချင်တယ်"

"သား .."

သူ့စကားအဆုံးမှာ မေမေ့အသံကို ကြားလိုက်ရကာ ...

"သား .. ပြန်လာတော့မယ်လို့ ပြောမလို့လား .."

"မလာရဘူးဆိုတဲ့စကား မေမေထပ်မပြောဖို့ အရေးကြီးတာ၊ အဲဒီလူတွေထဲမှာ မေမေ့ကိုထည့်ထားပြီး ကျွန်တော် အပြင်ထွက်မနေနိုင်ဘူး၊ ဒီည ပြန်လာမယ်"

"သား ..."

"မရဘူး မေမေ၊ ဦးနွယ် မေမေ့ကို တစ်သက်လုံး နိုင်စားလာခဲ့တာ၊ ကျွန်တော် ဒီနေ့ကစပြီး နိဂုံးချုပ်စေရမယ် .."

လှမ်းတော့ ဖုန်းဆက်ပြောဖော်ရပါသည်။ ဒါပေမဲ့ ခွင့်တောင်းတာမဟုတ်ဘဲ အသိပေးတာသာ ဖြစ်လျက် ...၊

"ဝါဆို .. ခုချက်ချင်းသွားမယ် .."

"ဟုတ်ကဲ့ .. ကျွန်တော် မြန်မြန်သိမ်း .."

"ထားခဲ့လိုက် .. အဲဒါတွေ နောက်မှရှင်း .."

ပြောပြီးတာနှင့် အကဲ ရှေ့ကနေ တန်းထွက်သည်။ ဝါဆို ပါးစပ်အဟောင်းသားဖြစ်နေခဲ့လျက် ...၊

"ကိုလေး .. ဒီမှာ ဟင်းချက်စရာတွေ မရှေး ဝယ်လာခဲ့တာ အများကြီးပဲ .."

သူမေးပေမယ့် မဖြေတော့သဖြင့် ဆွဲခြင်းကို သူပဲ ပြေးဆွဲ၍ ...

"လာ .. မရှေး .."

လက်ဆွဲခေါ်ခဲ့လိုက်တာ သူမ လိုက်မှာလား မလိုက်ချင်ဘူးလားလည်းမသိ ...။



အခန်း(၂၃)

သူတို့ဆင်းလာကြတော့ ဒုတိယထပ်လှေကားကိုတောင် မတွေ့ရသေးဘဲ အောက်ထပ်က တက်လာကြသည့် လူလေးငါးယောက်နှင့်အတူ မျက်နှာချင်းဆိုင်တိုးမိ၏။ အကဲ မျက်နှာ စိတ်ပျက်စွာ မဲ့သွားလျက် ...။

"ဓာတ်လှေကားမရှိ ဘာမရှိနဲ့၊ ငှားလည်းငှားတတ်တယ် ဝါဆို.."

ဝါဆို က ဆွဲခြင်းကို ဟိုဘက်ဒီဘက် ပြောင်းကိုင်လိုက်ရင်း အပေါ်လှေကားထစ်မှာ ခဏနား၍ ...၊

"ကိုလေးက မသိလို့၊ ကျွန်တော့်မှာ ဒီလောက်စုတ်ပြတ်တဲ့ တိုက်ခန်း ဘယ်လောက်ရှာလိုက်ရလဲဆိုတာ ပြချင်တယ် .."

"ပေးလေ ဝါဆို .. ငါ ဝိုင်းဆွဲပေးမယ် .."

"မဆွဲပါနဲ့ မရှေးရာ .. ဒီလောက်တောင် တနင့်တပိုးဝယ်ပြီး သုံးလွှာထိ ဘယ်လိုများ တက်လာလဲမသိဘူး .."

"ဒါကတော့ .."

"ဒုတ် ..."

"ဟင် ..."

"ဟာ .. ကိုလေး .."

အဖြစ်အပျက်တွေက မြန်သည်။ အောက်ကတက်လာသည့် လူငါးယောက်ကို အမှတ်တမဲ့ ရှောင်ရှားဆင်းလိုက်စဉ် သူတို့တွေ ဝါဆိုတို့နားထိ လှုဖြန့်ရောက်ရှိခဲ့ပြီးသည့် ခဏ ...၊

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှာ မိုက်ခနဲ ပူထူသွားကာ အကဲ လေ့ကားလက်ရမ်းဘက်ကို ယိုင်ကျသွားသည်။ နောက်တစ်ယောက်က ဓားနှင့် မိုက်ကို ဝင်ထိုးလျှင် အကဲ ဖျတ်ခနဲ ရိုက်ထုတ်ပစ်လိုက်ပြီး …၊

"ဖောင်း …"

ထိုလူကို လက်ပြန်ရိုက်ချလိုက်၏။

"ဒုန်း … ဒုန်း"

"ခွပ် …"

နောက်ထပ်ဝင်လာသည့်ရိုက်ချက်ကို အကဲ မရှောင်နိုင်တော့ပေ။ ပခုံးမှာ ကျကျနန အရိုက်ခံလိုက်ရကာ လူက ခွေကျသွားစဉ် ဇက်ပိုးကို တစ်ချက်ထပ်ရိုက်လိုက်ပြီး …

"တော်တော့် အကြောတင်းတဲ့ကောင် …"

"ဟိုကောင် … တစ်ယောက်ယောက်တက်မလာခင် မြန်မြန်ထစမ်း၊ ဓားကိုင်ထားပြီး အသုံးမကျဘူး၊ ဓားမြန်မြန်လိုက်ရှာ …"

"ဒီနှစ်ယောက်ကိုရော … ဘယ်လိုလုပ်ကြမလဲ …"

"အခန်းထဲ ပြန်ဆွဲသွင်းမယ်၊ လောလောဆယ် အောက်မှာ လူတွေ ရှုပ်နေတာ မလွယ်ဘူး …"

"လွယ်လိုက်တာ … ဒီထက်လွယ်တာတောင် ဒီလောက်မလွယ်ဘူး"

"ဒါတောင် … ဟို သူတောင်းစားသောက်သုံးမကျတာ၊ ကိုယ့် လက်နက်နဲ့ကိုယ် ပြန်ခံသေတော့မလို့ ကံကောင်းသေးတယ် …"

ငါးယောက်စလုံး ဝါဆို နဲ့ ရွှေ ကို အခန်းဆီ ပြန်ဆွဲတင်ကြပြီး အကဲကိုတော့ လက်တွေပူး၍ ကြိုးတစ်ခါတည်းတုပ်ရင်း …၊

"ဘုရင်ငယ်လေး ဆိုတာ ဒီကောင်ကိုး၊ နာမည်နဲ့လည်းလိုက်ပါ့"

"ဟုတ်ပ … ချောလိုက်တဲ့ကောင် … ငါတောင် မိန်းမဘဝ ပြောင်းချင်လာပြီ …"

"မသာမ … အစတည်းက ခြောက်ချင်နေတာကို ကြားကောင်းအောင် ပြောနေပြန်ပြီ …"

အခန်းထဲ ပြန်ထည့်ပြီးတဲ့အထိ ထိုပုဂ္ဂိုလ်က အကဲ ကိုပဲ ဟိုကိုင်



ဒီကိုင်လုပ်နေလျှင် …၊

"မိကျောင်းမ … သူ့ကိုယ်ပေါ်မှာ ဖုန်းနဲ့ တခြားအပိုပစ္စည်းတွေ အကုန်နှိုက်ယူထားစမ်း …"

"ဟဲ့ … အပိုပစ္စည်းတွေ အကုန်လုံးတော့ မနှိုက်နိုင်းနဲ့နော်၊ တို့လက်က လူသာသတ်ရဲတာ …"

"ကဲကွာ … ဖယ်စမ်းပါ …"

"ဟဲ့ … နင်တို့ကလည်း ဖြည်းဖြည်းလုပ်ကြပါ၊ နင်တို့လို အသားအရေ အရောင်အဆင်းမှတ်လို့လား၊ ကြည့်ပါဦး … ခေါင်းမှာ သွေးထွက်နေလား မသိဘူး …"

"အဲ့ဒီကောင်ကို သူတို့ မကြာခင် သတ်ပစ်ကြမှာ …"

ခေါင်းဆောင်လုပ်လာသည့် အရပ်ပုပု စမတ်ကျကျ ဝတ်ထားသည့် တစ်ယောက်က ဖုန်းထုတ်ဆက်ရင်း …၊

"ဟိုကောင်တွေ … ပြတင်းပေါက်တံခါးတွေ အကုန်ပိတ်၊ ဟိုနှစ်ယောက်ကိုယ်ပေါ်မှာ ဖုန်းတွေ ဘာညာအပိုတွေ ယူထားလိုက် …"

တခြားလူတွေကိုပါ အမိန့်ပေးနေလျက် …

"ဟဲလို … ဟုတ်ပါတယ် … ကျွန်တော်ပါ … ကိစ္စပြီးပြီလို့ …"

"…… …… ……"

"ဘယ်လို …"

"…… …… ……"

"မရဘူး အန်တီ၊ ဒီမှာက သုံးယောက်တောင် …"

"…… …… ……"

"ဟုတ်တယ်၊ ဒါပေမဲ့ … လူသုံးယောက်သတ်ရလောက်အောင်တော့ ကျွန်တော် မစွန့်စားနိုင်ဘူး …"

"…… …… ……"

"စုမှတော့ မရတော့ဘူး … အန်တီပြောတဲ့ကောင်ကို ဒီမှာ သေချာချုပ်ပြီးထားခဲ့မယ်၊ ကျွန်တာကတော့ …"

"…… …… ……"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ .. အန်တီ့အပိုင်းပဲဗျာ၊ ကျွန်တော့်ကို .. ခု ပြီးတဲ့ပိုက်ဆံ အကြွေချေပေးဖို့ ပြင်ထားပါ .."

"..... ..... ....."

"ဟား .. အန်တီက ရစ်တယ်ဗျာ၊ ကျွန်တော့်ကို အန်တီ့ ယောက်ျား ပြောတုန်းကလည်း ဖမ်းခေါ်ပေးဖို့ပဲလေ .. သတ်ပစ်ခဲ့တော့ဆိုတာ အန်တီ အပိုဆောင်းပြောလိုက်တဲ့ အလုပ်ကိစ္စ၊ အဲဒီကိစ္စအတွက်လည်း ကျွန်တော်တို့ ကြေးညှိထားတာ မရှိခဲ့ဘူး .."

"..... ..... ....."

"ခက်တယ်ဗျာ .. တစ်ပြားမှမပေးလည်းနေတော့ .. အခု ဒီကိစ္စ ကျုပ် ပြန်ဖော်လိုက်ရုံပဲ .."

ဖုန်းပြောနေသည့် သူ့ကို ကျန်သည့်လူတွေက စိုးရိမ်တကြီး လှမ်းကြည့်နေကြသည်။ ပြီးတော့ တစ်ယောက်က အနားထိ ထလျှောက်လာ၏။

"ဘာလဲ .. အဆင်မပြေဘူးလား .."

"ဟဲ့ .. နင်တို့ မြန်မြန်လုပ်ကြစမ်းပါ၊ ဒီမှာ ခေါင်းထိထားတာ သွေးတွေ ထွက်နေတာနော်၊ ကြားထဲက သူ့ခမျာ အချောင်သေရဦးမယ်"

"သေပြီဆိုရင်တော့ အချောင်သေတာမဖြစ်ဘူး မိကျောင်းမ၊ သတ်နိုင်းနေတာ အဲဒီကောင်ကို .."

"ငါသိတယ်လေ .. အခု အလုပ်မဖြစ်ဘူးမို့လား၊ ကိုယ်မှ ပိုက်ဆံမရဘဲ၊ သူ့ကို ဘာလို့သေအောင်လုပ်ရမှာလဲ .."

"တောက် .. မိကျောင်းမ၊ မင်း ပါးစပ်ကို ပိတ်ထား .."

ခေါင်းဆောင်က ဖုန်းသိမ်းလိုက်ပြီး တက်ခေါက်ကာ ..၊

"ဘယ်မှာလဲ .. မင့်ကောင်တွေ ရှိသေးတယ်ဆို .. စိတ်ချရတာ သေချာလား .."

ထိုင်ပြီး စီးကရက်သောက်နေသည့် တစ်ယောက်က ခေါင်းညိတ်လိုက်ပြီး ဖုန်းထုတ်ရင်း ..၊

"စိတ်ချရတယ်၊ အခု ခေါ်လိုက်ရမှာလား .."

"ခေါ်လိုက် .. ငါတို့ကတော့ ဒီလောက်ငွေနဲ့ ပြဿနာအဖြစ် မခံ



နိုင်ဘူး .."

"အခု .. သူတို့က ဒီကောင့်ကို သတ်နိုင်းနေတာလား၊ ဘာဖြစ်လဲ သတ်ပေးလိုက်ပေါ့ .."

ခေါင်းဆောင်က ခေါင်းခါ၍ ...

"ငါ့စည်းမျဉ်းအတိုင်း ငါလုပ်တာ .. ဘယ်သူ့အမိန့်နဲ့မှမလုပ်ဘူး၊ ကြာကြာဝါးမယ့်သွား အရိုးကြည့်ရှောင်ရမယ်တဲ့၊ သူတို့ ဂုဏ်သိက္ခာတွေကို ဖုန်းကွယ်ဖို့အတွက် လက်ငှားပြီး လူသတ်နိုင်းတာ၊ ပေးရမှာကျတော့ ဈေးဆစ်နေတယ်၊ ငါဆိုတဲ့ကောင်က မတန်ဘူးထင်ရင် ကျားပါးစပ်ထဲပါသွားတဲ့ ယုန်ကင်ကိုတောင် ရအောင်ပြန်လုတဲ့ကောင် .."

ဒီရာဇဝင်လေးနဲ့ပဲ 'ငတက်ပု'တို့ နာမည်ကျော်ဒုစရိုက်ဂိုဏ်းခေါင်းဆောင်ဖြစ်လာခဲ့တာပါ။

"မိုးနဲ့ မင်းကောင်နှစ်ကောင်ခေါ်ပြီး ဒီမှာထားခဲ့၊ ငါတို့ ငွေရေးကြေးရေးဝင်ရှင်းပြီး အဆင်မပြေရင် ဘာလုပ်ရမယ်ဆိုတာပါ တစ်ခါတည်းမှာထား .."

"ရပါတယ် .. မင်း ဖုန်းမဆက်ချင်ရင် ငါဆက်မှာပေါ့ .."

ငတက်ပု က တော်ရုံကိစ္စကို ဖုန်းနဲ့ ဘယ်တော့မှမလုပ်ပေ ..။

"သူများသိအောင်လမ်းစမချန်ဘူး" ဆိုတာ သူ့ဝါဒတစ်ခုဖြစ်သည်။ ခုခေတ်မှာ ဖုန်းတွေပေါ်များလာသဖြင့် တော်ရုံဆိုပြောပြီးတာနှင့် ကဒ်ထုတ်ပြီး လွှင့်ပစ်လိုက်တာပင်။

သူတို့ ထွက်သွားကြတော့ နှစ်ယောက်ပဲ ကျန်ခဲ့သည်။ ထိုထဲမှ တစ်ယောက်က သော့ထခတ်လိုက်ပြီး ရွှံ့ရွှံ့မဲ့မဲ့နှင့် ..၊

"ဟိုနှစ်ကောင် မလာမချင်း ဒီထဲမှာနေရတော့မယ် ကွိုင်ပဲကွာ"

"အေး .. လူလဲဖို့ စောင့်နေပေးရုံပဲဆို တော်ဦးမှာ .. ရှင်းပစ်လိုက်တော့လို့များ ကိုကြီးတက် စိတ်ပြောင်းပြီး အမိန့်ထုတ်လိုက်ရင် ငါတို့က လူသတ်ရဖို့ရှိသေးတယ်၊ ဆုသာတောင်းနေပေတော့ .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

"ဘယ်လိုလဲ .. မောင်သုတ၊ မတွေ့ခဲ့ဘူးလား .."

"ဟုတ်ကဲ့ .. သတင်းရတဲ့တိုက်ခန်းကို သွားစုံစမ်းတော့လည်း အဲ့တိုက်ခန်းက မြေညီထပ်နဲ့ အပေါ်ထပ်တွေမှာပဲ လူနေကြပြီး ပထမ ထပ်ကနေ သုံးလွှာထိ လူမနေတာကြာပြီတဲ့ .."

ဖုန်းနားထောင်ရင်း ဒေါ်စိန်ပုလဲ မျက်ခုံးတွေ တွန့်ကုတ်နေကြ သည်။ ပြီးတော့ စိုးရိမ်တကြီး စောင့်ကြည့်နေသည့် ဒေါ်မြရင်ငယ် ရဲ့ မျက်လုံးတွေကို လှမ်းကြည့်၏။

"ပြန်ရှာတွေ့တာပဲ ငါလိုချင်တယ် သုတ၊ ဒီနေ့ သတင်းရအောင် စုံစမ်းပါ၊ တကယ်လို့ မြေးလေးကိုတွေ့ရင် သူ့အမေနဲ့အဘွား အဲဒီကို ရှာ ဖွေနေပြီးပြီ၊ သူပြန်လာခဲ့လို့ပြော .."

ထိုအချိန်မှာ ဦးရာဇနွယ် ရဲ့မျက်လုံးတွေက ဇနီးဖြစ်သည့် ဒေါ်စန္ဒီလင်း ထံ မသိမသာ ငေးဝဲနေခဲ့၏။

"ဟလို .. မမေ .. မမေလား .."

ဒေါ်စိန်ပုလဲ သည် မထင်မှတ်ဘဲ ရှုပ်ထွေးနေသည့်အခြေအနေ ကြောင့် မိဘတွေထံ တစ်ဆင့် အစီရင်ခံပြောပြနေခဲ့ပြီး ...၊

"ဟင်အင်း .. မခေါ်ခဲ့နဲ့ဦး မမေ၊ မင်္ဂလာကိစ္စတစ်ခါတည်း လုပ် ပေးဖို့ မပြန်နိုင်ဘူး၊ ကမမတို့မြစ်လေးက နည်းနည်းဆိုးချင်တယ်—



ဟိုဘက်က ဘာမေးလိုက်သည်မသိ။

ဒေါ်စိန်ပုလဲက ဒေါ်မြရင်ငယ် ကို တစ်ချက်လှမ်းကြည့်သည်။ ပြီးမှ...

"ကျန်းမာရေးကတော့ အရင်လိုပါပဲ၊ ဒါပေမဲ့ သူတို့သားအမိကိစ္စ တွေလည်း ဒီရောက်မှပဲပြောမယ် မေမေရယ် .. အခု အခြေအနေကို ပြောပြ တာ၊ မေမေတို့တော့ မလာပါနဲ့တော့၊ ဘဘတင်နဲ့ အိမ်တော်ထိန်းနှစ် ယောက်ဆိုရပါပြီ .."

နောက်ထပ် လူကြီးတွေ ရောက်လာကြဦးမှာပါလား ...၊

ဒေါ်စန္ဒီလင်း မျက်နှာပျက်သွားကာ ဖုန်းကို ကျစ်နေအောင် ဆုပ် ထားမိသည်။ ဒေါ်မြရင်ငယ် တို့ ကိုကြည့်လိုက်တော့ သူမက မျက်ရည် လေး တစမ်းစမ်းနှင့် အပူရုပ်လေးပြနေရှာ ...၊

တောက် ...၊

ဒေါသကြောင့် အံကြိတ်၍ အသံမထွက်အောင် တက်ခေါက်မိ သည်။ ဒီလူကြီးတွေက ဘာလဲ။ မငယ် ဘာပြောပြော ပြောခွင့်ရှိသည်။

ဘာလုပ်လုပ် ဒေါသမထွက်ရ၊ အပြစ်မယူရ၊ အမိန့်တွေလည်း ရှိထားခဲ့သေးတာလား ...၊ တွေးလေ မခံရပ်နိုင်ဖြစ်လာမိလေ ...။

သူမက သူဆင်းရဲမျိုးပါပဲ။ ဒါပေမဲ့ ဒီအိမ်ကြီးကို စရောက်လာ တည်းက ရှိသေပြလိုက်ရတာ ပြောသလိုနေ ဖြစ်သလိုလုပ်။ အားလုံး သူတို့သဘောနဲ့ အသက်ရှင်ခဲ့ရတာ ...။

မငယ် ဆိုတဲ့ မိန်းမကတော့ သူမ မြင်ဖူးစဉ်ကတည်းက ရောဂါ သည်ပါ။ ရောဂါသည်ဆိုသည့် အားနည်းချက်နှင့် ရွှေသလွန်ညောင်စောင်း ထက်မှာ သင်းက ပြုစုခံသခင်မတစ်ပါးလို တစ်ထီးတစ်နန်းနေသည်။

စီးပွားရေး၊ လူမှုရေး၊ တခြားလူတွေရဲ့အရေး သင်းဘာများ ပါဝင် ဆောင်ရွက်ပေးခဲ့လို့လဲ ...။

သူမသည်သာ ပင်ပန်းခံယခဲ့ရပြီး ကောင်းစားတော့ မြရင်ငယ်...။

"စန္ဒီ မင်း ဘာလုပ်မလို့လဲ .."

ဒေါ်စန္ဒီ က အသံကြားသည်နှင့် ဖုန်းကို နောက်မှာပို့ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးဖြစ်၏။

"ကိုယ်လုပ်ထားတဲ့အလုပ်ကို အဆုံးသတ်ရမှာပေါ့၊ ဟိုမှာ ဖုန်းတဂွမ်ဂွမ်ဆက်နေကြတာ ကိုကြီး မကြားဘူးလား .."

"ငါ ကြားတယ်၊ အားလုံးသိတယ် .."

ခပ်ကြိတ်ကြိတ်ပြောပြီး ဒေါ်စန္ဒီလင်း လက်ကိုဆွဲကာ စိတ်ချရသည့် ကွယ်ရပ်တစ်ခုရောက်မှ ရပ်လိုက်ပြီး ...၊

"မင်းကို မိုးမလင်းခင်တည်းက ငါပြောနေတာ စန္ဒီ၊ အဲဒီကိစ္စကို ခု ရပ်ထားလိုက်ဦးလို့ .."

"ရပ်လို့မရတော့ဘူးလေ .. ခိုင်းထားတဲ့လူတွေက မြန်မာနိုင်ငံထဲမှာနေကြတာမဟုတ်ဘူး၊ သူတို့ကို ရက်ချိန်းနဲ့ခေါ်ထားရတာ .. ခုပဲ .. နှစ်ပတ်ရှိနေပြီ .."

"ဒါပေမဲ့ .. ငါတို့ခိုင်းမှ သူလုပ်ရမှာပေါ့ကွ၊ သူအားမယ့်အချိန် လူသတ်ချင်လို့ရမလား .."

ဦးရာဇနွယ် က အသံကိုပိုနှိမ့်လိုက်ကာ ...၊

"အခု မငယ် က လူမမို့လို့ သူ့ကိုဘေးမဲ့ထားရမယ်၊ အကဲ ကို ငါတို့သမီးနဲ့ လက်မထပ်စေချင်တဲ့အကြောင်းလည်း မေမေ့ကို သူ ဖွင့်ပြောလိုက်ပြီ .."

"အဲ့ဒါပဲလေ .. နေမကောင်းတာနဲ့ ပြောချင်တာပြောလို့ရနေတာ တာလား .. လင်း နဲ့ အကဲ ကို လက်ထပ်ပေးတော့မလိုလို မေမေက စဉ်းစားနေပြီမှ .."

"အဲဒါမဖြစ်လည်း ငါတို့ဘာလုပ်မယ်ဆိုတာ ပလန်ရှိပြီးသားပဲ၊ မင်း ဘာဖြစ်လို့ လောနေတာလဲ၊ ပြီးတော့ မငယ် ဒီမှာနေမှာမဟုတ်ဘူးဆိုတာ ငါသိနေတယ် .."

"သူ ဘယ်မှာနေနေ အကဲ ရှိတဲ့နေရာမှာ ရတနာတွင်း လိုက်တူးပေးကြမှာပဲ၊ ဟောဒီအိမ်ကို ရောက်လာကာမှ ကိုယ့်ကိုယ်ကိုယ် ဘာလူမျိုးမှန်းတောင်မသိတော့ဘူး၊ မိန်းကလေးမွေးတဲ့ ကိုယ့်ကိုယ်ကိုယ်ခဲ



ဆွဲကြိုးချသေလိုက်ရတော့မလိုလို .."

"ဟော့ .."

ဖုန်းလာတာသိလိုက်တာနှင့် လင်မယားနှစ်ယောက်စလုံး ဆတ်ခနဲဖြစ်သွားကာ ဦးရာဇနွယ် က လက်လှမ်း၍ ...၊

"ပေး .. ငါပြောလိုက်မယ် .."

"မပြောပါနဲ့ .. ဒါ စန္ဒီ လုပ်ထားတဲ့ကိစ္စပါ .."

"ဘာကွ .."

ဒေါ်စန္ဒီလင်း မျက်နှာကတင်းနေကာ ...၊

"တကယ်လို့ ဒီကိစ္စပေါ်သွားရင်တောင် စန္ဒီ က တစ်မိမ်းမို့ တင့်တယ်ပါတယ်၊ မင်းပဲ လုပ်စမ်းပါဆို .."

"ငါ ညွှန်ကြားခဲ့တာလေ .."

"အခု .. မလိုတော့ဘူး ကိုကြီး၊ ကိစ္စတွေက ရှုပ်နေပြီ၊ ပေါ်သွားလည်း အစအဆုံး စန္ဒီ ပဲ ခေါင်းခံမယ်၊ ကိုကြီး ဝင်မပါနဲ့တော့ .."

ဒီကောင်လေးကို သတ်ကိုသတ်မှဖြစ်မည်။ ဒီတစ်ယောက်ပဲ မျိုးဆက်ရှိသည်လို့ ခံယူနေကြတဲ့လူတွေ ...။

ဒီကောင်လေး သေမှ ငါ့သမီးကို ဂရုစိုက်ရကောင်းမှန်းသိလာမှာ...။

"ဟလို ..."

".... .... ...."

"ဘာပြောတယ်ကွ .."

".... .... ...."

"မင်းက နာမည်ကြီးသလောက် ဘာမှမဟုတ်ပါလား .."

".... .... ...."

"ဘာ ...."

ဒေါ်စန္ဒီလင်း ထိတ်လန့်သွားကာ ခြံရှေ့လမ်းဆီ ထိတ်ထိတ်ပျာပျာ လှမ်းကြည့်၏။ ကျယ်ပြန့်ကြီးမားသော ခြံဝန်းကျယ်ကြီးနဲ့ သစ်ပင်ကြီးတွေက ဆီးထားသဖြင့် ခြံရှေ့အိမ်ကြင်းကမပေါက် ...။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .. ဘာတဲ့လဲ .."

"မနက်က ဖြစ်တဲ့ကိစ္စလေ .. အဲဒါ ဘယ်လိုမှကို ညှိလို့မရဘူး၊ သူ ဖမ်းထားပေးပြီးပြီတဲ့ .. အဲဒီအတွက်ပြောတဲ့ အတိုင်းမရရင်က ဒီအိမ်လူကြီးတွေရှေ့မှာ .."

"တော်စမ်း ..."

ဦးရာဇနွယ် မျက်လုံးကြီး မီးတောက်မတတ်တဝင်းဝင်းဖြစ်လာကာ ဒေါ်စန္ဒီလင်း ရဲ့ လက်ကိုဆောင့်ဆွဲ၍ ..၊

"အဲဒါ မှတ်ထား .. ကြေးစားတွေနဲ့ ဆက်ဆံရင် အခြေအနေအရတွေ ဘယ်တော့မှထည့်မပြောနဲ့၊ ခဏခဏ ပြင်ဆင်ချက်တွေမထည့်နဲ့၊ ဒီလိုတွေဖြစ်တာ မင်းကြောင့် .. ဒီကောင်လေး ကိုယ့်လက်ထဲရောက်နေရင် ကြိုက်သလို စီရင်လို့ရတယ် .. သူများကို သတ်ခိုင်းဖို့မလိုဘူး .."

"စန္ဒီ ကလည်း .."

"မင်း တော်တော့ .. ပြန်ပေးဆွဲခိုင်းတာထက် လူသတ်ခိုင်းတဲ့ပြစ်မှုကို မင်းမတွေးမိဘူးလား .. တောက် .."

"ဒုန်း ..."

သူတို့ စကားများနေတုန်း လဲပြိုသံကြားလိုက်ရသဖြင့် ဒေါ်စန္ဒီလင်း ချက်ချင်းသွားကြည့်လျှင် ..၊

ငွေနှင်း ...။

ဒေါသက မနိုင်နိုင်ရာမဲဖို့ အဆင့်သင့်ရှိနေခဲ့သည့်အတိုင်း ..။

"ငါထင်တယ် .. နင်ပဲဆိုတာ သူလျှိုမ .."

လက်ကို အားပါးတရ လွှဲရိုက်လိုက်ဖို့ မြှောက်၏။ ထိုစဉ် ..၊

"သူ ဘာလုပ်လို့လဲ စန္ဒီ .."

ဟင် !...

ဒေါ်စိန်ပုလဲ နဲ့မှ တည့်တည့်တိုးလေသည်။ ဦးရာဇနွယ် အကြီးကျယ် စိတ်ပျက်သွားမိ၏။ အဆင်မပြေမှုတွေဟာ တစ်ခုပြီးတစ်ခု ဘာဖြစ်လို့ ဆက်တိုက်ဝင်လာနေခဲ့တာလဲ ..။



ပြဿနာတက်ပြီဆိုတာ သိလိုက်ပေမယ့် ပြဿနာတက်ရင် ပိုဆိုးမှာမို့ လက်ရှိအခြေအနေထဲကနေ ရှောင်ထွက်လာခဲ့ရ၏။

ဒေါ်စိန်ပုလဲ ကတော့ သားဖြစ်သူ မျက်နှာလွှဲသွားတာကို အံ့ဩသလို တစ်ချက်ပဲလှည့်ကြည့်ကာ ..၊

"ဒီမိန်းကလေးကို လက်ပါတဲ့အထိ ဒေါသထွက်စရာ ဘာအကြောင်းရှိနေလို့လဲ"

"ခဏခဏ ဒီပုံစံမျိုးနဲ့ မိနေတာ များပြီ မေမေ .."

"ဘယ်လိုပုံစံမျိုးလဲ .."

"လင်မယား တိုးတိုးစကားပြောနေပြီဆို .. သူ အနီးအနားမှာ မယောင်မလည်နဲ့ .."

"မြင်ရင် ခေါ်မေးလိုက်ပေါ့၊ သူ့မှာ ခိုင်လုံတဲ့အကြောင်းပြချက် မပြနိုင်ဘူးလား .."

အကြောင်းပြချက်ဆိုတာ အကြောင်းရှာပြီးလာတဲ့သူအတွက် အဆင်သင့်မရှိဘဲနေမလား ..။

"ညည်းဘာတွေးနေလဲဆိုတာ ငါသိတယ် စန္ဒီ၊ ဒါပေမဲ့ .. မရိုးသားတဲ့စကား ပြောနေတဲ့သူက မျက်လုံးမှာ သိသာပါတယ် .."

"အဲဒီလိုလုပ်တဲ့အတွက် သူ့မှာ ဘာအကျိုးရှိနိုင်သလဲ .."

ဒေါ်စန္ဒီလင်း မျက်လုံးတွေ မာန်မာနဖြင့် ရူးခနဲ လက်သွားသည်။ ဖုံးဖိမရသော ဒေါသအကြည့်တစ်ချက်ကို ဒေါ်စိန်ပုလဲ က အမိအရယူထားလိုက်ပြီး ပြုံးကာ ..

"ငွေနှင်း မှာ အပြစ်မရှိပါဘူးလို့ ငါမပြောဘူး၊ ဒါပေမဲ့ .. သူ့မှာလည်း သူ့အုပ်ထိန်းသူရှိတယ်၊ ခွေးရိုက်ချင် ခွေးရှင်မျက်နှာကြည့်ရသလိုပေါ့၊ သူ့ကို ညည်းကိုယ်တိုင် ဆုံးမဖို့မလိုဘူး .."

"စန္ဒီ က .. အစေအပါးတစ်ယောက်ဆိုတဲ့စိတ်နဲ့ ရုတ်ဖြေရက်ဒေါသမထိန်းနိုင် ဖြစ်သွားတာပါ"

'အစေအပါးတစ်ယောက်ကို ရိုက်ခွင့်မရှိဘူးလား' လို့ ပြောချလိုက်

www.burmeseclassic.com

www.burmeseclassic.com



တာမှန်း ဒေါ်စိန်ပုလဲ က နားလည်သည်။ သူမဘေးမှာ ယပ်ခပ်ရင်း လိုက်ပါနေသည့် မိန်းကလေးကို လက်နဲ့အသာ တိမ်းဖယ်စေကာ ...၊

"ငွေနှင်း ... သွားတော့ ..."

"ဟုတ် ..."

အပြစ်လုပ်သူကို စစ်လားဆေးလားတောင် မလုပ်ဘဲ လွှတ်လိုက်သဖြင့် ဒေါ်စန္ဒီလင်း နှုတ်ခမ်းကို မသိမသာ ဖိကိုက်ထားရင်း တွင်တွင်ငုံ့နေမိသည်။

"ငါပြောထားမယ် စန္ဒီ၊ ကတ္တီပါစံအိမ်တိုင်းမှာ စည်းကမ်းကြီးတယ်၊ လေ့ထုံးစံကို မကျော်ရဘူး၊ ဒါတွေထဲမှာ ကိုယ့်လက်အောက်ငယ်သားအပေါ် ကိုယ်ထိလက်ရောက် ရိုက်နှက်ဆုံးမဖို့မပါဘူး ..."

ခိုင်မာပြတ်သားစွာဆို၍ ရှေ့ကိုတစ်လှမ်းချင်း လျှောက်လာသည်။ သူမနဲ့အတူ ယပ်တောင်ကိုင်သည့်မိန်းကလေးပါ ကပ်လျက်လိုက်ပါနေရာ ယပ်တောင်မှ နူးညံ့ညင်သာသော လေက ဒေါ်စန္ဒီလင်း ရဲ့မျက်နှာထိ ရိုက်ပုတ်လာခဲ့၏။

ထိုအခါ ဒေါ်စိန်ပုလဲ ကိုယ်မှ နံ့သာဖြူသနပ်ခါးနံ့က ခန့်ညားစွာ ဆွတ်ပျံ့လာခဲ့ပြီး ...၊

"သူတို့တွေက ငါတို့ရဲ့သွေးသားတွေမဟုတ်ဘူး ... သူတို့ကို ပိုက်ဆံပေးထားတာ တစ်ခုတည်းနဲ့ ငါတို့ထိန်းချုပ်ထားကြတာ၊ လူတစ်ယောက်ရဲ့ဘဝတစ်ခုလုံးကို ငွေပေးဝယ်လို့ရတယ်များ ထင်နေသလား ..."

"မေမေရယ် ... စန္ဒီ က ..."

"ငါပြောလို့ မပြီးသေးဘူး ..."

ဒေါ်စိန်ပုလဲ က ရှူးရှူးရိုက်ရိုက် ကြည့်၍ ...

"လူကို မပြောနဲ့၊ တိရစ္ဆာန်ကိုတောင် ကြီးနိုင်ငယ်ညှင်းမလုပ်ရဘူး၊ သတ္တဝါတိုင်းကို စာနာစိတ်နဲ့ဆက်ဆံပါ၊ အခု ငွေနှင်း ဘာအပြစ်တွေပဲလုပ်ထားထား ... ညည်းက ငွေနှင်း ထက် မိုက်မဲတဲ့သူဖြစ်သွားပြီး နောက်ထပ်ပြီး ကိုယ့်အဆင့်အတန်း ကိုယ်ပြတဲ့ ဒီလိုအပြုအမူမျိုး မလုပ်



မိဖို့ ဆင်ခြင်ပါ ..."

ဒေါ်စန္ဒီလင်း စိတ်ကိုချုပ်တီးရင်း လက်သီးနှစ်ဖက်ကို တင်းကျပ်နေအောင် ဆုပ်လိုက်မိသည်။ ဒေါ်စိန်ပုလဲ လှည့်ထွက်သွားပြီးမှ ခြေလှမ်းတုံ့သွားသည်။

ပြီးတော့ မျက်တောင်ဖျားတို့ စင်းချလျက်နှင့် နောက်ကို ပြန်ငဲ့ကြည့်လိုက်၏။ မျက်ဝန်းတို့သည် ဒေါ်စန္ဒီလင်း ရဲ့လက်သီးဆုပ်တွေဆီ ကျရောက်သွားခဲ့လျှင် ဒေါ်စန္ဒီလင်း လက်သီးကို ကမန်းကတန်း ဖြေလိုက်ရင်း နောက်ဆုတ်မိ၏။

ဒေါ်စိန်ပုလဲ က သူမ မျက်နှာဆီ တစ်ချက်ဝင့်ကြည့်လိုက်ပြီး ဘာမှ မပြောဘဲ ဆက်လက်ထွက်ခွာသွားလေသည်။

မှားပြန်ပြီ မိစန္ဒီ ...၊

"တောက် .."

ခပ်ကြိတ်ကြိတ် တက်ခေါက်မိရင်း အခန်းနံရံကို လက်သီးနဲ့ထုနေမိသည်။

မရှုံးဘူး ...။ ငါ မရှုံးသေးပါဘူး ...၊ ဟိုကောင်လေးကို သတ်နိုင်ရင် ငါ့သမီးက အမွေဆက်ခံမယ့်သူပဲ။ မွေခံထိုက်သူရဲ့အမေအဖြစ် ငါ့ကိုလည်း သူတို့ အလေးထားကြရတော့မှာ ...။

ငါလုပ်ပြမယ် .. ကြည့် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)

"အ ..."

ခါတိုင်းလိုပဲ အိပ်ရာထသည့်စိတ်က ဇက်ကြောတွေ တင်းခနဲ ဖြစ်လျက် အဆမတန် နာကျင်သွားကာမှ မျက်လုံးတွေ ဖျတ်ခနဲပွင့်၏။

ဟင် !...

သူ့ဘေးမှာ လဲနေကြတာ ဝါဆို နဲ့ ရှေး ...။

သူ ဘာတွေဖြစ်ခဲ့သလဲ။

"အား .."

ခေါင်းက တဆစ်ဆစ်နာကျင်လာသဖြင့် လက်ပြင်လိုက်တော့ လက်နှစ်ဖက်လုံးကို ပူးချည်ထား၏။

"အား .. ကျွတ် .. ကျွတ်"

ခေါင်းက အဆမတန်နာကျင်လာကာ လည်ပင်းကြားထဲမှာ ခြောက်ကပ်ကပ်တွေကို ခံစားမိနေ၏။

သူ့ခေါင်းကို အရိုက်ခံလိုက်ရတာ သတိရလာသည်။

ပြီးတော့ ဇက်ပိုးကို တစ်ချက်ဖြတ်ရိုက်သေးသည်။ ဝါဆို နဲ့ ရှေး ရော ..၊

သူ အားယူပြီး လူးလဲထလိုက်လျှင် သူတို့ကိုလည်း လက်တွေ



ပူးချည်ခံထားရ၏။

နေ့လယ်ပိုင်းမှာ သူ ပတ်တီးဖြေသည်။ သိပ်မကြာလိုက်ဘဲ အပြင်ထွက်ခဲ့၏။ လှေကားမှာပဲ လူငါးယောက်နဲ့ လုံးထွေးသတ်ပုတ်ခဲ့ရသည်။

နာရီကြည့်လိုက်တော့ ညနေငါးနာရီခွဲကျော်နေပြီဖြစ်သည်။ အထဲမှာ ဘယ်သူမှမရှိကြပါလား ..။ ဘယ်ရောက်ကုန်တာလဲ ..။

ဒါမှမဟုတ် .. သူတို့ကို ပြန်ထည့်ပိတ်ခဲ့တာလား ..။

"ဟိတ် .. ဝါဆို .. ဝါဆို .. ဟေ့ကောင် .."

"ဟင် .. ဟာ .."

ရှုံ့ရှုံ့မဲ့မဲ့ဖြစ်သွားပြီးမှ ဝါဆို ပြူးပြဲထလိုက်၏။ ရှေး က သူတို့နှင့် ခပ်လှမ်းလှမ်းမှာ တစ်စောင်းလေးလဲနေကာ ဆံပင်တွေက ကြမ်းပေါ်မှာ အထွေးလိုက်ပုံကျနေ၏။

"ရှေး ကိုသွားကြည့် ... ဒဏ်ရာရထားလားလို့ .."

ဝါဆို ရှေး ကို သွားကြည့်ပြီး ..

"မြင်ရသလောက်တော့ ဘာမှမတွေ့ဘူး၊ ကျွန်တော်တောင် သွေးထွက်သံယိုမဖြစ်တာ၊ သူ့ကိုလည်း .. ဟာ .. ကိုလေး ကိုလေး လည်ပင်းမှာ သွေးတွေ .."

"တိုးတိုးအော် .. ဒီနားမှာ သူတို့ရှိရင် ဝင်လာလိမ့်မယ်"

"ကိုလေး ခေါင်းက စီးကျတာဗျ .."

ဝါဆို အသံနိမ့်လိုက်ပေမယ့် အကဲ ရဲ့ဘေးကို ဖင်ရွှေ့တိုးလာကာ ဒဏ်ရာကို လိုက်ရှာ၏။ သွေးစီးကြောင်းဆင်းလာတာက ဆံပင်တွေကြားထဲကမို့ ဒဏ်ရာဘယ်မှာဆိုတာ ရှာလို့မလွယ်။

"ဝါဆို .. မင်းကို ငါ့ဒဏ်ရာ ရှာခိုင်းနေတာမဟုတ်ဘူး .."

"ကိုလေးက အရေးကြီးတယ်လေ .. မနက်ကမှ မျက်လုံး"

"ကဲ .. တော်စမ်းပါကွာ၊ ဒီမှာ ငါ့လက်က ကြိုးသာဖြည်ပေး .."

"ကျွန်တော်လည်း ချုပ်ခံထားရတာလေ .."

www.burmeseclassic.com

www.burmeseclassic.com



"ပါးစပ်နဲ့ကိုက်ဖြုတ် ..."

ဝါဆို မျက်နှာမဲ့မဲ့နှင့် ခေါင်းညိတ်သည်။ ပြီးတော့ ကြမ်းပေါ် တုံးလုံးလှဲချလိုက်ပြီး အကဲ ရဲ့ကြိုးကို မရမကဖြည်ပေး၏။

"အား .. ခြေလေးချောင်းသတ္တဝါတွေ ပါးစပ်နဲ့ပဲ ဘယ်လို စခန်းသွားကြသလဲ မသိဘူး .."

ဟင်!...

အပြင်က သော့ဖွင့်သံကြားလိုက်ရသဖြင့် သူတို့ ထိတ်ခနဲဖြစ်သွားသည်။ ရှေး ကိုကြည့်လိုက်တော့ တစောင်းလေးလှဲနေသည့်တိုင် တင်းပြည့်လှပသော ကိုယ်ခန္ဓာအလှက ဂောက်ကွေ့ကြောင်းလေးတွေပေါ်ပြီး ထင်းနေ၏။

ထို့ပြင် ခြေသလုံးတစ်ဝက်ထိ လိပ်တက်နေသည့် ထမီအနားစ အောက်က ဝင်းဝါနုမွတ်နေသော အတွင်းသားလေးကို ဒီတိုင်း မြင်နေရသဖြင့် ...၊

"ကျွတ် ..."

အကဲ ဖင်ရွှေ့တိုးလိုက်ပြီး ထမီအနားစကို ခြေမနဲ့ညှပ်၍ ဆွဲချပေးလိုက်သည်။ ပြီးတော့ သူမအားမှာပဲ ကပ်ထိုင်နေလိုက်သည်။

ထိုစဉ် အပြင်က ဝင်လာကြသည့်နှစ်ယောက်က သူတို့ကို ခုမှ မြင်ဖူးသလို မတ်တပ်ရပ်ရင်း စေ့စေ့စပ်စပ် ကြည့်ကြ၏။

အကဲ လည်း သတိထားမိသည်။ မနက်က ငါးယောက်က လူငယ် တစ်ယောက်ပဲပါသည်။ ထိုလူငယ်က ပိန်ပိန်မည်းမည်းဖြစ်၏။

ခုဝင်လာတာ နှစ်ယောက်စလုံး လူငယ်တွေပဲဖြစ်ကြကာ အသားလတ်လတ် ပုံစံတွေက ခပ်နုနုနှင့် ..

"ဘယ်လိုလဲဟ .. ငါတို့က ဒီလူတွေကို စောင့်ပေးရမှာလား"

သူတို့ဘက်ကကြည့်တော့ လဲနေသည့် ရှေး ကို နောက်ကျောမကျ တကျ ခြေထောက်ကနေ မြင်ရတာဖြစ်သည်။



တစ်ယောက်က ရှေး ကို သေချာမြင်ချင်ပုံနှင့် လည်ပင်းရှည်ကြည့်နေသဖြင့် ...၊

"ဟိတ်ကောင် ..."

"ဟင် .."

"ဘာလဲ .. ဝါသနာကြီးတာလား၊ စိတ်ပျော်စရာကို နောက်ထား၊ ညစ်စရာကို အရင်တွေးဦး .."

"မင်းထက် ငါက ပိုညစ်တယ် ညည်းမနေနဲ့ .."

"အေး .. မင်းလည်း အလုပ်ကို စိတ်မပါတာတွေ တော်တော်ပြောသလား၊ ဒီလောက် ငွေအချောင်ရတဲ့အလုပ်ကို ထပ်ပြုတ်ချင်လို့လား.."

သူတို့စကားတွေနဲ့ သူတို့ ဖမ်းထားသည့်သူတွေကို အရုပ်တွေများ မှတ်နေသလားမသိ။

"ငါတို့ ဘယ်နှစ်နာရီလောက် စောင့်ပေးရမှာလဲ .."

တစ်ယောက်က သူကိုင်ထားသည့်ဖုန်းကို ပြ၍ ...၊

"စောင့်ပေးဖို့ပဲ မဟုတ်ဘူး၊ ဖုန်းထဲကထွက်လာတဲ့ အမိန့်အတိုင်းပဲ"

"ဘယ်လို .."

"အသာလေးပြန်ခဲ့တော့ဆိုရင် ပြန်ထွက်သွားမယ်၊ ရှင်းခဲ့လိုက်ဆိုရင်တော့ သုံးလောင်းပြိုင်ပဲ .."

"ဘာ ..."

နှစ်ယောက်မှာ တစ်ယောက်ကတော့ သွေးအေးကာ တစ်ယောက်က ကြောက်တတ်ပုံပေါ်၏။ ဝါဆို နဲ့ အကဲ ကျောချင်းကပ် ထိုင်နေကြကာ သူကိုက်ထားသည့်ကြိုးစကို မှတ်မိနေသဖြင့် ဝါဆို က ကြိုးဖြည်သည့်အလုပ်ကို မမြင်မစမ်းဆက်လုပ်နေ၏။

ကြိုးက တုတ်ပေမယ့် ချည်ခင်ကြိုးမို့ ဖြုတ်ရတာခက်နေသည်။ သို့သော် သူတို့တွေ စကားပြောနေတုန်းမှာ ကြိုးပြေသွားလေသည်။ သို့သော် ...၊

www.burmeseclassic.com

www.burmeseclassic.com



"ကိုလေး .. မလှုပ်နဲ့ဦးနော်၊ ကိုလေး ခေါင်းမှာဒဏ်ရာရထားတာ၊ ပြီးတော့ .. သူတို့ခါးကြားမှာ ဓားတွေနဲ့ဗျ .."

"ဟိုနှစ်ကောင် ဘာတွေ တွတ်ထိုးနေတာလဲ .."

တစ်ယောက်က သဟောက်သဟမ်းနဲ့ လှမ်းအော်သည်။ အကဲ မျက်နှာတင်းသွားကာ ...၊

"မင်းရှေ့မှာ လူတွေထိုင်နေတာ .. လူမှန်း တိရစ္ဆာန်မှန်းမသိလောက်အောင် မင်း မျက်လုံးကန်းနေလား .."

"အံမာ ..."

"ဟေ့ကောင် နေစမ်းပါကွာ ..."

တစ်ယောက်က ခါးကြားကဓားကို ဆွဲထုတ်ပြီး ဒီဘက်လှည့်လာ၏။ တစ်ယောက်က ဆွဲထားလိုက်ကာ ..၊

"ငါတို့ကို အဲဒီအဆင့်မရှိဘူးလို့ ဆရာက ပြောပြီးသား၊ ခုမှ ဘာဖြစ်လို့ လူသတ်ဖို့ထိ ငါတို့ကို တာဝန်ပေးရတာလဲ .."

"မင်းကလည်း အရေးထဲမှာ ကြောက်ချေးပါနေတယ်ကွာ၊ ဘာပဲဖြစ်ဖြစ် တန်ရာတန်ကြေးပေးနိုင်းရင် သတ်ရမှာပဲ၊ ဆရာကလည်း ငါတို့ကို ဖြစ်လောက်မယ်ထင်မှနိုင်းမှာ .. ကျားကြီးတော့ ခြေရာကြီးတယ်၊ နိုင်းတာနဲ့တန်အောင်ရမှာ ပူမနေနဲ့ .."

ဓားပြားကို လက်ပေါ်တင်ပြီး တစ်ဖက်ဖက်ပုတ်၍ အကဲ ကို လှည့်ကြည့်ကာ ..

"လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် ဟေ့လူ .. ခုချိန်မှာ ငါတို့ဖမ်းတဲ့ သုံ့ပန်းတွေပဲ၊ မင်းတို့ကို ကြက်ငှက်သတ်သလို အေးဆေးသတ်ပစ်လို့ ရတယ်၊ ဟွန်း .. ခုချိန်ထိ မာန်တက်နေသေးတဲ့ပုံပဲ .."

ပြောနေရင်း ဖုန်းလာသဖြင့် ဝါဆို စိတ်သက်သာရာရသွားသည်။ မဟုတ်လျှင် ကိုလေး ကလည်း တစ်ခုခု ထပြောတော့မှာဖြစ်သည်။

"ဟင့် .. အား .."



ဟင် ...၊

တစ်ပူအေးရုံပဲရှိသေးသည်။ တစ်ပူက ပေါ်လာ၏။ ရှေး သတိရလာတာဖြစ်သည်။ သူမ လှုပ်ရှားလာတာနှင့် ဟိုလူနှစ်ယောက်ကလည်း ဒီဘက်ကို လှည့်ကြည့်ကြ၏။

သို့သော် တစ်ယောက်က ဖုန်းပြောရင်း ဆက်တီပေါ်မှ ခြေတင်လှဲလိုက်၏။ တစ်ယောက်ကတော့ မမိုတ်မသုန် စိုက်ကြည့်နေသဖြင့် ...၊

"ပြဿနာပဲ တဏှာရူးတစ်ကောင်တော့ ပါလာပြီထင်တယ် .."

ဝါဆို ခပ်တိုးတိုးညည်းကာ ...

"ကိုလေး .. တော်ရုံဆို သည်းခံနော်၊ ကြိုးပြေနေတာ မပိုင်ဘဲ မသိစေနဲ့ဦး .."

"မင်း ငါ့ကို ဆရာမလုပ်ပါနဲ့ .."

"ကိုလေး .. ကိုလေး .. ဘာဖြစ်သွားလဲဟင် .."

သူတို့စကားတွေ ပြတ်တောက်ကုန်ကြ၏။ ရှေး ကယောင်ကတမ်း ကျူးထလိုက်ကာ ကိုလေးကိုမကြည့်ဘဲ ကိုလေးပဲ ခေါ်နေ၏။

"မရှေး .. ဒီမှာ ကိုလေးလေ"

"ဟင် ..."

"ကိုလေး ဘာမှ .."

မဖြစ်ဘူးပြောမလို့ဟာ လည်ပင်းက ခြောက်နေပြီဖြစ်သည့် သွေးစီးကြောင်းကို ပြန်ကြည့်မိလျက် ...၊

"နည်းနည်းပဲထိတာ .. ဘာမှမဖြစ်ဘူး"

"ကိုလေး ..."

မျက်နှာနှစ်ခု နီးနီးလေးဆိုင်မိလိုက်ကာမှ ရှေး ခပ်အမ်းအမ်းလေး ဖြစ်သွားပြီး ပတ်ဝန်းကျင်ကို သတိရသည်။

"ငါတို့ ဒီထဲပြန်ရောက် .. ဟင်!..."

သူမ မျက်လုံးတို့သည် ငေးကြည့်နေသောမျက်ဝန်းတစ်စုံနှင့် ဆုံမိ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာ ...။

"မောင်လေး ..."

ရှေးရိုးမောင် သည် ရှေး ကို မြင်နေရပါလျက်နှင့် မယုံနိုင် ...။

ရှေ့ကို တစ်လှမ်းချင်းတိုးလာနေလျက် ...၊

"မမ ..."

"ဟုတ်တယ် မမပါ၊ မောင်လေး ဒီကို ဘယ်လို ..."

"မောင်မောင် .. ဟိတ်ကောင် .."

နောက်ကခေါ်သံကြောင့် ရှေးရိုးမောင် ခေါ် မောင်မောင် ၏ ခြေလှမ်းတုံ့သွားသည်။

"ဘာလဲ .. ဆွေမျိုးတွေ တွေ့နေတာလား၊ လုံးဝမရဘူးနော် .. မင်း .."

"မောင်လေး .. မောင်လေးက လူဆိုးတွေနဲ့ ပေါင်းနေတာလား၊ မင်း .. မင်း ဒီဘဝရောက်နေတာပေါ့ .."

"မမ .."

မောင်မောင်က ရှေး ကို ပြေးဖက်၏။ ခုနဝင်လာသည့် ပုံစံတွေ ပျောက်ကွယ်လျက် ရှေး ရဲ့ရင်ခွင်ထဲမှာ တကယ့်ကလေးငယ်လေးလိုပင်။

ထို့ပြင် မျက်ရည်တွေ စီးကျလာခဲ့လျက် ...၊

"မမ .. မောင်လေးကို ခွင့်လွှတ်ပါ၊ မမဆီက ထွက်လာတည်းက ငွေတွေအလိမ်ခံရလို့ မောင်လေး .. မောင်လေး ငွေပြန်ရချင်လို့ .."

"ဖြစ်ရလေ မောင်လေးရယ် .. မင်း မိုက်လှချေလား .."

မောင်မောင့်ကို ပြန်ဖက်ချင်ပေမယ့် လက်တွေ ကြိုးတုပ်ခံထားရသဖြင့် သူမ ဒီတိုင်းထိုင်ရင်း မျက်ရည်ကျမိ၏။

"မမ လိုက်လာတော့ .. မောင်လေး မပြောရဲလို့ မပြောခဲ့ရဘူး၊ ပြောဖို့ပြန်လာတော့ မမ မရှိတော့ဘူး .."

"မောင်မောင် .. မင်းနော် .. မင်းကိစ္စ ဆရာသိရင် မလွယ်ဘူး၊



ဟိတ်ကောင် .. ထ .."

မောင်မောင် ဆတ်ခနဲဖြစ်သွားကာ မျက်ရည်တွေကို လက်ခုံနဲ့ ပွတ်တိုက်ပစ်လိုက်ပြီး ...၊

"မမ .. သူတို့နဲ့ ဘယ်လိုပတ်သက်နေတာလဲ၊ မမကို ကျွန်တော် လွှတ်ပေးမယ် ..."

"ဟင့်အင်း ..."

ရှေး ရုတ်တရက် ဘာပြောရမှန်းမသိဖြစ်သွားကာ ဝါဆို နဲ့ အကဲကို ကြည့်လိုက်၏။ ထိုအချိန်မှာ သူမလက်က ကြိုးကို မောင်မောင်က ဖြည်ပေးလိုက်ပြီဖြစ်၏။

"မင်း အစ်မက .. သူ့ယောက်ျားကိုထားခဲ့ပြီး ပြေးမှာမဟုတ်ဘူး ငါ့ညီ"

ဟင် !...

မောင်မောင် တအံ့တသြဖြစ်သွား၏။ ရှေး ရှက်ရှက်နဲ့ပဲ ခေါင်းညိတ်လိုက်ရကာ ...၊

"မမလည်း အားကိုးမဲ့ပြီး .."

"မမတို့ကို သူတို့သတ်တော့မှာ .. နောက်လူတွေလာရင် မမ တို့ကို ဒီထဲက ခေါ်ထုတ်သွားပြီး အားလုံးကိုရှင်းဖို့ ခုန ဖုန်းလာတာ .."

မောင်မောင် က တီးတိုးပြောရင်း ဘယ်သူမှမတားနိုင်ခင် ကြိုးတွေ လျှောက်ဖြုတ်ပစ်လိုက်၏။

"မောင်မောင် .. မင်း .. မင်း .."

"ခွပ် ..."

ဖုန်းပြောနေသည့်တစ်ယောက်က ပြေးလာလျှင် အကဲ က ပါးချိတ်ကို ထိထိမိမိ လှဲကန်ပစ်လိုက်၏။ ကန်ချက်ကြောင့် ဘိုင်းခနဲ လဲကျသွားသည်နှင့် ...၊

"မမတို့ ပြေးကြ .. သွားကြတော့ .."

www.burmeseclassic.com

www.burmeseclassic.com



"မင်းကရော .."

"ကျွန်တော်က လိုက်လို့မရသေးဘူး ..."

"အို .. မဖြစ်ပါဘူး .. မင်းကို သူတို့ ရန်ပြုကြမှာပေါ့ .. လာ .. ခုထ"

"မဖြစ်ဘူးမမ .. ကျွန်တော် ရှင်းစရာတွေရှိသေးတယ်၊ အဲဒါတွေ မရှင်းခဲ့ရင် ကျွန်တော့်နောက် တကောက်ကောက်လိုက်ပြီး အန္တရာယ် ပေးကြမှာ .."

မောင်မောင်က ပြောနေရင်း အတင်းတွန်းလွှတ်နေသဖြင့် သူတို့ တံခါးနားထိရောက်လာကြ၏။ ထိုစဉ် လဲကျနေသူလက်ထဲက လွှတ်ကျ နေသည့်ဖုန်းက အသံမြည်လာ၏။

လဲနေသူ လူးလူးလွန်းလွန်းထ ဖြစ်လာလျှင် ...၊

"ဒီကောင်က .. ကျွန်တော့်သူငယ်ချင်းပါ၊ မမ ကျွန်တော့်အတွက် မပူနဲ့ .. သွား .. မြန်မြန်သွား .."

အကဲ က ရှေး လက်လေးကို ပိုင်နိုင်စွာ ဆုပ်ကိုင်လိုက်ပြီး မောင်မောင့် ဘက်လှည့်၍ ...

"မင်း အသက်အန္တရာယ်ဖြစ်လာရင် ကတ္တီပါစံအိမ်ကို ဆက်သွယ် လိုက်ပါ၊ ငွေဖြစ်ဖြစ်လူဖြစ်ဖြစ် မင်းကိုကာကွယ်ပေးနိုင်တဲ့အရာတွေ အဆင်သင့်ရှိမယ် .."

"မောင်လေး .. သူတို့က ငွေရလို့ မမတို့ကိုသတ်ပေးနေတာပါ၊ မင်း အသက်ကို ထိခိုက်မယ်ထင်ရင် ငွေနဲ့ပြန်လဲလိုက်ပါ .."

မှာနေရင်း အသံတွေတိမ်ဝင်သွားကာ မျက်ရည်တွေ ပိုးပိုးပေါက် ပေါက်ကျလာကြသည်။ မောင်မောင်က တံခါးပိတ်ပစ်လိုက်၏။

သူတို့ တက္ကစီခေါ်ပြီး ကားပေါ်ရောက်ကြကာမှ အကဲ က ရှေး ရဲ့ လက်လေးကို လွှတ်ပေးလိုက်ပြီး ...၊

"စံအိမ်မှာ .. ရှင်းစရာတွေ ရှိနေသေးလို့ မျက်နှာလွှဲခဲ့ရတာပါ၊ မင်း ရဲ့မောင်ကို ငါ ကူညီမယ်လို့ ကတိပေးတယ် ..."



ရှေး မျက်နှာမော့မလာခဲ့ဘဲ ခေါင်းခါသည်။

"ကျွန်မမောင်လေးအတွက် ကျွန်မကသာ တောင်းပန်ရမှာပါ၊ မောင်လေးက ငယ်ပါသေးတယ်၊ သူ ဒီလိုတွေလုပ်ခဲ့တာက .."

"တော်ပါကွာ .. အဲဒါတွေပြောမနေပါနဲ့၊ မင်း မောင်လေး ဘယ်လို လူဆိုတာ ငါ စိတ်မဝင်စားဘူး၊ သူ ဘာတွေ လုပ်ခဲ့လုပ်ခဲ့၊ အခု သူ့ဆီက အကူအညီနဲ့ ငါ လွတ်လာခဲ့တယ်၊ ငါ ပြောနေတာ အဲဒါ .."

"ဟုတ်ပါတယ် မရှေး ရယ် .. စိတ်မကောင်းဖြစ်မနေပါနဲ့၊ သူ့ အတွက်လည်း မပူနဲ့၊ ခုလို လွတ်မြောက်အောင် ကူညီလိုက်တဲ့အတွက် ကြီးကြီးငယ် သိရင်လည်း ကျေးဇူးတင်မှာပဲ .. အားလုံးကောင်းသွားမှာပါ"

ရှေး ကတော့ စိတ်မပူလို့မရပါ။ ဟိုလူကြီးတွေရှေ့ရောက်ရင် မကောင်းသူတွေထဲမှာ ကိုယ့်မောင်အရင်း တစ်ယောက်လုံးပါနေတဲ့ အတွက် ကိုယ့်ကိုယုံကြပါ့မလား ..။

ကျန်နေခဲ့တဲ့ မောင်လေးရဲ့ အသက်အန္တရာယ်အတွက်ရော ဘယ်လို စိတ်ချမလဲ။ သူ့ကိုယ်သူ ဘယ်လိုကာကွယ်မှာလဲ ..။

ထွက်ပေါက်မရှိသော အတွေးများနှင့် မျက်ရည်စက်တို့သည်သာ တပေါက်ပေါက်ကျနေခဲ့လေသည်။ အမှောင်ကို ချဉ်းနင်းနေပြီဖြစ်သည့် ည၏အလှက မြင်မြင်သမျှမှာ မီးရောင်တွေနဲ့ ထွန်းလင်းနေပြီဖြစ်၏။

သူမတို့မောင်နှမအတွက်ကတော့ အလင်းရောင် မမြင်သေးပါလား။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၆)

"ဘယ်လိုနေသေးလဲ ငွေနှင်း၊ သမီး သက်သာရဲ့လား .."

"ဟုတ်ကဲ့ မေမေကြီး၊ ခုနကတော့ စကားပြောပါတယ် .. ဒါပေမဲ့"

"ငါသိတယ် .."

ဒေါ်မြရင်ငယ် ရဲ့ မျက်ဝန်းထောင့်မှ စီးကျထားသော မျက်ရည်ကြောင်းကို မြင်လိုက်သဖြင့် ဒေါ်စိန်ပုလဲ မျက်နှာ မသာမယာနှင့် ဘေးမှာထိုင်သည်။ ပြီးတော့ ...

"မိငယ် .."

ခေါ်သံကြားသည်နှင့် ဒေါ်မြရင်ငယ် မျက်တောင်များတို့ လှုပ်ခတ်လာသည်။

"မိငယ် .. သမီး အနားယူဖို့လိုတယ်ဆိုတာ မေမေ သိပါတယ် ဒါပေမယ့် စိတ်အေးလက်အေး အနားယူနိုင်ဖို့ဆိုတာ စိတ်ထဲမှာရှိတဲ့ ပူပင် သောကတွေကို ဖွင့်ထုတ်ပစ်မှရတာ .."

ဒေါ်မြရင်ငယ် မျက်ဝန်းတွေ တဖြည်းဖြည်း ဖွင့်လာခဲ့သည်။ သို့သော် မျက်ဝန်းအိမ်တစ်ခုလုံးမှာ မျက်ရည်တို့ဖြင့် ပြည့်နှက်လျက် ...၊

"ဒီမှာ .. သမီးတို့ ဖြစ်ပျက်သမျှတွေကို အခု မေမေ အားလုံးသိခဲ့ရပြီ"



"ငယ့် လုပ်ရပ်တွေ မှားခဲ့ရင် ခွင့်လွှတ်ပါမေမေ .. ဒါပေမဲ့ .."

"ပြောပါ .. ဘာဖြစ်ဖြစ်ပြော .."

"ဒီစံအိမ်မှာ ငယ့်ဘဝ ရှင်သန်ခဲ့သလို သားလေးကို မရှင်သန်စေချင်ဘူး .."

ဒေါ်စိန်ပုလဲ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"အမေ့ကို ငယ် အရမ်းအားနာပါတယ်၊ ဒါပေမဲ့ .. ငယ့်ဆန္ဒကို ငယ် ကိုယ်တိုင် မပြောဘဲ တခြားသူက ပြောတာဆိုရင် အခြေအနေကို ပိုဆိုးရွားသွားစေမယ့် စကားတွေပါလာနိုင်တယ် .."

ဒေါ်စိန်ပုလဲ ခေါင်းညိတ်လိုက်ရပေမယ့် ရင်ထဲမှာ မကောင်းပေ။ အကဲ ကိုသူ့တိုက်ခန်းမှာ သွားရှာတာ မရှိကြဘူးလို့ သတင်းကြားလိုက်ရာနှင့် မူးလဲသွားသည့် အမေတစ်ယောက်ရဲ့ရင်ထဲကို စာနာမိပေမယ့်...၊

"သားလေးရဲ့အိမ်ထောင်ရေး .. သားရဲ့မိသားစုဘဝလေးကို သူ့စိတ်ကြိုက် ဖန်တီးစေချင်တာ .."

ဒေါ်မြရင်ငယ် အသံလေးက တိုးလျနေ၏။ သို့သော် သူမ ပြောချင်နေသည့်စကားတွေကို ပြောနေရသဖြင့် တက်ကြွနေသော မျက်ဝန်းတို့မှာ အင်အားတို့နှင့်ဖြစ်ကာ ...၊

"သားကို .. ဒီမှာ မနေစေချင်ပေမယ့် ထွက်သွားတာကတော့ ငယ် ဖန်တီးခဲ့တာမဟုတ်ပါဘူး၊ ဒါပေမဲ့ ပြန်မလာဖြစ်အောင် ငယ် တိုက်တွန်းခဲ့မိပါတယ်၊ အဲဒီအတွက်လည်း .."

"ဟုတ်ပါပြီ .. သမီးပြောချင်နေတာ ဒါပဲတော့ မဟုတ်ဘူး ထင်တယ် .."

သူမ ကျန်းမာရေးနဲ့ပတ်သက်နေလို့လား။ ဒါမှမဟုတ် သားလေး ပြန်လာဖို့အတွက် တစ်ခုခု တောင်းဆိုချင်လို့လား မသိ။ ဒေါ်စိန်ပုလဲရဲ့ စကားသံတွေ နူးညံ့ချိုသာလွန်းနေတာကို ဒေါ်မြရင်ငယ် သတိထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမကလည်း သားအတွက် တိုက်ပွဲဝင်ရပါစေ ... ဒီအတွက်နဲ့သေရမယ်ဆိုရင်တောင် သေသည်အထိ အလံမလှဲဖို့ ဆုံးဖြတ်ထားပြီးသား။

"အခု .. သားလေးကို ပြန်မခေါ်ဖို့လည်း တောင်းပန်ချင်တာပါ၊ ဒါ .. ဒါပေမဲ့ သားလေး ဘာတွေဖြစ်နေပြီလဲ၊ လူဆိုးတွေလက်ချက်နဲ့"

"မင်းလောင်းမှန်ရင် တစ်ပါးသူ လုပ်ကြံခံရလို့ သေရတာမရှိဘူး၊ ရန်သူမျိုးငါးပါးကလည်း လွတ်တယ်၊ ဘုရင်ငယ်လေးက ကတ္တီပါစံအိမ်မှာ မျိုးဆက်အမွေကို ဆက်ခံရဦးမယ့်ကလေး၊ သူ ဘာမှမဖြစ်နိုင်ဘူးလို့ ယုံကြည်ထားလိုက်ပါ .."

ဒေါ်မြရင်ငယ် မျက်နှာ ရွှင်လန်းမလာတော့ ခပ်သဲ့သဲ့ပြုံးလိုက်ပြီး...

"ကတ္တီပါစံအိမ်ရဲ့မျိုးဆက်ဆိုတာ သမီးက နားဝင်မချိုပေမယ့် ဒီအခွင့်အရေးကို လိုချင်လွန်းလို့ .."

"သတ်ဖို့ဖြတ်ဖို့ ဝန်မလေးတော့တဲ့အထိ ဖြစ်နေကြတာ ငယ် သိပါတယ်"

"ဘယ်လို !..."

ဒေါ်စိန်ပုလဲ မျက်မှောင်ကုတ်သွားသည်။ ငွေနှင်း နဲ့ တခြား မိန်းကလေးတွေလည်း အသီးသီး ထွက်ခွာသွားကြလေသည်။

"ကြားပါတယ် .. မြင်ပါတယ်ဆိုတာ နိုင်လုံတဲ့သက်သေတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ .. ငယ့်အတွက်တော့ နိုင်လုံတယ် အမေ၊ သားလေးကို အပြတ်ရှင်းပစ်ဖို့ သူတို့ ကြံစည်နေကြတာတွေ ငယ့် နားနဲ့ လည်း ကြားတယ်၊ ငွေနှင်းလည်း ကြားတယ် .."

"ဘုရား .. ဘုရား .."

"အမေ မယုံနိုင်ဘူးဆိုတာ ငယ် သိတယ်၊ သားတစ်ယောက်အကြောင်း သူ့အမေကို တိုင်ရတာ ငယ်လည်းအရှမ်းကို နေရခက်ပါတယ်၊ ဒါပေမဲ့ - ကိုနွယ်ပဲ ကြံစည်နေတာတွေပါ"



"သားက .. ဟုတ်လား မိငယ် .."

"သူတို့လင်မယား ကြံစည်နေကြတာတွေ ငွေနှင်း အရင်ဆုံး ကြားခဲ့ရတာ .. ပြီးတော့ ငယ် ကိုယ်တိုင်ကြားတယ်၊ အဲဒီနောက်မှာ မသင်္ကာစရာမြင်ရင် သတိထားကြည့်နေပေးဖို့ ငွေနှင်း ကို ငယ်ပဲ ခိုင်းခဲ့တာပါ.."

ဒါကြောင့် မြွေမြွေချင်း ခြေမြင်ပြီး သူ့ကို ချောင်းပါတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ စန္ဒီ ဒေါသတကြီးဖြစ်နေတာပဲ ...။

တွေးမိလိုက်ပေမယ့် ဒီနေ့ကိစ္စကတော့ 'စန္ဒီ့ကို သွားခေါ်စမ်း' လို့ ဒေါ်စိန်ပုလဲ ကိုယ်တိုင် ငွေနှင်း ကို ခိုင်းခဲ့တာဖြစ်သည်။

"သူတို့က ဘာဖြစ်လို့ ဒီလိုကြံစည်နေကြတာလဲ၊ အမွေဆက်ခံမယ့်သူအဖြစ် မြေးလေးက ရှိပြီးသားကို ဒီလို ပုတ်ချလိုက်တိုင်း ကိုယ့်ဆီရောက်လာမယ်ထင်နေလို့လား .."

တွေးမိလိုက်တာနှင့် ဒေါသပါလာခဲ့သည်။ ဒေါ်စိန်ပုလဲ လက်သီးဆုပ်၍ မျက်နှာပါမဲ့နေလျက် ...။

"ဘာလို့ ဒီလိုတွေဖြစ်ရတာလဲ၊ ငါ့သားက ဘာဖြစ်လို့ ဒီလိုစိတ်တွေ ဖြစ်နေတာလဲ .."

"အဲဒါကြောင့် .. ငယ် ပြောပါရစေ အမေ၊ ကတ္တီပါစံအိမ်က အမွေဆက်ခံသူအဖြစ် သားလေးကို မရည်ရွယ်ပါနဲ့၊ လင်းမြတ်နွယ်လေးကလည်း မျိုးဆက်သွေးပါပဲ၊ သူတို့မိသားစုလည်း စိတ်ချမ်းသာသွားမှာပါ .."

"မဟုတ်တာ မိငယ် .. ညည်း ဘာတွေပြောနေတာလဲ၊ အမွေကိစ္စကို ငါတစ်ယောက်တည်း ဆုံးဖြတ်တာမဟုတ်ဘူး၊ ငါလည်း ကတ္တီပါစံအိမ်က ချွေးမတစ်ယောက်ပါပဲ၊ ဒီစံအိမ်မှာ အစဉ်အဆက်တိုင်းက သားယောက်ျားလေးတွေချည်းဖြစ်ခဲ့သလို မိန်းကလေးတိုင်းက ချွေးမတွေ.."

သားတွေက အရေးပါဆုံးဖြစ်သလို ချွေးမတွေကလည်း သားတွေရဲ့ ပါရမီဖြည့်ဖက်အဖြစ် အရေးပါသေးသည်။ ဒါပေမဲ့ သမီးတွေမွေးလာ

www.burmeseclassic.com

www.burmeseclassic.com



သမ္မ ချောင်ထိုးခံရခြင်း အစဉ်အလာလည်း ရှိခဲ့လေရာ ...။

"ငယ် ပြောနေတာလည်း ချွေးမတစ်ယောက်ရဲ့ဘဝကိုပါ၊ သားလေးရဲ့ အိမ်ထောင်ရေးက ကတ္တီပါစံအိမ်ရဲ့စီမံမှုအောက်မှာ ဖြစ်မြောက်လာခဲ့မယ်ဆိုရင် .."

"ဘာဖြစ်နိုင်လို့လဲ မိငယ် ပြောပါဦး၊ အဲဒီအတွက် .. ညည်း ကာကွယ်ထားခဲ့တာပဲ .."

နောက်ထပ် သားသမီးမရအောင် တားဆီးခဲ့ခြင်းနှင့်ပတ်သက်ပြီး ပြောလိုက်တာဖြစ်သည်။ ဒါတွေကို လူကြီးတွေက အစကတည်းက ရိပ်မိခဲ့ကြသည်။ ခုလည်း သေချာသိခဲ့ပြီဖြစ်သည်။

ဒါပေမဲ့ ဘာများ အပြစ်ဆိုခဲ့တာရှိသလဲ ...။

"ဖြစ်တတ်တာရှိတဲ့ထဲမှာ ညည်းယောက်ျား ငါ့သားကြီးက အသက်တိုခဲ့လို့ ငါ့သားငယ်နဲ့ ဆက်ပြီး လက်ဆက်ပေါင်းသင်းခဲ့ရတယ်၊ အဲဒါကိုပဲ ဘာဖြစ်လို့စွဲနေရတာလဲ၊ ဒီလိုဖြစ်ခဲ့ဖူးတာနဲ့ပဲ ဒီစံအိမ်က ယောက်ျားတိုင်း အသက်တိုမယ် ထင်နေတာလား .."

ဘဝတစ်ခုလုံး နွံနစ်ခဲ့ရသည့်အဖြစ်က မေ့ပျောက်လွယ်ပါ့မလား။ ပြီးတော့ နောက်အိမ်ထောင်၏မလိုလား အမျက်ရှခြင်းတွေကို ခံစားပေးဆပ်နေခဲ့ရတဲ့ နှစ်တွေ ...။ ဖွင့်မပြောခဲ့ပေမယ့် ဒေါ်မြရင်ငယ် ရင်ထဲမှာ ထုနဲ့ထည်နဲ့ပါ။

"အခု .. မြေးလေးက တစ်ဦးတည်းသော မြေးလေးပါအေ၊ ညည်းပူပန်နေတာ သူ့ကိုသက်တမ်းတိုမယ်လို့ နိမိတ်ဖတ်နေတာနဲ့တူတယ်၊ အဲဒါ တွေးမိရဲ့လား .."

"ငယ် ပြောချင်တာ သားရဲ့အိမ်ထောင်ရေးကနေ ဖြစ်လာမယ့်မိသားစုကိုပါ၊ ကိုယ်ချစ်တဲ့သူနဲ့ လက်ထပ်ပြီးတာတောင် မိသားစုဘဝ သိုက်သိုက်ဝန်းဝန်းလေးနေချင်တာတောင်မှ ငါဘယ်နှစ်ယောက်မွေးရမလဲလို့ ချင့်ချိန်ပူပန်နေရမယ့် သားတို့အိမ်ထောင်ရေးအတွက် ငယ် အမုန်းခံပြီး တောင်း



ပန်နေတာပါ၊ အဲဒီအမွေတွေကို ငယ် မလိုချင်ဘူး၊ သားလေးလည်း .."

"အမွေအနှစ်ဆိုတာ .. လိုချင်တိုင်းမရဘူးအေ့ .. စည်းစိမ်ဥစ္စာကိုလည်း စံထိုက်သူမှ စံရတာ .."

ဒေါ်စိန်ပုလဲ မချင့်မရဲ ဒေါသစိတ်တွေ ဖြစ်လာခဲ့ပေမယ့် ကြည့်လိုက်တော့လည်း ဒေါ်မြရင်ငယ် ရဲ့အားနည်း ဖျော့ကျနေသည့် မျက်နှာလေးက ပြစ်တင်မောင်းမဲရက်ဖွယ်မရှိဘဲ ဖြစ်နေ၏။

ထို့ကြောင့် ခေါင်းတခါခါဖြစ်ရရင်း နေရာမှ ထရပ်လိုက်မိသည်။ ပြီးတော့ လူမမာခုတင်ရဲ့ဘေးမှာပဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိကာ ...။

"ဖြစ်ရတယ်အေ .. ညည်းတောင်းဆိုလိုက်တာလည်း ငါတို့ရဲ့ မြေးလေးကို ခွဲထုတ်သွားဖို့ စိတ်ကူးပဲ ဖြစ်ရတယ်လို့ .."

ဒေါ်မြရင်ငယ် မျက်လုံးတွေမှိတ်ချလိုက်လျှင် မျက်ရည်စက်တို့ တသောသော ကျဆင်းကုန်ကြ၏။

"ခွင့်လွှတ်ပါ အမေရယ် .. ငယ် ဒီလို မပြောသင့်တာကို သိပါတယ်၊ ဒါပေမဲ့ .. ငယ် ဒီအစွဲတွေကို ကြောက်တယ်၊ ကတိကျိန်စာတွေမှာ သားလေးကို ပိတ်မိမနေစေချင်ဘူး၊ ဒါကြောင့် သားကို လက်ဆွဲခေါ်သွားဖို့တောင် စဉ်းစားခဲ့ဖူးပါတယ် .."

"ဖြစ်ရလေ ..."

"ဒါပေမဲ့ .. ငယ် လေးစားကြည်ညိုရတဲ့ မိဘဘိုးဘွားတွေကို အဲဒီလိုနည်းနဲ့ စော်ကားလိုက်သလို ဘယ်တော့မှမလုပ်ဘူးလို့ ဆုံးဖြတ်ပြီး ခုထိ ချိုးသိပ်ခဲ့တာပါ၊ သားလေးကို ရှမ်းပြည်ပြန်သွားခွင့်ပြုပေးပါ၊ ကတ္တီပါစံအိမ်က မြေးအဖြစ် နုတ်ထွက်နိုင်းတာလည်း မဟုတ်ပါဘူး .."

"အမွေဆက်ခံဖို့ကိုတောင် စွန့်လွှတ်ဖို့ ပြောနေတာကို နုတ်ထွက်တာမဟုတ်ပါဘူးလို့ ပြောသေးတယ်နော်၊ ညည်း .. ပြောရက်တယ် မိငယ်ရယ် .."

www.burmeseclassic.com



ဒေါ်စိန်ပုလဲ မျက်ရည်တွေ ဝေ့သီလာ၏။ သို့သော် လူကြီးရှက်တော့ ရယ်ဆိုသလို မျက်တောင်တွေ ဖိခတ်ပစ်လိုက်ပြီး ပြုံးဖို့ ကြိုးစားနေခဲ့၏။ ပြီးမှ …

"အေးလေ … တို့ ဘယ်လိုပဲဆန္ဒရှိရှိ … မြေးရဲ့အမေဖြစ်တဲ့ ညည်းဆန္ဒ … ဒီလိုရှိနေမှတော့ အားလုံး ဝိုင်းစဉ်းစားရမှာပေါ့၊ လောလောဆယ် ကိုယ့်ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ …"

"ငယ့် သားလေးကို …"

"စိတ်ချ … ဒီနေ့ တွေ့အောင်ရှာမယ်၊ ညည်း စိုးရိမ်တာမျိုး လုံးဝ မဖြစ်စေရဘူး၊ ဒါကို ယုံကြည်ပါ …"

ဘယ်လိုယုံကြည်ရမလဲ၊ သားလေးကို ရှာတွေ့မှာဆိုပေမယ့် ဆိုးရွားတဲ့အဖြစ်ဆိုးနဲ့ဆိုရင် …၊

ဒေါ်မြရင်ငယ် အနိဋ္ဌာရုံမြင်ကွင်းတွေ မျက်လုံးထဲမှာပေါ်လာကာ အလန့်တကြား မှိတ်ပစ်လိုက်မိသည်။

ဘုရားတပည့်တော်မသားလေး ဘေးမသီရန်မခဘဲ ပြန်ရောက်လာပါစေ။

ဒီကနေ့ ချောချောမောမော ပြန်ထွက်သွားနိုင်ပါစေ။

♛



အခန်း(၂၇)

"မင်း ဘာလုပ်တာလဲ စန္ဒီ၊ ဟေ့ … လွှတ်လိုက်စမ်း …"

"ဖယ် … စန္ဒီ ဒီမှာမနေတော့ဘူး၊ ဆက်ပြီးတော့လည်း သည်းမခံနိုင်တော့ဘူး၊ ဘယ်တော့မှ လက်ထဲရောက်လာမှာ မဟုတ်တာတွေကို မျှော်လင့်ပြီး ဘယ်နေ့ ထောင်ထဲဝင်ရမလဲလည်း စောင့်မနေနိုင်ဘူး"

"နေဦး … မင်း ဘာတွေထဖြစ်တာလဲ စန္ဒီ၊ ငါပြောတာ နားထောင်ဦး"

ဒေါ်စန္ဒီလင်း က ပြင်ထားပြီးသည့် အဝတ်သေတ္တာကို ခြေထောက်နားမှာချကာ လိုင်စင်သေနတ်ကို ထုတ်ယူနေသဖြင့် ဦးရာဇနွယ် အသည်းအသန် တားဆီးနေရ၏။

ကျည်ရှိနေသည့်သေနတ်မို့ ရဲရဲတင်းတင်းလည်းပင် မလုရဲပေ။ ဒေါ်စန္ဒီလင်း က သေနတ်ကို ဦးရာဇနွယ် မမီအောင် ဟိုလက်ဒီလက် ပြောင်းကိုင်သည်။

ပြီးတော့ လက်နောက်ဝှက်၍ရှောင်သည်။ နောက်ဆုတ်ရှောင်သည်။ မျက်နှာသည် သွေးရူးသွေးတန်းဖြစ်နေခဲ့လျက် 'ခန့်ခန့်သန့်သန့်လေးဖြင့် နေဖို့လိုတယ်' ဟု အမြဲပြောပြီး သူမထုံးနေကျ ဆံထုံးပွပွက ဖရိုဖရဲ ပွရှုပ်ကျလုလုရှိနေကာ …

"အခု … အားလုံးပေါ်နေပြီ၊ ရှင်လည်း ကျွန်မကိုပဲ ယူချဖို့စီစဉ်ခဲ့တာလေ၊ မနက်ဖြန် အားလုံးထွက်ခဲ့ကြစမ်းဆိုပြီး ရှင့်အမေ ဒေါ်စစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အထိ ကျွန်မက ထိုင်စောင့်နေရမှာလား"

"မဟုတ်သေးပါဘူးကွာ၊ သူတို့ ဒီလိုတိုင်ပြောလိုက်တာနဲ့ မေမေ က ယုံမှာတဲ့လား၊ အခု .. ဒီကိစ္စကို ဘယ်သူမှလည်းမသိကြသေးဘူး၊ ငါတို့ ကြံစည်ချိန်ရှိပါသေးတယ် .."

"အို မသိဘူး ဖယ်ပေး .."

"ပြီးတော့ .. မေမေက ငါ့အမေပါ၊ သူက ချွေးမ၊ ဘယ်သူပြောတဲ့ စကားကို ယုံမှာလဲ .."

ဒေါ်စန္ဒီလင်း တွေဝေသွားသည်နှင့် ဦးရာဇနွယ် က သေနတ်ကို ဆွဲလုဖို့ကြိုးစား၏။ သို့သော် သူမက လက်ကို လွှဲရှောင်ပစ်လိုက်ကာ..၊

"ဒီသေနတ်နဲ့ ပြဿနာရှင်းရမှာစိုးလို့ သွေးတက်နေတာလား ကိုကြီး ..၊ ရှင်တို့တစ်အိမ်လုံးကို ကျွန်မ နားလည်သွားပြီ၊ လူကြီးတွေက ခိုင်းကောင်းလို့ခိုင်းနေတာ၊ ရှင်တို့ ယောကျ်ားတွေကတော့ လိုအပ်ရင် သုံးရုံ .."

"မင်း တိတ်စမ်း .."

ဦးရာဇနွယ် ဒေါသနှင့် အော်ပစ်လိုက်မိ၏။ ပြီးမှ စိတ်ကို ပြန်ချုပ်တီးပြီး အသံကို နှိမ့်၍ ..၊

"မင်း .. မိုက်မိုက်ရိုင်းရိုင်းတွေ တွေးတာ တွေးလို့ရတယ်၊ ပါးစပ်က ထုတ်မရိုင်းနဲ့၊ ခြွေရံသင်းပင်းလိုချင်တာအတွက်နဲ့လည်း မင်းကို ချွေးမနေရာမှာထားပြီး စည်းစိမ်ခံစားခွင့်တွေနဲ့ မြှောက်စားထားဖို့ မလိုဘူး"

"ဘာ စည်းစိမ်လဲ၊ မိစန္ဒီ ဘာတွေခံစားရလို့လဲ .."

"မခံစားရဘူးလား .. ဒါဆို အခု မင်း ထုပ်ပိုးပြင်ဆင်ထားတဲ့ အဲ့ဒီ သေတ္တာကို ဖွင့်လိုက်လေ .. အဝတ်အစားကလွဲရင် ရတနာမှန်သမျှ အကုန် ပြန်ထားခဲ့ .."

ဒေါ်စန္ဒီလင်း မျက်နှာပျက်သွားသည်။ ဦးရာဇနွယ် က မဲ့လိုက်ပြီး..၊

"မင်းက မငယ် နဲ့ယှဉ်ပြီး ရလေလိုလေ ဖြစ်နေတာ စန္ဒီ၊ ယှဉ်စရာမဟုတ်တာကို မယှဉ်စမ်းပါနဲ့၊ ငါတို့ နှိုင်းယှဉ်ရမှာက အကဲ နဲ့ လင်း ဘယ်သူ အခွင့်အရေးပိုရနေသလဲဆိုတာပဲ .."



ဒေါ်စန္ဒီလင်း ငြိမ်သွားပြန်သည်။

"ငါ့ကို သေနတ်ပြန်ပေး .."

"မပေးဘူး .."

"ဒီသေနတ်က ငါ့လိုင်စင်နဲ့၊ မင်း ထင်ရာလုပ်လို့မရဘူး .."

"သိတယ် .. ရှင့် ခေါင်းပေါ်ကျမှာစိုးလို့ မို့လား၊ ဒါပေမဲ့ .. မပေး နိုင်ဘူး၊ ကျွန်မ အခု ဒီကထွက်တော့မယ်၊ ဒါပေမဲ့ .. ဒီတိုင်းတော့ ထွက်မှာမဟုတ်ဘူး၊ အကဲ ဆိုတဲ့ သတ္တဝါလေး လွတ်မြောက်သွားတာ ကျွန်မ အမိပြန်ဖမ်းမယ်၊ သင်းကို သတ်ပြီးမှ .."

"စန္ဒီ .. မင်း ဘာတွေပြောနေတာလဲ၊ အကဲ ကို မင်း ကြံစည်နေ တာကိုက စမှားတာ၊ ဒီကိစ္စကြီးကို ဒီလောက်လွယ်လွယ်နဲ့ .."

"အို .. မသိဘူး .. မသိဘူး ဖယ်ပေး၊ ဖယ်ပေးနော် ကိုနွယ်၊ ကျွန်မ က ကျားနာဖြစ်နေပြီ ..."

ဒေါ်မြရင်ငယ် နဲ့ ဒေါ်စိန်ပုလဲ တို့ စကားပြောနေတာကို သူမ အကုန် ကြားခဲ့ပြီးပြီဖြစ်သည်။

ထို့ပြင် 'ဒီကိစ္စတွေ မြေးလေးကိုပြန်တွေ့ရင် သက်သေနဲ့တကွ ဖမ်းနိုင်မှာပဲ' လို့ ဒေါ်စိန်ပုလဲ ပြောလိုက်တာထိ ကြားခဲ့သေးသည်။

ခုလည်း အကဲ တို့ လွတ်မြောက်သွားကြပြီဆိုသည့်သတင်းကို ရလိုက်ပြီဖြစ်ရာ သူမအတွက် ဘယ်မှာလဲ လွတ်မြောက်လမ်း ...။

"ရှင်တို့မိသားစုတွေက မုန်းကြရင်လည်း ခဏပါ၊ ကျွန်မကတော့ .. ဒီအိမ်မှာ အမြဲတမ်း လမ်းဘေးချေးသည် စန္ဒီလင်း အဖြစ်က ပြောင်းလဲခဲ့တာမှမဟုတ်ဘဲ၊ အဲဒီတော့ ကျွန်မသွားမယ်၊ ဒီသေတ္တာထဲ မှာ ကျွန်မရဲ့ လက်ဝတ်လက်စားတွေနဲ့ သမီးပိုင်တာတွေပါ ပါတယ်၊ ဒီလောက်တော့ ရှင် ကြည်ဖြူသင့်တယ်မို့လား .."

"မင်းက သမီးကိုတောင် ခွဲထားခဲ့နိုင်တယ်ပေါ့ .. ဟုတ်လား.."

"ကျွန်မနဲ့ပါလာမှာထက် ဒီမှာကျန်ခဲ့တော့ သူ့ရှေ့ရေး စိတ်အေး ရတာပေါ့၊ ရှင့်မျက်လုံးကြီးက သေနတ် ဘယ်လိုလုယူရမလဲဆိုတာပဲ ကြံစည်နေတာပါ ကိုနွယ်ရယ် .. သမီးအကြောင်းလွှဲ ဘာညာတွေပြော

www.burmeseclassic.com

www.burmeseclassic.com



ပြီး အချိန်ဆွဲမနေပါနဲ့ .. ခု ဖယ်ပေး .."

"မရဘူး .. မင်း သွားချင်သွား ဒီသေနတ်နဲ့တော့ မသွားရဘူး"

ဒေါ်စန္ဒီ့ မျက်လုံးတွေ စူးစူးရဲရဲ ဖြစ်သွားသည်။ ဦးရာဇနွယ် အတင်း ဝင်လုသည်နှင့် သူမကလည်း ကျားကုပ်ကျားခဲ ကာကွယ်ရင်း ...၊

"ဒိုင်း ..."

"အမလေး ..."

"ဟင်!..."

"ဟာ !.. မေမေ .."

ဒီနားနီးနီးလေးမှာ ဒေါ်စိန်ပုလဲ ရောက်နေလိမ့်မယ်လို့ မထင်ခဲ့သလို ကိုယ့်ကိုယ်ကိုယ် သေနတ်မောင်းခလုတ်ကို ဆွဲညှစ်လိုက်မိတာလည်း အမှတ်တမဲ့ ...၊

သို့သော် ဒေါ်စိန်ပုလဲ ရအောင်ဖိရင်း သွေးသံရဲရဲနှင့် လဲကျသွားလေသည်။

"မင်း .."

ဦးရာဇနွယ် ဒေါသတကြီး မျက်လုံးတွေ ဒေါ်စန္ဒီလင်းဆီ ရောက်လာခဲ့ပြီး ...၊

"မင်း .. မင်း ငါ့အမေကို သတ်လိုက်တယ်ပေါ့ .."

"မဟုတ်ဘူး .."

"မိန်းမယုတ် .. မင်းကိုလည်း ငါ အရှင်မထားဘူး ..."

"ရှင်နော် .."

"ကဲကွာ .."

"အား ...."

ဒေါ်စန္ဒီလင်း လန့်ဖျန့်ရှောင်လိုက်သော်လည်း ကျည်ဆံက ရင်ဘတ်ဆီကို တည့်တည့်မတ်မတ် ထိုးဖောက်သွား၏။

ဟင် !...၊

ကိုယ့်ရင်ဘတ်ကိုအုပ်ပြီး ကျုံးထလိုက်မိလျှင် သူမက အိပ်ရာပေါ်မှာ ...။



တစ်ကိုယ်လုံးမှာ ချွေးတွေ ရွှဲနစ်နေကာ ရင်တစ်ခုလုံး မောဟိုက်လှိုက်နေ၏။ သူမ အိပ်မက်ရှည်ကြီးထဲမှာ နစ်မျောနေခဲ့တာ တကယ့်အဖြစ်တွေ လိုပါပဲလား ...။

ကိုယ် ဘာလုပ်နေသလဲ ကိုယ့်လိပ်ပြာက အသိဆုံး .. တဲ့ ...။

မကောင်းမှုမှန်းသိရက်နဲ့ ဖွတ်လုပ်ဖို့ကြံစည်ခဲ့သည်။ ဘယ်လို ရင်ဆိုင်မယ်၊ ဘယ်လိုဆုံးဖြတ်မယ်ဆိုတာတွေ စိတ်ကူးထဲမှာ အားလုံးက အဆင်ချောနေခဲ့သည်။

ဒါပေမဲ့ အိပ်မက်ထဲမှာတောင် သူမ ရင်မဆိုင်နိုင်ခဲ့ပါလား ...။

ခေါင်းအုံးအောက်မှာ လယ်သာအိတ်အနက်နဲ့ သေချာလုံးထွေးရစ်ပတ်ထားသည့်သေနတ်ကို ထုတ်ယူကြည့်လိုက်မိ၏။ နာရီကြည့်လိုက်တော့ ညနေ ငါးနာရီ။

ဒီည မွေးနေ့သွားဖို့ရှိသည်။ မွေးနေ့ပွဲကို သွားရင်း သူမ ဒီအိမ်ကို ပြန်မလာတော့ဖို့ ဆုံးဖြတ်ကာ ခုတင်အောက်မှာလည်း အဝတ်နဲ့ ရတနာတွေပါသည့် သေတ္တာကို ပြင်ဆင်ထားပြီးပြီ။

အိပ်ရာကဆင်းထရင်း သေတ္တာကိုပါ သေချာကိုင်ကြည့်မိပြန်သည်။ အိပ်မက်ထဲမှာတော့ ဒီထဲမှာ ရတနာတွေပါနေတာပါ ကိုကြီးက ထည့်ပြောနေသေးသည်။

ဘာမှမရဘူးဆိုပေမယ့် ကိုယ့်ရဲ့ လက်ဝတ်လက်စားတွေကပဲ ရတနာသေတ္တာလေးနဲ့ မဆံ့အောင်ရှိ၏။ ပြီးတော့ သမီးလေးပိုင်သမျှ လက်ဝတ်ရတနာတွေလည်းပါသည်။ ဒါတွေနဲ့ သူမ အပြင်မှာပဲ ရင်းနှီးမြှုပ်နှံနေတော့ဖို့ ဆုံးဖြတ်ခဲ့တာ မှားသလား ...။

ကိုယ်မှာ ချွေးတွေစိုနေဆဲကို သုတ်ပစ်လိုက်ကာ သေနတ်ကို ပြန်ကောက်ကြည့်မိပြန်သည်။ ဒီသေနတ်နဲ့ အကဲ ကို သတ်ပစ်ဖို့ ဆုံးဖြတ်ခဲ့သည်။

သူမ ဒီအိမ်မှာ မျက်နှာငယ်ကျုံ့ရှုံ့ခဲ့ရသမျှ .. ပြီးတော့ သမီးလေး တစ်ဘဝလုံးကောင်းစားဖို့အတွက် ဒီအိမ်မှာ အကဲ ဆိုတဲ့ကောင်လေး မရှိတော့မှ အေးချမ်းမှာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်ရာဖြစ်ပေ့စေ … နောက်မတွန့်နဲ့တော့ စန္ဒီ …။

ဒီသေနတ်မှာ ကိုကြီးရဲ့လက်ဗွေရာတွေပဲ ရှိတာ၊ ပြီးရင် သေနတ်က အဖြေပေးသွားမှာပဲ။ ကိုယ့်စိတ်ကို မာန်တင်းနေရင်း တံတွေးပဲ မျိုချနေမိသည်။

သတ်မယ် … အကဲ ကို သတ်ပစ်မှအေးမှာ …၊

ဆုံးဖြတ်ရင်း သေနတ်ကိုင်သည့်လက်က တုန့်ယင်လာ၏။ ထိုစဉ်…

"ဟာ … မင်း …"

ဟင်!…

ဦးရာဇနွယ် ရဲ့အသံကြောင့် ဒေါ်စန္ဒီလင်း တုန်ခနဲဖြစ်သွားကာ သေနတ်ကိုင်လျက်နှင့် လှည့်ကြည့်၏။

"ဟော့ … စန္ဒီ၊ အဲဒါကြီးချလိုက်လေ … ဘာလို့ချိန်ထားတာလဲ…"

"ကိုကြီး !…"

"ကျွတ် … ချလိုက်ဆိုမှကွာ …"

"ရှင် မနက်ဖြန်မှပြန်လာမှာဆို …"

"ဟုတ်တယ် … မသွားဖြစ်လို့ … ကဲ … ချထားလိုက်စမ်းဖါ …"

ဒေါ်စန္ဒီလက် တဖြည်းဖြည်း နေရာရွှေ့သွားမှ ဦးရာဇနွယ် အနားကပ်ရသည်။ ပြီးတော့ သေနတ်ကို ယူသိမ်းလိုက်ကာ …၊

"မင်း … ဘာတွေကြံစည်နေပြန်ပြီလဲ စန္ဒီ၊ ဒီည ငါသာ ပြန်လှည့်မလာရင် မင်း ဘာတွေကျူးလွန်ဦးမှာလဲ …"

"ကျွန်မ ဒီမှာမနေချင်တော့ဘူး …"

"ဘာပြောတယ် …"

ဦးရာဇနွယ် က ဒေါ်စန္ဒီလက်ကို ဆောင့်ဆွဲလိုက်ပြီး တက်ခေါက်ကာ …

"မင်းမို့လို့ကွာ၊ နေစမ်းပါဦး … မင်းမလိုချင်တော့ဘူးဆိုတာ ဒီသေနတ်နဲ့ဘာဆိုင်လို့လဲ၊ ဒီသေနတ်က ငါ့သေနတ် ဒါနဲ့ပတ်သက်လာတဲ့ပြဿနာက မင်း ပြဿနာမဟုတ်ဘူး ထင်နေတယ်ပေါ့ …"

ဦးရာဇနွယ် အကြီးအကျယ် ဒေါသူပုန်ထလေသည်။



"သမီးလုပ်တဲ့ မိန်းကလေးကလည်း လောဘ ဒေါသ မောဟတွေကြီးမားလိုက်တာ၊ တကယ့်ကို မအေနဲ့ တဖျတ်တည်း၊ နေပါဦး … စဉ်းစားပါဦး၊ ဘယ်လိုပြောပြောမရဘူး၊ ဘယ်လောက်တားတား ဒါ၀ဲကြံစည်တယ် … တောက် …"

ဦးရာဇနွယ် ခုထိ ရင်တွေတုန်နေဆဲရှိသေးသည်။ သေနတ်ကိုတောင် ခိုးယူကိုင်တွယ်နေပြီဆိုတာ နည်းတဲ့လောဘအမှောင်လား …။

ဒီမိန်းမ မေမေ့ကိုလည်း မျက်နှာလိုက်လွန်းသည်လို့ ပုဒ်မထပ်သည်။ အကဲ ကိုလည်း 'ဒီကောင်လေး မရှိမှ ဖြစ်မှာ'လို့ သတ်မှတ်ထား၏။ ပြောတဲ့အတိုင်း အကဲ ကိုပဲ ဒုက္ခပေးဖို့ လူတွေငှားပြီး အပြတ်ရှင်းနိုင်းနေတာ သူတောင် တားမရ ဆီးမရ ဖြစ်လာတဲ့အထိ …။

ဒါဆို ဒီသေနတ်က ဘယ်သူ့ကို ပစ်သတ်ဖို့လဲ …၊

အပြင်ကို ယူထုတ်သွားဖို့ ကြံစည်တာက အကဲ ကို ရှာကြံသတ်ဖြတ်ဖို့ဖြစ်နိုင်သလို အိမ်က မထွက်ခင် မေမေ့ကို ပစ်ခဲ့ဖို့လည်း ဖြစ်နိုင်သည်။

ဒီလောက်ထိတော့ သူ ခွင့်မလွှတ်နိုင်တော့ပေ …။

အကဲ ကို ကိုယ့်သမီးနဲ့ပတ်သက်ပြီး မနာလိုဖြစ်ပေမယ့် တကယ်တမ်း သတ်ပါလားဆိုတော့ ကိုယ့်တူအရင်းကြီး ဖြစ်နေ၏။

ဒီနေ့ထိ အကဲ ကို လုပ်ကြံဖို့ ကြိုးစားနေဆဲမှာ သူ့အစီအစဉ်အတိုင်းဆို ပြန်ပေးဆွဲထားဖို့သာ ပထမဖြစ်၏။ နောက်ထပ် ဒီကောင်လေးကို ဘယ်လိုစီရင်မယ်ဆိုတာ သူ့ကိုယ်သူတောင် မသေချာသေးပေ …။

"စန္ဒီ … မင်း … မင်းကို ငါ တရားစွဲလို့ရနေပြီနော်၊ မင်း ဒီလောက်ထိ လောဘအမှောင်ဖုံးနေပြီ …"

မချင့်မရဲပြောမိတော့ ဒေါ်စန္ဒီလင်း က မဲ့ပစ်လိုက်ကာ …၊

"ဒါဆိုလည်း စွဲလေ … ရှင် ဘယ်စွဲရဲမလဲ၊ ရှင်လည်း ခေါင်းဆောင်ကြံရာပါကိုး …"

"ဟုတ်တယ် … ငါ မင်းလိုမိန်းမနဲ့ ပူးပေါင်းကြံမိခဲ့တာ မှားတယ်၊ ဒါပေမဲ့ … ခုကစပြီး ငါ့အမိန့် … ငါ မညွှန်ကြားဘဲ မင်း ဘာမှမလုပ်ပါနဲ့၊ ဒီကထွက်သွားဖို့လည်း မကြိုးစားနဲ့၊ မင်းကို ငါ ဒီအတိုင်းသွားခွင့်မပြု

www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတာ မှတ်ထား ..”

“ဘယ်လို .. ကိုကြီး ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ ..”

“မင်း တစ်ကိုယ်လုံးမှာ အကြံအစည်တွေ ပြည့်နှက်နေတာ ငါ့အသက်ကိုတောင် စိတ်မချရတော့ဘူးလေ၊ ဒီတော့ .. မင်း ငါ့မျက်စိအောက်မှာပဲ နေရမယ်၊ ငါမသိဘဲ ဘာမှမလုပ်ရဘူး၊ အေး .. ငါတို့ကာ့ဂတ်ထားခဲ့တဲ့လူ၊ ဒါမှမဟုတ် .. မင်း မုန်းနေတဲ့ထဲက တစ်ယောက်ယောက် တစ်ခုခုဖြစ်သွားရင်တော့ .. မင်းကို ငါ ဖြေရှင်းခွင့်ပေးမှာမဟုတ်ဘူး”

“ကိုကြီး ...”

ဦးရာဇနွယ် လှည့်ဝင်သွားပြီး အပေါ်ထပ်ကုတ်အင်္ကျီကို ချွတ်လိုက်သည်။ ဒေါ်စန္ဒီ က သူ့နောက်က လိုက်သွားပြီး မျက်နှာရှေ့မှာ သွားရပ်၍..

“ကိုကြီးက စန္ဒီ့ ကို ရန်သူလို့ သတ်မှတ်လိုက်တာလား ..”

“မင်း .. ငါ့ကို သတ်မှတ်ထားသလိုပဲပေါ့၊ ငါ့သေနတ်ကို ယူသုံးပြီး ငါ ဘာတွေဖြစ်ဖြစ် မင်းထည့်မတွက်ဘူး၊ ဘယ်သူ့ကို သတ်ချင်နေနေ .. အဲဒါ ငါ့မိသားစုတွေချည်းပဲ”

“ရှင်ကိုယ်တိုင် သတ်ချင်ခဲ့တာလေ ..”

“အဲဒါ .. ငါသတ်ဖြစ်တဲ့အထိ မင်းစောင့်နေလေ၊ မင်းရဲ့ လောဘတွေကို ငါမယုံတော့ဘူး၊ အဲဒီတော့ ငါ့ကိစ္စ၊ ငါ့မိသားစုနဲ့ မင်း ကင်းကင်းနေလိုက်တော့ ..”

ဒေါ်စန္ဒီ ဦးရာဇနွယ်ကို ငေးကြည့်နေရင်း နှုတ်ခမ်းသားတို့ကို ဖိကိုက်ထားလိုက်မိသည်။

အိပ်မက်နဲ့လက်တွေ့ တခြားစီလို့ ဘယ်သူပြောတာလဲ။

သူမအတွက်ကျတော့ အိပ်မက်နဲ့ တကယ့်လက်တွေ့ တစ်ထပ်တည်းပါလား ...။



## အခန်း(၂၈)

“ဟော့ .. မင်း ဒီမှာ ငုတ်တုတ်ထိုင်နေတယ် .. ဟုတ်လား၊ ဟိုမှာ မငယ် အသည်းအသန်ဖြစ်နေလို့ မေမေတို့ သွားကြည့်နေကြတယ်”

“စန္ဒီ ကတော့ ဒီကနေပဲ ဆုတောင်းနေမှာ ..”

“စန္ဒီ ..”

“ဒီရောဂါနဲ့ ဒီည သေသွားပါစေလို့လေ ..”

မျက်ရည်စီးကြောင်းကြီးတွေနဲ့ ဇနီးသည်ကို ဦးရာဇနွယ် ဒေါသထွက်ရမလား .. ပြေးချော့ရမလား ...။

လောလောဆယ် ဖြစ်လာတာကတော့ နေကွာဆိုပြီး ကိုကြီး ကျောနှိုင်းထွက်သွားချင်၏။ သို့သော် ...

“ရှင် အခု သွားမလို့မို့လား၊ သွားလိုက်လေ .. စန္ဒီ က မနက်ဖြန်သမီးကို သွားကြိုရဦးမှာမို့လို့ စောစောအိပ်ပြီလို့ ပြောထားပြီးသား ..”

“မင်းလိုပဲ အိပ်ရာဝင်နေကြပြီးတဲ့လူတွေပဲကွ၊ ဘာပဲဖြစ်ဖြစ် တစ်အိမ်တည်းအတူနေပြီးတော့ ..”

ပြောနေရင်း စကားဆုံးအောင်တောင် မဆိုချင်တော့ဘဲ လှည့်ထွက်လာခဲ့မိသည်။

“မသွားဘူး .. လူကို ဖြော့လားဆိုလား လုပ်လိုက်၊ ဒေါ်နိုင်းလိုက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒီက အမှတ်ရှိတယ်၊ ဘယ်သူမှလည်း စန္ဒီ ထွက်မလာလို့ မျှော်မှာ မဟုတ်ပါဘူး၊ ရှင်ပဲ ပျာယာခတ်နေတာ ..”

နောက်ကနေ ကြားအောင် အော်ပြောလိုက်သေးသည်။ သူမ အသံ အပြင်ထွက်သွားမှာစိုးသောကြောင့် တံခါးဖွင့်ဖို့ဟာတောင် စကားဆုံးအောင် စောင့်နေရသေးသည့်အဖြစ် ..။

ဒီလို မိန်းမမျိုးကိုမှ လက်ထပ်ယူခဲ့မိတာ မိဘကို ရွံ့ရှာလိုက်မိသည့် အဖြစ်လား ..။

“‘အဆင့်မရှိတော့ ကျောယားတယ်၊ အသိမရှိတော့ နှားသနားပြီး ကျောပိုးသယ်’ တဲ့၊ ဆင်းရဲတဲ့လူတိုင်း အောက်သက်ကျေပြီး အရာရာ နားလည်ကောင်းမွန်နေတယ်မထင်နဲ့၊ နိမ့်တဲ့လူက မြင့်ချင်တယ်၊ မော့ကြည့်ပြီး လမ်းလျှောက်နေတဲ့လူက ပိုပြီးတော့တောင် အန္တရာယ်များနေတယ် သား .. စောင့်ကြည့်နေ .. မင်းရဲ့မိန်းမ မတော်လောဘတွေ တက်လာမယ့်နေ့ ..”

မေမေပြောတာကို သတိရကာ ညနေက သေနတ်ကြီးနဲ့ ချေးသံတရွှဲရွဲ ပြူးပျာနေသည့်မျက်နှာကြီးကို မြင်ယောင်မိ၏။ လူကြီးသူမတွေ ပြောတဲ့စကား မမှားပါလား ..။

သူမှာ ဘိုးဘွားတွေဘက်က လူကြီးတွေရောက်နေကြလို့ ဖုံးဖိဆင်ခြင်နေရသည့်ထဲ ကြီးတောင့်ကြီးမားနှင့် ပြောမနိုင်ဆိုမနိုင် ဖြစ်နေသည့်ဇနီးကြောင့် သေချင်စော်နံနေပါပြီ ..။

“သက်သာရဲ့လား သမီး မိငယ် ..”

“ခဏ .. ခဏ ခေါ်မနေပါနဲ့၊ သူသတိရနေပါပြီ ..”

“မဟုတ်ပါဘူး ဘဘတင်ရယ် .. ပြန်သတိလစ်သွားမှာ စိုးလို့ပါ ..”

“ဘယ်လိုဖြစ်ရတာလဲ ငွေနှင်း ရယ် .. ဒီလောက် ဘုံးဘုံးလဲချင်နေတာကို ညဦးတည်းက ငါတို့ကို လာပြောပါတော့လား ..”

အခန်းရှေ့ရောက်တယ်ဆို အထဲကစကားသံတွေကို ကြားလိုက်ရ



သည်။ ဦးရာဇနွယ် ခြေလှမ်းတုံ့သွားမိစဉ် ..၊

“ဘယ်မှာလဲ အငယ်ကောင်က ..”

“ကျွန်တော်ရှိပါတယ် ဘိုးဘိုး ..”

ဦးတင်စိုး က မျက်မှန်ကြီးပင့်ပြီး လှည့်ကြည့်သည်။ ပြီးတော့ သူ့နောက်ကိုပါ လှမ်းကြည့်၏။ ဦးရာဇနွယ် မျက်နှာပူသွားကာ ..၊

“စန္ဒီ က ..”

“မင့် မိန်းမကို ငါမမေးဘူး ..”

“ဟုတ်ကဲ့ပါ ..”

“ဘယ်မှာလဲ လင်းမြတ် ..”

“လင်း က .. သူငယ်ချင်းတွေနဲ့ နေပြည်တော်ကိုသွား ..”

“အိမ်မှာ ပြဿနာတချို့ကြောင့် ဗျာများနေကြတာကို သွားတဲ့လူကလည်းသွားတယ်၊ လွှတ်တဲ့လူကြီးတွေကလည်း .. အင်း .. သင်းတို့ကိစ္စတွေ ငါ သယ် .. ပြောလည်း မပြောချင်တော့ပါဘူး ..”

ဦးတင်စိုး မျက်နှာတဆဆနှင့် လူမမာဘက် ပြန်လှည့်၏။ တကယ်တော့ ဦးတင်စိုး နဲ့ သူတို့တွေ ဘယ်နှစ်ဆက်ဆေးတဲ့ အဘိုးမှန်းတောင် မသိတော့ပါ။

အဘိုးတော်ပေမယ့် သွေးသားရင်းချာမဟုတ်ဘူးဆိုတာ သိထားကြသည်။ သို့သော် ကတ္တီပါစံအိမ်မှာ လက်ရှိ အသက်ကြီးဆုံးဆွေမျိုးတော် အဖြစ် မိဘဆရာသမားလို ကိုးကွယ်နေကြတာဖြစ်၏။

“ဆရာဝန်သွားပင့်တဲ့လူက မရောက်နိုင်ပါလား ..”

ဘဘဦးတင်စိုး ရဲ့စိတ်မရှည်မှုက ဆရာဝန်အပေါ် ပြောင်းသွားသည်။

“မိသားစုဆရာဝန်ဆိုတာ သူအားမှ လာရမှာမဟုတ်ဘူး ..”

“ဟုတ်တယ် ဘဘတင်၊ ဒီက ဆရာဝန်ကတော့ ခရီးသွားနေတာနဲ့ သူ့ကိုယ်တိုင်ဖျားနေရတာနဲ့ ဒီတစ်ယောက်ကျတော့လည်း ဆေး လိုက်တိုင်း ကားပျက်နေရတာနဲ့ ..ကားကျပ်နေရတာနဲ့ ..”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်ပုလဲ က သူမ ရောက်မှ ကြုံရတာတွေကို ပြန်ပြောပြနေသဖြင့် ဦးတင်စိုး ခေါင်းခါ၍ ...

"မဖြစ်ဘူး .. စံအိမ်မှာပဲ ဆရာဝန်နဲ့ ဆေးဝါးနဲ့ အခေါင်အယောင်ခင်းပြီး သေချာထားမှ ဖြစ်မယ်၊ ငါ မပြန်ခင် စီစဉ်ပေးခဲ့မှ .."

"သား .."

"ဟော .. ဘာတဲ့လဲ၊ တစ်ခုခုပြောလိုက်တာလား .."

ဦးတင်စိုး စကားရပ်ကာ လှုမမာဆီက အသံကို နားစွင့်၏။

"ဟုတ်တယ် .. ဟုတ်တယ် မမကြီးပြောနေတာ .."

ငွေနှင်း က ခြေရင်းကရပ်ကြည့်နေရင်း မရိုးမရွပြောနေသဖြင့် ဒေါ်စိန်ပုလဲ ဒေါ်မြရင်ငယ် လက်ကို ဆုပ်ကိုင်ပြီး မျက်နှာငုံ့ကပ်ကာ ...

"ဘာပြောလိုက်တာလဲ မိငယ် ကြားအောင်ပြော .."

"ငွေ .. ငွေနှင်း .."

"ဟဲ့ .. ဟဲ့ .. ရှေ့တိုးလိုက်စမ်း မြန်မြန် .."

ငွေနှင်း အပြေးတစ်ပိုင်းတိုးလာပြီး ဒေါ်မြရင်ငယ် ဆီးမှာ ကုန်းကုန်းကွကွလေး နားစွင့်၏။

"သား .. သားလေးနဲ့ဖုန်းရပြီလား .. လို့ .."

"ဟင့် ..."

ဟင့်အင်းလို့ ဖြေမလို့ပေမယ့် ထိုစကားကို ဒေါ်စိန်ပုလဲ က ကြားလိုက်ကာ ငွေနှင်း ပခုံးကိုပုတ်၍ ခေါင်းခါပြလိုက်ရာ ...၊

"ရ .. ရတယ် မမကြီး၊ ဝါဆို နဲ့ ပြောလိုက်ရတယ် .. အဲဒါ .."

"ဝါဆို နဲ့ မြေးလေးဆီကလား မိငယ်၊ သူတို့နဲ့ ဖုန်းပြောလိုက်တယ်လေ .. သူတို့ပြန်လာနေပြီတဲ့ .."

ဒေါ်မြရင်ငယ် မျက်ခွံတွေလေးလံနေရာကနေ ခပ်မှေးမှေးဖွင့်လာပြီး ဆီးမှာရှိနေသည့်လူတွေကို ဝေ့ကြည့်သည်။ ပြီးမှ မျက်တောင်ဖျားတွေ-ပြန်၍ စိုက်ကျသွား၏။



"သမီး .. မိငယ် .. သမီးမှာ ဘာရောဂါမှမရှိဘူး၊ စိတ်ကြောင့်ဖြစ်နေတာပါ .."

ဒေါ်စိန်ပုလဲက တတ်နိုင်သမျှ နူးညံ့သောလေသံနှင့် ဒေါ်မြရင်ငယ်ရဲ့ လက်ဖဝါးကိုအားပေးသလို ထွေးဆုပ်ထား၍ ...၊

"အဲဒါကြောင့် .. စိတ်ကို လျှော့မပစ်လိုက်ပါနဲ့၊ သမီးရဲ့သားလေး ဒီညဖြစ်ဖြစ်ရောက်လာလိမ့်မယ် .."

လူမမာအတွက် အင်အားဖြစ်အောင် မုသားသုံးလိုက်ရပေမယ့် စေတနာ၏အင်အားကြောင့် ဒီစကား အတည်ဖြစ်ပါစေလို့ ဒေါ်စိန်ပုလဲ သစ္စာပြုထားပြီး ဖြစ်သည်။ ထို့ပြင် ..

"သမီးရဲ့စိတ်ကို လျှော့လိုက်လို့ မရဘူးနော်၊ မြေးလေးက သူ့အမေတစ်ခုခုဖြစ်သွားရင် မေမေတို့အားလုံးကို တစ်သက်လုံး အထင်လွဲမုန်းတီးသွားလိမ့်မယ်၊ အဲဒီအပြင်နဲ့ သူ့တစ်သက်လုံး အကုသိုလ်စိတ်တွေဖိစီးသွားမှာ မေမေတို့နဲ့ မြေးလေးရဲ့ဘဝကို ခွဲခြမ်းမပစ်လိုက်ပါနဲ့ သမီးရယ် .."

ဒေါ်စိန်ပုလဲ က နှစ်သိမ့်နေရင်းနဲ့ပဲ ခံစားချက်ရှိတဲ့အတိုင်း ဝန်ခံနေ၏။ ဒေါ်မြရင်ငယ် သေဆုံးသွားခဲ့လျှင် အကဲ ကို သူမတို့ ဘယ်လိုမှ ဗိုင်ဆိုင်ခွင့်မရတော့ပြီကို သိနေသည်။

ဒီက စည်းကမ်းမူဝါဒတွေကို ဟိုတုန်းတည်းက မနှစ်သက်ခဲ့တဲ့ ဒီအမေက သူ့သားကို ဒီကထွက်ခွာသင့်နေတဲ့စကားတွေနဲ့ နှစ်ပေါင်းများစွာ စည်းရုံးခဲ့မှာပါ။

ခုချိန်မှာ အကဲ ကလည်း ဒီတိုင်းဆုံးဖြတ်ထားပြီး ဖြစ်နေလိမ့်မည်။ သို့သော် မိခင်မကျန်းမာသည့်အတွက် ပြန်လာမည် တကဲကဲပြင်နေတာကို အားလုံးသိထားကြသည်။

ပြဿနာတွေဖြစ်နေချိန်မို့ ပိုပြီး ပြန်လာဖို့ ကြိုးစားလိမ့်မည်။ ဒီအချိန်အသးမှာ သူမတို့မြေးကို ပြန်လည်ရယူဖို့ ကြိုးစားရမှာပါ၊ ဒေါ်မြရင်ငယ်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ဆန္ဒတွေက သူမတို့ တောင်းဆိုဖျောင်းဖျယူနိုင်သေးသည်။

ဒီအမေကပဲ သားကို ပြန်ပြီး နားချပေးဖို့ သူမတို့အားလုံး တောင်းဆိုနိုင်သည်။ ဒီအချိန်မှာ ဒေါ်မြရင်ငယ် သေဆုံးသွားခဲ့ပါက အခြေအနေတွေ ပို၍ရှုပ်ထွေးသွားတော့မည်။

အားလုံး မုန်းတီးနာကျည်းမှုတွေနှင့် တကွဲတပြားစီ ဖြစ်ကုန်ကြလိမ့်မည်။ ထို့ကြောင့် ...၊

"သမီးက .. တို့အားလုံးရဲ့ ကောင်းကျိုးဆိုးကျိုးကို ဆုံးဖြတ်ပေးမယ့်သူ ဖြစ်နေပြီ၊ ဒါကြောင့် မေမေ တောင်းပန်တာပါ၊ သမီးရဲ့ ပြုလုပ်ချက်တွေ မှားယွင်းခဲ့ပေမယ့် မေမေတို့ ဘာမှဖွေမယူပါဘူး၊ မြေးလေးရောက်လာရင်သာ သမီးက မေမေတို့နဲ့ မြေးကို မကွဲပြားအောင် ရင်ကြားစေ့ပေးပါ ..."

ဒေါ်စိန်ပုလဲ ရဲ့ မာနစကားသံတွေအစား 'တောင်းပန်ပါသည်' ဆိုသည့်စကားကြောင့် ဒေါ်မြရင်ငယ် မျက်လုံးတွေပွင့်လာသည်။ ပြီးတော့ ခေါင်းခါ၏။

"မ .. မတောင်းပန်ပါနဲ့ အမေ .."

"စကားမပြောနဲ့သမီး .. သမီးဖြစ်ချင်တာတွေအားလုံး မေမေတို့က လိုက်လျောမယ်၊ ဘိုးဘိုးတို့ကလည်း ခွင့်ပြုလိုက်ပါပြီ၊ မြေးလေးရဲ့ အိမ်ထောင်ရေးကို မေမေတို့ ထုံးစံစည်းကမ်းတွေနဲ့ ချုပ်ကိုင်မထားတော့ပါဘူး .."

ဟင်!...

ဒေါ်မြရင်ငယ် မျက်ဝန်းတွေ အရောင်လက်လာသည်။ သို့သော် မျက်ရည်တွေ အိခနဲ ပြည့်ဝိုင်းသွားကာ ...၊

"သားလေးက .."

"သူ ပြန်လာမှာပါ၊ မြေးလေးက ကဗ္ဗီပါစံအိမ်က တစ်ဦးတည်းသော အမွေဆက်ခံမယ့် ဘုရင်ငယ်လေး .. သူပြန်လာမှာပါ. သမီးရယ်၊



ပြန်လာရင်သာ မေမေတို့နဲ့ မြေးကို မခွဲပါနဲ့နော် .."

ကြည့်စမ်း ...၊

နောက်ကနေ တိတ်ဆိတ်စွာ ရောက်လာပြီး ကြည့်နေသည့် ဒေါ်စန္ဒီလင်း အံ့တကြိတ်ကြိတ် ဖြစ်နေခဲ့၏။

သားမွေးထားတာနဲ့ပဲ ဒီလောက်တောင် ကွာခြားသွားတာလား။

ဘာမှမရှိသည့် လက်ဖဝါးတို့ကို ဖိဆုပ်ရင်း ကိုယ်အပိုင်ယူထားပြီးမှ ပြန်ပေးလိုက်ရသော သေနတ်ကို သတိရမိသည်။ အားလုံးကို သေနတ်နဲ့ တစ်ယောက်ပြီးတစ်ယောက် ပစ်သတ်လိုက်ချင်စိတ်တွေတဖွားဖွားဖြစ်နေခဲ့လျက် ...၊

"ဟယ် .. မေမေကြီး .. ဟိုမှာ .. ဟိုမှာ .. လူလေးရယ် .."

အသံတွေထဲမှာ မိန်းကလေးတစ်ယောက်၏အသံ ဝမ်းသာအားရ ထွက်ပေါ်လာကာ ..

"မေမေ ..."

သား ...၊

ဒေါ်မြရင်ငယ် မျက်လုံးတွေ လင်းလက်သွားကာ အိပ်ရာထဲကနေ အတင်းလက်ထောက်ထ၏။

"သား .. သားလေး .."

"မေမေ ..."

အကဲ မေမေ့ဆီ ပြေးဝင်သွားကာ ပိန်ချုံးဖြူဖျော့နေသည့် မေမေ့ မျက်နှာကို မယုံနိုင်စွာကြည့်နေမိသည်။ သူ စံအိမ်ကနေထွက်သွားခဲ့တာ ခြောက်လလောက်ပဲရှိပါသေးသည်။

"မေမေ ဘယ်လိုဖြစ်တာလဲဗျာ ..."

"သား ..."

ဒေါ်မြရင်ငယ် သားကိုယ်လုံးကြီးကို ရင်ခွင်ထဲမှာ မြုပ်နေအောင် ဖက်ဖို့ ကြိုးစားရသည်။ ဒါပေမဲ့ ကိုယ့်ရဲ့ နို့ချိုတိုက်ကျွေး ထွေးပွေ့ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည့်အရွယ်လေး မဟုတ်တော့သည်မို့။

"မေမေ့သား .."

အကဲ ရဲ့ခေါင်းကိုသာ ရင်ခွင်ထဲမှာ ပွေ့ပိုက်၍ အထပ်ထပ် နမ်းနေမိ၏။ ဒေါ်စိန်ပုလဲ တို့ ဦးတင်စိုး တို့အားလုံး သားဖယ်ပေးကြရင်း ကျေနပ်ပြုံးတို့ ဝေနေကြလေသည်။

"သားရယ် .. မေမေ .. မေမေလေ .."

"မေမေ အရမ်းမောနေပြီ မေမေ .. ကျွန်တော်သိပါတယ်၊ မပြောပါနဲ့"

"မေမေ ဘာမှမဖြစ်တော့ဘူး၊ သားလေးတစ်ခုခုဖြစ်သွားရင်သာ မေမေ .."

စကားပြောရင်း မောနေလို့ မပြောနိုင် ..။

"ကဲ .. မြေးရေ .. မြေးလေးမေမေ နားပါစေကွယ်၊ မြေးလေးရဲ့ ခေါင်းက .."

ပတ်တီးမပါပေမယ့် နောက်မှာ ဂွမ်းနဲ့ပလပ်စတာ အုပ်ထားသည့် ဒဏ်ရာကို မြင်လိုက်သဖြင့် ဦးတင်စိုးက လွှတ်ခနဲ မေး၏။ ပြီးမှ ..၊

"ဆံပင်တွေရှည်နေလိုက်တာ မြေးရယ် .. ကဲ .. ထ .. ထ မေမေ သက်တောင့်သက်သာ လှဲနေပါစေ .."

ဦးတင်စိုး က ပြောပြီးနောက် လှည့်ကာ ...

"ဒီသူငယ်က .."

"ကျွန်တော်က ဝါဆို .. ဘိုးဘိုး .."

"ဪ .. မြေးကို စောင့်ရှောက်ပေးနေတယ်ဆိုတာ .."

"ဟုတ်ကဲ့ခင်ဗျ .. သူက ရွှေး လို့ခေါ်ပါတယ် .."

လူကြီးတွေ မှတ်ရခက်သွားမှာစိုးသောကြောင့် ရွှေး လို့ပဲ မိတ်ဆက်ပေးမိကာ ..၊

"ကျွန်တော့်အစ်မရဲ့သူငယ်ချင်းပါ၊ ကိုလေးက မျက်လုံး .."



လွှတ်ခနဲ ပြောမိသွားကာ မြင်လည်းမြင်နေရပြီမို့ မထူးစိတ်ပိုက်၍..။

"ဟို မျက်လုံးနည်းနည်း ထိခိုက်မိတုန်းက လူနာကို ပြုစုဖို့လေ အဲဒါ အကူအညီတောင်းထားရတာ .."

ဝါဆို က ရွှေး နေရခက်မှာပဲစိုးရိမ်က ရွှေး နဲ့မိတ်ဆက်ပေးရေးကို အမိကထားသော်လည်း သူ့စကားထဲက တစ်စုံတစ်ရာကြောင့် လူကြီးတွေ မျက်စိမျက်နှာပျက်ကုန်ကြတာကို သတိမထားမိ ..။

သို့သော် ဦးတင်စိုး နဲ့ ဒေါ်စိန်ပုလဲ တို့ မျက်လုံးချင်းဆုံနေကြပြီး ပင့်သက်ကိုယ်စီ ချလိုက်ကြ၏။

ဘာတွေ ဖြစ်ခဲ့ဖြစ်ခဲ့ 'ညည်းလုပ်ရက်လိုက်တာ' ဆိုသည့်စကားနှင့် ဒေါ်မြရင်ငယ် ကို အပြစ်မဆိုနိုင်ကြတော့ပေ ..။

အားလုံးဟာ ဒီစံအိမ်ကို အကဲ ပြန်မလာရေးနဲ့ပဲ သက်ဆိုင်နေသည် ဖြစ်ရာ ဒါကိုလည်း ဝန်ခံခဲ့ပြီးပြီမို့ ဖြစ်ခဲ့သမျှ ဆိုးကျိုးတွေကို တစ်ခုချင်း လိုက်ပြီး အပြစ်ဖွဲ့နေလည်း အလကား ..။

မြေးဖြစ်တဲ့သူ အကောင်းတိုင်း ပြန်ရောက်လာတာကပဲ ကံကောင်းခြင်းလက်ဆောင်ပါ။

ထိုစဉ် ဒေါ်စန္ဒီ ချာခနဲလှည့်ထွက်သွားတာ ခပ်ရိုင်းရိုင်း ..။

♛

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၉)

စံအိမ်ကြီးရဲ့ ကြီးကျယ်ခမ်းနားမှုတွေနဲ့ ခြွေရံသင်းပင်းတွေ သူ့နေရာနဲ့သူ လှုပ်ရှားရိုကျိုးနေကြပုံက နန်းဆန်နေသည်။ လူကြီးပိုင်းတွေရဲ့ ဝတ်စားသွားလာပုံတွေက မဟာဆန်၏။

အသက်ရှစ်ဆယ်ကျော် ကိုးဆယ်နားဆိုသည့် ဘဘတင် ဆိုသောလူကြီးတောင် မျက်နှာမှာ ဇရာရဲ့အရိပ်တွေ ထောင်းနေပေမယ့် အသားအရေက ကြည်လင်ဝင်းပနေဆဲ ...။

လှုပ်ရှားပုံတွေက ခြေမြဲလက်မြဲ တည်ငြိမ်နေဆဲ ဖြစ်သည်။ ဒေါ်စိန်ပုလဲ ဆိုသည့်အတိုင်း ခေါင်းမှာ စိန်ကန်းသွားစိုက်ဘီး ဆံထုံးမြင့်မြင့်နှင့် တစ်ကိုယ်လုံးမှာ သူ့နေရာနဲ့သူ လက်ဝတ်ရတနာတွေ အပြည့်ဝတ်ဆင်ထားသည်။

နေ့နေ့ညည တစ်ရေးနိုးထကြည့်တာတောင် ဒီပုံစံနဲ့ပဲရှိနေတာကသိသာနေတာ သူမတို့ရောက်သွားသော ညကအချိန်ကို မျက်လုံးထဲကမထွက်ပေ ...။

ဒီစံအိမ်ကြီးထဲကို ဝင်လာတည်းက ကိုယ့်ကိုယ်ကိုယ် သီးခြားနေရာတစ်ခုကို ရောက်သွားသလို ထင်မိကာ အဘိုးအဘွားဆိုသူတွေကို မြင်လိုက်ရချိန်တွင် ...၊



"ဒေါက် .. ဒေါက်"

တံခါးခေါက်သံကြောင့် တစ်ကိုယ်လုံးဖျင်းခနဲ ဖြစ်သွားသည်။ ကိုယ့်အတွက် အိပ်ခန်းလို့ပြောပြီး ဒီထဲဝင်ခွင့်ပေးလိုက်တည်းက တံခါးကျက်ချပြီး ငုတ်တုတ်ထိုင်နေခဲ့တာ နှစ်နာရီလောက်ရှိပြီဖြစ်သည်။

ဒီထဲကထွက်ပြီး တခြားနေရာဒေသတစ်ခုကို တန်းထွက်သွားချင်သည်။ မဟုတ်လျှင် ဒီစံအိမ်ထဲမှာပဲ ဟိုဒီသွားလာစရာ ဘာမှမလုပ်ဘဲ တံခါးပိတ်နေလိုက်ဖို့ ...။

"ဒေါက် .. ဒေါက်"

"မမလေး .. မမလေးရှင့်"

ဘုရား ...၊

ဘယ့်နှယ် လူကို မမလေးလဲ ...။

ရင်ခုန်သံတွေက ကြောက်ဒူးတုန်နေတာဖြစ်လျက် တံခါးဖွင့်ဖို့တောင် တော်တော်အားစိုက်နေရ၏။

"မမလေး ..."

"ချောက် ..."

တံခါးဖွင့်လိုက်တော့ အခန်းပြင်မှာ ကျစ်ဆံမြီးလေးနှစ်ဖက်နှင့် မိန်းကလေးတစ်ယောက်ရပ်နေကာ ရှေး ကိုမြင်တော့ ခေါင်းလေးငုံ့သွားကာ —

"မမလေး ကိုယ်လက်သန့်စင်ပြီး ဆင်းခဲ့ဖို့ အစ်ကိုလေးက ခေါ်ခိုင်းလိုက်တာပါ .."

"ဟင် .. အင်း .. နေဦး"

"ဟုတ် ..."

"ငါက .. ဘယ်မှာ မျက်နှာသစ်ရမှာလဲ ..."

"အဲဒီအခန်းထဲမှာ ရေအိမ်နဲ့ ရေချိုးခန်းတွဲလျက်ပဲ မမလေး"

"အင်း .. ဩော် .. နေဦး"

"ဟုတ် ..."

www.burmeseclassic.com

www.burmeseclassic.com



သူမ အယောင်ယောင်အမှားမှားတွေ ဖြစ်နေမိကာ လည်ပင်းကုတ်လိုက်မိရင်း ...၊

"ပြီးရင်လည်း ဘယ်ကိုသွားရမယ်မှန်းမသိဘူး၊ အဲဒါ .. ညီမလေး ခဏစောင့်နေပေးပါလားဟင် .."

"ဟုတ်ကဲ့ စောင့်နေပါ့မယ် .."

"အေးလေ .. ဝင်လေ .."

"ဟင့်အင်း .. ဧည့်သည်အခန်းထဲကို ကျွန်မတို့ ဝင်ခွင့်မရှိလို့ပါ.."

ကြီးကျယ်ခမ်းနားခြင်းများစွာနှင့် မနက်ခင်းအစက ကြိုဆိုနေခဲ့လျက်။

"မမလေး .. အင်္ကျီတွေမလဲဘူးလားဟင် .."

သူမ ပြန်ထွက်လာတော့လည်း ဒီတိုင်းပဲမို့ မိန်းကလေးက အံ့သြဟန်လေးနှင့် ...၊

"ဟို .. ခုနက အင်္ကျီတွေလားလို့ .."

"ဟုတ်တယ်လေ-.. ရေမှမချိုးရသေးတာ အဝတ်အစား ဘာလို့လဲရမှာလဲ .."

"ဟို .. အဲလိုမရဘူး မမလေး .."

"ဟင်!..."

"ဒီစံအိမ်မှာက မနက်စောစော ကိုယ်လက်သန့်စင်တယ်ဆိုတာ ရေမိုးချိုးမျက်နှာသစ်တာ ဘာညာတွေအကုန်လုံးကို ပြောတာ .. ပြီးမှ စားသောက်ခန်းဝင်ရတယ် .."

"ရေမချိုးဘဲ စားသောက်လို့မရဘူးပေါ့ .."

"ဟုတ်ကဲ့ရှင့် .."

ရှေး ဂိုယ့်ပုံစံကို ကြည့်ပြီး ပစ်လဲသွားချင်မိသည်။ မနေ့တည်းက ပြေးလွှားမောပန်းလာခဲ့တဲ့ဝတ်စုံက သိလည်းသိသာနေမည်။ ညစ်လည်း ညစ်ပတ်နေပါပြီ။



ဒါပေမဲ့ သူမျှားအိမ်မှာ သူမ ဝတ်စရာ တစ်စုံတလေမှ မရှိခဲ့ဘဲ..။

"မမလေးဝတ်ဖို့ ညက မမျိုး ပြခဲ့တယ်မို့လားဟင်၊ အဲဒီ ဗီရိုကြီးထဲမှာလေ .."

မမျိုး ဆိုတာ ညက ဒီအခန်းထိ လိုက်ပို့ပေးခဲ့တဲ့ မိန်းကလေး ..။

"ဟုတ်တယ် .. အဲဒါ သူမျှားအင်္ကျီတွေမို့လား၊ သူမျှားဗီရိုကို ဘာလို့ဖွင့်ရမှာလဲ .."

"ဒါပေမယ့် .. အဲဒါ ဧည့်သည်တွေ လဲဖို့ဖယ်ဖို့ တမင်ပြင်ဆင်ထားပေးတာပါ၊ လူကြီးလူငယ်.ဆိုက်စုံရှိတယ်၊ မမလေးနဲ့ အဆင်ပြေမှာကို ရွေးဝတ်လိုက်ပါနော် .. ရေလည်း ချိုးခဲ့ပါ၊ ကျွန်မ ဒီကစောင့်နေပါတယ် .."

ဧည့်သည်တွေဝတ်ဖို့ထားတာဆိုတော့ သူမျှားတွေ ဝတ်ချထားခဲ့တာကြီးကို ကိုယ်က ဝတ်ရမှာလား ..။

"မမလေး .. အဲဒါတွေက အသစ်တွေပါ၊ ဧည့်သည်လည်း ဒီကိုလာခဲပါတယ်၊ လာသွားရင်လည်း ဧည့်သည်ပြန်သွားတာနဲ့ သုံးခဲ့တဲ့ သူတို့အဝတ်အစား အသုံးအဆောင်တွေကို ကျွန်မတို့ကိုပေးတာ .."

ဘုရားရေ!...၊

ဘယ်လို မာန်မာနတွေနဲ့ ပေါများထောင်လွှားနေကြတာလဲ ..။

သူမ ရေဝင်ချိုးလိုက်သည်။ ဗီရိုဖွင့်လိုက်တော့ မြန်မာဝတ်စုံတွေ ချည်းရှိနေကာ ရင်ဖုံးရင်စေ့တွေပဲ ဖြစ်၏။ ထို့ပြင် ခုခေတ်ပုံဆန်းလေးတွေလည်း မဟုတ်သောကြောင့် ရွေးနေရင်း အပြင်မှာစောင့်နေသည့် ကောင်မလေးကို သတိရသွားမိသည်။

အဝတ်လေးဆယ်စုံလောက်ပဲ ရှိတာကို ကိုယ်ပိုင်တာလည်း မဟုတ်ဘဲ ကြေးများရွေးချယ်မိသဖြင့် ကိုယ့်ကိုယ်ကိုယ်တောင် စိတ်ပျက်မိသည်။

မြန်မြန်လုပ်စမ်း .. ဒါ သူမျှားအိမ် စခန်းကြီးတဲ့အိမ်၊ ပြင်ကုက်ထဲကလူကြီးတွေနဲ့ သူမ မြန်မြန်ဆန်ဆန်လှုပ်ရှားပြီး ထွက်ခဲ့ပေမယ့် ...၊

ဘယ်ရောက်သွားပြီလဲ ..။

www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ ဟိုကောင်မလေးမရှိတော့သဖြင့် ရှေး ထိတ်ခနဲဖြစ်သွားသည်။ ကောင်မလေးပုံစံကြည့်ရတာ တမင်လုပ်သွားမယ့်ပုံတော့ မရှိပါ။

သူမကိုယ် တစ်ယောက်ယောက် ခိုင်းစရာရှိလို့ ခေါ်သွားတာပဲ ဖြစ်နိုင်၏။

ဒါဆို ဘယ်ကိုဆက်သွားရမလဲ။ ဘယ်ဘက်ကိုကြည့်ကြည့် ထောင့်ချိုး အကွေ့များနှင့် အခန်းတွေချည်းဖြစ်ကာ ညက တက်ခဲ့ကြတာ လှေကားကျယ်ကြီးက ဘယ်ဘက်မှာလဲ ..။

"ဟော့ ..."

နောက်က ဟော့သံကြောင့် ဘယ်သူ့ကိုခေါ်မှန်းမသိဘဲ လှည့်ကြည့်မိ၏။ ဒီအမျိုးသမီးကြီးကို ညတုန်းက တွေ့မိလိုက်သေးသည်။ ဒါပေမဲ့ ခဏပဲ ဖြစ်၏။

အသားဖြူဖြူ၊ မျက်နှာပြားပြားနှင့် ပါးပြင်တွေက ကြမ်းသလိုရှိပေမယ့် မျက်လုံးလှသည်။ ဆံပင်က နဂိုကောက်ဖြစ်ပုံရကာ နဖူးကနေ ပွပွမို့မို့ သိမ်းတင်ပြီး နောက်တွဲဆံထုံးထုံးထား၏။

လည်တိုင်မှာ နှစ်ထပ်စိန်ကုံးနှင့်ဖြစ်လျက် နားတွေ လက်တွေမှာ ပြိုးပြက်လက်နေသည်။ ဘယ်သူမှန်းမသိသေးပေမယ့် ကိုယ့်ဆီလျှောက်လာနေသဖြင့် ခုနက 'ဟော့'အသံက ကိုယ့်ကိုခေါ်တာမှန်းသိလိုက်၍ဖြစ်၏။

"မင်းကို အပေါ်ထပ်ထိ ဘယ်သူတင်လိုက်တာလဲ .."

"ရှင် !..."

ဒေါ်စန္ဒီလင်း က ရှေး ကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။ အသားလေးဖြူဖြူ၊ အရပ်လေးမြင့်မြင့်နှင့် ဆံပင်တွေကို နောက်မှ ခေါင်းစည်းကွင်းလေးနဲ့ စည်းထား၏။

ဇေဒါရောင် မြန်မာဝတ်စုံသည် ခါးဝလက်ဝတွေမှာ ဇာနားကွပ်လေးတွေနှင့် သူမကိုယ်ပေါ်မှာ ပွယောင်းယောင်းဖြစ်နေ၏။ သို့သော် ..၊

မိန်းမလှတိုင်းမှာရှိအပ်သော အလှတရားကိုသည် သူမခန္ဓာကိုယ်



မှာ အချိုးကျပေါ်လွင်နေကြသည်။ ဆံပင်တွေသိမ်းလှန်ထားသဖြင့် ကကြီးပုံမကျတကျ နဖူးပြေပြေလေးကို ဒီတိုင်း မြင်နေရ၏။

ထို့ပြင် ပါးပြင်ထက်မှာ ပါးကွက်လေးနှစ်ဖက်နှင့် ..၊

လာပြန်ပြီး ပြဿနာကောင် နောက်ထပ်တစ်ယောက် ..၊

သူမကို မြင်လိုက်ရမှပဲ ပြတိုက်ထဲက နောက်ထပ်ရုပ်ထုတွေ လျှောက်နေသလား ပြေးကြည့်ရတော့မလိုလို ..။

ကြည့်နေရင်း မလိုလားစိတ်တွေ ဖြစ်လာခဲ့လျက် ဒေါ်စန္ဒီ မျက်လုံးတွေ ရူးရူးရဲရဲ ဖြစ်လာခဲ့၏။

"ဟဲ့ .. မေးနေတာဖြေလေ .."

"ကျွန်မက 'ကိုလေးနဲ့ပါလာတဲ့ .."

"မင်းကိုခိုင်းဖို့ ငှားထားတာပဲ၊ ငါသိပြီးသား အပိုတွေပြောမနေနဲ့၊ ဒီမှာ .."

ဒေါ်စန္ဒီလင်း က ရှေး ထွက်လာသည့်ဧည့်သည်ခန်းကို မေးငေါ့ပြ၍ ..

"ဒါ .. အလုပ်သမားတွေ ဝင်အိပ်ခွင့်ရှိတဲ့ အခန်းမဟုတ်ဘူး၊ ဒီ အပေါ်ကိုလည်း မခေါ်ဘဲ တက်လာခွင့်မရှိဘူး၊ မင်းကို ဒီထိ ဘယ်သူတင်ပေးလိုက်တာလဲ"

"ကျွန်တော် ..."

အသံနှင့်အတူ ဆွတ်ပျံ့သော ကိုယ်သင်းနံ့တစ်ချက်က အရင်ရောက်လာသည်။ ရှေး လှည့်ကြည့်လိုက်တာနှင့် သူမ လက်တစ်ဖက်ကို အကဲက ဆွဲယူလိုက်ပြီးဖြစ်ကာ ...၊

"သူက ကျွန်တော့်ရဲ့ အထူးဧည့်သည်၊ အလုပ်သမားမဟုတ်ဘူး.."

"အကဲ ..."

လှည့်ထွက်သွားပြီးမှ ရှေး လက်တစ်ဖက်ကို ဆွဲထားလျက်နှင့် ဒီတိုင်း ရပ်နေလိုက်သည်။

"ငါက .. မင်း ဦးလေး၊ မင်းအဖေရဲ့မိန်းမပဲ ..."

www.burmeseclassic.com

www.burmeseclassic.com



ကျောခိုင်းနေသည့် အကဲ နှုတ်ခမ်းမဲ့သွားသည်။

"ဒီအိမ်မှာ .. ဘယ်သူက ဘယ်လိုတော်စပ်သလဲဆိုတာ မင်းမေ့နေသလားလို့ .."

"ဟုတ်တယ် မေ့နေပြီ .."

"ဒါကြောင့် .. မင်း လေးစားရမှန်း မသိတာလား .."

"လေးစားခံချင်ရင်တော့ စောင့်လေ ..၊ စပ်ကြည့်ရဦးမယ် .."

ပြောပြီးတာနှင့် ချက်ချင်း လှည့်ထွက်သွား၏။ ဒေါ်စန္ဒီလင်း နှုတ်ခမ်းကို ကိုက်ရင်း ကျန်ခဲ့လေသည်။

"သူဇာ ..."

"ရှင် .. သူဌေးကတော်ကြီး .."

"သမီးကို သွားခေါ် .. ပြင်ဆင်ပြီးရင် ခုဆင်းခဲ့တော့လို့ .."

"ဟုတ်ကဲ့ရှင် .."

ဒေါ်စန္ဒီလင်း ခြေလှမ်းတွေ လှေကားကျယ်ကြီးထက်မှာ ဝါးလုံးနဲ့ ထောက်ဆင်းသွားသလို အသံမြည်လျက် ...။



အခန်း(၃၀)

"မျက်နှာက ဘာဖြစ်နေတာလဲ .."

အကဲ မေးခွန်းကြောင့် ရှေး မျက်နှာလေးမော့လာသည်။ မျက်ဝန်းမှာ မျက်ရည်ကြည်တို့ ဝေ့လည်နေလျက် ...။

"ရှေး .. ဒီမှာ မနေချင်ဘူး .."

ဒေါ်သတွေ ပြိုင်ဆိုင်လိုစိတ်တွေနဲ့ တင်းမထားတော့သည့်အခါ နူးညံ့သည့်စကားသံလေးက ရှေး လို့သုံးလိုက်တာလေးကြောင့် ပို၍ နုငယ်သွားသလိုပင် ...။

ဝါဆို ကလည်း ရှေး ကို ငုံ့ကြည့်ပြီး မျက်နှာမကောင်း ...။

"ဒီမှာမနေချင်တော့ မင်းမှာ သွားစရာရှိလို့လား .."

"ရှေး အစတည်းက ရှင်တို့နဲ့အတူတကွ ထွက်လာတာမှ မဟုတ်တာဘဲ၊ မောင်လေးနဲ့လည်း .."

"မင်းရဲ့မောင်လေးကိုယ်တိုင် သူများသေဆိုသေ၊ ရှင်ဆိုရှင် နေရတာ၊ မင်းကို ဘယ်လိုကာကွယ်မှာလဲ .."

ရှေး မျက်နှာလေးငယ်သွားသည်။ မိန်းကလေးနှစ်ယောက်က သူတို့ စားပွဲပေါ်ကို စားစရာတွေ တစ်မျိုးပြီးတစ်မျိုး လာချပေးနေကြကာ နှစ်ယောက်က သားမွေးယပ်တောင်ကြီးတွေနှင့် ခပ်လှမ်းလှမ်းမှာ ခတ်

www.burmeseclassic.com

www.burmeseclassic.com



ပေးနေကြ၏။

ရှေ့မှာ ကော်ဖီပန်းကန်တစ်စုံစီပဲ ချပေးပေမယ့် အချိုပွဲတွေ အမျိုးမျိုးက အကြော်အလှော်နဲ့တွေပါ ပါလျက် စားပွဲတစ်ခုလုံး ပြည့်သွား၏။

ပြီးတော့ ဝါဆို နဲ့ ရှေး တို့ရဲ့ အချိုပန်းကန်လုံးတွေကို လှမ်း၍ မိန်းကလေးနှစ်ယောက်က လက်ဖက်ရည်တွေ ထည့်ပေးကြ၏။

ရှေး က လက်ဖက်ရည်ထည့်နေတာကို ငေးကြည့်နေလျက် အကဲ က လှမ်းကြည့်ကာ ...၊

"ဒါတွေ .. မင်းတို့ပြင်နိုင်းထားတာလား .."

ဝါဆို က ကြောင်တောင်တောင်ကြည့်ပြီး ခေါင်းခါပြ၏။ ရှေး ကလည်း ခေါင်းခါလိုက်လျှင် ...၊

"ဧည့်သည်ဘာစားမယ်မှန်းမသိဘဲ ဘာဖြစ်လို့ ကိုယ့်သဘောနဲ့ ကိုယ် ထည့်ပေးနေတာလဲ .."

လက်ဖက်ရည်ထည့်ပေးသည့် မိန်းကလေးမျက်နှာလေး ငုံ့ကျသွားကာ လက်လေးဆန့်ချကပ်၍ ...

"မမကြီးက .. ဧည့်သည်တွေအတွက် ပြည့်စုံအောင် ပြင်ဆင်ပေးလို့ပဲ မှာထားလို့ပါ .. ပြီးတော့ .."

"နောက်ကို သူတို့ဘာကြိုက်ရာတာလဲ မေးထား၊ စားချင်တာကို လုပ်ပေး .."

"ဟုတ်ကဲ့ပါရှင့် ..."

အကဲ က အညိုရောင်နဲ့ အဖြူရောင် ကျောက်ကရားလေးနှစ်လုံးထဲက အညိုရောင်ကို သူ့ဘာသာယူပြီး ပန်းကန်ထဲ ထည့်သည်။

ကြည့်လိုက်တော့ ကော်ဖီတွေဖြစ်၏။

"မစားတတ်ရင် တစ်ခုခု လုပ်နိုင်းလိုက်လေ .."

ရှေး က သူ့လှုပ်ရှားမှုကို ကြည့်နေရင်း ခေါင်းခါလိုက်ကာ ...

"တခြားလူတွေ ရှေး တို့ကို မျက်စိစပါးမွေးစူးပါ့မယ် ကိုလေး



ရယ် .. ဧည့်သည်က ကြေးများနေစရာလား .."

"စပါးမွေးစူးတဲ့မျက်လုံး မျက်မှန်ဝယ်တပ်လိုက်မယ်၊ ဘယ်သူကရော ဘယ်သူ့ကို ကြည့်ရလွန်းလို့လဲ .."

အကဲ မျက်နှာက တင်းနေသည်။ ဟိုတိုက်ခန်းလေးမှာတုန်းက နေသလို လွတ်လပ်သည့် ကြည်လင်ရွှင်ပြမှုမျိုးရှိမနေဘဲ ဘယ်သူ့ကို ကြည့်ကြည့် မကြည်ကြည့်နဲ့ဖြစ်လျက် ပြောလိုက်သည့်စကားတိုင်းက ဂျစ်တိဂျစ်ကန် ...။

"ကိုလေး .. ကျွန်တော်က တော်ကြာဆိုပြန်တော့မှာ .."

"ပြန်ပေါ့ ..."

"မရှေး ကလည်း .."

"လာပြန်ပြီ ..."

သောက်မည့်ကော်ဖီပန်းကန်ကို ပြန်ချလိုက်ပြီး အကဲ က ရှေး ကို ကြည့်သည်။ မျက်နှာလေးက ပါးကွက်လေးနှစ်ဖက်နှင့် ဖြစ်နေသည့် ပြင် အားငယ်ပုံလေးပေါက်နေသဖြင့် မြင်နေကျလိုမဟုတ်ဘဲ တစ်မျိုးတော့ဖြစ်နေမိ၏။

"မင်းရဲ့မောင် အကြောင်းတစ်ခုခု ထူးလာတဲ့အထိ ဒီမှာနေပါ၊ တစ်ခုခုဆိုတာက သူ့ကို အခက်အခဲရှိရင် ဒီကိုဆက်သွယ်ဖို့ ငါ ပြောထားခဲ့တာ ...၊ သူ လွတ်မြောက်သွားလား၊ ခက်ခဲနေသလား၊ ဒါမှမဟုတ် ကောင်းတာတစ်ခုခု ပြောင်းလဲဖို့ ပြင်ဆင်နေသလား၊ အဲဒါကို သူ ဆက်သွယ်လာရင် သိရမှာပဲ .."

"ကောင်းလာဖို့ဆိုတာက ရှေး သူ့နားမှာရှိနေမှ .."

"ဘယ်သူပြောတာလဲ .."

"ဘယ်သူမှ ပြောစရာမလိုဘူးလေ၊ ယောကျ်ားလေး တစ်ယောက် တည်းနေမှတော့ ဖြစ်ချင်တိုင်းဖြစ်နေမှာပေါ့ .."

"မင်း .. အဲဒါ .. အစက်မတွေးမိဘူးလား .."

www.burmeseclassic.com

www.burmeseclassic.com



ရှေး နဲ့ အကဲ မျက်လုံးချင်းဆုံသွားသည်။ အကဲ က ခပ်ချဉ်ချဉ် အကြည့်နှင့် မျက်နှာလွှဲပြီး ကော်ဖီပြန်သောက်၏။

"တစ်ယောက်တည်း မြို့ကိုလွှတ်လိုက်တုန်းကတော့ ယုံကြည်လွန်းလို့ ငွေတွေပါ ထည့်ပေးလိုက်သေးတာ .."

"ဒါကတော့ .."

"ဖြစ်လာပြီဆိုမှ လျှော့ပေါ့တွေးပြီး ကိုယ်လွှတ်မရှန်းနဲ့ .."

ပြောချလိုက်တာ နည်းနည်းလေးမှ နားသက်သာဖွယ်မရှိ ..။

"မင်းကိုယ်မင်း .. အဲဒီပုဂ္ဂိုလ်လေးနဲ့ ကျောချင်းကပ်ပြီး တရုတ်ဓာတ်ကားတွေထဲကလို ရန်သူကို ရင်ဆိုင်ယှဉ်ပြိုင်ဖို့ တွေးနေတာလား"

"ကျွန်မဘာသာ မိုးကို ဒူးနဲ့တက်တိုက်ဖို့ပဲတွေးတွေး၊ ရှင် ပူစရာ မလိုပါဘူး .."

"မင်းလိုအပ်တိုင်းချော ဘယ်သူက ပူပေးနေမှာမို့လို့လဲ၊ စားစရာ ရှိတာစား .."

"ကျေးဇူးတင်ပါတယ်၊ စားသောက်ဝင်အောင် ချေချေငံငံ ပြောဆိုပေးတဲ့အတွက် .."

စိတ်လိုက်မာန်ပါ ထထွက်သွားဖို့ ပြင်လိုက်မိသေးသည်။ သို့သော် စားပွဲနားမှာ ခပ်လှမ်းလှမ်းမှာ အထပ်ထပ်စောင့်ကြည့်နေကြသည့် ခြွေရံသင်းပင်းတွေကို ငဲ့ကြည့်ပြီး မထဖြစ် ..။

အကဲ က ပြုံးလိုက်ကာ စားပွဲကိုလှည့်လိုက်ပြီး ကြက်အူချောင်း အဆာသွပ်ထားသည့် ပေါင်မုန့်နဲ့ ကြက်ဥလိပ်ကြော်ပန်းကန်ကို ရှေး နဲ့ နီးနီးလေးမှာ ကပ်ချပေးလိုက်ကာ ..၊

"မင်း ဒါကြိုက်တယ်မို့လား .. စား .."

ပြောပြီး တည်မလိုရယ်မလို မျက်နှာက-စူပုတ်ပုတ် ရှေး မျက်ဝန်းလေးတွေကိုမကြည့်ဘဲ ..၊

"ချေငံတာတွေ၊ ချိုမြိန်တာတွေ တွေးပြီး ဗိုဇာချဲ့မနေနဲ့၊ အကဲ ဆို



တဲ့ကောင်က လောကွတ်ချော်တာ ဝါသနာမပါဘူး .."

"စားလေ မရှေး .. ကိုယ့်အချင်းချင်းတွေမှ စိတ်ဆိုးနေရင် မရှေး ဒီမှာ ဘယ်လိုလုပ်နေမလဲ .."

"ဘယ်သူနေမယ်ပြောလို့လဲ .."

"နေလိုက်ပါ မရှေး ရာ .. ကိုလေးက တကယ်စိုးရိမ်လို့ စောင့်ရှောက်တာပါ၊ ပြီးတော့ .. မရှေး ရဲ့မောင်လုပ်နေပုံက မရှေး အပေါ်မှာပါ အန္တရာယ်ရှိလာနိုင်တယ် .."

"သူမောင်ကြောင့် ဟုတ်ဟုတ် .. မဟုတ်ဟုတ် .. ငါတို့ ခုဖြစ်ခဲ့တာ အတွင်းလူကြောင့်လား၊ အပြင်လူတွေကြောင့်လားဆိုတာ လက်ဆုပ်လက်ကိုင် မိသေးတာမဟုတ်ဘူး .."

"ဟုတ်တယ် .."

"ငါတို့နဲ့အတူ ရှိနေခဲ့တဲ့သူ့ကို အမြင်မှာမြင်လိုက်ရင် အလွတ်ဆေးမှာတဲ့လား .."

"ဟုတ်တယ် မရှေး .. အဲဒါ အရေးကြီးတယ် .."

အကဲ ပြောပြလိုက်မှတွေးမိကာ ရှေး ထိတ်လန့်သွားမိသည်။

မောင်လေးနဲ့ပတ်သက်နေသည်က တစ်မျိုး၊ ကိုလေးနဲ့ပတ်သက်နေလို့တစ်ကြောင်း သူမအတွက်က အနေကျပ်အစားကျပ်ပါလား ..။

"ကိုလေးကတော့ သိမှာမဟုတ်ဘူး၊ ညတုန်းက ဒေါ်လေးနှင်း ကျွန်တော့်ဆီလာပြီး မရှေး နဲ့ ကျွန်တော်တို့ ဘယ်လိုပတ်သက်ခဲ့ကြတာလဲဆိုတာတွေ လာမေးတယ် .."

ဝါဆို ပြောပြတော့ အကဲ မျက်နှာက မသိသေးဘူးဆိုတာ သိသာနေ၏။

"မရှေး အကြောင်းတွေရောပဲ၊ ကျွန်တော်ကတော့ မရှေး ကို တွေ့ရတဲ့အတိုင်း မပြောခဲ့ပါဘူး .."

"ဟင် .. ဘယ်လိုတွေပြောလိုက်လို့လဲ .."

www.burmeseclassic.com

www.burmeseclassic.com



ရှေး အထိတ်တလန့်ဖြစ်သွားတော့ ဝါဆို က ပြုံးလိုက်ကာ …

"အများကြီးတော့ မကွာပါဘူး၊ မရှေး တို့မောင်နှမအကြောင်း ရယ် .. မောင်ကိုရှာရင်းနဲ့ မရှေး ဒုက္ခရောက်နေလို့ ကျွန်တော်တို့လည်း အဆင်ပြေအောင် ခုလို လက်တွဲဖြစ်ခဲ့တဲ့အကြောင်းပါပဲ၊ ခရေစေ့တွင်းကျ ပြောနေဖို့လည်း မလိုဘူးလေ၊ မုသားလည်းမပါပါဘူး .. ဟုတ်တယ် မလား .."

"ဟုတ်ပါတယ် .."

ရှေး ခုမှ အပူလုံးကြီးပြုတ်ကျ၏။ ပြီးတော့ အကဲ စားသောက် နေတာကိုကြည့်ကာ …၊

"ရှေး တကယ်မတွေးမိခဲ့ဘူး၊ တကယ်ဆို ဒီမှာ ခဏတဖြုတ် ခိုလှုံနေခွင့်ရဖို့ ရှေး ကတောင် တောင်းပန်ရဦးမှာပါ .."

"ဟွန်း …"

အကဲ က ခပ်မဲ့မဲ့မျက်နှာနှင့် ကော်ဖီကို မော့သောက်ပစ်လိုက်၏။

"ကိုလေးက .. ရှေး ကို စိတ်တိုသွားတာလားဟင် .."

"မင်း ခဏ ခဏ စိတ်မဆိုးမိအောင်ဘဲ သတိထားစမ်းပါ၊ ငါက လည်း သိပ်စိတ်ရှည်တာမဟုတ်ဘူး၊ ဒေါသထွက်လို့ ပြောမိရင် ဟိုလို ဒီလိုတွေးပြီး မျက်ရည်မကျဖို့ .."

"အစ်ကိုလေးရှင့် …"

အခန်းဝမှာ မိန်းကလေးတစ်ယောက် လာပြီး အကဲ ကိုခေါ်သည်။ အကဲ က လှည့်ကြည့်တော့မှ ခေါင်းငုံ့၍ …၊

"မေမေကြီးက အလယ်စားသောက်ခန်းကြီးမှာ ကော်ဖီသောက်ဖို့ ခေါ်ခိုင်းလိုက်လို့ပါ၊ ဧည့်သည်တွေကိုရော .."

"အားလုံးပြီးနေပြီလို့ ပြောလိုက်တော့ .."

ကောင်မလေးထွက်သွားပြီး သိပ်မကြာလိုက်ခင် ဒေါ်စိန်ပုလဲ နဲ့ ဦးတင်စိုး တို့ ရောက်လာကြ၏။



"မြေးလေးရယ် .. ဘာဖြစ်လို့ ဧည့်သည်တွေအတွက် အခန်းမှာ လာစားသောက်နေရတာလဲ၊ ဘွားဘွားတို့က လူစုံတက်စုံ စားသောက် ကြဖို့စောင့်နေတာ .."

အကဲ က နေရာမှထရပ်လိုက်လျှင် ဝါဆို နဲ့ ရှေး တို့လည်း လိုက် ထလိုက်ရ၏။ ဒေါ်စိန်ပုလဲ အကြည့်က ရှေး ဆီမှာ နှစ်ပတ်သုံးပတ် ဝေ့ဝဲ သွားပြီးမှ မြေးဖြစ်သူကို ချစ်စနိုးပြုံး၍ ..

"လာကြ မြေးတို့၊ မိသားစုစားပွဲမှာ သွားစားကြရအောင် .."

"ကျွန်တော်တို့က နောက်ကျမှနိုးလာတော့ ဘွားဘွားတို့ စား သောက်ပြီးကြပြီထင်လို့ပါ၊ ကျွန်တော်တို့လည်း ပြီးသွားပါပြီ .."

အကဲ ကတော့ ပြီးသွားတာ တကယ်ပင် …။ ဒေါ်စိန်ပုလဲ မျက်လုံး က နည်းနည်းမှ မတို့ထိရသေးသော ရှေး ရဲ့ရှေ့က စားသောက်ပွဲတွေဆီ ရောက်သွားပြီး …၊

"ဟုတ်ပါပြီ .. ဟုတ်ပါပြီ၊ ဒါဆိုလည်း ဟိုမှာပဲ စကားဝိုင်းဖွဲ့ပြော ကြတာပေါ့ လာပါမြေးလေးရယ် .. ဘွားဘွားက မြေးလေးနဲ့ စကားပြော ချင်လို့ အဝေးကြီးကလာပြီး ခုထိ စိတ်ရှည်လက်ရှည် စောင့်နေခဲ့ရတာ"

အကဲ အစား ရှေး အားနာစိတ်တွေ ဖြစ်လာမိသည်။ ဒီအဘွား သွားလေရာ ယပ်တောင်တစ်ချောင်းနှင့် လိုက်ပါနေသောအမျိုးသမီးကို လည်း ကြည့်မိရင်း …၊

ဒီလောက် ကိန်းကြီးခမ်းကြီးနေတဲ့အဘွားက မြေးရှေ့မှာတော့ ချစ်ခင်မြတ်နိုးမှုတွေမှလွဲ၍ ဘာအာဏာ ပါဝါတွေမှမရှိပါလားဟု တွေးမိ လေသည်။

အကဲ က ဝါဆို တို့တိုလည်း လှည့်ကြည့်လျှင် …၊

"လာလေ .. ကလေးတို့ပါ အတူတူ လာဝိုင်းကြ၊ ဘွားဘွားက ပြောစရာတွေလည်း ရှိလို့ပါ .."

ဝါဆို ပြန်ဖို့ဖြစ်နေပေမယ့် လူကြီးက ခေါ်နေသဖြင့် မငြင်းသာ

www.burmeseclassic.com



တော့ဘဲ လိုက်လာခဲ့ရသည်။ စံအိမ်ကြီးထဲမှာ စည့်ခန်းဘယ်နှစ်ခု စားသောက်ဆောင် ဘယ်နှစ်ဆောင်ရှိနေသည် မသိ ...။

ခုန စားပွဲဝိုင်းကြီးနဲ့ လူ ငါးယောက်ခြောက်ယောက် ထိုင်လို့ရသည့် စားသောက်ခန်းဖြစ်ကာ ဒီမှာကျတော့ ထမင်းစားခန်းက စည်းဝေးခန်းမကြီးနှင့်တူနေ၏။

ထမင်းစားပွဲက လေးထောင့်စတုဂံပုံဖြစ်ကာ သိပ်တော့မကြီးပေမယ့် စားပွဲနဲ့အခန်းတွင်းမှာ အလှဆင်ထားပုံကြောင့် တအံ့တသြ ဖြစ်သွားစေခဲ့၏။

အပေါ်မျက်နှာကျက်နှင့် ဘေးနံရံပြင်ကျယ်တွေမှာ မီးလုံးတွေမြှုပ်ထားတာ မြင်နေရပေမယ့် မီးလုံးနဲ့မတူ။

ပုလဲလုံးကြီးတွေက အရောင်တွေထွက်နေသကဲ့သို့ တစ်ခန်းလုံးမှာ ဖွေးမွှံနေ၏။ ဒီမီးတွေက နေ့နေ့ညည အမြဲတမ်းဖွင့်ထားတာပဲလား။

မတုံးနဲ့ ရှေး ...။

မြင်မြင်သမျှ လိုက်ငေးမနေနဲ့ ...။

ကိုယ့်ကိုယ်ကိုယ် သတိထားပြီး အားပေးမိပေမယ့် နောက်ကျခဲ့သည်။ သူမကို စူးစိုက်လိုက်ကြည့်နေသော မျက်ဝန်းတွေနဲ့ ဆုံမိလိုက်ပြီး ရှေး ခြေလှမ်းမှားမတတ်ပင် ...။

ဘယ်သူက ဘယ်သူပါလို့လည်း မိတ်ဆက်မပေးကြသဖြင့် မြင်တွေ့နေရသည့်လူတွေကို ဘယ်သူဘယ်ဝါတွေဆိုတာ မသိ ...။

သူတို့အားလုံး စားပွဲမှာ နေရာယူလိုက်ပြီးသည်နှင့် ...။

"မေမေကြီးရှင့် .. မမကြီးက အပြင်မှာ မနက်စာထွက်စားမယ်လို့ ပြောပါတယ် .."

"ဟင် !..."

ဒေါ်စိန်ပုလဲ တအံ့တသြ ဖြစ်သွားပြီး ပြန်ထရပ်လျက် ...၊

"နေဦးစေ ဘွားဘွား၊ မေမေ့ကို ကျွန်တော် သွားခေါ်မယ် .."



အကဲ ထွက်သွားသည်နှင့် ဒေါ်စန္ဒီလင်း က ပေါ့ပါးသည့်အကြည့်မျိုး မျက်နှာမှာတင်လျက် ...၊

"လူမမာက .. သားအသံကြားတော့ ချက်ချင်း နလံထသွားပါလား"

"သွားမပြောနဲ့ မေမေ၊ တော်ကြာ ကိုကို့ကို လက်ကြိတ်ထိုးတွန်းထုတ်လိုက်လို့ ဒီတစ်ခါ အိမ်က ထွက်သွားဦးမယ် ..."

"သမီး .."

ဦးရာဇနွယ် က လင်း ကို မျက်နှာထားနှင့် တားဆီး၏။ ရင်ထဲမှာတော့ မျက်နှာမှာထက်ပို၍ ပြင်းထန်သော ဒေါသတွေ ဆူပွက်နေပြီဖြစ်ကာ ...၊

"ဒီသားအမိ ဘာဖြစ်လို့ ဒီလောက် မစောင့်စည်းနိုင်ကြတာလဲ၊ ကိုယ့်အပြစ်မဖြစ်အောင် ခုချိန်မှာ အကောင်းဆုံး နေထိုင်ပြောဆိုပြရမှာ မဟုတ်ဘူးလား .."

"လူကြီးတွေစကားပြောနေရင် ဝင်ဝင်မပါနဲ့လေ .."

သမီးကိုခေါ်ပြီး ပြောပေမယ့် မျက်လုံးက ဒေါ်စန္ဒီလင်း ဆီ ရောက်လေသည်။

ဟွန်း .. ရှင် ဘာပြောချင်တာလဲ သိတာပေါ့ ကိုနွယ်ရယ် ...။

ဒေါ်စန္ဒီလင်း က ရီတီတီပြန်ကြည့်ပြီး မျက်နှာလွှဲပစ်၏။ ဘာဖြစ်ဖြစ် ပြောစရာရှိလျှင် ပြောတော့မည်။ သည်းခံစရာတွေဖြစ်လာရင်လည်း မျိုသိပ်မထားနိုင်တော့ပေ ...။

ဒီနေ့ကစပြီး မထူးစိတ်ပိုက်တော့ဖို့ ဆုံးဖြတ်ပြီးဖြစ်ကာ ...၊

"သမီးက ပြောမယ်ဆိုလည်း ပြောလောက်တယ်လေ .. မဟုတ်ဘူးလား မေမေရယ် .. ညတုန်းကတော့ ချက်ချင်းပဲ .."

"စန္ဒီ ..."

"နောက်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးရတော့မလိုလိုလေ .."

ဦးရာဇနွယ် တားနေသည့်ကြားက ဒေါ်စန္ဒီလင်းက ပြီးဆုံးအောင်

www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

"စန္ဒီ ဆိုရင် ညက အဲ့ဒီအခန်းထဲမှာ လူတွေစုပြုံဝိုင်းအုံနေတော့ မထိတ်သာမလန့်သာတွေတွေးမိပြီး တော်တော်စိုးရိမ်သွားတာ .."

"လူ့အသက်ဆိုတာ ကံ စိတ် ဥတု အာဟာရပေါ်မှာ မှီနေတာပဲ အေ .. စိတ်ကြောင့်လဲနေတဲ့လူနာတောင် ငေါက်ခနဲထထိုင်သေးတာပဲ၊ ဘယ်နည်းနဲ့ပဲ နလံထလာလာ ငါတို့အားလုံးဝမ်းသာရမှာပဲ .."

"ဝမ်းသာပါတယ် .. မေမေတို့စိတ်ချမ်းသာနေတော့ စန္ဒီ တို့ ဆူခံထိရ သက်သာတာပေါ့ .. အဟွန်း .. မဟုတ်ရင် .."

"စန္ဒီ .."

ဦးရာဇနွယ် ရဲ့ တားဆီးသံက တင်းမာလာကာ ဒီနေရာမှ ဒီစကား မရပ်လျှင် ပြဿနာတစ်ခုခုဖြစ်လာဖို့ရှိနိုင်မှန်း သတိပေးလိုက်သလိုပင်။

ဒေါ်စန္ဒီလင်း က အပြုံးမပျက်သည့်မျက်နှာလေးနှင့် တိတ်ဆိတ်သွားခဲ့၏။ ဒေါ်စိန်ပုလဲ နဲ့ ဦးတင်စိုး တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြကာ .. ပြီးမှ ...

ဒေါ်စိန်ပုလဲ က ဒီဘက်ပြန်လှည့်ကာ ..၊

"သူမလာနိုင်ဘူးထင်လို့ ဒီစကားဝိုင်းကို ဒီတိုင်းစလိုက်ဖို့ပြင်တာ၊ ညတည်းက မနက်ကျရင် ကလေးတွေကိုစကားပြောကြမယ်လို့ ပြောခဲ့တယ်၊ သမီးပါရှိနေရင် ကောင်းမှာပဲလို့လည်း ပြောခဲ့တယ်၊ ဒါကြောင့် သူလာနိုင်အောင်ကြိုးစားတာပဲ စန္ဒီ၊ မနက်စာလက်ဖက်ရည်ဝိုင်းမှာ သူ ပါဝင်လာတဲ့အတွက် ဘာဖြစ်သွားနိုင်သလဲ .."

"ဘာမှမဖြစ်ပါဘူး မေမေရယ် .. ညတုန်းက အသည်းအသန်ဖြစ်ထားတော့ ခုထလာမယ်ဆိုတာ အံ့ဩစရာဖြစ်သွားလို့ပါ .."

"ညည်း အံ့ဩဖို့ ဖန်တီးပေးတာမှမဟုတ်ဘဲ စကားဆိုတာ နေရာတကာ စိတ်ထဲဖြစ်လာတဲ့အတိုင်း မပြောရဘူး၊ ဒီစကားဝိုင်းထဲမှာ သုံးလေးနှစ်အရွယ်ကလေးတွေကို ပါဝင်ခွင့်ပြုထားတာမဟုတ်ဘူး .."



"ဘွားဘွားရယ် .. မေမေကလည်း .."

"တိတ်စမ်း ..."

တားဆီးသံက ဩဇာလွှမ်းမိုးလျက် အသံအားလုံးကို တိခနဲ ငြိတ်ကျောက်သွားစေ၏။

"နင်တို့ သားအမိက ဘာမို့လို့ စံအိမ်က အကြီးအကဲတွေရှေ့မှာ ထင်သလို ဝေဖန်ရဲနေတာလဲ၊ ကိုယ့်နှုတ်ကိုယ် မစောင့်စည်းနိုင်မှန်းသိနေရင် ဒီနေရာက ထထွက်သွားလို့ရတယ်၊ မသွားဘူးဆိုရင် နောက်ထပ် ဘာသံမှမထွက်နဲ့ .."

ဒေါ်စိန်ပုလဲ က ရှေး တို့ကို မကြည့်ပေမယ့် မျက်လုံးဝေ့၏။ ကိုယ့်စံအိမ်မှာ ငယ်သူတွေက ကြီးတဲ့သူတွေကို နှုတ်လှန်ထိုးရဲတာ ဘယ်တုန်းကမှ မရှိခဲ့ပေ ..၊

ရှိလာပြန်တော့လည်း တခြား သူစိမ်းတွေရှိနေတဲ့ ရှေ့မှာမှ ..၊

ညည့်သည်ကော ဘယ်လိုဧည့်သည်မျိုးပဲဖြစ်ပါစေ ကိုယ့်ရဲ့အပြုအမူဟာ ကိုယ့်အဆင့်အတန်းပဲဖြစ်သည်။ ဒေါ်စိန်ပုလဲ မျက်နှာ မသာယာတော့ဘဲရှိလျက် ..၊

"လာ .. မြေးလာ .."

ဒေါ်မြရင်ငယ် ဗိုးလ်ချဲနဲ့ရောက်လာတော့ ဦးတင်စိုး ကိုယ်တိုင်ပျာပျာသလဲ ကြို၏။ မျက်နှာကြီးထက်မှာလည်းလိုက်လျော ကြည်ဖြူခြင်းမည်သော အပြုံးတို့ခိုတွဲနေရာ ဦးရာဇနွယ် အကြည့်တွေကလည်း စူးရှနေခဲ့၏။

ကိုယ့်သားမယားကိုတော့ ဘာလုပ်လုပ် အကောင်းမမြင် ..။

အပြင်သူစိမ်းတွေရှေ့မှာ သဟောက်သဟမ်းလုပ်လို့ ..။

ဟိုဘက်လှည့်လိုက်တဲ့ မျက်နှာတွေကျတော့ တစ်မျိုးပါလား ..။

မြရင်ငယ် ဆိုတဲ့မိန်းမ ...၊

ကြည့်လိုက်ရင် အံ့မြဲတမ်း အင်အားမဲ့သောမျက်နှာ၊ မာန်မာန မတက်၊

www.burmeseclassic.com

www.burmeseclassic.com



လောဘနည်းသည့် လေသံတွေနှင့် ..။

ဒီလိုပုံစံနဲ့ နှစ်ပေါင်းများစွာ အေးဓားပြတိုက်လာခဲ့တာပါ။ ခုကျ တော့ လိုချင်တာ အကုန်ရသွားခဲ့တာပဲ။

ဒီစံအိမ်မှာ ဒီလိုနည်းနဲ့ အမှည့်ခြွေယူရမည်ဆိုတာ အစက မသိခဲ့ လေခြင်းဆိုသည့် နာကျင်သည့် မဲ့ပြုံးက နှုတ်ခမ်းမှာ ဟန်မဆောင်နိုင်စွာ တင်၏။

"မြေးတို့က ဧည့်သည်တွေနဲ့ စားသောက်ပြီးကြပြီဆိုလို့ မေမေတို့ လည်း ထပ်မစားကြတော့ဘူး သမီးအတွက် .."

"ငယ့် အတွက်လည်း ရပါတယ် မေမေ၊ မနက်ခြောက်နာရီလောက် တည်းက ဆေးသောက်ရမှာမို့လို့ စွတ်ပြုတ်သောက်ထားပြီးပါပြီ"

"ဟုတ်လား .. မိငယ် မျက်နှာ ဒီနေ့လန်းနေတာ အားရစရာပဲနော် ဘာဘတင်"

"ဟုတ်ပဗျာ .. ကလေး ပြန်ရောက်လို့ ဖြစ်မှာပေါ့ .."

သမီးတွေ မြေးတွေက ပါးစပ်ကမချုပါလား ..။

ဦးရာဇနွယ် ဒေါသတွေ ကြိတ်ဖြစ်လာခဲ့သည်။ ဇနီးဖြစ်တဲ့သူ မခံ စားနိုင်ဘူးဆိုတာလည်း အပြစ်မဆိုသာ ..။

မေမေ့ကို ဒီလာဖို့အကြောင်းကြားလိုက်တာ သူပဲဖြစ်ကာ ရောက် ကာစကတော့ နေထိုင်မကောင်းသည့်လူမမာကိုတောင် သွားကြည့်ပြီး သတိတွေ ဘာတွေပေး ကြိမ်းလို့ မောင်းလို့ ..။

ခုကျမှ ...၊

"ဝါဆို နဲ့ သမီး ရွှေး တို့ရော စားပြီးကြပြီလား .."

ဒေါ်မြရင်ငယ် ထပ်မေးတော့ အားလုံးကို ငုတ်တုတ်ထိုင်ငေးနေ သည့် ရွှေး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ဝါဆို ကလည်း ပျာပျာသလဲ ပြုံး၍ ...

"ပြီးသွားပြီ ကြီးကြီးငယ် .."



"ဟုတ်ကဲ့ ပြီးပါပြီ ..."

နှစ်ယောက်စလုံး ပြိုင်တူဖြေလိုက်ကြ၏။ ဒေါ်မြရင်ငယ် က နူးညံ့ သည့်အပြုံးနှင့် ခေါင်းညိတ်၏။ ပိန်လှီချောင်ကျနေသော မျက်နှာဖျော့ ဖျော့က ထူခဲအုပ်ဟောင်းသော ဆံပင်ရှည်တွေ ထုံးဖွဲ့ထားသည့် တစ် ပတ်ရစ်ဆံထုံးနှင့် ယဉ်စစလေး ဖြစ်နေသည်။

မဟာနဖူးပြေပြေလေးကည်း အနည်းငယ်ကျယ်သလို ဖြစ်နေပေ မယ့် ဒေါ်မြရင်ငယ် မျက်နှာကို ထူးခြားရင့်ရော်မှုမျိုးတော့ ဖြစ်မသွားစေ ခဲ့ပေ။

"သားလေး .. ထိုင်လေ"

ဗိုးချဲ့တွန်းလာရင်း နောက်မှာရပ်နေသည့် အကဲ ရဲ့လက်ကိုဆွဲ၍ ဒေါ်မြရင်ငယ် က သူမရဲ့ဘေးမှာ ထိုင်စေကာ ...၊

"မေမေနဲ့ ဘိုးဘိုးတင် ကို မိတ်ဆက်ပေးရဦးမယ်၊ သူလေးက ရွှေးရိုးပန်းချီ တဲ့ .."

မိသားစုစကားဝိုင်းထဲမှာ ရွှေး ကို မိတ်ဆက်ပေးနေသဖြင့် ဒေါ် စိန်ပုလဲ မျက်နှာပျက်သွားသည်။ ဒေါ်မြရင်ငယ် က ကြည်လင်သည့် အပြုံးကိုမချဘဲ ...၊

"သားကို တစ်လျှောက်လုံး ကူညီလာခဲ့တာပေါ့ .."

"ခိုင်းဖို့ငှားထားတာပဲ ဘွားဘွားရဲ့၊ သူ့ကို လင်း သိသားပဲ၊ ကိုကိုနဲ့ ဘယ်လိုတွေပြီး ငှားလိုက်သလဲသာမသိတာ၊ လမ်းပေါ်မှာ ဖိနပ်မပါဘဲ လျှောက်သွားနေလို့ ပိုက်ဆံပေးပြီး ကားတောင်တွန်းခိုင်းခဲ့သေးတယ်"

ရှိသမျှလူတွေ မျက်စိမျက်နှာပျက်ကုန်ကြ၏။ ရွှေး မျက်နှာလေး နီရဲသွားကာ မတူမတန်ထိုင်နေရသည့် ဒီနေရာကနေ ထထွက်သွားရ မလား .. ဆက်ရှိနေရမလား ..၊

တစ်ကိုယ်လုံး အငွေ့တွေပျံထွက်နေသလို ပူကျိန်းဖိန်းလျှက် နားထဲမှာ လေသံတွေပဲ့ တဝီဝီ မြည်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား .. ဒါကြောင့် သူရောက်လာတော့ တစ်ကိုယ်လုံးမှာ ဒဏ်ရာအနာရွတ်တွေတွေ့တာကိုး .. ကင်ပွန်းခါးဆူးခြံတိုးလာခဲ့ရတဲ့ ဘဝက လာတယ်ဆိုတာ ကြည့်လိုက်တာနဲ့ သိသာနေတာ .."

ဒေါ်စန္ဒီလင်း က နောက်ပိတ်ထောက်ခံစကားဆိုရင်း ဒေါ်စိန်ပုလဲကို တစ်ချက်လှည့်ကြည့်ကာ ...

"ဟိုးရင်ကဆို .. မိသားစုထမင်းဝိုင်းမှာတောင် သက်ကြီးတစ်ဝိုင်း၊ သက်ငယ်တစ်ဝိုင်း ဝိုင်းဖွဲ့ရတာ .. ကူလီအလုပ်သမားအောက်တန်းကျတဲ့ အဆင့်ကို မပြောနဲ့၊ ကိုယ့်အိမ်က အလုပ်သမားတွေတောင် စားသောက်ပွဲနား ဖြတ်လျှောက်ရတာမဟုတ်ဘူး၊ အဟွန်း .. အကဲ တို့ကျမှပဲ အခွင့်ထူးတွေရနေတာနော်၊ စန္ဒီ တို့က ဒီလိုအဆင့်အတန်းမျိုးနဲ့ တစ်ဝိုင်းတည်း ထိုင်နေရပြီ .."

ပြောသည့်လူက ပြောရုံလွန်းသည်မို့ လူကြီးတွေ ဘာပြန်ပြောရမှန်းမသိလောက်အောင် ရုတ်တရက် ငြိမ်ကျသွားလေသည်။ ထိုစဉ် ရှေးက နေရာမှ ထရပ်လိုက်လျှင် ..၊

"ကျွန်မ ..."

"မိန်းကလေး အေးဆေးပြန်ထိုင်ပါ"

ဒေါ်စိန်ပုလဲ တည်ငြိမ်အေးစက်သည့်မျက်နှာက ဒေါ်စန္ဒီ ထံ ပြန်ရောက်သွားပြီး ...

"အခု .. ဒီမှာထိုင်နေတာ မြေးလေးရဲ့မိတ်ဆွေသူငယ်ချင်းပဲ၊ ညည်း တိတ်တိတ်နေပေးလို့ရပြီလား .."

"စန္ဒီ ကလည်း စံအိမ်ရဲ့စည်းကမ်းတွေကို ပြောပြရုံပါ၊ စည်းကမ်းအတိုင်း တကယ်လုပ်ဖို့ မလုပ်ဖို့က .."

"ဟုတ်တယ် .. စည်းကမ်းနည်းလမ်းတွေအပိုင်းကို ဘယ်သူမှ ထောက်ပြပြင်ဆင်ခွင့်မရှိဘူး၊ ဒီအိမ်ထောင် ဒီတစ်မိုးအောက်မှာ အိမ်ရဲ့ အကြီးအကဲတွေ သင့်တော်သလို ထုတ်နုတ်ချမှတ်တဲ့စည်းကမ်းမှန်သမျှအားလုံး



လိုက်နာရမယ်၊ နှစ် လ နာရီမရွေး ဘယ်အချိန်၊ ဘယ်စည်းကမ်းပဲ ထွက်လာလာ လိုက်နာရမှာ ငယ်သူတွေရဲ့အလုပ် .."

ဒေါ်စန္ဒီ က ပြုံးယောင်သမ်းနေသည့်မျက်နှာနှင့် ရှိပေမယ့် မျက်ဝန်းတို့မှာ နာကျည်းမှုများနှင့် အေးစက်မာကြောနေခဲ့၏။ လိုက်နာရမယ့် ငယ်သူတွေထဲမှာ အကဲ ကိုတော့ ချန်လှပ်ထားခဲ့တာလား။

သင်းက အငယ်ဆုံးဖြစ်ပြီး အားလုံးကို နှုတ်လှန်ထိုးဖော်ကားနေတာ စံအိမ်ရဲ့တင်းကျပ်တဲ့ စည်းကမ်းတွေလား ..။

"ထိုင် .. သမီးထိုင် .."

ဒေါ်မြရင်ငယ် က ခေါင်းညိတ်ပြပြီး ထပ်ပြောမှ ရှေး တောင့်တောင့်လေးပြန်ထိုင်သည်။ ပြီးတော့ အကဲ ကို လှမ်းကြည့်၏။ အကဲ နဲ့ သူမက မျက်နှာချင်းဆိုင်မကျတကျမှာဖြစ်ကာ သူမ နှုတ်ခမ်းသားလေးတွေ ဖျော့ကျနေတဲ့အထိ ဝမ်းနည်းအားငယ်နေတာကို အကဲ ဒီတိုင်းမြင်နေရသည်။

ရှေ့မှာရှိနေသည့် ပန်းသစ်တော်စိပ်တွေကို မစားချင်ဘဲ ခပ်ရင်းလေးနဲ့ ထိုးစိုက်လိုက်မိကာ နောက်ထပ် တစ်စိပ်ပေါ်ထပ်ဖိတော့ နှစ်စိပ်ပူးထိုးပြီးသား ဖြစ်သွား၏။

ပြီးတော့ နောက်တစ်စိပ်ပေါ်ထောက်လိုက်လျှင် ဒေါ်မြရင်ငယ် က အကဲ လက်ကို အသာလေး ကိုင်ထားလိုက်၏။

အကဲ က ခက်ရင်းကို ဒီတိုင်းလွှတ်လိုက်ပေမယ့် မေးရိုးနှစ်ဖက်မှာ တင်းခနဲ လှုပ်ခတ်သွား၏။ ထိုအပြုအမူတွေကို ဒေါ်စိန်ပုလဲ သတိမထားမိပေမယ့် ဦးတင်စိုးက ထိပ်ဆုံးကနေ လှမ်းမြင်နေခဲ့၏။

ငယ်တဲ့လူက ထိန်းသိမ်းနေနိုင်စွမ်းရှိနေပြီး လူကြီးတွေက မထိတထိခနဲ့၍ ရန်များအောင် ဖန်တီးနေခြင်းက စိတ်ပျက်ဖွယ်ပင် ...။

ပြီးတော့ ဒီမိန်းကလေးကိုမှ စန္ဒီတို့သားအမိ ဘာဖြစ်လို့သည်းမည်းနှိမ့်ချနေကြတာလဲ။ ခုမှရောက်လာသည့် သူစိမ်းတစ်ယောက်အကြောင်း ဘာလို့စိတ်ဝင်စားနေကြတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေသည် ရည်ရွယ်ထားသည့်အတိုင်း ဖြစ်လာဖို့ထက် ပိုမို ဆိုးရွားမည့်ပုံပေါ်နေကာ ...၊

"ကြားဖြတ်ပြီး ဘာဘာ ပြောစရာရှိတယ် .."

ဦးတင်စိုး စကားစလိုက်ပြီး ...

"အခု လူစုံစေချင်တာက စံအိမ်တော်မှာ မင်္ဂလာကိစ္စ ဆွေးနွေး ချင်တာကြောင့်ပဲ .."

ဟင်!...

မင်္ဂလာကိစ္စ ဆိုပါလား ..။

ကိုယ့်အတွက် ဘာမှဖြစ်လာမှာမဟုတ်ဘူးထင်ပြီး ရှုံးမည်းမည်းဖို့ မောင်းတင်ထားသည့် ဒေါ်စန္ဒီ မျက်နှာ ချက်ချင်း ပြုံးပြုံးပျာပျာ ဖြစ်သွား သည်။

ဦးရာဇနွယ် လည်း မျှော်လင့်သည့်မျက်လုံးတွေနဲ့ အရောင်လက် လာ၏။

"စကားတွေပြောကြရင်းနဲ့ မင်္ဂလာစကားမဟုတ်တော့ဘဲ လိုရင်း မရောက်ဖြစ်လိမ့်မယ်၊ ပြောစရာရှိတာပြောရအောင် .. သမီး .."

ဒေါ်စိန်ပုလဲ ကို ကြည့်ပြီး တိုက်တွန်းလိုက်မိသည်။ သူ ဒီကို လိုက် လာရတာကိုက အကဲ ရဲ့မင်္ဂလာကိစ္စအတွက်ပဲ ဖြစ်ကာ အိမ်တော်ထိန်း ကြီးကိုတော့ ပြန်လွှတ်လိုက်ရသည်။

စံအိမ်တော်ရဲ့ကိစ္စမှန်သမျှ ဒီလောက်ထိ ခက်ခဲပင်ပန်းစွာ ရှင်းခဲ့ ရတာမရှိခဲ့ဘူးပေ။ ဒါတောင် ဒီနေ့ထိ ကြိုးစားနေရဆဲဖြစ်ကာ အဆင် ပြေပါ့မလားဆိုတာကတော့ ..၊

"အဟမ်း ..."

ဒေါ်စိန်ပုလဲ ကိုယ်တိုင် မကြည်လင်တော့သည့်စိတ်ကို မူလအစီ အစဉ်ပေါ်ပြန်ရောက်အောင် ကြိုးစားစုစည်းနေရလျက် ..၊

"ဒီလိုပါ .. ခုလိုမျိုး သမီးကိုယ်တိုင်ရှိနေတော့လည်း မြေးတွေရဲ့



မင်္ဂလာကိစ္စအတွက် တစ်ခါတည်း ဆုံးဖြတ်လို့ရသွားတာပေါ့ .."

ကိုယ့်အပိုင်းပါလာပြီမို့ ဒေါ်မြရင်ငယ် က ရှိကျိုးစွာ ခေါင်းညိတ်၏။

"စံအိမ်မှာ ယောကျ်ားလေးကိုပဲ အမွေဆက်ခံမယ့်မျိုးဆက်အဖြစ် သတ်မှတ်တာဆိုတော့ မြေးလေးက မွေခံထိုက်သူပဲ၊ ဒါပေမဲ့ .. မြေးမလေး လင်းမြတ်နွယ် ရဲ့ မိဘတွေလည်း စိတ်အားမငယ်စေချင်ဘူးလေ၊ အားလုံး အဆင်ပြေသွားအောင် စီစဉ်ပေးလို့ရမယ့်နည်းလည်း ရှိနေပြီဆိုတော့ .."

ဒေါ်မြရင်ငယ် မျက်နှာကိုတစ်ချက်လှမ်းကြည့်လိုက်သည်။ ပြီးမှ ဆက်၍ ...

"မေမေ စီစဉ်ချင်တာကနဲ့ .. အဲ့ .. စံအိမ်တော်က ဘိုးဘွားတွေက လည်း ညွှန်ကြားထားပါတယ်၊ လင်း နဲ့ အကဲ ကို လက်ဆက်ပေးဖို့.."

အကဲ မျက်နှာ ဖျတ်ခနဲမော့သွားသည်။ ဒေါ်မြရင်ငယ် က အသာ ခေါင်းခါပြ၍ ငြိမ်နေဖို့ သတိပေး၏။

"မိသားစုချင်းလည်းဖြစ် .. စံအိမ်က ဘိုးဘွားပိုင်အမွေအနှစ်တွေ လည်း တခြားမရောက်တော့ဘူးဆိုတော့ သားကိုနွယ်နဲ့ မိငယ်တို့ လိုက်နာနိုင်မလား မေမေ့ကို ပြောကြဦးလေ .."

"ကျွန်တော်ကတော့ ဘာမှပြောစရာမရှိပါဘူး .."

"စန္ဒီ တို့ကလည်း အမြဲတမ်း မေမေတို့စည်းကမ်းအတိုင်းပဲ နာခံ လာတဲ့လူတွေပါ .."

လင်းနဲ့ အကဲ မျက်လုံးချင်းဆုံသွားကြလျှင် ရှက်ရွံ့မျှော်လင့်သော မျက်ဝန်းနှင့် စူးရဲသည့်မျက်ဝန်းတွေက ခြားနားစွာ ..။

"ဒါဆို .. သမီး မိငယ်ကရော .."

"ငယ်တို့ လူကြီးတွေသဘောထက် လူငယ်တွေကို .."

"မဟုတ်သေးဘူး သမီး .. ထိမ်းမြားချင်းလျှင် ဝတ်ငါးပါးဆိုတာ မိဘ့ဝတ်ပဲ၊ မိဘက ဝတ္တရားရှိတဲ့အတိုင်း စီမံပေးရမယ်၊ နာခံရမှာက သားသမီးအပိုင်း ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ဘွားဘွားတို့ထိမ်းမြားပေးဖို့ ဝတ္တရားကျေအောင် ကျွန်တော်ချစ်တဲ့သူ .."

"သား ..."

ဒေါ်မြရင်ငယ် အလျင်စလိုတားဆီးလိုက်သဖြင့် စကားက ဒီမှာ တင်ပြတ်သွားသည်။ သို့သော် ..၊

"ထိမ်းမြားပေးဖို့ ဝတ္တရားရှိရင် .. ထိမ်းမြားပေးတဲ့အလုပ်ပဲ လုပ်ရင် ရပြီမို့လား မေမေ၊ ဘယ်သူ့ကိုယူပါ၊ ဘယ်သူနဲ့လက်ထပ်ရမယ်ဆိုတာ စည်းကျော်တာပဲ .."

"မြေး ဘယ်လိုပြောလိုက်တာလဲ .."

"မောင်နှမချင်း ကျွန်တော် လက်မထပ်နိုင်ဘူး .."

"မောင်နှမဆိုတာ .."

"ဘယ်လိုတော်စပ်နေလို့ လက်ထပ်လို့ရတာတွေ မရတာတွေလည်း မသိဘူး .. လင်းမြတ်နွယ် ကို ကျွန်တော် လက်မထပ်နိုင်ဘူး .."

"မြေး ..."

"ခဏလေးနေပါဦး မေမေ .. ဒီလိုရှိပါတယ် .."

ဒေါ်မြရင်ငယ် စိတ်လှုပ်ရှားလာသဖြင့် မောဟိုက်သံပါလာသည်။ နားသယ်စပ်ဆံစများနှင့် နှုတ်ခမ်းဖျားတို့မှာ ချွေးစလေးတွေကြောင့် စိုလတ်လတ်ဖြစ်လာခဲ့၏။

အားလုံး၏အာရုံကိုက်အခံ ပြောကြဖို့ ပြင်ဆင်လိုက်သမျှသည် ဒေါ်မြရင်ငယ် အခြေအနေကြောင့် တိတ်ဆိတ်တုံ့ဆိုင်းသွားခဲ့၏။

"သားက ညတည်းက ငယ့် ကိုဖွင့်ပြောထားခဲ့တာပါ၊ အဲဒါကို ပြောပြချင်လို့လည်း အခု .. ငယ် အားတင်းပြီး ထွက်လာခဲ့တာ .."

ညတုန်းက ဘာပြောခဲ့တာလဲ ..၊

အားလုံးစိတ်ထဲမှာ သိချင်စိတ်တွေ ဖြစ်သွားကြ၏။

"မေမေ ဒီလိုအစ်အစဉ်တွေ ပြောလာမယ်မှန်းလည်း ငယ် ကြို



မသိခဲ့တော့ ငယ်က ဦးအောင်ပြောဖြစ်မယ်ထင်ခဲ့တာ .."

"ဘာကိုလဲ သမီး .."

"တကယ်လို့ .. ငယ်က အရင်ပြောဖြစ်လိုက်ရင် ခုလို မျက်နှာပူစရာတွေ မဖြစ်တော့ဘူးပေါ့၊ သားက သူ့ချစ်သူနဲ့ လက်ထပ်ခွင့်ပြုဖို့ ညက ခွင့်တောင်းခဲ့တယ် မေမေ .."

"ဘယ်လို .. ဘယ်လို .. ပြန်ပြောစမ်းပါဦး၊ ငါ နားကြားမှားသွားတာလား .."

အကဲ ကိုယ်တိုင် မေမေပြောလိုက်တာကို အံ့ဩသွားသည်။ သို့သော် ဘာကြောင့်ပြောလိုက်တာမှန်းလည်း ချက်ချင်းရိပ်မိခဲ့သည်။ ထို့ကြောင့် ဟုတ်သလိုပဲ ငြိမ်နေခဲ့လိုက်၏။

"မမှားပါဘူး မေမေ .. ပြောရရင် သားကို အပြင်မှာ သွားလာနေ ထိုင်တတ်အောင် လမ်းဖွင့်ပေးခဲ့မိတဲ့ ငယ့်အပြစ်တွေလို့ပဲ ထပ်ပြီး ဝန်ခံရမှာပါ၊ သားက .. သူ့ချစ်သူကိုပဲ လက်ထပ်ချင်နေတယ် .. ငယ်က လည်း .."

"ဟုတ်မှာပေါ့၊ မငယ် ကလည်း ယူလိုက်လို့ ခွင့်ပြုခဲ့တယ်မို့လား၊ မငယ်က စန္ဒီတို့အမွေတွေရမှာ စိုးနေတာကိုး .."

ဒေါ်စန္ဒီ ဒီနေရာမှာ ဘယ်လိုမှ ခန့်ခန့်ညားညားကြီးနေလို့ မရ တော့ပေ။ မခံချိမခံသာစိတ်တွေကို ထိန်းချုပ်မရစွာဖြင့် ..၊

"လမ်းပေါ်မှာသွားလာနေတုန်း တွေ့လာမှတော့ လမ်းပေါ်ကပဲ နေမှာပေါ့၊ ဟုတ်တယ်မို့လား ပြောပြစမ်းပါ ဘယ်သူတဲ့လဲ .."

"စန္ဒီလင်း .."

ဒေါ်စိန်ပုလဲ ရဲ့ခေါ်သံက ဆိုဖွယ်ရာမရှိ ဖြစ်သွားကာ ဒေါ်စန္ဒီလင်း ကို ခေါ်လိုက်စဉ် အသံများပင်တုန်၏။

"စကားပြောရင် မိဘချင်းကိုယ်ချင်းစာပြီး ပြော၊ ပြီးတော့ .. မိငယ် က ညည်းထက် အသက်ကြီးတယ်၊ ဒီလို မိုက်မိုက်ရိုင်းရိုင်း မေးခွန်းထုတ်

www.burmeseclassic.com

www.burmeseclassic.com



တာ မကြိုက်ဘူး .."

"အကဲ လည်း စန္ဒီ ကို မနက်က .."

"စန္ဒီ .. မင်း တော်တော့လို့ပြောနေတယ်မို့လား .."

ဦးရာဇနွယ် ဝင်ပါရတော့သည်။ မေမေ ပြောတာတွေကို ကျေနပ်လက်ခံနေလို့တော့ မဟုတ်ပေ။ ဒါပေမဲ့ ဒီမိန်းမ စိတ်နုပုံမျိုးနဲ့ ဒေါသထွက်တိုင်း စွတ်ရွတ်ပြောနေတာ ကြာရင် ကိုယ်လုပ်ခဲ့တာတွေပါ ချမပြောဘူးလို့ မပြောနိုင်။

ဒါမှမဟုတ် လောဘကြီးလွန်းပြီး ဥစ္စာရူးရူးသွားနိုင်၏။

"မေးပါဦး မေမေ၊ မေမေ့မြေးက ဘယ်သူ့ကို လက်ထပ်ချင်တာတဲ့လဲ၊ သမီးလင်း နဲ့ မဟုတ်ရင်တောင် လက်ခံနိုင်လောက်တဲ့ အဆင့်အတန်းမရှိဘူးဆိုရင် ကျွန်တော်လည်း သူ့မိဘပဲ၊ ကျွန်တော့်မှာ တားပိုင်ခွင့်ရှိသေးတယ် .."

ပြောပြီး ရွေး ကို တစ်ချက်စောင်းကြည့်ကာ ...

"နေရာတကာ အလိုလိုက် ကြည်ဖြူပေးလို့ရတယ်၊ စံအိမ်ရဲ့ဂုဏ်သိက္ခာကို ထိခိုက်လောက်အောင် အခြေမဲ့အနေမဲ့ ရေမျောကမ်းတင် အဆင့်အတန်းဆိုရင်တော့ .."

"ငယ် ကတော့ .. သားက .. မေတ္တာရှိတယ်ဆိုရင် ကြည်ဖြူပေးဖို့ ပြင်ဆင်ထားပါတယ် .."

ဟင် !...

လူတွေ ဟင်ခနဲ ဖြစ်ကုန်စေသည့်စကားပေမယ့် ဒေါ်စိန်ပုလဲ ကတော့ ထူးခြားမအံ့သြတော့ပါ။

စိတ်မကောင်းသည့်မျက်နှာနှင့်သာ ပင့်သက်ရှိုက်၍ ...

"မိငယ် .. မေမေပြောတာ သမီး သေချာနားမလည်ဘူးထင်တယ်၊ လင်း နဲ့လက်ထပ်ပေးမယ်ဆိုလို့ စံအိမ်တော်ရဲ့အစဉ်အလာအတိုင်း စီစဉ်မှာပဲလို့ သမီးထင်တာဆိုရင် .."



"မဟုတ်ပါဘူး အမေ၊ သားရဲ့ အိမ်ထောင်ရေးကို စံအိမ်တော်ရဲ့ ရှေးရိုးစဉ်လာနဲ့ မချုပ်နှောင်ဘူးလို့ အမေ ကတိပေးထားတာ ငယ် သိပါတယ်၊ ပြီးတော့ .. ငယ် ထပ်ပြောချင်တာက အမွေစားအမွေခံနဲ့ပတ်သက်ပြီး ငယ်နဲ့သားလေးအတွက် လုံးဝထည့်မတွက်ဖို့လည်း အမေ့ကို ငယ် ပြောခဲ့တာ ထည့်စဉ်းစားပေးပါ .."

"သမီးက .. ကတ္တီပါစံအိမ်ကအမွေကို မယူတဲ့အတွက် ဒီက လူကြီးတွေ ဆုံးဖြတ်တာကို မနာခံရင်လည်း ဖြစ်တယ်လို့ ဆိုလိုတာလား .."

"မဟုတ်ပါဘူး .. သားလေး တစ်ဘဝလုံး စိတ်ချမ်းသာစေမယ့် ဆုံးဖြတ်ချက်မျိုး သူကိုယ်တိုင် ချစေချင်တဲ့အတွက် အစောကတည်းက အမွေကိစ္စရပ်ထဲက ရုန်းထွက်ထားခဲ့တာပါ"

'ဘာမှမထူးပါဘူး' ဆိုသည့် မချိပြုံးနှင့် ဒေါ်စိန်ပုလဲ မျက်နှာလွှဲသွားသည်။ ဘာမှမရှိတဲ့ဘဝကလာတဲ့ စန္ဒီ ကျတော့လည်း လိုချင်လွန်းလို့ တားလို့မနိုင် ..။

ပြည့်စုံမှုတွေနဲ့လာတဲ့လူကျတော့လည်း ယူပါဆိုတာတောင် 'ဟင့်အင်း' ဆိုတာချည်းပါလား။

"မြေးကိုပဲမေးတော့မယ် .. ဘွားဘွားတို့ကို ပြောပြပါဦး၊ မြေးက ဘယ်မိန်းကလေးကို သဘောကျလာခဲ့တာလဲ .."

"ရွှေရိုးပန်းချီပါ .."

ဖြေတဲ့လူက အကဲ မဟုတ်ဘဲ ဒေါ်မြရင်ငယ် သာ ဖြစ်လျက် ..

"သူလေ .."

ရွေး ကို လှမ်းကြည့်၍ ကျေနပ်ကြည်ဖြူသောအပြုံးနှင့် ..။

"သူ့ဘဝအခြေအနေလေးက နုံချာပါတယ်၊ ဒါပေမဲ့ .. သဘောမြတ်နိုးတဲ့မိန်းကလေးဖြစ်နေတဲ့အတွက် ငယ် သူ့ကို ချွေးမအဖြစ် ကြည်ဖြူနိုင်တယ် .."

ရွေး စားပွဲစွန်းကို လက်နှစ်ဖက်နဲ့ ဖိအုပ်ထားရင်း ရုတ်တရက်

www.burmeseclassic.com



နှလုံးသွေးရပ်သွားသလို အသက်ရှူဖို့ပါ မေ့၏။ အားလုံး၏ မယုံနိုင်သော၊ အံ့သြသော၊ ထို့ပြင် အထင်မြင်သေးနိမ့်ချသော မျက်လုံးတွေ စုပြုံရောက်ရှိလာခြင်းဟာ သူမကိုယ်မှာ လက်နက်ကြီးငယ်တွေ လွှင့်ပျံထိမှန်လာကြတာနှင့်တူလျက် ...၊

"ဆင်းရဲတာ၊ ချမ်းသာတာထက် စိတ်ဓာတ်မြင့်မြတ်ဖို့က အဓိကပဲမို့လား .. အမေ၊ သူ့အကြောင်း ငယ် သေချာမသိပေမယ့် သားရဲ့ ရွေးချယ်မှုကို ယုံကြည်ပေးလိုက်တာပါ"

"သမီးက မေမေတို့သဘောဆန္ဒကိုတော့ မလိုအပ်တော့ဘူးလား"

"လိုအပ်ပါတယ် အမေ၊ အခု .. ပြောသွားတာတွေက ငယ်တို့ သားအမိ ဆန္ဒတွေပါ၊ အမေတို့အားလုံး ကြည်ဖြူလက်ခံပေးနိုင်ပါစေလို့လည်း ဆုတောင်းပါတယ်၊ အမေတို့နဲ့ သားလေးရဲ့စိတ် တစ်ထပ်တည်း ကျသွားမှ စံအိမ်မှာ အေးချမ်းမှာလေ .."

အကဲ ကိုတော့ သူမ ဘယ်တော့မှ တားဆီးမှာမဟုတ်တာကို တစ်ခါတည်း ကြေညာလိုက်ခြင်းလား ..။ အစတည်းက ဒီအိမ်ထောင်ရေးကြောင့် သားအမိနှစ်ယောက်စလုံး ဒီစံအိမ်က ထွက်ခွာပါရစေလို့ တောင်းဆိုခဲ့တဲ့ မြရင်ငယ် ..။

ဘယ်လိုမှ ကြည်ဖြူနိုင်ဖွယ်မရှိတဲ့ အညတြမိန်းကလေးကို လက်ထပ်ခွင့်မပြုနိုင်ပါဘူးလို့ လူကြီးတွေက တားဆီးလိုက်ရင် မြေး ဘယ်လိုတုံ့ပြန်မလဲ ..။

"ကျွန်တော်ကတော့ ယူမှာပဲ"လို့ ပြောမှာက သေချာပါ၏။

"ဘာတွေဖြစ်ဖြစ် လင်းမြတ်နွယ် ကို ကျွန်တော် လက်မထပ်နိုင်ဘူး" လို့ ငြင်းခဲ့သည့်မိုက်ရူးရဲသံကို ပြန်တွေးမိကာ ဒေါ်စိန်ပုလဲ နှုတ်ဆိတ်နေဆဲ ..။

"အဲဒါ အမိပွာယ်မရှိဘူး၊ သူတို့ချင်း ဒီလောက်လေးနဲ့ ချစ်ကြိုက်သွားစရာအကြောင်းကို မရှိဘူး၊ ကြီးကြီးငယ် လင်း နဲ့မပေးစားချင်လို့



တမင် အကွက်ရွှေ့တာမို့လား .."

"သမီး .. တိတ်တိတ်နေစမ်း"

ဦးရာဇနွယ် ရှက်စိတ်ဝင်လာကာ ကိုယ့်သမီးကို ဆူမိတော့သည်။ အကဲ ကိုယ်တိုင် လက်မထပ်ချင်ပါဘူးလို့ ငြင်းထားပြီးသားကို မိန်းကလေးဖြစ်ပြီး ကြိတ်မနိုင်ခဲမရတွေနဲ့ ထပြောစရာလား ..။

"လင်း ကလည်း လက်ထပ်ချင်လွန်းလို့ မဟုတ်ဘူး ဖေဖေ၊ ဒီလို မိန်းမနဲ့ နှိုင်းယှဉ်ပြီး အဖယ်ခံရတာ ဘယ်လောက်ရှက်ဖို့ကောင်းသလဲ"

"တော်ပြီ .. အားလုံးတိတ်တော့ .."

ဒေါ်စိန်ပုလဲ က ခေ့ရာက ဖြည်းလေးစွာ ရပ်လိုက်ရင်း ...

"ကလေးတွေကိစ္စကို နောက်မှထပ်ဆွေးနွေးမယ် မိငယ်၊ အခု ညည်းလည်း နေမကောင်းသေးဘူး၊ ကလေးတွေလည်း နားပါစေ"

အေးဆေးပြောသွားပေမယ့် မျက်နှာပြင်ပေါ်က အေးစက်တည်ငြိမ်ခြင်းက လိုတာထက် အများကြီးပိုနေသဖြင့် ရာသီဥတုမသာယာမှန်း အားလုံးသိကြသည်။

ဦးရာဇနွယ် က ဒေါ်စန္ဒီ့ လက်ကိုဆွဲထွက်သွားကာ လင်း က မြေးရဲ့မျက်နှာကို စေ့စေ့စပ်စပ်ကြည့်ပြီး တက်ခေါက်သွား၏။ ဦးတင်စိုးကတော့ ဒေါ်မြရင်ငယ် နဲ့ အကဲ တို့လူငယ်တွေကိုအတွေးလက်စ မျက်ဝန်းတို့နှင့် အကြာကြီး ငေးကြည့်နေကာ ဖြည်းဖြည်းမှ လှည့်ထွက်သွားခဲ့၏။

"မေမေ့ကို ပြန်ပို့ဦး သား .."

ဒေါ်မြရင်ငယ် က အကဲ ကိုလည်းပြောကာ ရှေး ကိုကြည့်၍ ပြုံးပြသည်။ ပြီးတော့ အကူမိန်းကလေးတွေကိုခေါ်ပြီး သေချာမှာ၏။ ပြီးမှ –

"သမီး လွတ်လွတ်လပ်လပ်နေနော် .. ဘာမှတွေးမနေနဲ့"

တွေးမနေနဲ့တဲ့ ..။

ခုချိန်ထိ ရှေး စကားပြောလို့မရလောက်အောင် ငေးတွေခိုင်နေခဲ့သည်။ ပြီးတော့ စိန်ရွှေဖရဝင်းဝင်းနှင့် မျက်လုံးတွေ ဟာဝင်းဝင်း အပြိုင်

www.burmeseclassic.com

www.burmeseclassic.com



လက်နေကြသည့် လောဘဒေါသတွေကို ထိတ်လန့်ကြောက်ရွံ့နေမိကာ..၊

"ဝါဆို ..."

"ကျွန်တော် သိတယ်၊ ဒါပေမဲ့ မရှေး မကြောက်နဲ့နော် .."

အားပေးစကားပြောရင်း အသံကိုတိုး၍ ...

"ကြီးကြီးငယ်က မရှေး ကို အသုံးချတာ မဟုတ်နိုင်ဘူး၊ သူ့ စကားကို သူ တာဝန်ယူနိုင်လို့ပြောသွားတာ .. အဲဒီတော့ မရှေး ဒီတိုင်းပဲ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ဖို့ကြိုးစားစမ်းပါ၊ လုံးဝမကြောက်နဲ့ .."

"မဟုတ်ဘူး .. ငါ ဘာမှမဟုတ်ဘဲနဲ့ .."

"အဲဒီစကားတွေ ထပ်မပြောနဲ့တော့ မရှေး၊ ကျွန်တော် အထပ်ထပ်တောင်းပန်တယ်ဗျာ .. ကြီးကြီးငယ် ပြောသွားသလိုပဲ ဆက်ပြီး ငြိမ်နေလိုက်ပါ၊ ကျွန်တော် အခု ပြန်တော့မှာ .. ဒီအိမ်ကို အလည်လာချင်တိုင်းလည်း လာလို့ရတာမဟုတ်ဘူး .."

"ဟင် .. ဘယ့်လို .."

"ဟုတ်တယ် .. ကတ္တီပါစံအိမ်ကို လူစိမ်းတစ်ယောက်က ဝင်ရထွက်ရဖို့ သိပ်မလွယ်ဘူး .."

"မင်းက .. ကိုလေးရဲ့ညီဝမ်းကွဲဆို .."

"တကယ်က .. ဘာမှမတော်ပါဘူး၊ ကျွန်တော်က ဒေါ်လေးနှင်းရဲ့ တူဝမ်းကွဲ၊ ဒီမှာ နည်းနည်းပါးပါးတော့ ဝင်ထွက်သွားလာဖူးပါတယ်၊ ဒါပေမဲ့ စံအိမ်နဲ့ ဘာမှမဆိုင်တဲ့လူလေ .."

"ဖြစ်ရလေဟယ် .. ကိုလေးနဲ့ ဒီလောက် အတူနေရင်းနှီးနေတာတောင် လွတ်လွတ်လပ်လပ် အလည်လာလို့မရဘူးလား .."

ဝါဆို က ပြုံးပြရင်း ခေါင်းခါသည်။ ရှေး အားကိုးမဲ့သွားသလိုပင်။ အကဲ ကို တွေ့ချင်တိုင်း တွေ့ရတာမဟုတ်ပေ။ ဒီရောက်လာတည်းက မင်းသားတစ်ပါးလို ကာရံစောင့်ရှောက်နေကြတာ အကဲ ဘယ်အထပ်၊ ဘယ်အခန်းမှာနေမှန်းတောင် မသိရ ..။



ဝါဆို က ငိုမဲ့မဲ့လေးဖြစ်သွားသည့် ရှေး ကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွား၏။ ရှေး ရဲ့အခက်အခဲကို သူလည်း သိပါသည်။ ဒါပေမဲ့ သူ့အနေနဲ့ ဒီ့ထက်ပိုပြီး ပါဝင်ကူညီပေးဖို့ကလည်း မဖြစ်နိုင်။

ကိုလေးကိုတွေ့ရင်တော့ မှာခဲ့ချင်ပေမယ့် နှုတ်ဆက်ချင်တာတောင်မှ ကိုလေး ဘယ်မှာရှိမှန်း သူလည်းမသိ ..။

"ဝါဆို ရယ် .. နင်ပဲစဉ်းစားကြည့်ပါဦး၊ ငါ့ကို ဒီလောက်ဝိုင်းပြီး မှန်းတီးနှိမ့်ချနေကြတာ .. ငါ ဒီမှာ အလုပ်သမားလိုနေရမယ်ဆို ဒါတွေကို ရင်ဆိုင်ရဲတယ် .. အခု .."

"ကိုလေးရဲ့ ကြင်ရာတော်လောင်းလို့ပဲ ကိုယ့်စိတ်ကို မြှင့်တင်ဖို့ ကြိုးစားတော့ .. မရှေးရာ၊ မရှေး ဘက်မှာ ကိုလေးတို့ ရှိပါတယ် .."

"အခု .. နင်ပြန်သွားရင် ငါ တစ်ယောက်တည်းရယ်လေ .."

ပြောပြီး ကိုယ့်ရပ်နေသည့်ကြမ်းခင်းကို ပြန်ငုံ့ကြည့်မိသည်။ လူရိုင်းသာမက ခြေဖဝါးတောင်နစ်ထပ်မြင်ရအောင် မှန်လို ကြည်လဲ့ပြောင်လက်နေသည်။

"ငါ .. ဒီမှာ ခြေစုံရပ်နေရာကနေ ဘယ်ကိုစပြီး ခြေလှမ်းရမှန်းတောင် မသိဘူး .."

"မမလေး .."

သူ့အလုပ်နဲ့သူ သွားလာနေကြသည့် မိန်းကလေးတွေထဲက တစ်ယောက်က ရှေး ရဲ့ဘေးကို ရောက်လာကာ ..၊

"မမလေး .. လိုတာရှိရင် ကျွန်မကိုခိုင်းလို့ရပါတယ် ရှင် .."

"ကဲ .. တွေ့လား .."

ဝါဆို အားရဝမ်းသာပြောပြီး နှုတ်ဆက်သည်။

"ကြီးကြီးငယ်က အားလုံး စီစဉ်ပြီးသား နေမှာပါလို့၊ ကျွန်တော် ပြန်တော့မယ်နော်၊ ကိုလေးကိုလည်း ပြောပြပေးပါဦး၊ လိုအပ်တာရှိရင် ဖုန်းဆက်ခေါ်ပါလို့ .."

www.burmeseclassic.com

www.burmeseclassic.com



ရှေး အားငယ်စိတ်ကြောင့် ခေါင်းတောင် မညိတ်နိုင်ခဲ့ပေ။ ဒီနေရာကနေ ဘယ်ဆီကို စတင်ရွေ့လျားရမှာလဲ ..။

"ညည်းကို .. ဘယ်သူ ဒီပေါ် ခေါ်တင်လာတာလဲ .."

"ဒါ .. စံအိမ်ရဲ့ ဧည့်ကောင်းဆောင်ကောင်းတွေ နေတဲ့အခန်း.."

ခေါ်စန္ဒီ ဆိုသည့် အမျိုးသမီးကြီးရဲ့စကားသံတွေကို သတိရမိ၏။ ဒါဆို သူမ ဘယ်မှာနေရမှာလဲ .. အခု ဘယ်ကိုသွားရမလဲ ..။

ဝါဆို ထွက်သွားတဲ့အရပ်မျက်နှာကို ငေးမောနေရင်း ရှေး ကျောက်ရုပ်လေး ဖြစ်နေလေသည်။

"မမလေး .. အခန်းကိုပြန်မှာလား၊ စံအိမ်ကြီးထဲကို လိုက်ကြည့်မလား .."

စံအိမ်ကြီးထဲကို လိုက်ကြည့်မလားဆိုတော့ ရှေး ကြက်သီးထသွားသည်။ အခန်းတစ်ခန်းထဲမှာနေမိတာတောင် ခေါ်စန္ဒီ ဘယ်လိုပြောခဲ့သလဲ ..။

ဟိုဒီ လမ်းသလားပြီး ကြည့်ရှုစပ်စုနေရင် သူမ ဘဝဆုံးသွားနိုင်၏။

"အစ်မကို ခြံထဲလိုက်ပို့ပါလား၊ ပန်းပင်တွေ ဘာတွေ ရှိတယ်မို့လား .. ဟင် .."

"ရှိတာပေါ့ .. ဥယျာဉ်ကြီးတစ်ခုလုံး မွှေးတဲ့ လှတဲ့ ပန်းတွေချည်းပဲ၊ မမလေးသွားမယ်ဆိုတော့ ကျွန်မလည်း ဥယျာဉ်ထဲဆင်းခွင့်ရတော့မယ် .. ပျော်လိုက်တာ .."

ဟင် !...၊

သူမ ဦးဆောင်သည့်အတိုင်း လိုက်ပါမည့်ခြေလှမ်းက တုံ့ခနဲ ပြန်ဖြစ်၏။

"မမလေး .. သွားမယ်လေ .."

"ဟို .. အဲဒီဥယျာဉ်ကို လူတိုင်းသွားလို့မရလို့လားဟင် .."

"မမလေးကတော့ အစ်ကိုလေးရဲ့ဧည့်သည်ပဲ ရတာပေါ့၊ ကျွန်မ



တို့ အလုပ်သမားတွေကျတော့ အကြောင်းမရှိဘဲ မခိုင်းဘဲနဲ့ မသွားရဘူး"

"အဲဒါ ဘာဖြစ်လို့လဲဟင် .."

"ပန်းတွေက ရှားပါးတဲ့ပန်းမျိုးတွေရော .. ဆေးပန်းပင်တွေရော စုံနေတာပဲ မမလေးရဲ့၊ လှလည်း အရမ်းလှတာ၊ ပြီးတော့ .. ရေကန်ကြီးကလည်း နှစ်ထပ်တောင်မှ ဟိုအရင်တစ်ခါတုန်းက အလုပ်သမား တစ်ယောက် ရေကန်ထဲ ခိုးဆင်းဖူးတယ် .."

"ရေချိုးချင်လို့ ဖြစ်မှာပေါ့ဟယ် .."

"ဟုတ်တယ် .. သူကလည်း အပြစ်ပေးရင်ခံပါ့မယ်၊ အဲဒီ ကန်ကြီးထဲမှာ ရေတစ်ခါလောက်ကူးရရင် ခံပျော်ပါတယ်လို့ တဖွဖွ ပြောနေတာပဲ၊ အဲဒါ သူ့ကြောင့်ပေါ့၊ ပြီးတော့ ပန်းကြိုက်တဲ့မိန်းကလေးတွေ ပန်းခိုးခူးတယ်၊ အဲဒါတွေကြောင့် ဥယျာဉ်ထဲကို မခိုင်းဘဲ မဆင်းရအမိန့်ထုတ်လိုက်တာ"

ဒီလောက် တခမ်းတနားတည်ဆောက်ထားတဲ့ ဥယျာဉ်ထဲကို သူမ ဆင်းရင်ရော အပြစ်ပေးမခံရဘူးလို့ ဘယ်သူပြောမလဲ။

ခေါ်စန္ဒီ မျက်နှာကြီးကို ဖျတ်ခနဲမြင်ယောင်ကာ ခေါင်းခါပစ်မိ၏။

"ဟင် .. မမလေး ဘာဖြစ်လို့လဲ"

"မသွားတော့ဘူး .."

"လာပါ မမလေးရဲ့ .. မမလေး ဥယျာဉ်ထဲကို မဝင်ရဲရင်လည်း အပြင်က ကြည့်လို့ရပါတယ် .."

"ဘယ်လို"

"ခြံတံတိုင်းနဲ့ပတ်လည်ဖောက်ထားတဲ့ ကားလမ်းရှိတယ်လေ၊ လမ်းပေါ်ကကြည့်လို့ရတာပဲ .."

"ဟုတ်လား .. အဲဒီလမ်းကနေ အပြင်ရောက်သွားရောလား၊ အဲလေ .. အပြင်မှာ လမ်းပွဲရှိတော့တာလားလို့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ဒါပေမယ့် မျက်နှာစာပဲလမ်းရှိတာ၊ ဘေးပတ်လည်မှာ လမ်းလည်းမရှိဘူး၊ အိမ်ခြေလည်းမရှိဘူး၊ ဒီခြံကြီးက အကျယ်ကြီးပဲ မမလေးရဲ့ .. ခြံတံတိုင်းခတ်ထားတဲ့အပြင် ဘေးမှာ မြေပိုဘယ်နှစ်ဧကတောင်လည်းမသိဘူး .. ကစ္ဆပ်ပါစံအိမ်ကပဲပိုင်တာ .. မြို့ထဲနဲ့ လည်းဝေးတယ်လေ .."

"ရှေ့မှာတော့ လမ်းမကြီးပေါ့ .."

"ဟုတ် .."

ဒါဆို ခြံပတ်လည်လျှောက်ကြည့်ပြီး တံတိုင်းအနေအထားကို မှတ်သားထားဖို့ လိုပြီထင်သည်။

"ဒါဖြင့် ,, သွားမယ်လေ .."

"ဟုတ်"

ရွှေး ခြေလှမ်းနည်းနည်းတော့ သွက်သွားသည်။

ဒါပေမဲ့ ဥယျာဉ်တော်ကြီးကို မြင်ချင်လွန်းလို့တော့မဟုတ်။



အခန်း(၃၁)

"ခေါက် .. ခေါက်"

တံခါးခေါက်သံကြားလိုက်တာနှင့် ရွှေး မျက်လုံးတွေ ပွင့်သွားကာ တဆက်တည်း လူကထထိုင်ပြီးသား ဖြစ်သွားသည်။

"ခေါက် .. ခေါက်"

"ဘယ်သူလဲဟင် .."

"သမီးရေ .. ဒေါ်လေးနှင်း ပါကွယ် .."

"ဟုတ်ကဲ့ .."

ဒွေနှင်း ဆိုသည့် အမျိုးသမီးကြီးအသံကြားလိုက်တော့ စိတ်ပေါ့ပါးစွာ ထဖွင့်လိုက်မိသည်။

နောက်မှာ အထုပ်အပိုးတွေဆွဲလာသည့် မိန်းကလေးတစ်ယောက်နှင့် ဒွေနှင်း က နူးညံ့ပြုံးချိုစွာ ရပ်နေလျက် ..၊

"သမီးအိပ်နေတာလားလို့ ဒေါ်လေးက လှည့်ပြန်တော့မလို့"

"မအိပ်ပါဘူး ဒေါ်လေးရယ် .. ဟိုလေ ရွှေး မနေတတ် မထိုင်တတ်ဖြစ်နေလို့ လှဲနေလိုက်၊ ထထိုင်လိုက်နဲ့ .."

"အခန်းပြင်မှာ သော်တာဆိုတဲ့ မိန်းကလေးရှိတယ်လေ၊ သမီး အတွက် လိုအပ်တာလုပ်ပေးဖို့ တာဝန်လွှတ်ထားတာ .. အပြင်လေးဘာလေး ထွက်

www.burmeseclassic.com



ပြီး သွားသွားလာလာနေပေါ့ ..."

ငွေနှင်း က အခန်းကို ဝေ့ကြည့်ပြီးမှ မွေ့ယာခြေရင်းမှာ ထိုင်လိုက်ကာ ...

"လာ .. အဲဒါတွေ ဒီပေါ်မှာချ .."

အထုပ်တွေက အထည်ထုပ်တွေဖြစ်ကာ ..

"ရော့ .. ဒီပစ္စည်းတွေကို ခုံပေါ်မှာ နေရာတကျသွားတင်ထားပေး .."

"ဟုတ်ကဲ့ .."

မိန်းကလေးကို သူမပဲ စီမံခိုင်းစေနေကာ ...၊

"ဒီမှာ သမီးကြိုက်ရဲ့လားမသိဘူး၊ အင်္ကျီနဲ့စကတ်ရှည်လေးတွေ၊ ကွာတားဘောင်းဘီလေးတွေလေ .. လင်း တို့ဝတ်တတ်တာလေးတွေပဲ လိုက်ဝယ်လာတာ .. အရောင်ကတော့ သမီး ဘာအရောင်ကြိုက်မှန်း မသိလို့ အရောင်စုံအောင် ဝယ်ခဲ့တယ် .."

အင်္ကျီတွေက ဆွဲသားတွေ .. တီရှပ်တွေနှင့် ဆွယ်တာလေးတွေလည်းပါသည်။ ပြီးတော့ ရှေး ကြိုက်သော အရောင်နုနုလေးတွေပဲ ဖြစ်ကာ ရှပ်အင်္ကျီလက်ရှည်အကွက်လေးတွေလည်း ပါသေးသည်။

မွေ့ရာပေါ်မှာ တစ်ထည်ပြီးတစ်ထည် ဖြန့်ပြရင်း အင်္ကျီတွေ စကက်တွေတစ်ပုံကြီး ဖြစ်သွားခဲ့၏။

"ရှေး .. သမီးကြိုက်တာမပါဘူးလားဟင် .."

"ဟင် .. ဟင့်အင်း ကြိုက်ပါတယ်၊ အားလုံးလှတယ် ဒေါ်လေး"

"လှတယ် .. လှတယ်ဆိုပြီး သမီး ဟက်ဟက်ပက်ပက်လည်း မရှိဘူး၊ ဘာလို့ငိုင်ကြည့်နေတာပဲ .."

"ဒီလောက် အများကြီးကို .."

"ဘယ်ကလာ များရမှာလဲ သမီးရယ် .. သမီးကို လူလေးငယ်ရဲ့ အခန်းလိုက်ပြရဦးမယ်၊ သူ့အဝတ်လဲခန်းဆိုရင် တစ်ခန်းလုံး နံရံကပ်



ဗီရိုတွေ .. ဒေါက်စင် .. ချိတ်စင်တွေနဲ့ ဖိနပ်တွေက နှစ်ထပ်သုံးထပ် ရှော့ပင်းစင်တာတစ်ခုထဲ ရောက်သွားသလိုပဲ .."

ငွေနှင်း က အားပါးတရကြီး ပြောပြနေကာ ...

"ဒါတွေ .. ဒေါ်လေးက သိပ်လည်း မဝယ်တတ်ဘူး၊ သမီး မကြိုက်မှာလည်းစိုးလို့၊ နောက်ပြီး .. မမကြီးကလည်း လိုအပ်သလောက်ပဲ ဝယ်ခဲ့ပေးတဲ့၊ နောက်မှ .. ကလေးတွေ သူတို့ဘာသာ ရှော့ပင်းထွက်ပါစေတဲ့"

ဒါတွေ ဒီလောက်မလိုပါ။ ရှေး ဒီမှာ နေထိုင်သွားဖို့လည်း မရှိခဲ့။ စိတ်ကူးထဲမှာ မရှိခဲ့ ..။ ကိုယ့်အတွေးနဲ့ကိုယ် ငိုင်နေမိတာ ငွေနှင်း ကတော့ အားမလိုအားမရ ဖြစ်နေခဲ့လျက် ..၊

"ဒါလေးတွေ သမီးနဲ့ဆို အရမ်းလှမှာ .. သမီးက ဆံပင်ရှည်ရှည်၊ အရပ်မြင့်မြင့်လေးဆိုတော့လေ .. မမကြီးကလည်း .. အင်း .. မမကြီး ဆိုလို့ သတိရတယ်၊ မေမေကြီးတို့နဲ့ မမကြီးတို့သားအမိလည်း စစ်ခင်း နေကြလေရဲ့ .."

"ဟင် .. ဘာ .. ဘာဖြစ်လို့လဲဟင် .."

"မင်္ဂလာကိစ္စအတွက်လေ .."

ဘုရား ...

ဒီအသံတွေ မကြားရတဲ့နေရာ ဘယ်နေရာများရှိပါ့မလဲ ...။

"မရှေး .. ဒီတိုင်းပဲ ရှေ့ဆက်ရင်ဆိုင်သွားစမ်းပါ၊ ကြီးကြီးငယ်က သူပြောတဲ့စကားကို သူ တာဝန်ယူမှာပါ .."

ဝါဆို သတိပေးသွားတာကို တွေးမိပြီး တွေတွေးမျှိုချမိ၏။

ကိုလေး နဲ့ ရှေး ဘာမှမဆိုင်ဘူးဆိုတာ သိလျက်နဲ့ ဒေါ်မြရင်ငယ် စီစဉ်နေတာ ဒေါ်လေးနှင့်ကရော မသိဘူးလား။

ရှေး ရဲ့အကြည့်တွေ ငွေနှင်းမျက်နှာပေါ် ရောက်သွားသည်။ မသိဘဲတော့ မနေလောက်ဘူးထင်သည်။ ဒေါ်လေးက ကိုလေး အမေရဲ့ အနီးကပ်ဆုံးလူယုံတစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



"သမီး .."

"ရှင် .."

ထူးသံက ထိတ်ထိတ်ပျာပျာ ဖြစ်သွားတော့ ငွေနှင်း က ပြုံး၏။

"သမီး တစ်ခုခုကို အကြိတ်အနယ် တွေးနေတဲ့ပုံပဲ၊ ဘာတွေလဲ မင်္ဂလာကိစ္စကိုလား .."

"ဟုတ် .."

"ဘာဖြစ်လို့လဲ .. လူကြီးတွေ သဘောမတူမှာစိုးလို့လား .."

"ဟင့်အင်း .."

ငါ ဖွင့်ပြောလိုက်ရင်ကောင်းမလား ..။

ငါ့အတွက် ကောင်းပေမယ့် ဒေါ်မြရင်ငယ် ပြောတဲ့စကားအတွက် ကောင်းပါ့မလား ..။

"စိတ်မပူနဲ့သမီး .. ကောင်းတဲ့အလုပ်ဆိုရင် အဖျက်တွာတော့ အမြဲရှိတာပဲ၊ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရာကျမှာစိုးလို့ ပြောတော့မပြောချင်ဘူး၊ ဒါပေမဲ့ .. သမီးကိုတော့ အားမငယ်ဖို့ ပြောချင်တယ်၊ 'မလိုချင်ရ .. လိုလျှင်မရ'ဆိုတဲ့ ဆိုရိုးစကားရှိတယ်လေ၊ သူတို့ကိုက လောဘကြီးပြီး အမှားမှားအယွင်းယွင်း ဖြစ်နေကြတာ .."

ပြောနေရင်း ပြုံးနေလျက် ..၊

"မမကြီးက .. ဟိုအရင်ကတည်းက လင်း တို့သားအဖတွေနဲ့ ပတ်သက်ချင်တာ ဟုတ်ဘူး .."

စကားစပ်မိပြီး ဒီစံအိမ်ရဲ့ထုံးစံရှိခဲ့တာတွေ ဦးရာဇနွယ် တို့သားအဖနဲ့ ဒေါ်မြရင်ငယ် ဘယ်လိုပတ်သက်နေကြတာတွေကို ပြောပြ၏။

"မမကြီးက .. သူ့ချွေးမလေးကျရင် သူ့လိုသောကမျိုးမခံစားရအောင် လူလေးကိုမွေးပြီးတာနဲ့ ကလေးထပ်မယူခဲ့တာလေ၊ ပြီးတော့ သူ့မြေးမြစ်တွေထိ အရှည်တွေးပြီး ဒီစံအိမ်ရဲ့အိမ်ထောင်ရေးဓလေ့ထုံးစံထဲကနေ ရုန်းထွက်ဖို့ကြိုးစားခဲ့တာကို .. သမီးက ဘာကိုကြောက်နေတာလဲ"



"ဒေါ်လေး .."

"ဟင် .. ပြောလေ .."

"ရှေး က .."

"အင်း ..."

"ရှေး က ကိုလေးနဲ့ ဘာမှမပတ်သက်ဘူး .."

"အဲဒါကို ဒီမှာပဲပြောနော်၊ တခြား ဘယ်သူမှမသိစေနဲ့ .."

"ဟင် .. ဒေါ်လေးလည်း သိနေတယ် .."

"သိတာပေါ့သမီးရယ် .. သမီးကို အဲဒါကြောင့် မမကြီးက ယုံကြည်တာထင်တယ်၊ လူလေးနဲ့ လက်ထပ်ခွင့်ရတဲ့အခြေအနေကိုတောင် သမီးမှာ ထိတ်လန့်နေတယ်၊ ဒေါ်လေးက သမီးကို အထင်သေးလို့ ပြောတာမဟုတ်ဘူးနော်၊ လက်ရှိအနေအထားအတိုင်း ပြောရမယ်ဆိုရင် သမီးထက် အများကြီးပြည့်စုံနေတဲ့ မိန်းမချောမိန်းမလှလေးတွေတောင် လူလေးကို မက်မောကြတာ .."

"ရှေး .. သူ့ကို မမက်ဘူး ဒေါ်လေး၊ သူ့ကိုရော ဒီစံအိမ်ကြီးနဲ့ ပိုင်ဆိုင်သမျှတွေရော .. ဒီနေရာထိ ရှေး လိုက်လာတာကလည်း .."

"ဝါဆို အားလုံး ပြောပြပါတယ် .."

သူကတော့ မပြောပြဘူးလား။ ဒီမင်္ဂလာကိစ္စနဲ့ပတ်သက်ပြီးတော့ရော ဘာမှမပြောတော့ဘူးလား ..။

တကယ်ဆို ရှေး ကို သူလာတွေ့သင့်သည်။ ရှေး ရဲ့အကူအညီလိုနေပါတယ်လို့ ဖွင့်ပြောပြီး ကြိုတိုင်ပင်ထားသင့်သည်။

ခုတော့ ဘာမသိဘာမသိ ရှေး ငြိမ်နေလိုက်ရသည်။ ဒါကပဲ ချော်လဲရောဆိုင်ပြီး ကျေနပ်နေတာလိုလို ..။

ဒါမှမဟုတ် ပွပေါက်တိုးတာပဲဆိုပြီး ရှေး ဝမ်းမြောက်ဝမ်းသာဖြစ်နေမှာပဲလို့ ထင်နေတာလား ..။

www.burmeseclassic.com

www.burmeseclassic.com



"သမီး .. ရိုးသားတဲ့အကြောင်း ဝါဆို အားလုံးပြောပြတယ်၊ သုံးယောက်ရှိနေကြတဲ့အချိန်မှာ သမီး တတ်နိုင်သမျှ လူလေးကို ကာကွယ်ပေးတဲ့အကြောင်းတောင် ပါသေးတယ်၊ ဒါတွေကို နားထောင်ပြီး မမကြီးက ဆုံးဖြတ်ခဲ့တာထင်တယ်၊ ပြီးတော့လေ .. လူလေး မျက်စိ ပတ်တီးဖြည်မယ့်နေ့က သမီး မှတ်မိလားမသိဘူး .."

မေးပေမယ့် ရှေး မဖြေရသေးဘဲ ငွေနှင်း ကပဲ ဆက်၍ ...

"ပတ်တီးဖြေဖို့အတွက် သမီး အတိုက်အခံဝင်ပြောပေးနေတာတွေ.. ဒီဘက်က မမကြီး အားလုံးကြားနေရတာ၊ ပြီးတော့ .. မမကြီး မူးလဲသွားသလို လူလေး စိတ်ပူအောင် ပြောပေးလိုက်တာလေးရော .."

"အဲဒါ .. အဲဒါလေ .. ကန်တော့ပါ ဒေါ်လေးရယ် .. ရှေး မတတ်သာတော့လို့ပါ၊ ကိုလေးက အရမ်းခေါင်းမာတာ .."

ငွေနှင်း က နှုတ်ခမ်းတွေ ပေါ်လွင်နေတဲ့အထိ အားပါးတရ ရယ်လိုက်၏။

"သိပ်ဟုတ်တာပေါ့ သမီးရယ် .. ဘုရင်ငယ်လေးဆိုတဲ့ ကောင်လေးကို ခေါင်းညိတ်လာအောင် ပြောနိုင်တာလည်း ဒီနေ့ထိ သမီး တစ်ယောက်ပဲရှိသေးတယ်၊ လူလေးက သူ့အမေနဲ့ သူ့အဘွားတွေကလွဲရင် ဒီဘက်က သူ့ အဘိုးအဘွားတွေ စကားတောင် သိပ်ဂရုစိုက်တာမဟုတ်ဘူး၊ ပြောရရင် သူချစ်တဲ့လူတွေရဲ့စကားကိုပဲ အလေးထားတာ .."

ရှေး ပါးပြင်လေးတွေ ရဲသွားသည်။ ကိုယ်နဲ့သက်ဆိုင်သည့်စကား မဟုတ်ပေမယ့် မနေတတ် ...။

"ကဲ .. ကဲ ဒါလေးတွေ လောလောဆယ်ဝတ်ထားနော်၊ လူလေး အားတော့မှ အတူသွားဝယ်ကြပေါ့၊ သမီးကို သူတို့ အထင်အမြင်သေးနေကြတာတွေ အပြောအဆိုတွေ ရပ်တန့်သွားဖို့ ဒါတွေဝတ်ပြီး ကျော့ကျော့မော့မော့လေးနေရမယ်၊ ရွှေပင်နားတော့ ရွှေကျေးပေါ့ .."

ပြောနေရင်း အနီရောင်သေတ္တာငယ်လေး ထုတ်ယူပြီး ဖွင့်လိုက်



လျှင် ...၊

"ဒါလေးတွေ ကိုယ်မှာ ဝတ်ထားလိုက် .."

"ဟင့်အင်း .."

ရှေး ကမန်းကတန်း ခေါင်းခါရင်း နေရာမှ ထရပ်လိုက်မိသည်။

"အဲဒါတွေတော့ မလုပ်ပါနဲ့၊ ကိုလေးနဲ့ ရှေး ဘာမှမဆိုင်ဘဲနဲ့ ရှေး အတုအယောင်တွေ ဟန်မဆောင်ချင်ဘူး .."

"မဆိုင်ဘဲနဲ့ စိတ်အခြေအနေရောက်ခဲ့ကြပေမယ့် ခဏလေး ဟန်ဆောင်ပေးဖို့လည်း မဟုတ်ဘူး သမီး၊ မမကြီးက ဂုဏ်ပကာသနတွေကို မက်မောတဲ့သူလည်း မဟုတ်ဘူး၊ သမီးနဲ့ လူလေး တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိသွားတဲ့အခါ .."

"တောင်းပန်ပါတယ် ဒေါ်လေးရယ် .. အဲဒါမျိုးလည်း ဖြစ်လာဖို့ မရှိပါဘူး၊ ဝါဆို က ပြောပြတယ်ဆို သူနဲ့ က တစ်ခါမှ သင့်သင့်မြတ်မြတ် မရှိခဲ့တာတော့ ပြောမပြသွားဘူးလား .."

"ပြောဖို့မှမလိုတာ သမီးရဲ့ .. သမီးကို လမ်းခွဲမထားခဲ့ဘဲ ဒီထိ ခေါ်လာခဲ့တာ မှန်းနေလို့လား .."

ရှေး ဟင်ခနဲ ဖြစ်သွားသည်။

"တို့တွေအပေါ်မှာ တလွဲမတွေးဘဲ စေတနာကို နားလည်ပေးပါ၊ ဒီအခြေအနေမှာ လင်း နဲ့ လက်ထပ်ရဖို့အရေးက လွတ်မြောက်အောင် လုပ်လိုက်ရတာမှန်ပေမယ့် .. ဒေါ်လေးတို့ရင်ထဲမှာ သမီးကို အထင်မြင်သေးတာ နစ်နာမှုကို ထည့်မတွေးတာမျိုး လုံးဝမဟုတ်ပါဘူး .."

"ရှေး .. နားလည်ပါတယ်၊ ရှေး ကို မနစ်နာအောင် ဒီ့ထက် အများကြီးလုပ်ပေးချင်တာကိုလည်း ယုံတယ်၊ ဒါပေမဲ့ .. ရှေး နစ်နာတယ်ဆိုလည်း ဖြစ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူမမာဖြစ်နေတဲ့ကြီးကြီးရဲ့ ကျန်းမာရေးနဲ့ သူ့ရဲ့မျှော်လင့်ချက်တွေအတွက် ရှေး ကူညီလို့ ပြီးမြောက်သွားတယ်ဆို ကျေနပ်နိုင်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး ယုံပါတယ် ..."

"အဲဒါဆို .. ဒီအဆောင်အယောင်တွေဝတ်ပြီး အခြားလူတွေ မျက်မုန်းကျိုးအောင် မနေပါရစေနဲ့၊ ရှေး လိပ်ပြာသန့်သန့်နဲ့ ကူညီသွားပါမယ် .."

ငွေနှင်း က ပြုံးနေရာ ခေါင်းခါ၍ ...

"ကူညီနိုင်ပါတယ်ဆိုရင်လည်း .. ဒီပုံစံနဲ့တော့ မရဘူး သမီး၊ လိမ်မယ်ဆို ပိုပြီးတောင် လိုအပ်သေးတယ်၊ သူများယုံအောင် လိမ်ရတာ လွယ်တာမှမဟုတ်ဘဲ၊ ဘုရင်ငယ်လေးဇနီးလောင်းကို ဒေါ်လေးတို့က ဒီတိုင်းထားတယ်ဆိုတာ ဖြစ်မှမဖြစ်နိုင်တာ၊ အဲဒီတော့ .. ကူညီတယ်လို့ သဘောထားနိုင်တယ်ဆိုရင် လိပ်ပြာသန့်သန့်နဲ့ ပြင်ဆင်ပေးပါ .."

ရှေး ပြောရခက်သွားသည်။ နောက်ဆုံး ...

"ဒီစံအိမ်မှာ .. ဒီလိုတွေ ဝတ်စားသွားလာနေလို့ ရလို့လားဟင် .."

"ရတယ် .. လူကြီးတွေနေသလိုနေဖို့ မလိုပါဘူး၊ ဒါပေမဲ့ .. အကြီးအကဲတွေစုံနေတဲ့ရှေ့ကို သွားလာတဲ့အခါမှာတော့ ယဉ်ကျေးမှုရှိရမှာပေါ့ .. ဒါပါပဲ"

ဒါပါပဲဆိုတဲ့စကားသုံးလုံးက ပြောတော့ လွယ်လွယ်လေး။

♛



အခန်း(၃၂)

"ခက်တာ .. လွယ်တာက မိမိစိတ်ပါပဲ မေမေ၊ ဆင်းရဲတာ ချမ်းသာတာတွေက ဘဝထက် ပိုအရေးမပါပါဘူး"

"ဒါက .. ညည်းက ချမ်းသာနေလို့ ပြောတဲ့စကားပဲ မိငယ် .."

"ဟုတ်တယ် သမီး၊ ဘဘတို့အားလုံးက သဘောတူလိုက်ရင်တောင် ဒီမိန်းကလေး လူတောတိုးရဲဖို့မလွယ်ဘူး .."

"မလွယ်ပေမယ့် သူ့စိတ်ပြောင်းလဲသွားရင် အားလုံးနဲ့အံဝင်ခွင်ကျ ဖြစ်သွားမှာပါ၊ သူတို့ ဒီမရောက်ခင်က သူငယ်ချင်းတွေလို ရန်တကျက်ကျက်ဖြစ်ရင်း တစ်ယောက်တစ်ယောက် ကာကွယ်ခဲ့ကြတာ၊ ဒီရောက်လာမှ သားလေးရဲ့ ချမ်းသာကြွယ်ဝမှုကြောင့် သူကြောက်သွားတာ၊ ဒါလည်း လောဘကြီးတဲ့ သူ မဟုတ်လို့ပဲ .."

ဒေါ်စိန်ပုလဲ လက်ခံနိုင်ဖို့ တော်တော်ခက်ခဲနေသည်။ လက်မခံပြန်ရင်လည်း တစ်ခါတည်း အထုပ်ဆွဲဆင်းကြဖို့ ခြေလှမ်းမြင်ထားသဖြင့် ခေါင်းလည်းမခါနိုင် ..။

ဒေါ်မြရင်ငယ် ကိုယ်တိုင်က ချမ်းသာကြွယ်ဝတာသို့ အကဲ ရဲ့ ရှေ့ရေးအတွက် နည်းနည်းလေးမှ ထည့်တွက်မှာမဟုတ်ဘဲ ရှင်းနေသည်။

တစ်ဖက်မှာလည်း မြေးဖြစ်သည့် လင်းမြတ်နိုး အတွက် အဆင်ပြေ

www.burmeseclassic.com

www.burmeseclassic.com



စေချင်မိ၏။

"စဉ်းစားဦး မိငယ် .. ဒီကိစ္စကို လိုက်လျှောဖို့က ညည်းတို့ သားအမိကျမှ မေမေတို့အားလုံးက သိက္ခာတွေ ချခင်းပေးနေရသလို ဖြစ်နေပြီ၊ ဘာဖြစ်ဖြစ် မေမေတို့ မျက်လုံးစုံမှိတ်ပြီးလိုက်လျောခဲ့တယ်၊ ဒီလို အခြေအမြစ်မရှိတဲ့ ဘယ်ကမိန်းကလေးမှန်းတောင် မသိတဲ့သူကို .."

"အမေရယ် .. နန်းမတော်မယ်နုရဲ့သမီး နန်းတော်မှုခ်ဦးမှာ တက်ချိတ်နေတာ မယ်နုက ပြေးချိတ်လိုက်တာ မဟုတ်ပါဘူး၊ လူတိုင်းလူတိုင်းက ဘဝဟောင်းမှာ ဆွေမျိုးတော်စပ်ခဲ့ဖူးတဲ့လူတွေချည်းပါပဲ၊ ပဋ္ဌာန်းဆက်ရှိခဲ့ကြလို့ ကြုံဖန်ပြီး လာဆုံကြတယ်၊ ကောင်းမှုအတူတူ ပြုကြပေမယ့် စိတ်ထားတတ်တဲ့သူက ပိုကောင်းတဲ့ဘဝကို ရပြီး စေတနာမဖြူခဲ့တဲ့လူကတော့ နိမ့်ကျတဲ့ဘဝမှာ လာဖြစ်ရတယ် .."

ပြောပြနေတာတွေကတော့ ယထာဘူတကျကျပါပဲ။ ဒါပေမဲ့ လက်ခံဖို့မလွယ်။ ဒေါ်မြရင်ငယ် ကလည်း ဖွဲမလျော့ပေ ..။

"ဆုတောင်းတွေရှိခဲ့ကြတာကြောင့် လာဆုံကြပေမယ့် .. ပင်တိုင်စံထိပ်ထားနဲ့ သူဖုန်းစားလိုဘဝ အဆင့်အတန်းတွေ ကွဲပြားခဲ့တယ်၊ တချို့က အသည်းနစ်အောင်ချစ်ပြီး ကွဲကွာသွားကြသလို .. ထချို့ကျတော့ ပေါင်းကြရတယ်၊ ဒါတွေက ရှိခဲ့ဖူးတဲ့ ပဋ္ဌာန်းဆက်အကျိုးပေးတွေ မဟုတ်ဘူးလား .."

"အင်းလေ .. ဖြေသာအောင် တွေးရင်တော့ အများကြီးရှိမှာပေါ့"

"အမေနဲ့ ဘဘတို့လည်း တွေးပေးစေချင်ပါတယ်၊ ပြီးတော့ .. ရှေး ရဲ့နှဖူးထောင့်ကဒဏ်ရာ လက်မောင်းတွေမှာရှိခဲ့တဲ့ ခြစ်ရာရှုရာလေးတွေကလည်း ကင်ပွန်းခါးဆူးခြစ်တိုးခဲ့ရတဲ့ဘဝကို ဖော်ပြနေတဲ့ လက္ခဏာတွေမဟုတ်ပါဘူး၊ အမေတို့မြေးလေးကို ကာကွယ်ရင်း ရခဲ့တဲ့ ဒဏ်ရာတွေပါ"

ဝါဆို ပြောပြခဲ့သည့်အတိုင်း လူ့သတ်သမားတွေ ပေါ်လာခဲ့တာ



တွေပါ သေချာပြောပြမိရင်း ..၊

"ပါရမီဖြည့်ဖက်ဆိုတာ အန္တရာယ်နဲ့ကြုံရတဲ့အခါ ရဲဘော်ရဲဘက်ကောင်းလို ကျောချင်းကပ်ရင်ဆိုင်ပေးရဲတဲ့သူမှ ပါရမီဖြည့်ဖက်အမှန်ပါ.."

ဒေါ်မြရင်ငယ် က ပြောပြရင်း မျက်နှာမှာ တည်ကြည်လေးနက်လာခဲ့ပြီး ..၊

"ကိုယ့်ကို အချိန်မရွေး ဓားနဲ့ထိုးလာနိုင်တဲ့သူကို စွန့်လွှတ်ပြီး ရင်ဆိုင်ကာကွယ်ပေးမယ့်သူကို ရွေးချယ်လိုက်တာ ငယ် မမှားဘူးထင်ပါတယ်"

"သမီးရယ် .. ညည်း စိတ်ထဲမှာ သူတို့ကို ရန်သူလို့သတ်မှတ်တာကြောင့် ဒီမိန်းကလေးနဲ့ဖွတ်ကြီး သဘောတူနေတာများလား၊ သူတို့ချင်းရင်းနှီးမှု ဒီလောက်မရှိသေးဘူးလို့ မေမေတို့ ခံစားမိနေတယ် .."

"ဒီရောက်မှ ရှေး က အားငယ်စိတ်ဝင်ပြီး တစ်ယောက်နဲ့ တစ်ယောက် ရှိန်နေကြတာပါ .."

ဒေါ်မြရင်ငယ် ဘယ်လိုမှ လက်လျှော့မှာမဟုတ်မှန်း ဒေါ်စိန်ပုလဲ နားလည်သွားသည်။ ခုလို သူမတို့အားလုံး သဘောတူလာအောင် ရှင်းပြနေတာကလည်း အမွေအနှစ်တွေကြောင့်မဟုတ်ဘဲ မိသားစုအဖြစ်က နှုတ်ထွက်မသွားချင်လို့သာ ဖြစ်မှန်းနားလည်နေမိသည်။

ချိန်ကိုက်ဗုံးကိုင်ပြီး ဆန္ဒပြနေသူကို ဘယ်လို ခေါင်းခါငြင်းဆန်ရမလဲ။

ဒေါ်မြရင်ငယ် ကလည်း ဆုံးဖြတ်ပြီးသားဖြစ်သည်။ လင်းမြတ်နွယ်နဲ့ နောက်တစ်ခါထပ်ပြောလာခဲ့ရင် ဘယ်တော့မှ ဇာပ်မံစေ့စပ်လို့မရတော့အောင် အလုပ်နဲ့သက်သေပြသွားဖို့ ..။

"အေးလေ .. မြေးကို ဘယ်သူလုပ်ကြံခဲ့တယ်ဆိုတာလည်း သေချာမသိရသေးဘူးဆိုတော့ ညည်း စိတ်ဖွဲနေတယ်လို့ပဲ ပြောလို့တော့မရဘူးပေါ့ .."

မတတ်သာလို့ ဒီစကားပြောရပေမယ့် လုပ်ကြံသတ်ဖြတ်တဲ့အထိတော့ မိုက်ရိုင်းလိမ့်မည်မထင်ပါ။ ဒေါ်စိန်ပုလဲ ခေါင်းသိတ်ပြလိုက်၏

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ..၊

"စံအိမ်တော်ရဲ့ အကြီးအကဲတွေ နားလည်အောင် မေမေ ပြောပြပေးမယ်၊ သူတို့ခွင့်ပြုချက်လာတဲ့အထိတော့ စောင့်ရမယ် မိငယ်၊ ဒီကြားထဲမှာ မြေးလေးနဲ့ ဒီမိန်းကလေးရဲ့ပတ်သက်မှုကို စံအိမ်တော်မှာ လှုံ့ဝ မကြေညာပါနဲ့၊ မြေးနဲ့လက်ထပ်မယ့်မိန်းကလေးအဖြစ် လူ မသိစေချင်ဘူး .."

ပြောပြီးမှ ကိုယ့်စကားအမိပ္ပာယ်ကို မလွဲချော်ဖို့ ကြိုးစားရင်း ..၊

"မိတ်ဆွေအဖြစ်ပါလာတာနဲ့ လက်ထပ်မယ့်မိန်းကလေးအဖြစ်နဲ့ ဒီထိပါလာတာ ဂုဏ်ကျက်သရေချင်းမတူဘူး .."

ရှေး ကိုမသိမသာ ပုတ်ခတ်ပြောလိုက်မှန်း သိနေပေမယ့် ဒေါ်မြရင်ငယ် ခေါင်းညိတ်လိုက်သည်။

"နောက်တစ်ခုက .. သားကို နွယ်တို့မိသားစု တကယ်ကြံစည်ခဲ့သလား .. လွဲမှားမှုလားဆိုတာ ဒီရက်ပိုင်းမှာ ဖော်ထုတ်နိုင်အောင် ကြိုးစားချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ .. မေမေက ချွေးမကို တန်ဖိုးထားလို့ လိုက်လျောကြည်ဖြူနေတာမျိုးပဲဖြစ်ချင်တာ .. ကိုယ့်သားက မှားယွင်းလို့ ပေးဆပ်နေရတာမျိုး မဖြစ်ချင်ဘူး .."

စံအိမ်တော်၏ ကြီးမားသော စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖျက်လိုက်လျောနေရသည့် ဒေါ်စိန်ပုလဲ ရဲ့မာန်မာနတွေနဲ့ ကျေအေးသံက လှိုက်လှဲတုန်ခါနေ၏။

ဒေါ်မြရင်ငယ် က တည်ငြိမ်စွာ ရှိနေခဲ့လျက် ..၊

ပေးဆပ်နေတာမျိုးကို ကျွန်မ မလိုချင်ပါဘူး။ ဒါပေမဲ့ ကျွန်မ စိတ်က ခံစားမိတဲ့အမှန်တရားက ဘယ်တော့မှ မမှားဘူး။



အခန်း(၃၃)

"ဟော့ .. ရှေး ရော .."

"ရှင် .. အစ်ကိုလေး .. မမလေးက .."

သော်တာ ပျာပျာသလဲ ဖြစ်သွားကာ ..

"မမလေး ခြံထဲဆင်း .. အဲ .. မဆင်းဘူး၊ ဟိုဘက်မှာ ထိုင်နေတာကြာလှပြီ .."

"သူ .. ဟိုမှာထိုင်နေရင် နင်က ဒီမှာ ဘာလုပ်နေတာလဲ .."

"မမလေးက .. သူတစ်ယောက်တည်း နေချင်တယ်ဆိုပြီး ဝေးဝေးသွားနေဖို့ ပြောထားလို့ပါ၊ သူမခေါ်ဘဲ မလာခဲ့နဲ့တဲ့ .."

ရှေး မသွားရဲ မလာရဲဖြစ်နေမှာစိုးလို့ သူမအတွက် မိန်းကလေးတစ်ယောက် ထားပေးထားခဲ့သည်။ တစ်ယောက် တခြားစီမြင်လိုက်ရတော့ ဘာကြောင့်မှန်းမသိဘဲ အကဲ စိတ်ထင့်သွားခဲ့၏။

ဥယျာဉ်ထဲမှာမဟုတ်ဘူးဆိုလျှင် ပတ်လမ်းထဲမှာ ဘာလုပ်နေတာလဲ။

သူ ပတ်လမ်းအတိုင်း လျှောက်လာခဲ့စဉ် စံအိမ်ကို ပစ္စည်းလာပို့သည့် ဈေးကားဝင်လာ၏။ အကဲ က ကားကိုတားလိုက်ပြီး ..၊

*"[illegible] .."*

"ဟုတ်ကဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



လာနေကျကားမို့ စံအိမ်ကိုသိနေသည်။ သို့သော် နောက်ထပ်ဝင် လာသည့် လင်း ရဲ့ကားကလည်း ပေါ်တီကိုအောက်ကို မသွားဘဲ သူ့နောက် လိုက်လာကာ ...၊

"တီ ..."

သူ့အားမှာ ထိုးရပ်သွားပြီး ...

"ဟိုကားကြီးကို ဘာဖြစ်လို့ ပြန်ဆုတ်ခိုင်းတာလဲ ကိုကို .."

"ဆုတ်ခိုင်းချင်လို့ခိုင်းတာ .. ငါက နင့်ကို ရှင်းပြနေရမှာလား .."

"ဒါက .. ပတ်လမ်းပဲဟာ .."

ဆက်သွားမလို့ပြင်ပြီးမှ အကဲ တစ်စုံတစ်ခုကို သတိရသွားကာ..၊

"ဒီလမ်းပေါ်မှာ .. ရှေး လမ်းလျှောက်နေတယ်၊ သူ့ စိတ်အနှောင့် အယှက်ဖြစ်မှာစိုးလို့ .."

"ဘယ်လို .."

ရှေး ကြောင့်လို့ပြောလိုက်တာနှင့် လင်း မျက်နှာ ညိုမှောင်သွားခဲ့၏။ ပြီးတော့ လှည့်ထွက်သွားသည့် အကဲ ကို စူးစိုက်ကြည့်နေမိသည်။ နက်ပြာရောင်စတိုင်ဆောင်းဘီနှင့် ဖြူနုသော တီရှပ်လက်ရှည် လည်ကပ်တို ဝတ်ထားသည်။

အရပ်မြင့်မြင့် ခပ်ပါးပါးမို့ အကဲရဲ့ပုံစံက ဘာဝတ်ဝတ် ဘယ်က ကြည့်ကြည့် ဆွဲဆောင်မှုရှိသည်။ စမတ်(တ်)ကျသည်။

"လင်း ရယ် .. နင့်ကာစင်က နည်းနည်းနောနောကြီး မဟုတ်ဘူးနော် အရပ်ကိုပြောတာ .. နင် ခြေဖျားထောက်ရင်တောင် သူ့ပခုံးကို မီရုံရယ်.."

"အေးနော် .. ဂိုက်ဆိုက်တူတာလေးချင်းပဲ စိတ်ကူးပါလား .."

သူငယ်ချင်းတွေ ပြောကြတာကို သတိရတိုင်းရှက်မိသည်။ "ငါတို့ မျိုးရိုးက ကိုယ့်ဆွေမျိုးချင်းပဲ လက်ထပ်ကြတာ" လို့ ပြောထားခဲ့တာမို့ သူမနဲ့ အကဲ ကို သူငယ်ချင်းတွေက အမြဲတမ်းစနောက်ကြသည်။

ဒါတောင် အကဲ နဲ့ သူမ တွဲသွားတွဲလာ သိပ်ရှိခဲ့တာမဟုတ်။ အကဲ



ရဲ့ နူးညံ့ကြည်သာစွာရှိနေတဲ့အချိန်ဆိုတာလည်း မမြင်ခဲ့ရဘူးပေ။ ဒါပေမဲ့ သူမနဲ့ အကဲ လက်ထပ်ကြမှာပဲလို့ ပါးစပ်ရာဇဝင်က တွင်နေခဲ့တာဖြစ်သည်။

ခုတော့ အားလုံး ဆုံးရှုံးသွားပြီလား ..။

လင်း အံကြိတ်လိုက်ရင်း လီဗာကို ဖိနင်းပစ်လိုက်သည်။ ကားတံခါး ဆောင်းဘီထဲလက်နှိုက်ပြီး ခြေလှမ်းမှန်မှန်လျှောက်နေသော အကဲ ရဲ့ ဘေးကို လျှောခနဲရောက်သွားကာ ..

"လင်း ကတော့ .. ဒီလမ်းက ပတ်မောင်းမလို့ ခုပဲ ဆုံဖြတ်လိုက်တာ ကိုကို .. ဘယ့်နှယ့်လဲ .."

အကဲ က ခြေလှမ်းမရပ်ဘဲ ငုံ့ကြည့်၏။ လင်း ကလည်း ဘီးလိမ့်ရုံ လေးလိုက်ကာ ...၊

"ကားဖြတ်မောင်းရင်တောင် အနှောင့်အယှက်ဖြစ်မှာစိုးရတဲ့ တောကျိုးကန်းကို သေချာကြည့်ချင်လို့ပါ၊ မျက်စိနောက်အောင် သွားနေရင်တော့ တက်ကြိတ်မိဖို့လည်း ရှိသေးတယ် .."

အကဲ က လှည့်မကြည့်တော့ဘဲ အောက်မေးဖျားလှုပ်ရှုံ့မဲ့၏။

"ရပါတယ် .. ဒါ ကတ္တီပါစံအိမ်ရဲ့ လမ်းမကြီးပဲ၊ ကိုကို့ ခွင့်ပြုချက် မလိုပါဘူး၊ လင်း ဒီတိုင်းပဲ ကိုကို့နောက်က လိုက်မောင်းနေမှာ .."

"အဲလို လိုက်ချောင်းရတာ ဝါသနာပါတယ်မို့လား၊ လုပ်ပါ .. နင် ကြည့်ရဲဖို့ပဲလိုတာ .."

ကားလေး တုံ့ခနဲ ရပ်ကျန်ရစ်၏။ အကဲ ဟွန်းခနဲမဲ့ပြီး ဆက်လျှောက် ခဲ့သည်။ ရှေး ဘယ်မှာမှန်းမသိဘဲ လျှောက်နေရင်း တော်တော်ကြာတဲ့ အထိ မတွေ့ ..။

ဘယ်မှာလဲ ..။

အကဲ ခြေလှမ်းတွေ ပိုကျဲလာသည်။ သို့သော် ခြံထောင့်က ဂငယ် ခုံးပုံစံလမ်းကို ကွေ့ချိုးခဲ့စဉ် စိတ်ထဲမှ တစ်စုံတစ်ခုကို မဲ့စားမိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ပိတောက်နဲ့ ခရေပင်တို့ ယှက်ဖြာနေသော အုံ့ဆိုင်းသည့်ခြံထောင့်ကွယ်ရာလေး တစ်နေရာမှ တလှုပ်လှုပ်နှင့် အဖြူရိပ်လေး ..။

အကဲ ခြေလှမ်းတွေ ထိုဆီသို့ အမြန်ဆုံးနှုန်းဖြင့် ပြေးလွှားသွားခဲ့ပြီး ..၊

"ဟာ .. ယော့ .. မင်း ဘာလုပ်နေတာလဲ .."

ဟင် !...၊

ရှေး သူ့အသံကြားသည်နှင့် တုန်ခနဲ ဖြစ်သွားလေသည်။

"ရှေး .. မင်း .. ခု ဆင်းခဲ့စမ်း၊ ဘာလုပ်တာလဲ ဒါ .."

"မဆင်းဘူး .. ရှင် သူများတွေကြားအောင် မအော်နဲ့နော် .."

ဒီနေရာမှာ ခြံတံတိုင်းထက်က သံဆူးကြိုးတွေ လျှော့ရိလျှော့ရဲ ဖြုတ်ကျနေတာရှိသည်။ ဟိုနေ့တုန်းက သေချာကြည့်ထားခဲ့တာပါ။ ကိုယ့်အကြံနဲ့ကိုယ် သစ်မြစ်ဆုံတွေ၊ ပုံးခွံတွေတောင် အမှတ်တမဲ့ ကောက်စုထားခဲ့သေးသည်။

ဒါပေမဲ့ တကယ်တမ်း စုပုံတက်ကြည့်တော့ ခဏ ခဏ ပြိုကျပြီး တော်တော်နဲ့ အဆင်မပြေခဲ့ပေ။ အဆင်ပြေပြေနဲ့ တံတိုင်းထိပ်ကို ကိုယ်တစ်ပိုင်းတင်လိုက်နိုင်ကာမှ သင်းနဲ့ လက်ပူးလက်ကြပ် မိရတဲ့အဖြစ်..။

"ရှေး .. ငါပြောနေတယ် .. ပြန်ဆင်းခဲ့ .."

"မဆင်းဘူးလို့ .. သူများပြောနေတာရော .. ရှင်မကြားဘူးလား"

"မဆင်းလို့ ဘာတက်လုပ်မှာလဲ အဲဒီပေါ် .."

"ပြန်မလို့ .."

"ဘာ !..."

အညိုရောင်ကြိုးရှည်နှင့် အိတ်လေးကို စလွယ်သိုင်းလွယ်ထားကာ ကျားကုပ်ကျားခဲတက်နေတာ မယ်မင်းကြီးမ တံတိုင်းအပေါ်တောင် ရောက်နေပြီဖြစ်သည်။



မဝတ်စဖူး အဖြူရောင်သရီးကွာတား ဂျင်းပင်န့်လေးနှင့် အစြာရှည်လေးနှစ်ရစ်ပါသော တီရှပ်အဖြူလေးကို ဝတ်ထားသည်။ ဆံပင်တွေကို ခေါင်းစည်းကွင်းနဲ့ နောက်မှာ မြင့်မြင့်စည်းတင်ထား၏။

ကြည့်ရတာ ဒီနေ့ ဒီလို ထွက်ပေါက်ရှာဖို့အတွက် အားလုံး သေချာပြင်ဆင်ဝတ်စားလာခဲ့တဲ့ပုံပင် ..။ သူ့စိုးရိမ်စိတ်တွေ လျှော့ပါးတည်ငြိမ်သွားခဲ့ပြီး သူမရဲ့ အောက်တည့်တည့်မှာ ခါးထောက်ရပ်လိုက်ရင်း ..၊

"မင်းက လူကြီးတွေကို ကတိပေးပြီးမှ ထွက်ပြေးမယ်ဟုတ်လား.."

"ဟုတ်တယ် .. ကတိလည်း ဖျက်သင့်ရင် ဖျက်ရမှာပဲ .."

ရှေး အသံလေးက စိတ်လော၍ မောသံပါနေကာ ..၊

"ဒီစံအိမ်ကြီးထဲမှာ ကျွန်မ မနေနိုင်ဘူး၊ ရှင့်အတွက်လည်း ဟန်ဆောင်မပေးနိုင်ဘူး၊ ဘာဖြစ်လဲ မဟုတ်တာတွေလုပ်ပြပြီး နေ့စဉ် လိမ်ညာဟန်ဆောင်နေရမယ့်အစား အခု ကတိဖျက်တာ၊ ဖျက်တော့ ဘာဖြစ်လဲ .. အ .."

အရှေးထဲ အိတ်က ဘာနဲ့ညှိနေသည်မသိ ..။

သူ ရောက်လာမှန်းသိလိုက်တာနဲ့ အောက်ကို တစ်ချက်မှငုံ့မကြည့်ဘဲ ကျော်လွှားခုန်ချဖို့သာ တာစူနေခဲ့ရာ လွယ်အိတ် ဘာနဲ့ ငြိနေတာလည်း ငုံ့မကြည့်နိုင် ..။

အိတ်ကို အတင်းဆောင့်ဆွဲယူရင်း ရှေ့ကို ရင်ဘတ်နဲ့ကပ်ထားသလိုဖြစ်နေတော့ သံဆူးကြိုးတွေနဲ့ ရင်ဘတ်ထိမိကာ စူးခနဲ မျက်ခနဲ။

ဘယ့်နှယ် ဒီလူကြောင့်ချည်းပဲ ခြံကျော်ဆူးစူးခဲ့ရတဲ့ အဖြစ်တွေ ခဏ ခဏပါလား ..။

"ယော့ .. အတင်းမဆွဲနဲ့လေ၊ အိတ်က ကြိုးတစ်ဖက်ပြတ်သွားပြီ .."

ဟင် !...

ထိတ်ခနဲ ဖြစ်သွားပြီး ငုံ့ကြည့်လိုက်မိ၏။

ဘုရား ...

www.burmeseclassic.com

www.burmeseclassic.com



အကဲ က ကိုယ့်အောက်မှာ ...၊

မော့ကြည့်လိုက်ရင်တော့ သွားပြီ ...။

မဟုတ်ဘူး။ သူကြည့်ပြီးပြီ။

ရှက်စိတ်တွေ တဖြန်းဖြန်းပူရှိန်းတက်လာကာ သံငုတ်ကိုဆုပ်ကိုင်ထားမိသည့်လက်က လွှတ်ချင်သလိုလို ဖြစ်သွား၏။

"ပြန်ဆင်းခဲ့ .. အိတ်ကိုလွှတ်လိုက် .."

"မလွှတ်ဘူး .. ရှင်ပဲ ကျွန်မအိတ်ကိုလွှတ်လိုက် .."

"မင်းနိုင်တိုင်း ငါက လုပ်ရမှာလား .."

"မလုပ်လို့ရမလား .. အဲဒီ အိတ်မပါဘဲ ရှေး ဘယ်လိုလုပ်သွားမလဲ"

"မတတ်နိုင်ဘူး၊ ငါက မင်းထွက်သွားလို့ရအောင် ကူညီဖို့လာတာ မဟုတ်ဘူး .."

"ရှင် မညစ်နဲ့နော် ကိုလေး .. ရှင့်မိန်းမလုပ်ဖို့ တခြားမိန်းမတွေ့သွားရှာလို့ရတယ်၊ ကျွန်မက ရှင်တို့အိမ်ကြီးမှာ ခြေလှမ်းမမှားအောင် တောင် မလျှောက်နိုင်တဲ့မိန်းမ .."

"အဲဒီ မိန်းမမျိုးကလည်း မင်းပဲရှိတာ .. နောက်တစ်ယောက် ဘယ်မှာ ရှာရမှာလဲ .."

"ရှင် လွှတ်လိုက်ဆိုနော် ..."

"လွှတ်လိုက်ပြီ .."

ရင်ထဲမှာ ချမ်းသာသွားတာ စာမဖွဲ့နိုင်။ အိတ်ကို လက်တစ်ဖက်နဲ့ဆွဲလိုက်တာ အားသွန်ခွန်စိုက်။ သို့သော် တံတိုင်းပေါ် ခြေထောက်တွေ လှမ်းတက်ဖို့က အောက်တည့်တည့်မှာ သူရှိနေရာ ...၊

"ရှင် နောက်ဆုတ်လိုက်စမ်းပါ .."

"ဘာလို့ဆုတ်ရမှာလဲ .. မင်း ဟိုဘက်ရောက်သွားတဲ့အထိ သေချာစောင့်ကြည့်ဖို့နေနေတာ၊ ဒါမှ .. ဒီနေရာကနေ သူခိုး ဘယ်လိုဝင်လာနိုင်တယ်ဆိုတာ တွက်လို့ရမှာ .."



ကြည့်စမ်း ...။ သက်သက်ညစ်ပတ်တာ ...၊

ခြေတစ်ဖက်ထောက် .. ခြေတစ်ဖက်က်လှမ်းထားလျက်နှင့် ရှေးခြံတံတိုင်းပေါ်မှာ ကိုးယို့ကားယားကြီး ဖြစ်နေလေသည်။

ဘာထူးတော့လို့လဲ .. ခုလည်း ကိုယို့ကားရားကြီး ဖြစ်နေပြီပဲ ...။

ရှေး အံကြိတ်ကာ အိတ်ကို တံတိုင်းပေါ် လွှတ်တင်လိုက်သည်။ သံငုတ်ကို လက်ပြောင်းကိုင်လိုက်ပြီး အားစိုက်တက်လိုက်လျှင် ...၊

အား ...

ရင်ဘတ်မှာ သံဆူးကြိုးတွေနဲ့ ဖိကပ်လိုက်သလို ဖြစ်သွားခဲ့လျက် ...၊

"ရလား .. ငါတွန်းတင်ပေးဖို့လိုသေးလား .."

"နေဦး .. နေဦး .. ဒီမှာ ငြိနေသေးလို့ .."

"မစောင့်နိုင်ဘူး၊ ခြေထောက်ကနေ 'မ' တင်ပေးလိုက်မယ်၊ အားယူထား .."

အကဲ ပြုံးလိုက်ပြီး ရှေး မမိတမိ ထောက်ထားသည့် ခြေထောက်လေးတစ်ဖက်ကို ခြေကျင်းဝတ်လေးကနေ ကိုင်လိုက်၏။

"နေပါဦးဆိုမှ ဘာလို့ကိုင်တာလဲ၊ ကူညီမယ်ဆိုလည်း ကျေးဇူး တင်အောင်ကူညီ .."

မောသံလေးပါနေသည့် သူမကို မော့ကြည့်ပြီးမှ အကဲ မျက်နှာပြန်လွှဲ၍ ရယ်မိ၏။

"ဒီမှာ အကျီငြိနေလို့ .. ခြေထောက်ကိုလွှတ်စမ်းပါ .."

"လွှတ်ခိုင်းနေတာလား .. ငါက သူများခိုင်းရင် ဘယ်တော့မှ မလုပ်ဘူးလို့ မင်းကို ပြောသားပဲ .."

"ကိုလေး .. ရှင်နော် .."

"မင်း ပြန်ဆင်းမှာလား၊ မဆင်းဘူးလား .."

ဟင် !...

သင်းက ခြေထောက်ကိုကိုင်တာ 'မ'တင်ပေးမလို့မှမဟုတ်ဘဲ။

www.burmeseclassic.com

www.burmeseclassic.com



သူ တမင်ရွဲ့နေတာ ရှေး ခုမှ သိလေသည်။ ဒေါသလည်းထွက်၊ ရှက်လည်း ရှက်မိတာ ခြေထောက်ကို အတင်းလှုပ်ချမိသည်။

"လွှတ်ပေးနော် .. ခုလွှတ် .."

"မင်းကို ဆင်းခဲ့ဖို့ပြောနေတာ .."

"မဆင်းဘူး .."

"ဟိုထက်မှာ မြေပြိုနေတာ ချောက်အမြင့်ကြီးပဲ၊ မင်း ခုန်ချလို့ မရဘူး .."

"မသေရင်ပြီးတာပဲ .."

"မသေမရှင်နဲ့ ဇော်ကားခံရရင်လည်း ပြီးတာပဲလား .."

"ဟုတ်တယ် ပြီးတာပဲ၊ ဒီအိမ်ကြီးထဲမှာလည်း ရှိသမျှလူတွေက ချိုးနှိမ်ဇော်ကားနေကြတာ ရှေး မနေနိုင်ဘူး၊ ဒီမှာ .. လက်တွေ အရမ်းနာနေပြီ၊ လွှတ်ပေးဆိုမှ .."

ရှေး ငိုသံလေးပါလာတော့ သနားသွားမိသည်။ သို့သော် ..၊

"မင်း ကျော်တက်ပြေးလို့ကောင်းအောင် ငါက ပြေးလာပြီး လက်ဖဝါး ထိုးခံပေးတယ်ပေါ့ .."

"ရှင့်ကို ဘယ်သူက ခံနိုင်းနေလဲ၊ ဖယ် .. ရှင့်လက် .."

"မဖယ်နိုင်ဘူး၊ ငါ တိုင်မာခေါ်မယ်၊ ဒီးရိုးထိ မင်း လက်မလွှတ်ဘဲ ဆက်ကြိုးစားနေရင် မင်းဘောင်းဘီကို အောက်ဖျားကနေ ဆွဲချလိုက်မှာ .."

ဟင် !...

မဆွဲသေးပေမယ့် ဆွဲချလိုက်တော့မည်ပဲထင်ကာ တံတိုင်းမှာ ကုပ်ကပ်တွယ်ထားသမျှ ခြေလွှတ်လက်လွှတ် တွန့်တွန့်ခါခါ ပြုတ်ကျလေသည်။

"ဟာ ..."

"အမလေး ..."

"ဝုန်း ..."



နှစ်ယောက်စလုံး သစ်ရွက်ခြောက်တွေ စုပုံထားသည့် အမှိုက်ခြောက်တွေပေါ် ကံကောင်းထောက်မစွာ ကျသော်လည်း ..၊

"သေပါပြီကွာ ..."

"ကိုလေး ..."

ရှေး သူ့ကိုယ်ပေါ်မှာထပ်လျက် ဖြစ်နေရာကနေ ကမန်းကတန်း ကျုံးထကာ ..၊

"ကိုလေး ဘာဖြစ်သွားလဲဟင် ရှေးက .."

စိုးရိမ်တကြီး တောင်းပန်ဖို့ လောကြီးနေတုန်း အကဲ ရဲ့မျက်လုံးတွေက သူမရဲ့ရင်ဘတ်ဆီ ရောက်သွားသဖြင့် ငုံ့ကြည့်လိုက်မိ၏။

"အမလေး ..."

"အ ..."

ရှေး ကိုယ့်ရင်ဘတ်ကို ကာကွယ်ရင်း ဘယ်လိုမှ မလုံခြုံနိုင်သည့် အဖြစ်မှာ သူ့ရင်ဘတ်ပေါ် ပြန်မှောက်ချလိုက်ပြီး အတင်းဖိကပ်ထားကာ..။

"လုပ်ပါဦး .. အင်္ကျီရင်ဘတ်တစ်ခြမ်းလုံး ဆူးနဲ့ငြိပြီး ပြဲထွက်သွားတာ ထင်တယ်၊ ရှက်ဖို့ကောင်းလိုက်တာ .."

"မင်း ဘယ်သူ့ကိုရှက်တာလဲ .."

"ရှင့်ကိုလေ .. ရှင် ဘာဖြစ်လို့ ပြူးတူးပြဲတဲကြည့်နေလဲ ..."

"ကြည့်တယ်ထင်ရင် မကြည့်အောင်နေပေါ့၊ ဘာလို့ ဖွတ်ကြီး ကပ်ထားတာလဲ၊ ဒီမှာ ကျောအောက်မှာ သစ်ကိုင်းကျိုးထင်တယ် .."

"ဟင် ..."

"ဟော့ .. ဖယ်လေကွာ .."

"ဟင့်အင်း .. ခွာလိုက်ရင် ရှင်က ကြည့်မှာ .."

"ကျွတ် ..."

ငိုအားထက် ရယ်အားသန် ..။

အကျၤက နာနေရသည့်အထဲ သူမက ရင်ဘတ်ချင်း အတင်းဖိကပ်

www.burmeseclassic.com

www.burmeseclassic.com



ထားသေးသည်။

"မင်းကို ငါ ကြည့်မိရင် မျက်လုံးနှစ်လုံးတည်းပဲနော်၊ မင်း ဒီတိုင်း ဆက်နေနေရင် ဘာတွေဆက်ဖြစ်ကုန်မလဲ ငါ အာမ မခံနိုင်ဘူး .."

ရှေး မျက်လုံးပြူးသွားသည်။

"ကိုနေလေး .. ရှင် .. ရှင် မျက်လုံးမှိတ်ထားလေ ..."

"မမှိတ်နိုင်ဘူး .."

"ရှင့်ကို ခိုင်းတာမဟုတ်ဘူး၊ တောင်းပန်နေတာ .."

"ကျွတ် ..."

"လုပ်ပါ .."

"ကဲ .. ဖယ် ..."

ရှေး ခေါင်းထောင်ပြီး သူ့မျက်လုံးတွေမှိတ်ထားရဲ့လား အရင် ဆုံးစမ်း၏။ ပြီးမှ သူ့ရင်ဘတ်ပေါ်ကဖယ်ကာ ဆတ်ခနဲကျော့ပေးထိုင်လိုက်ပြီး အင်္ကျီရင်ကွဲစိနှစ်ဖက်ကို မရှိမဲ့ ဆုပ်ဆွဲကစ်၍ ..၊

"အဲ့ဒါ .. ရှိဦးကြောင့် အဟင့် .."

"လာသေးတယ်ကွာ .. နားရင်းပိတ်အုပ်လိုက်ရ .."

ဒေါသထွက်လာရင်း ရှုံ့မဲ့ထထိုင်လိုက်ကာ ..၊

"မင်းကို .. ဒီတံတိုင်းက ကျော်ထွက်ဖို့ ဘယ်သူ လမ်းပြလိုက်တာလဲ"

"ကိုယ့်ဟာကိုယ်ပဲ .."

သူမ ပခုံးတွေရှုပ်အောင် ရှိုက်ငိုနေပေမယ့် ဖြေဖော်တော့ ရသေး၏။ လက်ပြင်တစ်ဖက်အောင့်သွားတာကို ဖိနှိပ်ရင်း အကဲ သူမ တချောင်းလေးကို ငုံကြည့်မိသည်။

ပါးကွက်လေးတွေကွက်ထားတာ ပါးမို့လေးတွေပေါ်မှာ မျက်ရည်ကြောင့် ဖြောင်သလင်းခါနေပြီ ဖြစ်၏။ နေညိုချိန်သည်းဆာအလွန်မှာ သစ်ပင်ကြီးတွေ အရိပ်ကြောင့် လင်းအားဖျော့နေပြီဖြစ်သည်။

ဒီအချိန် သူမ စံအိမ်ရဲ့အပြင်ကို ရောက်သွားပါက သွားလာရေး



မလွယ်ကူသော ဒီပတ်ဝန်းကျင်မှာပဲ မိုးစုတ်စုတ်ချုပ်သွားမှာ ဖြစ်သည်။ ဒါဆို သူမ ဘယ်လိုရှေ့ဆက်မှာလဲ။ ဘာမှမတွေးတော့ဘဲ စွတ်ရွတ်လုပ်တတ်သည့် သူမမျက်နှာလေးကို စူးစိုက်ကြည့်ရင်း ကရုဏာဒေါသနှင့် သနားစိတ်က အားပြိုင်ဖြစ်ထွန်းခဲ့လျက် ..၊

"ဒီလောက်တောင် ဘာဖြစ်လို့ ထွက်ပြေးချင်နေရတာလဲ .."

"ခွင့်တောင်းနေဖို့ မဖြစ်နိုင်လို့လေ၊ ဒေါ်လေးကလည်း ရွှေငွေရတနာတွေ ဘူးလိုက်လာချမ်းတယ်၊ အဲဒါတွေ .. ဝတ်လိုက်ရတာနဲ့ ကျိုးကနေ ခေါင်းဖြစ်သွားမှာလား၊ ကြည့်မရတဲ့လူတွေ အမြင်ကတ်ပြီး နေ့စဉ်စောင်းမြောင်းပြောခံနေရမှာ .."

"မင်း .. အရင်က မကြောက်တတ်ပါဘူး .."

"ဟုတ်တယ် .. ခု ကြောက်တတ်သွားပြီ .."

"ကြောက်တတ်လို့မရဘူး .. မင်းကို ငါက လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီ .."

"ဘာ !..."

"ဟုတ်တယ် .. မေမေက လင်း နဲ့သဘောမတူလို့ ဖြန့်ဖြန့်ဆန့်ဆန့်ကြီး လွှဲပြောလိုက်တာပေမယ့် ငါ့ကို ပြန်မေးတယ်၊ မေမေ ပြောလိုက်တာ သား စိတ်ဆိုးသလားတဲ့ .."

ရှေး အသံလေးတိတ်နေသဖြင့် နားစွံ့နေမှန်းသိကာ ..၊

"ငါ ဘာပြောလိုက်လဲ သိလား၊ မိန်းမယူတာ ဘာခက်လို့လဲလို့"

"ဟင် ..."

ရှေး စိတ်လိုက်မာန်ပါ လှည့်လာပြီးမှ ဖျတ်ခနဲ ကျောပြန့်ခိုင်း၍ ..၊

"ရှင် .. မဟုတ်တာတွေ မပြောနဲ့နော် .."

"ဘာလို့ မဟုတ်ဘူးထင်ရတာလဲ၊ ငါ့အတွက် မိန်းမရှာ တန်းစီနေတာ ရိုက်သတ်လို့တောင်မကုန်ဘူး .."

"အဲဒါ သွားယူပါလား၊ လင်း တစ်ယောက်တည်းကို မလိုချင်

www.burmeseclassic.com

www.burmeseclassic.com



တာ၊ တခြား ကြိုက်တာရွေးပေါ့၊ ရှင် လူကို စော်ကားမော်ကား မပြောနဲ့နော်၊ ကျွန်မကလည်း ရှင့်လိုပဲ သည်းမခံနိုင်တော့ဘူးဆိုရင် ကြောက်မွေးပါရင် ဖာဂနာနဲ့နှုတ်ပဲ .."

"ဒါဆို .. အဲ့အမွေးဘယ်နေရာမှာလဲ .. ခု နုတ်လိုက်တော့ .."

"ကိုလေး ..."

"ဘာလဲ .."

"ရွေး .. ရှင့်ဘက်ကိုလှည့်လို့မရလို့ သိလား .."

"မင်း .. လှည့်လို့မရတာနဲ့ ငါက ပြောရဲနေတယ်ထင်ရင် မင်းရွေ့ကို လာပြောမယ်လေ .."

"အို .. မလာနဲ့ .."

ရွေး ကို သူ စာမင်စနေတာမှန်း သိလာသည်။ ဒီရောက်တည်းက တစ်ခါနှစ်ခါပဲ တွေ့လိုက်ရပြီး တစ်ခေါက်မှ ပေါ်မလာခဲ့သည့်လူ ..။

သူ့တစ်မျက်နှာတည်းနဲ့နေရတဲ့သူက ဘယ်မျက်နှာကြည့်ပြီး သတ္တိမွေးရမှာလဲ။

တွေးနေရင်း စံအိမ်ကြီးထဲက မျက်နှာတွေ ပေါ်လာပြန်ကာ ငိုချင်စိတ်က တစ်ကပြန်စ၏။

"ကျွန်မ ဒေါ်လေးနှင်းကိုလည်း မေးတယ် .."

"ဘာမေးတာလဲ .."

"ရှင့်ကို .."

ရွေး က မျက်ရည်တွေပြည့်နေသည့် မျက်ဝန်းတို့ပေါ် လက်ခုံလေးနဲ့ ဖိသုတ်ပစ်လိုက်ပြီး ..၊

"ရှင်တို့သားအမိတွေ ရှင်ဆိုင်နေရတဲ့ စိတ်သောကကို ရွေး နားလည်တယ်၊ ကူညီချင်စိတ်လည်း ဖြစ်ပါတယ်၊ ဒါပေမဲ့ .. ရှင် ရွေးဆီကို ဂရုတစိုက် လာမေးဖော်လေးတောင်မရဘူး .."

"မင်းဆီလာမေးရအောင် မင်းက လူမမာလား .."



"ဘယ်လို .."

"ငါလည်း .. ငါ့ရင်းရမယ့်ကိစ္စတွေ ရှင်းလင်းပြောဆိုနေရတယ်လေ၊ မအားတဲ့ကြားက ဝတ္တရားကျေဖို့ အချိန်ပေးလာရတာမျိုးက လူမမာမေး ဘာညာဆိုလည်း ဟုတ်သေးတယ် .."

"ဖြစ်ရလေနော် .. ရှင်ပဲ အပြောကောင်း .."

"ငါ့ကိုယ်ငါတော့ အပြောဆိုးတယ်ပဲထင်တာ .."

"ရွဲ့ပြောမှန်းလည်း နည်းနည်းပါးပါးသိ .."

"အဟွန်း ..."

သူက ရယ်သံသဲ့သဲ့နှင့် ငုံ့ကြည့်ကာ ..၊

"စကားပြောရတာ မျက်နှာချင်းမဆိုင်ရတော့ .. စကားလုံး မပြောင်ဘူး .."

"သေလိုက်ပါလား .."

"မင်းကိုယ်မှာ ဖြစ်ပျက်နေတာတွေကို ဥပေက္ခာတရားနဲ့ ကြည့်နိုင်ပါတယ်၊ မင်းရွေ့ကို လာလို့ရမလား .."

"အို မရပါဘူး၊ ရှင်နော် ကိုလေး .. လူကို တမင် ဒုက္ခပေးနေတာ"

"ငါကလား .. အခု မင်းပေးတဲ့ဒုက္ခနဲ့ ထတောင်ထနိုင်ဝံ့မလားမသိဘူး၊ အဲဒါ ဘယ်လိုလုပ်မှာလဲ၊ မင်းကိုရော ဘယ်သူကာကွယ်ပေးမှာလဲ"

ရွေး ငိုဖို့ပြင်လိုက်၊ မေ့သွားလိုက်နှင့် ထိတ်ရလန့်ရတာတွေ ဒေါသတွေနဲ့ လုံးထွေးလျက် ..၊

"ကိုလေး .. ရှင့်အင်္ကျီ ဘယ်နှစ်ထပ်ဝတ်ထားတာလဲ .."

"မင်းလိုပဲ .."

"ဘာ !..."

"ဟုတ်တယ် .. စွတ်ကျယ်ချိုင်းပြတ်တစ်ထည်ပဲ အောက်ခံဝါတယ်၊ ဘာလဲ ငါ့အင်္ကျီချွတ်ပေးပါပြောမလို့လား၊ လိုချင်ရင်တော့ ပေး

www.burmeseclassic.com

လို့ရတယ်၊ မင်းက ငါ့အကျီနဲ့ .. ငါက အကျီမပါဘဲ မင်း ဝင်သွားရဲရင်ပေါ့ ..”

ရှေး အသံလေး တိတ်သွားသည်။ ခဏကြာမှ ..။

“ဘယ်လိုလုပ်ကြမလဲဟင် ..”

“မင်းဟာ .. ဘယ်လောက်တောင်ပြနေလို့လဲ ..”

“ထက်ခြမ်းကွဲသွားတာ ..”

“ဟား .. ဟား .. ဟား”

မေးတာကိုဖြေပြီးမှ ရှေး ဖျန်းခနဲ မူထူသွားသည်။

“ရှင် .. ယုတ်မာတာ သက်သက် .. ကဲ .. ကဲ ယုတ်မာဦး .. ယုတ်မာဦး”

“ဟာ .. ဘာလုပ်တာလဲ၊ လူကို တံတောင်နဲ့ လက်ပြန်တွတ်နေတာ .. ဟေ့ .. နာတယ်နော်”

“သေပေါ့ .. ရှင့်ရယ်သံကိုအရင်ဖျောက် .. တော်တော် အကျင့်မကောင်းတဲ့လူ ..”

“ဘာလဲ .. ငါဟာငါ ရယ်ချင်သွားလို့ရယ်တာ .. မင်းနဲ့မဆိုင်ဘူး”

“ဆိုင်တယ် .. ရှင် မဟုတ်တာတွေ အထအနကောက်ပြီး ..”

“ဟွန်း ..”

သူ့စိတ်တွေ ဘာလို့ပေါ့ပါးနေတာလဲ ..။

ဒါမှမဟုတ် ကျေနပ်ပျော်ရွှင်နေတာလား ..။

ဆံပင်တွေကို လက်တစ်ဖက်နဲ့ ထိုးသိပ်တင်လိုက်ရင်း မျက်နှာ မော့ရယ်မိသည်။ ဘဝရဲ့တစ်ဝက်စာနီးပါးက မေ့မေ့မျက်နှာပေါ်က သောက်ရိပ်တွေ ကိုယ့်ဆီကူးစက်ပြီး ပူလောင်ခဲ့ရသည်။

ဒေါသတွေ မောဟတွေ မုန်းတီးခြင်းတွေက ကျောင်းမှာနေတဲ့ ကာလလေးမှာတောင် ကျောင်းစာတွေထဲထိ ကူးစက်လောင်ကျွမ်းခဲ့၏။

ခုလို မိုးချုပ်နေဝင်စ အေးမြသော သစ်ပင်ကြီးတွေ အရိပ်အောက်မှာ သူ မချစ်သောမိန်းမတစ်ယောက်၏ အမူအရာဟန်ပန်လေးတွေ



ကြောင့် နူးညံ့သက်ဝင်ခဲ့လိမ့်မည်လို့ ဘယ်လိုမှမယုံနိုင် ..။

သူမရဲ့ ရန်တွေ့လိုက်၊ ငိုလိုက်၊ စကားသံ၊ ရှိုက်သံလေးတွေကြောင့် စနောက်ချင်စိတ်တွေနဲ့ ကြည်နူးနေခဲ့၏။

အမှတ်တမဲ့ ရယ်မောနေရင်း ရှေး မျက်နှာလေးတစ်ခြမ်းကို ဘေးကနေ နောက်တစ်ခါ စိုက်ကြည့်နေမိပြန်သည်။

မှောင်ရိပ်သမ်းနေသည့် မှိန်ဖျဖျအလင်းဖျော့မှာ ချွန်ကော့သည့် နှာတံလုံးလုံးလေးကို မြင်နေရသည်။ အပေါ်နှုတ်ခမ်းထောင့်လေးတွေ ထော် လန်နေသလိုထင်ရလောက်အောင် စုထွေးနေသည့် နှုတ်ခမ်းလေးနဲ့ ချစ်စရာ ..။

မစို့မပို့ကျန်နေသေးသည့် သနပ်ခါးပါးကွက်လေးနဲ့ ပါးပြင် ..

“ရှေး ..”

“ဟင် ..”

ရှေး ထူးပုံလေးက သူမ အခက်အခဲကို အကဲတစ်ခုခုကြည့်ဖို့ အကြံရပြီထင်လိုက်သဖြင့် တက်ကြွသွားတာမျိုး ..။

“ဘာလဲဟင် ..”

“တစ်ခုမေးချင်တယ် ..”

“ဘာလဲ ..”

“မင်း .. ထွက်ပြေးချင်နေတော့ ငါ့ကို လက်မထပ်ချင်လို့လား၊ စံအိမ်ကလူတွေကြောင့်လား ..”

“နှစ်ခုစလုံးပဲ ..”

“တစ်ခုစီဖြေ ..”

ရှေး က မျက်နှာလေးငုံ့လာပြီး သူ့ဆီ အကြည့်မရောက်ဘဲ ငေးနေတာ ..။

“နှစ်ခုစလုံးက အဖြေတစ်ခုပဲရှိတာ ..”

“အိုခေ .. ဒါဆို ပြန်မေးမယ်၊ အခု မင်းကို ငါလက်ထပ်မယ်၊ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလဲ ..”

မေးခွန်းက ဘယ်လိုကြီးလဲ ..။

ရှေး မနေတတ်သလိုကြီး ဖြစ်သွားသည်။

“ဖြေလေ ..”

“ရှင် လက်ထပ်မယ်ဆိုတိုင်း ထပ်ရအောင် ရှေး က ဘာမို့လို့လဲ”

“လောလောဆယ် ဒုက္ခပင်လယ်ဝေနေတယ်၊ အန္တရာယ်လည်း ရှိနေတယ်၊ ပြီးတော့ .. ငါနဲ့လက်ထပ်မယ့်ချစ်သူအဖြစ် ကတ္တီပါစံအိမ်ကြီးထဲမှာရှိနေတဲ့ မိန်းမ ..”

ရှေး ရဲ့မျက်ဝန်းလေးတွေ သူ့မျက်နှာပေါ် ဇွေဇွေစောင်းစောင်း ကျရောက်လာသည်။

အကဲ က ထိုင်ရာမထဘဲ သူမပခုံးစွန်းလေးနားထိ မျက်နှာတိုးလိုက်ကာ ..၊

“ဘာလဲ မှားလို့လား ..”

“ရှင်လည်း အဲဒီစံအိမ်ထဲက လူတွေလိုပါပဲ ..”

“မဟုတ်ဘူး ..”

“ဘာလို့မဟုတ်ရမှာလဲ .. ရှေး က အခြေမဲ့အနေမဲ့ဆိုတော့ ရှင့်လိုလူကို လက်ထပ်ရမယ်ဆိုရင် ..”

“လျှောက်ပြောမနေနဲ့နော်၊ ဒီမှာ .. မျက်နှာကို သေချာကြည့်ပြော၊ အခြေမဲ့အနေမဲ့ဖြစ်နေတဲ့ မိန်းမမျိုးရှိမှ လက်ထပ်ခွင့်ရနိုင်တဲ့ ကောင်လား”

“သူများအကြောင်း မသိဘူး၊ ကိုယ့်အကြောင်းကိုယ်ပြောတာ”

“မင်း .. သူများကိုပဲ ဝေဖန်နေတာ ခုပဲ ..”

“ရှင့် ဆွေမျိုးတွေ ရှေး ကို ဘာတွေပြောနေကြသလဲ၊ ရှင်မကြားဘူးလား”

“မင်းမှာလည်း ပါးစပ်ပါတာပဲ ..”

“ဘာ ...”



“ငါလည်း ကိုယ့်ကိုထိပါးလာရင် ငြိမ်ခံမနေတတ်ဘူး၊ မင်းလည်း ပြောလို့ရတယ်၊ ကတ္တီပါစံအိမ်ကလူတွေ ဘယ်လို အကောင်အထည်ရှိရှိ မင်းက အပြင်လူ ကိုယ်ရေးတာ ကိုယ့်သမိုင်း ..”

“ပြီးတာပဲ .. အခု ကျွန်မ ကိုယ့်သမိုင်းကိုယ်ရေးဖို့ ဆုံးဖြတ်လိုက်တာပဲ၊ ရှင် ဘာလို့အတင်းလိုက်ဆွဲနေလဲ ..”

“ဘာလဲ .. ခြံကျော်ထွက်ပြေးဖို့ သမိုင်းလား ..”

“ဘာဖြစ်ဖြစ် ..”

“မင်း .. အပြင်တောင်မရောက်သေးဘူး၊ ရင်နှစ်ခြမ်း ကြန်းကြန်းကွဲနေပြီ ..”

“ကိုလေးနော် .. ရှင် ..”

ရှေး ဒေါသထွက်ရသည့်အပိုင်းသို့ ပြန်ရောက်သွား၏။ သို့သော် သူ့ဘက်ကိုလည်း သေချာမလှည့်နိုင် ..။

“အဲဒါ ရှင် ခြိမ်းခြောက်လိုက်တာကိုလန့်ပြီး ပြုတ်ကျလာလို့ ဖြစ်တာ .. ကိုယ့်ဘာသာဆိုရင် ..”

“သူ့ဘာသာ အစတည်းက ငြိပြီးသားဖြစ်နေလို့ မင်း ပြုတ်ကျတော့ ဆွဲဖြဲသလို ဖြစ်သွားတာပေါ့ ..”

“ဘယ်လိုပြဲပြဲ .. ရှင် အနိုင်လုပြောမနေနဲ့ ..”

“ဘာလဲ .. ငိုဦးမလို့လား ..”

“ရှေး ဘာသာ ငိုငို မငိုငို ရှင့်အပူမပါဘူး ..”

“ပါတာပေါ့ကွ .. မင်းပဲ ငါ့ကြောင့်လို့ပြောနေတာ ..”

“ရှင့်ကြောင့်ပဲ ..”

“တွေ့လား ..”

“သူများကိုဆို .. သိပ်အနိုင်ပိုင်းတယ်၊ ရှင့်ကို မုန်းတယ်သိလား”

“ဘယ်သူရော .. မင်း ငါ့ကို တစ်ဖက်သတ်ကြိတ်ချစ်နေပါတယ် ပြောနေလို့လဲ ..”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ရှင်ကလွဲပြီး ပြောမယ့်လူမရှိဘူး .."

"ဟွန်း"

ရယ်ပုံက ..။

ရွေး စိတ်လိုက်မာန်ပါ ထရယ်လိုက်မိကာ သူ လိုက်ရယ်လိုက်တာ မြင်မှ ရင်ဘတ်ကို အတင်းဆွဲဖွဲ့ထားပြီး ကျောခိုင်းနေလိုက်ရင်း ..။

"ကျွန်မ .. ရှင့်ကို ခုကိစ္စပြီးတဲ့အထိ ကူညီမယ်၊ ဒါပေမဲ့ .. ရက် အကန့်သတ်တော့ထားပေး၊ ပြီးရင်လည်း ရှင်ကိုယ်တိုင် ပြန်ပို့ပေး .."

"ဘယ်ကိုလဲ .."

"ရွေး ..."

သူမသည် ကျွန်မဖြစ်သွားလိုက်၊ ရွေး လို့ပြောလိုက်နှင့် စိတ်ညစ် ခြင်း၊ ကြေကွဲခြင်းတွေအောက်မှာ ဒေါသပျောက်နေသည့်အခါ သနား စဖွယ်လေး ဖြစ်နေခဲ့လျက် ..။

"ရွေး တောကိုပဲပြန်တော့မယ် .."

"မင့် ပထွေးနဲ့ ပြန်နေမလို့လား .."

ရွေးက မဖြေ ..။

"မင်းတို့ ရောင်းခွင့်ရှိတာတွေ ရောင်းချထွက်ခဲ့တာဆို .."

"ဒါပေမယ့် .."

"ကိုယ့်ကို ဘာဖြစ်လို့ လက်မထပ်ချင်တာလဲ .."

ရွေး သူ့ကို တအံ့တသြကြည့်မိလေသည်။ အကျီကွဲစနှစ်ဖက်ကို လုံ အောင်ဖွဲ့ထားမိလျက် သူ့ကို ဆားတစောင်းအနေအထားကနေ ကြည့် ရင်း ..။

"ကိုလေး .. ရှင် ကျွန်မကို ဒါပဲ့ပြောပြောပြီး အရှက်ခွဲနေတာတော့ မဟုတ်ဘူးမို့လားဟင် .."

"မင်း အရှက်ကွဲတော့ .. ငါက ဘာရမှာလဲ .."

"မသိဘူး .. ဒါပေမဲ့ ကျွန်မအဆင့်အတန်းမျိုးနဲ့ ရှင့်ကို ငြင်းနေ



တယ်ဆိုပြီး တမင် အရှက်ခွဲနေတာလည်း ဖြစ်နိုင်တာပဲ .."

"အဆင့်အတန်းဆိုတာတွေ မင်းပဲပြောနေတာ၊ ငါ့ခေါင်းထဲမှာ အဲ့ဒါတွေမရှိဘူး .."

"ရှင့်ခေါင်းထဲမှာ မရှိလည်း .. ရှင်က အဲဒီပတ်ဝန်းကျင်က မင်းသား တစ်ပါးပဲ"

"မင်းသားမို့လို့ မင်းက လက်မထပ်ချင်တာလား .."

"ရှင်မေးနေတာကိုလည်း နားမလည်တော့ဘူး ကိုလေး .. ကျွန်မ ရှင့်ကို ကူညီမယ်လို့ပြောနေတာပဲ .."

"ငါ .. မင်းဆီက အကူအညီတောင်းနေတာ မဟုတ်ဘူး .."

အကဲ က ကျောနဲ့ ခါးစပ်က အမှိုက်သရိုက်တွေကို လက်နဲ့သပ် ခါရင်း သူမဘေးကို တိုးလိုက်သည်။ ရွေး လက်ပိုက်လေး စုကျုံ့သွား ပြီး ကျောခိုင်းလိုက်လျှင် အကဲ က ရွေး လက်မောင်းလေးတစ်ဖက်ကို ဆွဲလှည့်လိုက်ပြီး ..။

"မင်းကို .. ငါ လက်ထပ်ဖို့ ဆုံးဖြတ်တာ ကရုဏာသက်သက်နဲ့"

"ရှင် .. ဘယ်လိုလုပ်လိုက်တာလဲ .. ဒီ .. ဒီမှာ .."

"မင်းနဲ့ ငါ ရေချိုးခန်းထဲမှာ ဆပ်ပြာတွေကြောင့် ချော်လဲကြတုန်းက .."

"အို .. အဲ့ဒါတွေ ပြန်ပြောမနေပါနဲ့ .. လွှတ် .."

ရွေး က ပခုံးလေးလှုပ်ခါနေရင်း ရုန်းသည်။ အကဲ က ကိုင်ထားသည့် လက်ကို လွှတ်လိုက်ပြီး ဘောင်းဘီအိတ်ထဲ လက်တွေထည့်ထားလိုက် ရာ ..။

"အမှတ်တမဲ့ လဲသွားကြတာပေမယ့် .. ငါ မင်းကို ကျူးလွန်လိုက်ဖိ သလိုကြီး ခံစားနေရတာ .."

"ရှင်မှ မျက်လုံးမကောင်းတာ၊ ဘာမှလည်း မဟုတ်ဘဲနဲ့ ပြန်ပြော မနေပါနဲ့ .."

ရွေး အတင်းကျောခိုင်းပစ်သည်။ အကဲ က သူမနောက်မှလိုက်

www.burmeseclassic.com

www.burmeseclassic.com



တပ်ရပ်ရင်း သူ့ရင်ခွင်ကျယ်နဲ့ ရွှေး ရဲ့ကျောပြင်လေး မထိတထိဖြစ်နေတဲ့အထိ မျက်နှာရှေ့ငုံ့ကာ ..။

"ဒါပေမယ့် .. အဲဒီမှာတုန်းက မင်းက ငါနဲ့ပတ်သက်မှုရှိနေသလို ခံစားနေရခဲ့ရတာ၊ မောင်နှမလိုမျိုး ဆွေမျိုးတော်တာမျိုးလား၊ ဘယ်လို ခံစားချက်လဲဆိုတာ မသိဘူး၊ သေချာတာက မင်းကို ငါ တာဝန်ယူချင်စိတ်တွေ ဖြစ်နေခဲ့တာ .."

ရွှေး ကီ အံ့ဩနေဆဲ မျက်ဝန်းလေးတွေနဲ့ လှည့်ကြည့်သည်။

"ဘာဆိုင်လို့လဲ .. မတော်တဆဖြစ်ခဲ့ကြတာကို .."

"မင်း .. သတိထားမိလားမသိဘူး၊ ငါနဲ့ မင်းနဲ့ တွေ့လိုက်တဲ့ အကြိမ်ရေတိုင်းက ရှော့ခ်တွေနဲ့ချည်းပဲ၊ ပြောချင်တာ .. မင်းကိုတွေ့ပြီး မေ့သွားလို့မရအောင် ထူးထူးဆန်းဆန်း ဖြစ်ခဲ့တာတွေလေ .."

"ကျွန်မကတော့ ရှင့်ကို သည်းခံနေရတာတွေပဲ သတိရတယ်၊ ဒါပေမယ့် .. ရွှေး ကျေနပ်နိုင်ပါတယ်၊ ရှင်က အပြောဆိုးပေမယ့် လက်တွေ့မှာ ဥပေက္ခာထားတဲ့သူ မဟုတ်ဘူး .."

"အစတည်းက အဲလို နားလည်ပေးခဲ့တာလား .."

"ဟင့်အင်း .. နောက်တော့မှ .."

"အပြွန်း .."

"ဘာရယ်တာလဲ .. ရှင်လိုလူကို အဲ့လောက်ထိ နားလည်ပေးနိုင်အောင် ဘယ်လောက်တောင် ကြိုးစားထားရလဲ သိလား .."

"သိတာပေါ့ .. မင်း အဲ့လိုပြောရဲတာလေးတွေကလည်း ကိုယ့်အတွက် မှတ်မှတ်ရရ ဖြစ်စေတာတွေပဲ .."

သူ့ရင်ခွင်ထဲ မှီသလိုဖြစ်နေသဖြင့် ရွှေး ကိုယ်လေးကျုံ၍ ရှေ့တိုးလိုက်သည်။ ပြီးတော့ ..။

"မိုးချုပ်နေပြီ .. ရွှေး တို့ အထဲဝင်မှထင်တယ်၊ ဒီပုံစံနဲ့ ဘယ်လိုလုပ်ရမလဲ .."



"ဒါကတော့ မင်း ထွက်ပြေးဖို့လုပ်တဲ့အပြစ်ပဲ၊ မေးတာကို ဖြေမှပါ၊ ဒီကိစ္စ ခုသိရမှဖြစ်မယ် .."

"ဘာလဲ .."

"နောက်ထပ် ထွက်ပြေးဦးမှာလား .."

"မပြေးပါဘူး .. ရွှေး က ရှင်နဲ့လည်း သေချာပြောဆိုခွင့်မရှိဘူး၊ ကိုယ် ဘယ်အခန်းကဏ္ဍက ပါဝင်ပေးရမှန်းလည်း မသိဘဲ စောင်းမြောင်းနှိမ့်ချခံနေရတော့ စိတ်အရမ်းညစ်သွားလို့ပါ၊ မောင်လေး ဆက်သွယ်လာတာကိုစောင့်ရင်းနဲ့ ကြီးကြီးငယ်နဲ့ ရှင့်ကို ရွှေး ကူညီပါမယ် .."

"ကောင်းပြီ .. ကူညီမယ်ဆိုလည်း ကူညီမယ်ပေါ့၊ နောက်ထပ် မင်း ငါမသိအောင် ခုလိုမလုပ်မိဖို့တော့လိုတယ် .."

"အခု .. ဘယ်လိုလုပ်ရမလဲပဲပြောပါ .."

"ကိုယ် .. ဒေါ်နှင်း ဆီ ဖုန်းဆက်လိုက်မယ် .."

"အို .. မလုပ်ပါနဲ့ .."

ရွှေး ကမန်းကတန်း လှည့်လိုက်မိကာ သတိရကာမှ ကျောခိုင်းဖို့ပြင်၏။

သို့သော် အမှောင်က လုံးလုံးဖုံးသွားပြီမို့ သူ့ကို ရှက်မနေတော့ဘဲ..

"ရွှေး .. ထွက်ပြေးဖို့လုပ်တာ ကြီးကြီးငယ်ပါသိသွားမှာပေါ့၊ ပြီးတော့ ဒေါ်လေးကို ရွှေး ကတိပေးခဲ့ပြီးမှ .."

"ဒါကျတော့ .. မင်း ကတိဖျက်တာ အားနာရမှန်း သိသွားပြီလား.."

"အင်း .. တကယ်တမ်းကျတော့ .."

ရွှေး စကားမဆက်နိုင်ဘဲဖြစ်သွားကာ ..။

"အမလေး ..."

လှစ်ရိပ်တွေမြင်လို့ လှမ်းကြည့်လိုက်ပေမယ့် နားစွန်းကြည့်နေရင်းနဲ့ ဓာတ်မီးရောင်တွေ ဝင်းခနဲ ဝင်းခနဲ ရူးထွက်လာသော့ ရှောင်ချိန်မရတော့ဘဲ ..။

www.burmeseclassic.com

www.burmeseclassic.com



"ကိုလေး ..."

ရှေး အကဲ ရင်ခွင်ထဲတိုးဝင်လိုက်မိကာ မီးရောင်တွေကို ကျော်ပေး ထားလိုက်သည်။

"လုပ်ပါဦး .. လူတွေအများကြီးပဲ .."

ရှေး မျက်လုံးတွေပါမှိတ်ပစ်မိကာ အကဲ ကို တအားဖက်ထားမိ တာ ယောကျ်ားတစ်ယောက်ဆိုတာကိုတောင် မေ့နေသလားမသိ ..။

"ဟော .. ဟိုမှာ .. ဟိုမှာ တွေ့ပြီ .."

ခါတ်မီးရှောင်တွေ တဝဲဝဲကျလာပေမယ့် အကဲ ကို မြင်သွားသဖြင့် နောက်ထပ် တိုက်ရိုက်မထိုးရဲတော့ပေ ..။

သို့သော် ခါတ်မီးကိုယ်စီနှင့် ခြံထဲက အလုပ်သမားတွေ မနည်း မနောကြီး စုပြုလာကာ သူမတို့နဲ့ မနီးမဝေးမှာပဲ မီးရောင်တွေ တဝဲဝဲနှင့် ..။

"ဟိုမှာ .. အစ်ကိုလေးနဲ့ မမလေး .."

မိန်းကလေးသံတွေလည်း ပါသည်။ ဘယ်သူတွေမှန်းတော့မသိ။

"ဟဲ့ .. သေချာသွားကြည့်စမ်း၊ နှစ်ယောက်စလုံးလား၊ လဲကျနေ တာလား .."

ဘွားဘွား ဒေါ်စိန်ပုလဲ ၏ ကတုန်ကယင်မေးသံ ..။

"ဘွားဘွားကြီး .. အစ်ကိုလေးတို့ ဘာမှမဖြစ်ပါဘူး၊ ခြံထောင့်က ခရေပင်ကြီးအောက်မှာပါ .."

"ဟော .. နှစ်ယောက်စလုံးလား၊ မှောင်နဲ့မည်းမည်းမှာ ဘာလုပ်နေ ကြတာတုန်း သူတို့က .."

မေးသံကြောင့် မီးရောင်တွေဝေ့ဝဲနေသည့် အနီးမှာ ရှေး တစ်ကိုယ် လုံး တုန်ယင်နေလေသည်။ ပြန်ဖြေသံမကြားရပေမယ့် ..၊

"ဖြစ်ရလေ့တယ်နော် .. မြေးရေ .. ထွက်လာခဲ့စမ်း၊ လူကြီးတွေ စိတ်ပူအောင်လို့ကွယ်၊ ဒီလောက် အိမ်ကြီးအကျယ်ကြီးကို ကြိုထဲ ချောင်ထဲ မှာမှ .."



"မြေးရေ .. ထွက်ခဲ့ .. ထွက်ခဲ့" ဆိုတာကို ကလေးပျောက်လို့ရှာ နေသလို လူလုံးပျောက်တဲ့အထိ အော်ပြောသွားလေသည်။

ရှေး မျက်လုံးတွေမှိတ်ထားတာတောင် မျက်ရည်တွေ စိမ့်ထွက် စီးကျလာကြသည်။ သူ့ကို ဖက်ထားခဲ့မိတာလည်း ရှက်စရာ အင်မတန် ကောင်းမှန်း သတိရလာသည်။

ဒါပေမဲ့ ဖက်မထားလို့လည်းမဖြစ် ..။

ခုတော့ မီးရောင်တွေနဲ့ လင်းနေသည့်ပတ်ဝန်းကျင်မှာ အကဲ ကို ဇွတ်အတင်း မခွာတမ်းဖက်ထားခဲ့သည့်သူမကို ဒီလူတွေ ဘယ်လို ထင် သွားကြပြီလဲ။

ဘွားဘွား မျက်လုံးထဲမှာ ရှေး က ဘယ်လောက်ထိ ရှုံ့ရှာဖွယ် ကောင်း တဲ့မိန်းမဖြစ်သွားပြီလဲ ..။

"ရှေး .. ဘာလို့ အဲ့လောက်ငိုနေတာလဲ၊ မင်းလက်တွေ နည်းနည်း လျှော့လိုက်ဦး .."

"ရှေး .. အရှမ်းရှက်တယ်၊ ရှေး .. ဘယ်လိုဖြေရှင်းလို့မှ မရတော့ဘူး"

မလွှတ်သည့်ပြင် သူမ ချုံးပွဲချငိုနေတော့လည်း ရင်ခွင်မှာ မျက်နှာအပ် ၍ ..၊

"ဘာလဲ .. ဒါလည်း ငါ့ကြောင့်ပဲလား .."

"မဟုတ်ဘူး၊ ရှေး ကြောင့် .."

ငိုနေရင်း ပြန်ဖြေလိုက်သေးသည်။ အကဲ ခေါင်းတစ်ချက်ခါရင်း ပြုံးလိုက်မိ၏။ ခြံကျော်ပြီး သံချူးကြိုးနဲ့ထိတာ ဘယ်နှစ်ခါရှိပြီလဲ။ ထင်ရာ တွေ လျှောက်လျှောက်လုပ်ပြီး ရှက်တတ်လိုက်တာလည်း သူ့ အပြင်မရှိ။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၄)

"ဒီလိုမလုပ်ရဘူး မြေး၊ လက်မထပ်ရသေးဘဲနဲ့ ဆိတ်ကွယ်ရာမှာ မတွေ့ရဘူး .."

"ချိန်းတွေ့တာ မဟုတ်ပါဘူး .."

"ဒါဆို .. နစ်ယောက်တည်းကွယ်ရာမှာ ဘာလုပ်နေကြတာလဲ၊ မှောင်မည်းနေကာမှ ..."

လူကြီးတွေစုံနေပေမယ့် အကဲ က ခပ်တည်တည်၊ ဦးရာဇနွယ် မျက်နှာကြီးမဲနေကာ ဒေါ်စန္ဒီလင်း က ထမင်းသာစားနေရပေမယ့် မျက်လုံးတွေက အကဲ ထံမှာ ...။

လင်း က လူငယ်ပီပီ စိတ်ထဲမှာဖြစ်လာတာကို ဖြစ်တဲ့အတိုင်း...။

"ကိုကိုက သူ့အိမ်မှာ သူနေတာပါ၊ ပြီးတော့ ယောက်ျားလေးလေ၊ မိန်းကလေးကိုက အရှက်မရှိ အိမ်လိုက်လာတာ၊ ဘယ်ယောက်ျားလေးက စည်းစောင့်ရဦးမှာလဲ .."

"မြေး ..."

ဒေါ်စိန်ပုလဲ မျက်နှာကြီးနီမြန်းနေ၏။

ဒါ မိန်းကလေးပြောရမယ့်စကားလား ...။

ပြီးတော့ မိဘတွေကိုကြည့်၍ ...

"မင်းတို့တွေ သားသမီး အပြောအဆို ယဉ်ကျေးအောင် အဲဒီလို သင်ပြ



ထားတာလား .."

"မေမေရယ် .. အပြစ်ဖြစ်လိုက်တိုင်း စန္ဒီ့သမီးလေးချည်းပါလား ခုပဲ အရှက်တကွဲအကျိုးနည်းဖြစ်အောင် လုပ်လာခဲ့တာ မေမေ့မြေးနဲ့ မြေးချွေးမလောင်းပါ"

"အဲဒါ .. ညည်းထောက်ပြဖို့မလိုဘူး၊ သူတို့ကို ဖြစ်သင့်တဲ့အတိုင်း စီမံပေးဖို့ ဆုံးမဖို့ ငါတို့တွေရှိတယ် .."

"စန္ဒီ တို့ကိုလည်း ဆုံးမဖို့ အချိန်ပေးကြည့်ပါဦးလို့ ပြောချင်တာပါ၊ တစ်ခါပြစ်ရုံနဲ့တော့ ခေါင်းခါးခြေလက် တစ်ခါတည်း စည်းဝါးကိုက်ဖို့ မလွယ်ဘူးလေ .."

"စန္ဒီ .. မင်း မေမေ့ကို ရန်တွေ့နေတာလား .."

ဒေါ်စန္ဒီ က မျက်နှာကိုတင်းထားကာ ဦးရာဇနွယ် ကို လှည့်ကြည့်၏။ တစ်ဖက်မှလည်း ဒေါ်စိန်ပုလဲ နဲ့ ဦးတင်စိုး က သူမကို စောင့်ကြည့်နေကြသည်။

ထမင်းဝိုင်းသည် ခဏတာ တိတ်ဆိတ်သွားခဲ့ပြီး ...၊

"ခွင့်ပြုပါဦး မေမေ .. စန္ဒီ ဒီမှာ ဆက်ရှိနေရင် မေမေတို့ ထမင်းစား ပျက်မှာစိုးလို့ .."

ပြောပြီး ထရပ်လိုက်၏။ ထိုင်ခုံကနေ ထွက်လိုက်ပြီးမှ ပြန်ငဲ့ကြည့်ကာ ...

"တအောင့်ကြာရင် သွားစရာလည်းရှိလို့ပါ .."

မျက်နှာထိ မျက်နှာထားနဲ့ ပြောသွားတော့ ဦးရာဇနွယ် ကိုယ့်မိန်းမ တိုယ် အထူးအဆန်းလိုက် ကြည့်နေမိသည်။ ဒီမိန်းမ ဘယ်လို ပြောင်းလဲ သွားတာလဲ ...။

အကဲ နဲ့ ရှေးကို လက်ထပ်ပေးတော့ မလိုလိုဖြစ်လာကာ တစ်အိမ်လုံးကို စိန်ခေါ်တိုက်ခိုက်တော့မလိုလို ...။

ဒါတောင် မေမေတို့ မပြန်ကြသေးလို့ ...။

လူကြီးတွေများ ပြန်ကုန်ကြရင် ဒီမိန်းမ အကဲ ကို အစိမ်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



များ ကောက်ကပ်ဝါးစားမလားမသိ …။

ကိုယ့်စိတ်ကိုယ် ထိန်းထား၊ အမူအရာမပျက်ပါစေနဲ့ ပြောတာတွေလည်း အက်ကြောင်းသပ်နေပါပြီ …။

“ငါ ကြည့်နေတာကြာပြီ၊ ဒီရောက်ကာမှ ထမင်းဝိုင်းမှာ တစ်ခါမှ သာသာယာယာ ပြီးသွားတယ်ဆိုတာ မရှိဘူး၊ စံအိမ်မှာ နင်တို့ ဒီတိုင်းဖြစ်နေကြတာ ဘယ်လောက်ကြာပြီလဲဟင် …”

“မေမေရယ် … သူက …”

“တော်ပြီ …”

ဒေါ်စိန်ပုလဲ လက်ကာလိုက်ပြီး မျက်နှာပြင်မှ စိတ်ပျက်ခြင်းတွေနှင့် …

“မြေးရဲ့အမွေကိစ္စတွေပြီးတာနဲ့ မြေးတို့သားအမိကို မေမေတို့ဆီ ခေါ်သွားမယ် …”

“ဗျာ …”

“စံအိမ်မှာ နေမှုထိုင်မှုကစပြီး စည်းကမ်းကအစ အားလုံး ဆေးကြောပြင်ဆင်ရမယ်၊ မင်းတို့မိသားစု မြွှာညီအိမ်ရာထဲကတိုက်မှာ သွားပြောင်းနေကြ …”

“မေမေ …”

“ဘွားဘွားက လင်း တို့ကို အိမ်ပေါ်က နင်ချလိုက်တာလား …”

“ခုတော့ မဟုတ်ဘူး၊ ကတ္တီပါစံအိမ်မှာ အရိုးထုတ်ချင်ရင် အားလုံးရဲ့အကျင့်စရိုက်ကို ပြုပြင်နိုင်အောင် ကြိုးစား၊ ဒီပုံစံတွေနဲ့ စံအိမ်မှာ ဘယ်လိုမှမဖြစ်ဘူး …”

“မေမေ …”

“မင်းလည်း … မအေကို ခွဲခြားတယ်ဆိုတဲ့မျက်လုံးနဲ့ အမြဲ ကြည့်တယ်နော်၊ ခွဲခြားချင်လာအောင် ဘယ်သူလုပ်တာလဲ၊ ကိုယ် ဘာတွေလုပ်ခဲ့ပြီး ခု ဘာတွေဖြစ်လာသလဲဆိုတာ စဉ်းစား …”

“ဒါတော့ … မေမေ နည်းနည်းလွန်ပါတယ် မေမေရာ …”



“မေမေ မကြားချင်တော့ဘူး၊ အခု ပြောချင်တာ မြေးကိစ္စ …”

ဦးရာဇနွယ် ကို လက်ကာလိုက်ပြီး အကဲ ဘက်လှည့်၍ …

“မြေး … ပြောစမ်း၊ ရှေး ကို မြေး ဘယ်လိုသတ်မှတ်ထားသလဲ”

“ဘွားဘွားက ဘာကိုမေးတာလဲ …”

အကဲ တကယ်ကို နားမလည်လိုက်တာဖြစ်သည်။ သူ့ဘက်မှာ စိတ်မလုံစရာ ဘာမှမရှိတာမို့ ထမင်းစားသည့်အလုပ်ကိုပဲ အာရုံစိုက်ထားခဲ့တာ။

“ရှေး က ရိုးသားပါတယ် …”

“သူ့ရဲ့ရိုးသားမှုတွေကို သူ့မျက်နှာလှလှလေးပေါ်မှာ ခွဲခြား သတ်မှတ်တာလား မြေး …”

ရှေး ကို ပုတ်ခတ်စကားပြောလာတာမို့ ခုန ရှုပုတ်ပုတ်ဖြစ်နေသည့် လင်း မျက်နှာ ကြည်ကြည်လင်လင် ပြန်ဖြစ်လာသည်။

“အခု … သူနေထိုင်ပြုမူပုံတွေမှာ ရိုးသားတာ ဘယ်မှာလဲ …”

“မနေ့ညကကိစ္စဆိုရင် အဲဒါ ကျွန်တော်တို့ ချိန်းတွေ့ကြတာ မဟုတ်ပါဘူး …”

“ဒါဆိုရင် …”

“ရှေး က … ဒီမှာမနေချင်လို့ ထွက်ပြေးဖို့လုပ်တာ …”

“ဘာ … ဘယ်လို”

“သူက လက်မထပ်ချင်ဘူး၊ ကျွန်တော်က မစောင့်နိုင်ဘူး …”

ဒေါ်စိန်ပုလဲ တအံ့တသြကြီး ကြည့်နေလေသည်။

“ဘာဖြစ်လို့လဲ သူက …”

“လူတောမတိုးရဲတာပေါ့ မေမေ၊ သူ ဒီလိုလူတန်းစားတွေကြားမှာ နေဖူးတာမှမဟုတ်တာ …”

ဦးရာဇနွယ်က ပြုံးချက်နှင့်ဝင်ထောက်ပေး၏။ အကဲ ၊ ၁ မျက်လုံး လှန်ကြည့်ပေမယ့် ဘာမှမပြောပေ။ ထမင်းကို လက်စသတ်ပြီး ရေခပ်သောက်၍ …။

“ကျွန်တော့်ကို ဒီလောက်အခြေအနေလို့ သူ ထွက်မထားတော့”

www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲလေ .. အစတည်းက ဒီလိုဖြစ်မှာပဲဆိုတာ အားလုံးသိပြီးသား.."

"သူတစ်ယောက်တည်း ခံစားနေရတာတွေလည်း ရှိသေးတယ်"

အကဲ က ဦးရာဇနွယ် ကိုပြောပြီးမှ ဒေါ်စိန်ပုလဲ ဘက်လှည့်၍ ..

"အဆင့်အတန်းဆိုတာကို လူတစ်ယောက်ရဲ့ ပိုင်ဆိုင်မှုတွေနဲ့ သတ်မှတ်တာလား၊ သူ့ရဲ့ကိုယ်အမူအရာ နှုတ်အမူအရာနဲ့ သတ်မှတ်ကြသလား၊ ဘွားဘွားတို့တော့ သိမှာပါ၊ ရှေး .. ဒီရောက်လာတည်းက အဲဒီ အဆင့်အတန်းသံတွေကြောင့် ထမင်းတောင် ဖြောင့်ဖြောင့်မစားခဲ့ရဘူး"

"ဘုရားရေ ..."

"ဘယ်အရပ်က ဘယ်လေနဲ့ပါလာတဲ့ အမှိုက်သရိုက်တွေလဲ၊ ဘွားဘွား သိချင်မှသိမယ်၊ သိလည်း သိနေနိုင်တယ်၊ ကျွန်တော်ကတော့ အဲဒီညနေက သူ ထွက်ပြေးတော့မှသိတာ .."

"ဒါတော့ .. ကိုကိုက ယူတောင်မယူရသေးဘူး၊ ဟိုက တို့ထောင်တိုင်း ယုံပြီး လင်း တို့ကို .."

"လင်းမြတ်နွယ် .."

အကဲ ရဲ့ အံကြိတ်ထားသည့်ဒေါသသံကြောင့် လင်း စကားမဆုံး လိုက်ပေ။

"ငါက .. နင်တို့သားအမိတွေ ဘယ်လောက်ညစ်ပတ်ကြပါတယ်လို့ နာမည်တွေ တပ်မပြောရသေးဘူး .."

လင်း မျက်နှာပျက်သွားသည်။ ဒေါ်စိန်ပုလဲ ၏ အံ့သြမှုတွေက လည်း လင်း ထံမှာ စူးစိုက်သွားခဲ့၏။ ဒီမိန်းကလေး ဘယ်လိုပဲ ဆုံးမ ထားထား ဒီပုံစံ မပျောက်ပါလား ..။

"ကိုကို့စကားက နောက်ဆုံးတော့ ဒီတူတာပဲ ဆိုက်မှာမို့လား၊ လင်း တို့ကိုပဲ လူသတ်သမားတွေလိုလို ကြီးကြီးငယ် ကိုယ်တိုင် ဘွားဘွားကို ပြောနေတာပဲ၊ ဘာဖြစ်ဖြစ် လင်း တို့မှာပဲ အပြစ် .."

"အပြစ်ဖြစ်နေတယ်လို့ ဘာဖြစ်လို့ခံစားနေရတာလဲ၊ ကိုယ့်ကိုယ် ကို ပြန်မေးစမ်းပါဦး .."



ဦးတင်စိုး ဝင်ပါလာပြီး ...

"ဟုတ်လား သမီး .."

ဒေါ်စိန်ပုလဲကို လှည့်မေးသည်။

"သမီးကို မိငယ်က အဲဒီကိစ္စတွေ တိုင်ဖူးသလား .."

ဒေါ်စိန်ပုလဲ တော်တော်နဲ့မဖြေနိုင်ဘဲ ခေါင်းညိတ်ခြင်းကို အံ့သြ နေရင်း လုပ်ခဲ့ပြီး မျက်လုံးတို့က လင်း မျက်နှာပေါ်က မခွာနိုင် ..။

"ဘဘတင် ရောက်မလာခင်က ပြောခဲ့တာပါ၊ ဒါပေမဲ့ .. ဒီစကား တွေကို ဘယ်သူမှမသိဘူး .."

သွားပြန်ပြီ ..။

လင်း မျက်နှာပျက်ပျက်နှင့် ခေါင်းငုံ့သွားကာ ဦးရာဇနွယ် ပါးစပ် နားရောက်နေသော ပန်းသီးစိပ်လွတ်ကျသွား၏။

"စန္ဒီ့ ကိုလည်း သမီး ဖွင့်မမေးခဲ့ဖူးပါဘူး .."

အထင်မြင်သေး အံ့သြသော မျက်လုံးတွေအလယ်မှာ လင်း မျက်နှာ လေး နီရဲလာ၏။ အကဲ က မျက်တောင်ဖျားတွေ စင်းချကြည့်နေပြီး နှာခေါင်းတစ်ဖက်ပါ တွန့်မဲ့သွားလျက် ..၊

"အိမ်မှာ အဲဒီလိုလူတွေ စုနေကြတာ သိပ်စိတ်ပျက်ဖို့ကောင်းတယ်၊ မေမေက ရှေး ထက်အရင် နှစ်ပေါင်းများစွာ ဒုက္ခခံနေရတာ .."

"အကဲ .. မင်း အဲဒီလို သိမ်းကျုံးမပြောနဲ့ကွ ..."

ဦးရာဇနွယ် မခံနိုင် ..။

"သူက မိန်းကလေးပဲ၊ စပ်စုတတ်တဲ့အမျိုး၊ ပြီးတော့ လူငယ်.."

ဖြစ်နိုင်ခြေပေါင်းများစွာကို ခေါင်းစဉ်တပ်၍ ...

"သူ့အိမ်မှာသူ ဘယ်နေရာဖြစ်ဖြစ် ရောက်မှာပဲ၊ ဒီစကား ဘယ်လို ကြားလာလာ သိနေတာ ဘာဖြစ်သွားနိုင်လို့လဲ .."

"သားငယ် .."

"မဟုတ်ပါဘူး မေမေ၊ ကျွန်တော်ပြောချင်တာက ကလေးတွေရဲ့ သဘာဝ .."

www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ သားငယ်၊ ငါ့သားကတော့ ဒီလို အဆင့်မျိုးထဲက မဟုတ်ဘူးလို့ မေမေ ခြွင်းချက်ထားပေးလို့ရအောင် မင်း ဆက်မပြောဖို့ တောင်းပန်တယ် .."

"မေမေ့မြေးလေး ပြောနေသမျှကျတော့ .."

"ဟော့ .. တိတ်ဆိုရင် တိတ်လိုက်စမ်း .."

ဦးရာဇနွယ် မျက်နှာကြီး ညှိုပုတ်နေတာ အကဲ ကို မုန်းတီးနာကျည်းစွာ ကြည့်၏။ ပြီးတော့ ..၊

"ကျွန်တော် စားသောက်လို့လည်း ပြီးပါပြီ၊ သွားခွင့်ပြုပါ မေမေ"

ဒေါ်စိန်ပုလဲ က ဆတ်ခနဲ ခေါင်းညိတ်ရင်း လင်း ကို လက်ညှိုး ထိုး၍ ...

"ညည်းကိုပါ ခွင့်ပြုတယ် .. လိုက်သွား .."

ထမင်း ဟုတ်တိပတ်တိမစားဘဲ ငုတ်တုတ်ထိုင် အတင်းတုပ်နေသည့် လင်း ကလည်း ချက်ချင်းထရပ်သည်။

သူတို့ ထွက်သွားကြသည်နှင့် ဒေါ်စိန်ပုလဲ အရုပ်ကြိုးပြတ်သလို နွမ်းလျပျော့ခွေသွားခဲ့လျက် ..၊

"ဘာလို့ ဒီလိုတွေ ဖြစ်နေကြတာလဲ .."

"တစ်အူတုံဆင်း မွေးချင်းမောင်နှမဆိုတိုင်း တစ်စိတ်တစ်ဝမ်းတည်း ရှိကြတာ မဟုတ်ဘူး သမီး၊ ကိုယ့်စိတ်က ကိုယ့်ဝမ်းမှာပဲရှိတယ်၊ လူတစ်ကိုယ် စိတ်တစ်မျိုးပဲ .."

"မြေး ..."

အကဲ က နေရာမှထဖို့ပြင်ရင်း ..

"ကျွန်တော် စားပြီးပါပြီ .."

"ဒါပေမဲ့ .. ခဏထိုင်ပါဦးမြေးရယ် .. ဘွားဘွား ရှေး နဲ့ ပတ်သက်ပြီး အထင်မြင်သေးခဲ့တာက .."

"ဘွားဘွား မလွန်ပါဘူး၊ သူက အညတြမိန်းကလေးပါ .."

"ဘွားဘွားတို့ အကောင်းဆုံးကို ရည်မှန်းပေမယ့် ဖြစ်မလာရင်



လည်း ဖြေနိုင်ဖို့ အဆင်သင့်ပြင်ထားပါတယ်၊ ဒါပေမဲ့ .. ဒီစံအိမ်မှာ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ ဘယ်လောက်အရေးကြီးသလဲ၊ မိန်းမ တစ်ယောက်ရဲ့တန်ဖိုးကို ဘယ်လောက်ထိ နေရာပေးသလဲ ဒါတွေ မြေး သိပါတယ် .."

အကဲ က မျက်လွှာချထားရင်း ငြိမ်သက်နေခဲ့၏။

"စန္ဒီ နဲ့ မိငယ်မှာ ဘယ်သူက စံအိမ်ရဲ့ချွေးမလဲ၊ စံအိမ်က နေရာ ပေးခဲ့တဲ့ ချွေးမက ဘယ်သူလဲ .."

မေးခွန်းတွေ ဆက်တိုက်ထွက်လာပေမယ့် ဒါက အဖြေထုတ်ရမယ့် မေးခွန်းတွေမဟုတ် ..။

"သူတို့ကနေ မွေးဖွားလာကြတဲ့ ကလေးနှစ်ယောက်ရဲ့ စိတ်မာတ် စရိုက်တွေ ဘယ်လိုကွဲပြားခဲ့သလဲ၊ ဘွားဘွားလိုချင်တာက တန်ဖိုးကြီးတဲ့ မိန်းမတစ်ယောက်ပဲ မြေး၊ ဒီထဲမှာ အစစအရာရာ ပြည့်စုံနေတဲ့ မိန်းမ တော့ ဖြစ်ချင်မှဖြစ်မယ်လေ၊ ဒီလို လျှော့ဖို့တင်းဖို့ နားလည်လာခဲ့တာလည်း အငယ်ဆုံးသား ကိုကျော်နဲ့ ပတ်သက်ပြီး ရခဲ့တဲ့ သင်ခန်းစာတွေလေ.."

ဦးရာဇကျော် က ဆိုးသည်။ အချစ်ရေး၊ လူမှုရေးတွေမှာ ရှုပ်ထွေးမှုများစွာနဲ့ ရှင်းလို့မနိုင်။ စိတ်လိုက်မာန်ပါ အမွေပြတ်စွန့်လွှတ်တော့ ဘဝတစ်ခုက ရေစုန်မျောဖို့ ကမ်းပါးပေါ် မေးတင်သွား၏။

ထို့ကြောင့် လူကြီးတွေကပဲ ပြန်လျှော့ပြီး အခြေအနေကို ပြန်လည် ထိန်းသိမ်းဖို့ ကြိုးစားခဲ့ရသည်။ ထိုအဖြစ်တွေကို ဒေါ်စိန်ပုလဲ သတိတရ တွေးနေမိရင်း ..၊

"ခုလို .. ရှုပ်ထွေးတဲ့အခြေအနေမျိုးမှာ မြေး အများကြီး စဉ်းစားဖို့ လိုတယ် .."

"လူတစ်ယောက်ကို နှစ်သက်လိုလားမိတဲ့စိတ်က ရွေးချယ်ဆုံးဖြတ်ပြီးမှ ဖြစ်လာတာမဟုတ်ဘူး ဘွားဘွား .."

"မြေးက .. ဒီမိန်းကလေးကိုပဲ ချစ်နေပါပြီလို့ ပြောချင်တာလား.."

အကဲ ငြိမ်နေသဖြင့် ဒေါ်စိန်ပုလဲ သက်ပြင်းချကာ ..

www.burmeseclassic.com

www.burmeseclassic.com



"ထိတွေ့ရင်ခုန်သွားတာဟာ .. အချစ်မဟုတ်ဘူး မြေး၊ သွေးသားဆာလောင်မှုကဖြစ်လာတဲ့ ရင်ခုန်သံတွေကလည်း မနိုင်မြဲဘူး .."

"ဘွားဘွား ကျွန်တော်တို့ကို အထင်လွဲနေတဲ့ပုံပဲ .."

"ပြောပြတာပါ မြေးရယ် .."

"ကျွန်တော်က မိကောင်းဖခင်သားသမီးပါ၊ ရွှေး ကလည်း အဲ့လိုမိန်းကလေးမဟုတ်ဘူး ဘွားဘွား၊ မနေ့ညနေတုန်းက ရွှေး ဘာဖြစ်လို့အဲဒီနားရောက်နေခဲ့သလဲဆိုတာ ကျွန်တော် အမှန်အတိုင်း ပြောခဲ့ပြီးပြီ"

"ဘွားက ယုံပါတယ် .."

"အဲဒါ .. လင်း ပြောသွားသလို သူပြန်တိုင်ပြောတိုင်း ဒေါသထွက်လို့ ပေါက်ကွဲတာမျိုး မဟုတ်ဘူး၊ ဒီနေရာမှာ သူ့စကားတွေကို ပြန်ပြောပြဖို့လည်း အစီအစဉ်မရှိပါဘူး၊ ဒါပေမဲ့ .. ပြောခဲ့မိတာ သူ့ဂုဏ်သိက္ခာကြောင့်ပါ .."

ဒေါ်စိန်ပုလဲ ခေါင်းညိတ်သည်။

"အဲဒီလိုနည်းနဲ့တော့ သူ့ကို အထင်မသေးပါနဲ့၊ ကျွန်တော်တို့နဲ့ အတူတူနေလာခဲ့တဲ့ မိန်းကလေးရဲ့အကြောင်း ကျွန်တော်တို့ထက် ဘယ်သူမှ ပိုမသိဘူး၊ နောက်ထပ်ပြီး ပြောပြချင်တာတွေ ရှိသေးတယ်"

"ဘွားဘွားတို့ကိုလား .."

အကဲ က ခေါင်းညိတ်သည်။

"အဲဒါလည်း .. မိန်းကလေးတန်မဲ့ ယောကျ်ားလေးတစ်ယောက်အိမ်ထိ လက်ထပ်ဖို့အတွက် လိုက်လာတယ်ဆိုတဲ့စကားတွေကြောင့် သူ့သိက္ခာ အရောင်ထင်သွားမှာစိုးလို့ပါ .."

ဒေါ်စိန်ပုလဲ စိတ်ဝင်တစား ဖြစ်သွားသည်။ မိန်းကလေးတွေက စားသောက်ပြီးသွားသည့် ထမင်းစားပွဲကြီးကို မြန်ဆန်စွာ သိမ်းဆည်းရှင်းလင်းနေကြ၏။

ထမင်းစားရင်း ဆွေးနွေးမိသည့်အပိုင်းမှာ နစ်မျောနေကြသော ဒေါ်စိန်ပုလဲ တို့ကတော့ ပြောင်ရှင်းလင်းလက်သွားသည့် ထမင်းစားပွဲ



ကို စိတ်မဝင်စားတော့ပေ ..။

"ဒါဆို .. မြေးတို့က ဘာမှမဟုတ်ဘဲ .."

"လင်း ကို ကျွန်တော် ဘယ်လိုမှ လက်မခံနိုင်ဘူး ဘွားဘွား.."

"သြော် ..."

"သမီး မိငယ်ခံမျာလည်း တရားခံလို့ သံသယရှိနေတဲ့လူတွေလက်ထဲ သူ့ကလေးကို ဘယ်ထည့်ချင်မလဲ .."

ဦးတင်စိုး က နားလည်မှုတွေနဲ့စဉ်းစားပေး၏။ အကဲ က ရွှေးရဲ့ ဘဝအခြေအနေကနေ သူတို့နဲ့ ဘယ်လိုတွေ့ခဲ့တာတွေ၊ ရွှေး ရဲ့မောင် ကူညီခဲ့တာတွေကို သေချာပြောပြသည်။

ထို့ပြင် ချစ်သူလို့ ညာခဲ့မိတာကိုပါ တောင်းပန်၍ ...

"သူက ဒီမှာ ဆက်နေပါရစေလို့လည်း တောင်းဆိုခဲ့တာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ပြန်လာတည်းက ပြန်သွားမလို့ပါ .."

"ဒါတော့ ဘယ်ဖြစ်မှာလဲ၊ မြေးတို့ကို ကူညီခဲ့တာတွေ နည်းတာမှမဟုတ်ဘဲ၊ ပြီးတော့ .. သူ ခွဲထွက်သွားရင် အန္တရာယ်ကြီးပါဘိ .."

"ဟုတ်တယ် ဘွားဘွား၊ ဒါကြောင့် .. ဝါဆို နဲ့ကျွန်တော် သူ့ကို ဒီမှာ ခဏနေဖို့ခေါ်လာခဲ့တာ၊ သူ ဘာမှမသိဘဲ ကျွန်တော်တို့ စီစဉ်တဲ့အတိုင်း ဟန်ဆောင်နေခဲ့ပါသေးတယ်၊ ဒါပေမဲ့ .."

"ဘွားတို့ နားလည်ပြီ .."

အခြေအနေတွေက အဖြူအမည်းခွဲခြားဖို့တောင် မလွယ်ကူနိုင်ဘဲ ဖြစ်နေခဲ့လျက် ..၊

"ရွှေး ကို ဘွားဘွား နားလည်ပါပြီ၊ ဒါပေမဲ့ .. မြေးက သူ့ကို သနားနေတာဆိုရင် .."

"အစက သနားတာဟုတ်ပါတယ်၊ လက်ထပ်မယ့်မိန်းကလေးလို့ လိမ်ညာပြောခဲ့တာ၊ ဒါပေမဲ့ .. ခု သူ့ကိုပဲ ကျွန်တော်လက်ထပ်မှာ .."

ဒီတိုင်းပြောဖို့ အစချီခဲ့တာမှန်း လူကြီးတွေကလည်း ရိပ်မိနေပြီးသားပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွား ပြောချင်တာက သနားတာလား၊ ချစ်တာလား၊ မြေးကိုယ့်စိတ်ကို နားလည်အောင် ကြိုးစားပါဦး၊ ပြီးတော့ .. ရှေး က ရိုးသားတဲ့မိန်းကလေးဆိုရင် ဒီအဆောင်အယောင်တွေကို သူ လန့်နေလိမ့်မယ်၊ မြေးကို လက်ထပ်ဖို့လည်း သူ လက်ခံရဲမှာမဟုတ်ဘူး .."

"မြေးက သူ့ကို ချစ်နေတာများလား .."

"ချစ်တာ .. မချစ်တာ ကျွန်တော် မသိဘူး ဘိုးဘိုး၊ ဒါပေမဲ့ .. သေချာတာတစ်ခုတော့ ပြောနိုင်တယ်၊ သူ ကျွန်တော့်ဆီက ထွက်သွားခဲ့ရင် ကျွန်တော့်စိတ်က ကျွန်တော့်ကိုယ်မှာ ရှိတော့မှာမဟုတ်ဘူး .."

ဒေါ်စိန်ပုလဲ မျက်ခုံးတန်းတို့ မသိမသာမြင့်တက်သွားသည်။ ဦးတင်စိုး က ပြုံး၍ ...

"မြေးက အချစ်ကို နားလည်ဖို့မကြိုးစားပေမယ့် သူကတော့ မြေးရဲ့စိတ်ကို ရသွားပြီကွ .."

အကဲ ရဲ့ လက်ခနဲ့အကြည့်တစ်ချက်သည် အသက်ရှစ်ဆယ်ကျော် အဘိုးအိုတစ်ယောက်၏နှလုံးသားသီအိုရီသို့ ဦးညွတ်လေးစားစွာဖြင့် ..။

♛



အခန်း(၃၅)

ရှေး ရဲ့လက်ကလေးကို ဆွဲပြီး ဆင်းလာသည့် အကဲ ကို ဧည့်ခန်းကနေ လူကြီးတွေ လှမ်းကြည့်နေကြ၏။

ဒေါ်စိန်ပုလဲ ကတော့ ကလေးတွေကို မြင်လိုက်တာနှင့် ဒေါ်မြရင်ငယ်ဆီ လှမ်းကြည့်သည်။

ပိုးလ်ချဲနဲ့ထိုင်နေရင်း အကဲ နဲ့ ရှေးကိုကြည့်နေသော ဒေါ်မြရင်ငယ်၏မျက်ဝန်းတွေက ချစ်စနိုးကြည်နူးခြင်းတို့ဖြင့် ပြည့်နှက်ပြုံးချိုနေလေသည်။

"ဘွားဘွား ကျွန်တော်တို့ ခြံထဲ ခဏဆင်းမယ်နော် .."

"အေးပါ .. အေးပါ၊ ပြီးတော့ .. သွားကြဦး၊ ခုတော့ .. ဒီမှာ ခဏ လာထိုင်ကြပါဦး .."

ဘယ်သူ့မျက်နှာမှမကြည့်ဝံ့လို့ အခန်းအောင်းနေကာမှ ခြံထဲဆင်းထိုင်မယ်ဆိုလို့ ရှေး က လိုက်လာခဲ့တာဖြစ်သည်။

ခြံထဲမဆင်းရဘဲ မျက်နှာစုံညီနေသည့် အားလုံးရှေ့မှာထိုင်ရဖို့ ဖြစ်လာလျှင် မျက်နှာလေးငုံ့ထားလျက် အကဲ ရဲ့လက်မောင်းနောက်မှာ ခပ်ရှိ့ရှိ့လေး ကွယ်နေမိ၏။

"ထိုင် .. သမီးလေး ထိုင် .."

ဒေါ်မြရင်ငယ် က ချိုသာစွာ ပျူငှာစွာ ကြိုဆိုလျက် ...

"လာလေ သား၊ မှင်း မိန်းမနဲ့ သမီးကရော .."

www.burmeseclassic.com

www.burmeseclassic.com



"လာကြပါလိမ့်မယ် .."

နောက်မှာ ဦးရာဇနွယ် ပါလာမှန်း အကဲ က မသိ ..။

ထို့ကြောင့် ရှေ့ကနေဖယ်ပေး၍ ဦးရာဇနွယ် ထိုင်ပြီးတဲ့အထိ စောင့်နေပြီးမှ ထိုင်လိုက်ပြီး ...၊

"ကိုယ့်နားမှာပဲထိုင် ..."

ရှေး က တစ်ဖက်မှာသွားထိုင်ဖို့ ခြေလှမ်းပြင်လိုက်လျှင် အကဲ က လက်ကိုဆွဲထားပြီး ...

"ဘာလို့ ရှန်းနေတာလဲ .."

"ထိုင် .. မိန်းကလေး၊ ဘွားဘွားတို့ ပြောစရာရှိလို့စောင့်နေတာ"

မိန်းကလေးလို့ခေါ်ပေမယ့် ဘွားဘွားလို့ သုံးလိုက်သဖြင့် ရှေး ပိုလန့်သွားသည်။ မနေ့ကအဖြစ်ကို ရှင်းပြပြီးပြီဆိုပေမယ့် ဘယ်လို ရှင်းပြခဲ့သည်မသိ။

ပြီးတော့ ခုလည်း လက်ကို အတင်းဆွဲလာသည်။ သူ့ဘေးမှာ ထိုင်ခိုင်းနေ၏။

"စန္ဒီ က .. မိသားစုအပေါ်မှာ တစ်ခုခု အထင်လွဲနေတဲ့ပုံပဲ၊ ဒါဆို သမီးတို့ပဲ စလိုက်ကြမလား .. ဘာဘာ"

"အင်း .. ခဏတော့ စောင့်လိုက်ပါဦး .."

"ဘွားဘွားတို့ အရေးတကြီးပြောဖို့ ရှိနေတာလား" လို့ အကဲ တွေးမိလိုက်၏။ ဒါနဲ့တောင် အားလုံးလာကြစမ်းလို့ စုဝေးခိုင်းလိုက်တာ မဟုတ်ဘဲ တစ်ယောက်ပြီးတစ်ယောက် ထွက်လာတာကို ဘာလို့ စောင့်နေတာလဲ .."

သိပ်မကြာခင် လင်း က ဂျင်းဘောင်းဘီရှည်နှင့် ကိုယ်ကျပ်လက်ပြတ်ခါးတိုလေးဝတ်ပြီး ထွက်လာသည်။ သူမကတော့ ကြိုသိနေပုံပေါ်ကာ ဦးရာဇနွယ် ဘေးမှဝင်ထိုင်ပြီး ဘယ်သူ့ကိုမှလည်းမကြည့် ..။

"အင်း .. ဘွားဘွားတို့ပြောချင်တာက .. ဒီစံအိမ်ကို အိမ်တော်ထိန်းကြီးနဲ့လွှဲပြီး သုံးနှစ်တိတိ ပိတ်ထားမယ့်အကြောင်း ပြောမလို့ပါ .."



ထိုအခါကျမှ စံအိမ်ရဲ့အိမ်တော်ထိန်းကြီး ဦးလွန်း လည်းရှိနေတာကို သတိထားမိသွားသည်။ ဦးလွန်း က မိသားစုကိစ္စ စုဝေးတိုင်း မပါတတ်ပေ။

စကားနည်းလွန်းသည့်အလျောက် မခေါ်ဘဲမလာ၊ မမေးဘဲမပြောသူမို့ နေနိုင်တယ်ဟုလည်း ဝေဖန်ခံရတဲ့သူဖြစ်သည်။

"ဒီက .. ငါတို့အလုပ်သမားတွေကို ဒီတိုင်းထားမယ်၊ သူတို့ကို စံအိမ်သန့်ရှင်းရေးနဲ့ ကျက်သရေတော်အတွက် အမြဲတမ်းတာဝန်ပေးမယ်၊ ဒါကို ဦးလွန်း က တာဝန်ယူလိမ့်မယ် .."

"မေမေ .. မေမေက ပြောတဲ့အတိုင်း တကယ်လုပ်မှာလား .."

"လုပ်ရမယ် သား၊ စံအိမ်တော်မှာ ပြင်ဆင်ရမယ့် စည်းစနစ်တချို့ ရှိတယ်၊ အဲဒီအတွက် အားလုံးကို ပြင်ဆင်ချက်လုပ်ရမယ်၊ လောဘကြောင့် ဒေါသမာန်မာနကြောင့် မှားယွင်းတဲ့အပြုအမူ အပြောအဆိုတွေက စံအိမ်တော်ရဲ့ဂုဏ်ကျက်သရေကို ညစ်နွမ်းစေခဲ့တယ်၊ ဒါကြောင့် သန့်စင်ဆေးကြောဖို့လိုတယ် .."

"မေမေလုပ်ပုံက ကျွန်တော့်အပေါ် ဇနီးနဲ့သားသမီးတွေရဲ့ မိုသေလေးစားမှုတန်စေတယ်ဆိုရင်ရော .."

"ဂုဏ်သရေအထူးထူးနဲ့ ပြည့်စုံနေလို့ ချစ်ခင်ရိုသေနေတာ မဟုတ်ဘူးဆိုရင် .. ရာဇနွယ် ဆိုတဲ့လူ ဘယ်နေရာရောက်သွားသွား ရိုသေမှုက်သွားစရာ အကြောင်းမရှိပါဘူး .."

"ဒါကတော့ မေမေ .."

"မင်း .. ခေတ်ကတက်ခွင့်မရှိဘူးသား၊ ဘယ်နိုင်ငံ .. ဘယ်ယဉ်ကျေးမှုတွေ ဘယ်လိုရှိရှိ လာမနှိုင်းနဲ့၊ ဒါ မြန်မာနိုင်ငံ၊ ငါတို့က ဗုဒ္ဓဘာသာတွေ .. ပွင့်လင်းတာဆိုတဲ့ ခေါင်းစဉ်နဲ့ မိဘကို မဝေဖန်နဲ့ ဆွေးနွေးကြတာကို မေမေ လက်ခံတယ်၊ ပြန်ပြောရဲတာကို မကြိုက်ဘူး။

ဦးရာဇနွယ် မကျေလည်သေးမှန်းသိပေမယ့် ခေါင်းငုံ့လဲ ဘာ ဂရုမစိုက်။

"မိဘကိုတောင် ပြန်ပြောရဲနေရင် မိသားစုထဲမှာ မွေးချင်းမောင်နှမချင်း ကြီးတဲ့သူကို ငယ်သူက ရိုသေဖို့ ဘယ်လိုဆိုးမလဲ၊ ညီအစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မချင်း ဝစီကံနဲ့ အလွယ်လေး ဆော်ကားရဲနေရင် ကာယကံမြောက် ကျူးလွန်ဖို့ ဝန်လေးပါ့မလား၊ ဒီလိုစကားတွေကို မင်းတို့ ဒီ အရွယ်ထိ မေမေ ပြောနေရတာ ရှက်လည်း ရှက်မိပါတယ် ..''

စကားတွေပြောနေရင်း ဒေါ်စန္ဒီ ဆင်းမလာသေးတာကိုလည်း ဒေါ်စိန်ပုလဲ သတိထားမိနေသည်။

အကဲ နဲ့ ရှေး တို့ကလွဲလျှင် အားလုံးကို ဒီမှာ စုဝေးဖို့ ပြောထားပြီးသား။ မထိမဲ့မြင်လုပ်နေခြင်းကို သိသိကြီးနဲ့ မျိုသိပ်စောင့်ဆိုင်းနေရတာ တော်တော်ခံရခက်လေသည်။

မြေးလေးကို လူတွေ လုပ်ကြံခိုင်းခဲ့တာ ဒီမိသားစုတွေထဲကဆိုတာ အစကမယုံခဲ့ပေမယ့် တစစ စိုးရိမ်နေမိပြီဖြစ်၏။

စန္ဒီ က ဟန်မဆောင်နိုင်အောင် ရှလာတကြီးနေတော့ သိသာသည်။ သားကတော့ ဘာမှမသိတာလား၊ ဟန်ဆောင်ကောင်းနေတာလား။

စိုးရိမ်ဆုံးက ဒီလို ကြံစည်မှုတွေဟာ သားကိုနှယ့်ရဲ့အကြံအစည်တွေ ဖြစ်နေမှာကိုပင် ..။

သူစိမ်းတွေ မိုက်ရိုင်းစွာ ကြံစည်တာကို အပြစ်ပေးလို့ရသည်။ စံအိမ်တော်ကြီး သန့်ရှင်းသွားဖို့ကလည်း နို့နဲ့ရေဆေးပြီး၊ နံ့သာရည်လောင်း၊ တရော်ကင်ပွန်းနဲ့ အသစ်ပြန်လည်မွမ်းမံလိုက်တာနဲ့ ပြီးသည်။

ဖောက်ထုတ်ပစ်လိုက်လို့လည်းမရ။ ခုတ်ထစ်ဖြတ်ဖောက်ဖို့လည်း မလွယ်သော သွေးဆိုးသွေးညစ်ဆိုရင်တော့ ..၊

"မေမေကြီး .. မေမေကြီးခင်ဗျာ"

ဟင် !...

ခေါ်သံက ပျာယီပျာယာနိုင်ကာ လူကလည်း စံအိမ်တံခါးဝမှ တန်းရောက်လာ၏။ ဒေါ်စိန်ပုလဲ အတွေးတွေ ပြတ်တောက်သွားခဲ့ပြီး ..၊

"ဘယ်သူလဲ ..."

"ဟော့ .. ဘာလဲ .."

ဦးတင်စိုး လှမ်းမေးရင်းထလိုက်လျှင် ဦးလှန်း လည်းပါသွား၏။



ဦးရာဇနွယ် ကတော့ ဇနီးသည်အတွက် အခြေအနေမကောင်းတာကိုပဲ ထိုင်တွေးနေမိသဖြင့် လူကြီးတွေ အာရုံပြောင်းသွားစဉ် ဒေါ်စန္ဒီ ကိုခေါ်ဖို့ ထထွက်သွား၏။

လင်း ကလည်း ခြံစောင့်ရောက်လာတာကို ထကြည့်သလိုနှင့် ကားပါကင်ဆီ လစ်ထွက်သွားခဲ့၏။ သူတို့တွေ အမျိုးမျိုးလစ်ထွက်ကုန်ကြတာကို ဒေါ်စိန်ပုလဲ တို့ သတိမထားမိကြပေ ..။

"ဘာဖြစ်တာလဲ .. ဖိုးဝေ .."

"ဘဘလွန်း ခြံဝမှာ ကောင်လေးတစ်ယောက် အစ်ကိုလေးကို တွေ့ခွင့်တောင်းနေတယ် .."

"ဘယ်သူလဲ .."

"မောင်မောင်လို့ပြောတာပဲ၊ သူ့ကိုယ်မှာ ဒဏ်ရာတွေနဲ့ဆိုတော့ ခြံစောင့်ကြီးက အဝင်မခံဘဲ တားထားတယ် .."

"မောင်လေး ...."

ရှေး့ဆတ်ခနဲထရပ်လိုက်လျှင် အကဲ က အတူထရပ်လိုက်ကာ...

"ကို ရှင်းပေးမယ်"

လူကြီးတွေ မိုးတိုးမတ်တပ်ဖြစ်နေသည့်နားကို အကဲ ရောက်သွားလျှင် ဦးတင်စိုး နှင့် ဦးလွန်း တို့က ရှေးကတားဆီးထားကာ ..၊

"မထွက်နဲ့လူလေး .. ဒါ မင်းတို့ရင်ဆိုင်ခဲ့ရတဲ့ အုပ်စုတွေထဲက နေမှာ .."

"မဟုတ်ဘူး ဘဘ၊ မောင်မောင် ဟုတ်,မဟုတ် သိရမှဖြစ်မယ်၊ မောင်မောင် ဆိုတာ ရှေး ရဲ့မောင်လေးပါ .."

"ဟော !..."

"သူက လူကောင်းပါ၊ ကျွန်တော်တို့ကို ကူညီခဲ့ဖူးတယ် .."

"မြေး နေပါဦး၊ ဒါပေမဲ့ .."

"လိုအပ်တဲ့အခါ ဒီကိုလိုက်ခဲ့ဖို့ ကျွန်တော်ပဲခေါ်ခဲ့တာ .."

"ဒါဆိုလည်း လူလေးသွားဖို့ မလိုပါဘူး၊ သူ့ကို ဒီထဲခေါ်လိုက်

www.burmeseclassic.com



မယ်၊ မောင်ဖိုးဝေ .. အောင်ချို တို့နှစ်ယောက်ကိုပါခေါ်သွားပြီး အဲဒီကောင်လေးကို ဒီထဲခေါ်ခဲ့ ..”

မောင်လေးကို ချုပ်နှောင်ခေါ်လာကြမှာလား ..။

ရှေး ရင်ထဲမှာ နာကျင်သွားကာ ခြေလှမ်းပြင်နေ၏။ အကဲ က သူမရဲ့လက်ဖဝါးလေးကို သူ့လက်နဲ့ထပ်ဆုပ်ကိုင်ထားကာ ..၊

“ထိုင်နေ .. မင်း မောင် ဘာမှမဖြစ်စေရဘူး ..”

သူ့ကိုမော့ကြည့်ရင်း ရှေး ပြောချင်တာတွေ မပြောနိုင်ဘဲ မျက်ရည်တွေပဲ ဖိတ်လျှံလာ၏။

“မငိုနဲ့လေ .. မင်း သူ့ကို မျှော်နေတာမဟုတ်ဘူးလား ..”

“မောင်လေးကို ဘွားဘွားတို့ ..”

“ကိုယ် အားလုံးပြောပြထားတယ်၊ ဆိုးဆိုးရွားရွား မဖြစ်စေရဘူး၊ မျက်ရည်တွေသုတ် ..”

ခဏကြာမှ ဂျစ်ကားလေးတစ်စီး ထိုးရပ်လာ၏။ ကားပေါ်က ရှေးရှိးမောင် ဆင်းလာလေသည်။

မောင်လေး ...၊

ရှေး ရင်ထဲမှ နင့်သွားသည်။ မျက်နှာမှာ ဒဏ်ရာတွေနှင့် အင်္ကျီကလည်း ဖရိုဖရဲ ..။

“မောင်လေး ...”

ဘယ်လိုမှ ကြည့်မနေနိုင်တော့ဘဲ မောင်မောင့်ကို ပြေးဖက်မိလေသည်။ မောင်မောင်က အကဲ ကို ပြုံးပြသေမယ့် ဒဏ်ရာကြောင့် နာကျင်သွားသလို ခပ်မဲ့မဲ့နှင့် ..။

“အစ်ကို ..”

“အေး .. မင်း အထဲဝင်ခဲ့လေ၊ ဘာဖြစ်လာတာလဲ ..”

စံအိမ်ကြီးကို တစ်ချက်ဝေ့ကြည့်ပြီး မောင်မောင်က ခေါင်းခါသည်။ ပြီးတော့ သူ့ကိုတွဲထားသည့် ရှေး ကို ငုံ့ကြည့်၍ ...

“မမကို ကျွန်တော်လာခေါ်တာ ...”



“အင်း .. လိုက်မယ်လေ၊ မမလည်း မောင်လေးကို စောင့်နေတာပါ၊ ဒါပေမဲ့ .. မောင်လေးမှာ ဒဏ်ရာတွေနဲ့ ..”

“အထိုးခံရတာပါ၊ ကျွန်တော့်မှာ ဒဏ်ရာကြီးကြီးမားမား မရှိပါဘူး”

ပြောနေရင်း လူကြီးတွေဝိုင်းနေကြတာကို တစ်ပတ်ဝေ့ကြည့်သည်။ ပြီးတော့ အကဲ ကို ပြုံးပြပြီး ..၊

“ကျွန်တော် .. သူတို့ဆီက ရုန်းထွက်လိုက်ပြီ ..”

“အလွယ်တကူပဲလား ..”

မောင်မောင်က ခေါင်းခါ၍ ..

“မလွယ်ပါဘူး၊ ဒါပေမဲ့ .. ကျွန်တော် အဲဒီခေါင်းဆောင်လူဆီက ဖုန်းခိုးယူခဲ့တယ် ..”

ဘာလုပ်ဖို့လဲဆိုပြီး အံ့အားသင့်ကုန်ကြ၏။ မောင်မောင်က ဖုန်းထည့်ထားသည့် ဘောင်းဘီအိတ်ထဲကို လက်နှိုက်လိုက်ရင်း ..၊

“ဒီမှာ ..”

ဖုန်းကိုကိုင်ပြကာ ...၊

“သူ့မှာ ဖုန်းတွေ နှစ်လုံးသုံးလုံးရှိတယ် ..”

“မင်း မသိဘူးလား မောင်မောင်၊ သူ့ဖုန်း ဘယ်နေရာရောက်နေနေ သူသိတယ်၊ သူ မင်းဆီရောက်လာမှာပဲ ...”

“လာပါစေ .. ဖုန်းထဲက အရေးကြီးတဲ့ မက်ဆေ့ချ်တွေ သူနဲ့ ဆက်သွယ်နေတဲ့လူတွေရဲ့ဖုန်းနံပါတ်တွေ ကျွန်တော့်ဆီ ရောက်ကုန်ပြီပဲ..”

“မင်း ဘာလုပ်ဖို့လဲ ..”

“ကျွန်တော် ပြေးချိန်ရအောင်လို့ပါ၊ သူတို့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ဖို့လည်း စိတ်မဝင်စားပါဘူး၊ ပြီးတော့ .. ကျွန်တော် ဒုက္ခရောက်နေတုန်းမှာ သူတို့ ကူညီခဲ့တာတွေရှိတယ်၊ သူတို့ကျွေးတဲ့ထမင်းကိုလည်း စားနေခဲ့ရတယ်၊ ကျွန်တော် ကျေးဇူးမကန်းပါဘူး၊ ဒါကို ခိုးလာတာက မမနဲ့ ကျွန်တော် လုံခြုံရေးအတွက် ခဏတဖြုတ် အလဲအလှယ်လုပ်ရုံပဲ ..”

www.burmeseclassic.com



"လာပါ သူငယ် .. မင်းကို အဘွားတို့က ရှေး ရဲ့မောင်လေးမှန်း သေချာမသိသေးလို့ တားဆီးကြတာပါ၊ အထဲဝင်ပါ .."

ဒေါ်စိန်ပုလဲ ကိုယ်တိုင်ခေါ်မှ မောင်မောင် အထဲကိုဝင်သည်။ ထိုင်ပါ ဆိုမှ ဝင်ထိုင်လိုက်လျက် ...၊

"ကျွန်တော်တို့ ခုပဲ သွားကြမှဖြစ်မယ် မမ၊ ဒီဖုန်းကို မကြာခင် ဖျက်ဆီးပစ်မှာပဲ၊ ကျွန်တော့်ကို ချမ်းသာပေးဖို့ မပေးဖို့ကလည်း မသေချာဘူး .."

ထိုစဉ် ဖုန်းက ထမြည်လာသဖြင့် မောင်မောင့် မျက်နှာ ထိတ်လန့်ပြူးပြာသွားသည်။

"ကိုင်လိုက်ပါ .. ဒီအိမ်ထဲမှာ မင်း ဘာမှမဖြစ်ဘူး .."

"ကျွန်တော် မကိုင်ချင်ဘူး .. လာ .. မမ သွားမယ် .."

"နေဦး .."

အကဲ က ထရပ်လိုက်တဲ့ရှေ့က ပိတ်ထားလိုက်ကာ ဖုန်းကို ဆွဲယူလိုက်၏။

"မင်း ပြေးလွှားနေရမှာကို မိန်းကလေးတစ်ယောက်ကိုပါ ဆွဲထည့်မလို့လား .."

"ကျွန်တော် မမကို ကာကွယ်မှာပါ၊ နောက်ထပ်တစ်ခါ ပြန်လာခေါ်ဖို့က .."

"အေးဆေး ခဏလောက်နားလိုက်ဦး မောင်မောင်၊ မင်းတို့ မောင်နှမ ဒုက္ခရောက်နေရတာ ငါနဲ့ တိုက်ရိုက်ပတ်သက်တယ်၊ ဒီတိုင်း ထွက်သွားမှာကိုတော့ မဆိုင်သလို ကြည့်မနေနိုင်ဘူး .."

ထိုစဉ် ဦးရာဇနွယ် နဲ့ ဒေါ်စန္ဒီ တို့ မျက်နှာတွေ မတည်မရယ်နှင့် ကျော့ကျော့မော့မော့ ဆင်းလာကြ၏။ ဒီမှာ ဖင်ပူအောင်မထိုင်နိုင်ပါဘူး ဆိုသည့်သရုပ်ကို အပြည့်အဝဖော်ဖို့ ဒေါ်စန္ဒီ လက်မှာ လက်ကိုင်အိတ်ကြီး ချိတ်လျက်ပါလာ၏။

ပြီးတော့ ကြံ့ရည်ရောင် ပါတိတ်ဝတ်စုံက ပြောင်လက်နေအိနေကာ..

"အဲဒီလို ကြည့်လိုက်ရတိုင်း အနုပ်စုတ်ဂုတ်စုတ်တွေချည်း စုဝေး



နေတာကျတော့ ဒီစံအိမ်မှာ ကျက်သရေတွေ တော်တော်ရှိနေလား -"

"စန္ဒီ .. မင်း ပါးစပ်ကိုပိတ်ပြီး ခဏနေလိုက်ဖို့ ငါ သတိပေးထားတယ်နော် .."

"ဟွန်း ..."

လင်မယားနှစ်ယောက် နှစ်ကိုယ်ကြားစကားသံတို့ဖြင့် အပြန်အလှန်ဆိုရင်း ဧည့်ခန်းထဲရောက်လာကြသည်။ ပူးကပ်ရပ်နေကြသည့် မောင်နှမကို အထင်မြင်သေးသည့်အကြည့်တို့နှင့် စုန်ချီဆန်ချီကြည့်လိုက်ပြီးမှ ဘေးက အကဲ ကိုကြည့်သည်။

ဒေါ်စန္ဒီ အကြည့်တွေက ရှိနေကြသည့် လူကြီးတွေကို လူမထင်စွာ ရင့်သီးရိုင်းစိုင်းနေခဲ့၏။ မသိရင်တော့ အံ့သြနေကြမှာပေမယ့် စိတ်ဒုံးဒုံးချ၍ မိုက်ရိုင်းဖို့ပြင်ဆင်ထားသည့် ဒေါ်စန္ဒီ ကတော့ မမှု ...။

သည်းခံနိုင်ခြင်းသည် မနေ့ဘစ်နေ့လောက်တည်းက ကုန်ဆုံးသွားခဲ့ပြီမို့ ...။

"ဒီမှာ ဂုဏ်သရေရှိဧည့်သည်တော်တွေ ရောက်နေတယ်ဆိုတော့ ပြင်ဆင်ထားတဲ့စကားဝိုင်းက ပြီးပြီထင်တယ်နော်၊ စန္ဒီ အခု အပြင်တစ်ခါ တည်းသွားလိုက်တော့မယ်၊ ရတယ်မို့လား မေမေ .."

ဒေါ်စိန်ပုလဲ က အေးစက်စက်ကြည့်နေပြီး ဘာမှမပြော ...။

"ကျွန်တော့်ကို ဖုန်းပြန်ပေးပါ အစ်ကို၊ ကျွန်တော် .."

"ခဏ ..."

အကဲ က ပတ်စ်ဝေ့(ဒ်)ခံမထားသည့်ဖုန်းကို အံ့သြစိတ်နှင့် ဖွင့်ကြည့်နေရင်း ခုနဝင်ထားသည့် ဖုန်းနံပါတ်ကို ပြန်ခေါ်လိုက်လျှင် ...၊

"ဟင်!..."

နောက်ကပ်လျက်ကနေ ဖုန်းခေါ်သံမြည်လာသဖြင့် မောင်မောင် ဟင်ခနဲ ဖြစ်သွားသည်။ အကဲ လည်း တအံ့တသြဖြစ်သွား၏။ ဟိုဘက်က ဘယ်လိုပြန်ဖြေမလဲလို့ စိတ်ဝင်တစားနားစွင့်နေခြင်းက အသံလာရာ ဆီရောက်သွားခဲ့ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"အန်တီစံ နေဦး .."

ဖုန်းကိုင်ပြီး အပြင်ထွက်မလို့ ကသုတ်ကယက်ထွက်သည့် ဒေါ်စန္ဒီ ခြေလှမ်း တုံ့ခနဲဖြစ်သွားသည်။ လှည့်ကြည့်လိုက်တော့ ခုန ထိုင်နေကြသည့်လူကြီးတွေအားလုံး ထိတ်လန့်ဟန်တွေနှင့် ထရပ်လိုက်ကြတာကို မြင်လျှင် ...၊

"ဘာလဲ .. ဘာလို့ ဝိုင်းကြည့်နေကြတာလဲ .."

သူမ လက်ထဲက ဖုန်းမြည်သံ ဘယ်ကလာတယ်ဆိုတာ သူမ မသိလိုက်သဖြင့် ဖုန်းသံလည်း ပျက်သွားပြီမို့ ခပ်တည်တည်ပြန်လှည့်ကာ..။

"မင်းက ဘာလဲ .."

"အန်တီစံ ဖုန်းခဏပေးပါ .."

"ဘာ ..."

အကဲ လက်ထဲက ဖုန်းကိုမြင်လိုက်မှ ဒေါ်စန္ဒီ တုန်လှုပ်သွားခဲ့၏။ သို့သော် ဖုန်းကို အကဲ က ယူလိုက်ပြီဖြစ်လျှင် ...၊

"ဟဲ့ .. မင်း ဘာလုပ်တာလဲ ..."

"အကဲ .. လူကြီးကို မင်းရိုင်းလှချည်လားကွ"

ဦးရာဇနွယ် ထိတ်လန့်သွားပေမယ့် အချိန်မီကာကွယ်ဖို့ ရှေ့တိုးလာ၏။ သို့သော် ...၊

"ဒီထဲမှာ ကျွန်တော်ခေါ်လိုက်တဲ့ ဖုန်းနံပါတ် ဖြစ်မယ် .."

အကဲ က စခရင်နံမပိတ်ခင် သေချာမြင်လိုက်သဖြင့် နံပါတ်ကို ရွတ်လိုက်ပြီး သူ့ဖုန်းထုတ်လိုက်၏။ ဒေါ်စန္ဒီ့ နောက်ကို ထပ်ဆုတ်သွားကာ ဦးရာဇနွယ် ကယောင်ချောက်ချားနှင့် ဘာလုပ်ရမှန်းမသိ ..။

"ဒါ .. ဒါ မြေးကို လိုက်သတ်နေတဲ့ လူဆိုးခေါင်းဆောင်ရဲ့ဖုန်းဟုတ်လား .."

ဒေါ်စိန်ပုလဲ ကတုန်ကယင်မေးရင်း ရှေ့တိုးလာ၏။ ဒေါ်မြရင်ငယ် စိုးရိမ်စိတ်တွေနှင့် ဗီးလ်ချဲပေါ်က ထရပ်လိုက်လျှင် ငွေနှင်းက ကမန်းကတန်း ဝင်တွဲကာ ...၊



"ရှေ့ကို မသွားပါနဲ့ မမကြီးရယ် .. ဘာဘကြီးတို့ရှိပါတယ်၊ စိတ်ကို ထိန်းထားပါနော် .."

"သား .. သား .. အဲဒီဖုန်းနံပါတ်ကို မခေါ်နဲ့တော့၊ ထားလိုက်ပါတော့ .."

သားအတွက် အန္တရာယ်ရှိနေပြီဆိုသည့် ဆင္ခမအာရုံကြောင့် ဒေါ်မြရင်ငယ် ရှေ့အတင်းလှမ်း၍ လက်တကာကာနှင့် တား၏။

သို့သော် မောင်မောင်ယူလာသော ဖုန်းက နောက်တစ်ခါ ထမြည်လာလျှင် ...၊

"ကျွန်တော့်ကို လုပ်ကြံဖို့ ခိုင်းနေကြတာ လေးလေးတို့ကိုး .."

အကဲ ရဲ့ သံသယက ဖုန်းကိုင်သူထံမရောက်ဘဲ ဦးလေးဖြစ်သူကိုသာ တိုက်ရိုက်စွန်းထင်းစေခဲ့၏။

ထို့ကြောင့် ဒေါ်စန္ဒီ လှုပ်ရှားမှုကို သတိမထားမိလိုက်ဘဲရှိစဉ် ...၊

"ဟယ် .. ကိုလေး .."

ဒေါ်စန္ဒီ သေနတ်ထုတ်ပြီး ပစ်ကွင်းရှင်းနေသည့် အကဲ ရဲ့နောက်ကျောကို တန်းခနဲ ပစ်ချလိုက်သည်။

"ဒိုင်း ..."

"အား ..."

"အမလေး .. မြေးလေးရေ .."

"သား ..."

မတ်တပ်ရပ်နေသည့်လူတွေကြားထဲမှာ အကဲ နဲ့ ရှေး တို့ လုံးထွေးလဲကျသွားကြလျှင် ဒေါ်စိန်ပုလဲ နဲ့ ဒေါ်မြရင်ငယ် တို့ ရှေ့ဆင့်နောက်ဆင့် လဲပြိုသွားကြပြီး ..

လောဘလွှမ်းခြင်းသည် အဆိပ်တက်ခြင်းသာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၆)

တကယ် ဒဏ်ရာရတာက အကဲ မဟုတ်ဘဲ ရှေး ဖြစ်နေခဲ့၏။ အကဲ ကို လှမ်းတွန်းပစ်လိုက်ရင်း ကိုယ်က အရှိန်လွန်ကာ ကျည်လမ်းကြောင်းကို ဝင်ခံပေးလိုက်သလို ဖြစ်သွားခဲ့သည်။

ဒါပေမဲ့ လက်မောင်းကိုပဲ ရှပ်ထိသွားသလို ဖြစ်သွားခဲ့သည်။

"တော်လောက်ပါပြီ မမရာ .. သူတို့အိမ်ကြီးမှာပဲ အတွင်းလှိုက်စားနေတာ .. အခု .. အားလုံးလည်းပေါ်သွားပြီ၊ သူတို့ကိစ္စတွေ သူ့တို့လုပ်ပါစေ .. ကျွန်တော်တို့ပြန်ရအောင်ပါ .."

"အေးပါ ..."

"အေးပါဆိုလည်း မမ သက်တောင့်သက်သာဖြစ်နေပြီပဲ ထလေဗျာ.. ဘာလဲ .. သူတို့ချီးမြှင့်မယ့် ဂုဏ်ပြုဆုလေးကို မျှော်လင့်နေတာလား.."

မောင်မောင် စိတ်တိုနေတာမဟုတ်ပါ။ စိတ်နာသွားမိတာဖြစ်သည်။ သူ လူဆိုးတွေနဲ့ပေါင်းမိပြီး ဆိုးခဲ့သည်။ ဆိုးတာကို ဆိုးတဲ့အတိုင်းပဲနေလိုက်တော့ ဘာဖြစ်လဲ ..။

အကဲ ကို ကယ်တင်ခဲ့မိလို့ ခုတော့ အသက်ကို ဖက်နဲ့ထုပ်ပြီးပြေးနေရသည်။ အခုလည်း အကဲ အတွက် မမ ကံကောင်းလို့ မသေခဲ့တာ။

ဒါနဲ့တောင် ဘာမှမဖြစ်သည့်လူကို ပြေးထူပြေးတွဲနဲ့ မမကတော့



သွေးအိုင်ထဲမှာ ထူမယ့် ခေါ်မယ့်လူတောင်မရှိ ..။

"ရှေး .."

လို့ခေါ်ပြီး အကဲ ကမန်းကတန်း ဆွဲပွေ့တာတောင် ...၊

"သူက လက်မောင်းမှာပဲ ထိသွားတာ .. မြေး ဘယ်မှမထိတာသေချာလား" တဲ့။

"ဟွန်း .. တော်တော် တစ်ကိုယ်ကောင်းဆန်တဲ့လူတွေ .."

ပြန်တွေးပြီး မခံချိမခံသာဖြစ်နေမိသည်။ ရှေး က ဖွေ့ရာပေါ်က ခြေချထိုင်နေရာကနေ မောင်မောင့်ဆီကို လျှောက်သွား၏။

"ငါ .. ဘာမှမမျှော်လင့်ပါဘူး မောင်လေးရယ် .. ဒါပေမဲ့ .. သူများအိမ်မှာ တည်းခိုနေတာလေ၊ ပြန်မယ်ဆိုလည်း ခွင့်တောင်းရမှာပေါ့"

"မမ ပြန်တာ ရှိနေတာကို ဘယ်သူကရော ဂရုစိုက်လို့လဲ၊ နေပါဦး ကျွန်တော်တို့ချည်းပဲရှိနေတုန်း မမကို မေးပါရစေ၊ မမနဲ့ အဲဒီလူက ဘာလဲဟင် .. ချစ်သူတော့ မဖြစ်နိုင်ပါဘူး၊ ဒီလိုလူစားတွေက မမကို .. ကျွတ်"

ပြောလည်း ပြောချင်ပုံမပေါ် ..။

ဒါပေမဲ့ သိလည်းသိချင်နေသည့် မျက်နှာကြီးနှင့် ..။

"တိုက်ခန်းမှာ ယောကျ်ားနှစ်ယောက်နဲ့ တွေ့လိုက်ပြီးတည်းက အစ်မ ကျွန်တော့်ကိုလိုက်ရှာရင်း ဘာတွေဖြစ်ကုန်တာလဲ၊ မမ ဘာတွေ ဖြစ်ပျက်ခဲ့သလဲနဲ့ ကျွန်တော် ညတိုင်းအိပ်လို့မရဘူးဗျ .."

ပြောနေရင်း မောင်မောင် ငိုလေသည်။

ယောကျ်ားလေးပေမယ့် မောင်လေးက ကလေးဆန်တတ်တာ ရှေးသိသည်။ မဟုတ်ပါဘူးဆိုတာကို ရှင်းပြဖို့ကြိုးစားရင်း သူမလည်း မျက်ရည်စက်တွေကျလာကာ ..၊

"မ .. မဟုတ်ပါဘူး၊ မမ ဘာမှမဖြစ်ခဲ့ပါဘူး မောင်လေးရယ်"

"မမရာ .."

မောင်မောင်က ရှေးကို ဖက်ထားလိုက်ပြီး ကလေးလို ရှိုက်ငိုနေ

www.burmeseclassic.com

www.burmeseclassic.com



ကာ ..

"ကျွန်တော့်ကြောင့်ပါ၊ မမ ကျွန်တော့်ကို ခွင့်မလွှတ်ပါနဲ့ .."

ထိုအချိန်လေးမှာပဲ .. အကဲ သူတို့နဲ့ မနီးမဝေးမှာရောက်နေခဲ့တာ သူတို့မသိကြ ..။

"မငိုပါနဲ့မမရယ် .. မမ ဘာတွေဖြစ်နေနေ ခုကစပြီး မောင်လေး ရှာဖွေကျွေးပါမယ်၊ မမကို ကာကွယ်ပါ့မယ်၊ ဖြစ်ခဲ့သမျှ မမ အားလုံးကို မေ့လိုက်တော့ဗျာ .."

"မဟုတ်ဘူး .. မမ ဘာမှမဖြစ်ဘူးလို့ ပြောနေတယ်လေ .."

"ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော် ဖြုန်းလို့ မမ ဘဝပျက်ခဲ့တာပါ၊ မြို့ထိလာပြီး ကျွန်တော့်ကြောင့် .."

"မောင်လေး ..."

ရှေး မောင်မောင့် လက်တွေကို ဖယ်ချလိုက်ကာ ...

"မင်း .. ငါ့ကို အထင်သေးလှချေလား"

"မမ .. မမကို ကိုလေးဆိုတဲ့လူက .."

"ဘာမှမဟုတ်ဘူး .. သူနဲ့မမ ရိုးရိုးခင်ကြတာ .."

"ဒါဆို .. မမ၊ ဒီက သွားဖို့ ခဲယဉ်းနေတာ ဘာဖြစ်လို့လဲ၊ အဲဒီလူကို စိတ်ကူးယဉ်နေဘာလား၊ မမ ကျွန်တော့်ထက် ပိုသိပါတယ် မမရာ၊ ဒီလို နေရာမှာ မမ တွယ်ကပ်နေရင် သူများခိုင်းဖက်ပဲ ဖြစ်မှာ .."

"မောင်မောင် ..."

အကဲ အသံက တည်ငြိမ်စွာဝင်လာ၏။ လှည့်ကြည့်လိုက်တော့ ရှိုးကေ့စ်စင်ကြီးရဲ့ဘေးမှာ အကဲ က ရပ်နေကာ ...

"မင်း ပြောလို့ပြီးရင် ငါ ပြောစရာရှိတယ် .."

မောင်မောင်က ဘာမှမပြောဘဲ မျက်နှာလွှဲ၍ မျက်ရည်သုတ်၏။

"ဒါပေမဲ့ .. ငါပြောမှာမဟုတ်ဘူး၊ အပြင်မှာ မင်းကို သူတို့ စောင့်နေကြတယ် .."



ဟင် ...၊

"ကိုလေး .. မောင်လေးက ကလေးသာသာပါ၊ သူ့စိတ်ထဲမှာ ထင်မိတဲ့အတိုင်း ပြောဆိုခဲ့မိတာကို .. ရှင်က .."

"ဒါပေမဲ့ ထင်သလို ပြောနေလို့တော့ ဘယ်ရမလဲ .."

"မောင်လေးက ရှင့်ကို ကယ်ခဲ့ဖူးပါတယ်၊ ရှေး လည်းရှင့်ကြောင့် ဒီမှာ ဒဏ်ရာက သွေးတောင်မတိတ်သေးဘူး .."

"နေပါစေ မမ၊ ကျွန်တော်က ဒီမှာ အရိပ်ခိုပါရစေလို့ ခွင့်တောင်းဖို့လာတာ မဟုတ်ဘူး၊ မမကိုခေါ်ပြီး ပြန်မှာ ..၊ သူတို့ မေးချင်တာ မေးကြပါစေ .."

မောင်မောင်က အကဲ ကို စိတ်နာသည့်အကြည့်နှင့် စိုက်ကြည့်ပြီး တံခါးဖွင့်ထွက်သွား၏။

"မောင်လေး .. နေဦး .."

မောင်လေးက လူဆိုးတွေနဲ့ လက်တွဲခဲ့ဖူးတဲ့သူ ..။

ဒါကို သိမ်းကျုံးရောထည့်ပြီး မောင်လေးကို ထောင်ချမယ်ကြမှာလား..။

"မောင်လေး ..."

ရှေး ကိုယ့်အတွေးနဲ့ကိုယ် ခေါင်းတွေ တွင်တွင်ခါရင်း အတင်းပြေးလိုက်၏။ သို့သော် အကဲ က သူမရဲ့ဒဏ်ရာမရှိတဲ့ လက်လေးတစ်ဖက်ကို ဆွဲထားလိုက်ပြီး ...၊

"ဂျိမ်း ..."

တံခါးပိတ်ပစ်လိုက်သည်နှင့် ရှေး ဒေါသချောင်းချောင်း ထွက်သွားကာ ...

"ရှင် .. ရှင် တော်တော်ကျေးဇူးကန်းတဲ့လူ၊ အဲဒီလိုလုပ်ပြီး ဘာဖူး ဆပ်တယ်ပေါ့ ဟုတ်လား၊ ဖွင့် .. ခုဖွင့်ပေး .."

"ဖွင့်ပေးလိုက်ရင် မင်းမောင် မင်းလက်ကို ဆွဲထွက်သွားမှာပေါ့၊ ဒီလိုတော့ ဘယ်ရမလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ!..."

ရွှေ တံခါးပြေးဖွင့်နေရင်း ဒီဘက် ဖျတ်ခနဲလှည့်လိုက်လျှင် အကဲ က သူ့မရှေ့မှာ ရပ်နေလျက် ..၊

"မင်း .. ငါ့ကိုရော .. ငါ့မိဘ ဘိုးဘွားတွေကိုပါ ဒီလောက်ထိ အထင်သေးနေတာလား .."

ရွှေ သူ့ကိုငေးရင်း ငြိမ်သွားသည်။

"အပြင်က စောင့်နေကြတဲ့လူကြီးတွေက သူ့ကို ဘာပြောမယ် ထင်လို့လဲ .."

ရွှေ ဘာမှမပြောနိုင်သေးပေ ..။

"မနေ့က ဖြစ်ခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး လူဆိုးလူကောင်း အားလုံး ကွဲပြားသွားပြီ၊ မင်းရဲ့မောင် ဘယ်လိုလူလဲဆိုတာကိုတော့ ကိုယ့် လေးလေးကျော် က အာမခံပေးတယ် .."

"လေးလေးကျော် ဆိုတာ .."

"ကိုယ့်ဦးလေး နှစ်ယောက်ရှိတာလေ၊ ဖေဖေ့ညီအငယ်ဆုံး သူက ဆိုးလို့ စံအိမ်ကနေ နှင်ထုတ်ခံထားရတာ၊ ခုတော့ .. သူ့စီးပွားနဲ့ သူ့စိတ်ရင်းနဲ့ အဆင်ပြေနေပါပြီ၊ ဘွားဘွားတို့ကလည်း ပြန်လက်ခံကြဖို့ အဆင်သင့်ဖြစ်နေကြပြီဆိုပါတော့ .."

"ကျွန်မ မောင်လေးက သူနဲ့ ဘယ်လိုသက်ဆိုင်သွားတာလဲ .."

"မင်းရဲ့မောင် မြို့မှာ ဒုက္ခရောက်နေတော့ လေးလေးကျော်က ကယ်တင်ပြီး သူ အလိမ်ခံရတဲ့ငွေတွေနောက်ကိုလည်း လိုက်ပေးခဲ့သေးတယ်၊ ပြန်ရတာမရတာကတော့ ကံတရားပေါ့ .."

"ပြီးတော့ရော .. အခု .. အခု အဲဒီ ဦးလေး အပြင်မှာ ရှိနေတယ် ပေါ့"

"ရှိတယ် .. မောင်မောင်ဆိုတာနဲ့ သူက တန်းသိသွားတာ၊ အဲဒီ လူတွေအုပ်စုနောက်ပါသွားပြီး လမ်းကြောင်းမှားပြီဆိုတည်းက လေးလေး



ကျော် က ပြန်မခေါ်ဘဲနေခဲ့တာတဲ့၊ ကြည့်ရတာ သူ့ငွေတွေကို ပြန်ယူပေးနိုင်မယ်ထင်တဲ့လူတွေနောက် လိုက်ကပ်ရင်း မောင်မောင် လူဆိုးတွေခိုင်းသမျှ လုပ်နေတာတဲ့ .."

"ဦးကျော် က ပြောတာလားဟင် .."

"ဟုတ်တယ် .. လေးလေးကျော် က ပြောပြနေတာ၊ မောင်မောင် ဆိုတဲ့ကောင်လေး ရိုးသားခဲ့တာရော .. အသက်လေးငယ်ပေမယ့် သူ့မိသားစု၊ သူ့အစ်မကို ကူညီချင်စိတ်ရှိတာရော .. သူ အားလုံးပြောပြတော့ .. မေမေတို့က အမှတ်ပြည့်ပေးချင်နေကြတာလေ .."

အကဲ မျက်ဝန်းတွေ ရယ်မြူးရိပ်သမ်းလာတော့ ရွှေ မျက်လွှာချပစ်မိကာ ..၊

"ဒါဆို .. အခု ပြောချင်နေကြတယ်ဆိုတာတွေက လူဆိုးတွေနဲ့ ပတ်သက်တာ မဟုတ်ဘူးလား .."

"မဟုတ်ဘူး .."

ခေါင်းခါဖြေရင်း အကဲ က ရှေ့တိုးလိုက်သဖြင့် ရွှေ နဲ့နီးကပ်စွာ မျက်နှာချင်းဆိုင်ပြီးသား ဖြစ်သွားသည်။

"တွေးကြည့်လေ .. ဘာပြောမယ်ထင်လဲ .."

မျက်လုံးချင်းဆုံသွားသည်နှင့် ရွှေ တစ်ခုခုကို ခံစားမိလိုက်၏။ ထို့ကြောင့် သူ့ရှေ့က ရှောင်ထွက်ဖို့ ခြေလှမ်းပြင်လိုက်လျှင် အကဲ က လက်တစ်ဖက်ထောက်ပြီး ကာထားလိုက်ကာ ..၊

"မင်းကို တောင်းမလို့ လို့ မေမေကတော့ ပြောတာပဲ .."

ဟင်!...

မဖြစ်နိုင်တာ ..။

"မေမေနဲ့ ဘွားဘွားတို့က မင်းတို့မောင်နှမကို အရမ်းသနားသွားကြတာ .. မင်းကတော့ သနားခံရတာ ကြိုက်ချင်မှကြိုက်မှာပေမယ့် ကိုယ်ကတော့ အခု ကျေနပ်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာကို ကျေနပ်နေတာလဲ၊ စီးမိုးငုံ့ကြည့်ပြီး သနားနေရတာကိုလား၊ ဟွန်း .. ဖယ်ပေးပါ၊ ဒီမှာ ဆေးသောက်ရဦးမှာ .."

"ဆေး နောက်မှသောက်ပါကွာ .. ဆေးထက် အရေးကြီးတာက ကိုယ် မင်းကို ချစ်နေတဲ့အကြောင်းပြောမလို့ .."

"ဘာ ..."

"ရှေး .. မင်းသိလား၊ ကိုယ် မင်းကိုချစ်နေမိမှန်း မင်း မောင် ရောက်လာပြီး .. မင်းကို .. ဆွဲထုတ်သွားတော့မယ်ဆိုတာ သိလိုက်ရမှ ချက်ချင်းကြီး နားလည်သွားတာ .."

ချစ်တာတွေပြောလာတော့ ရှေး မျက်နှာလေး ငုံ့သွားလေသည်။

အကဲ က သူမလက်မောင်းလေး နှစ်ဖက်ပေါ် လက်တင်လိုက်ပြီးမှ ပြန်ရတ်ကာ ..၊

"အဲဒါ မင်းမောင်လေး ရောက်လာတဲ့အချိန်မှာပဲ နားလည်လိုက်တာ .. မင်းမရှိရင် ကိုယ် ဘယ်လိုမှ နေလို့ရမှာမဟုတ်ဘူး .."

ရှေး ရဲ့ခါးလေးကနေ သိမ်းယူဖက်ထားလိုက်ရင်း ..၊

"မင်းကို ဘာကြောင့် ချစ်မိသွားတာလဲ မသိဘူး .."

"ဟင့်အင်း .. ကိုလေးကလည်း ဖယ်ပါ၊ ရှေး မနေတတ်ဘူး .."

"လက်နာတယ်ဆိုပြီး ရုန်းဖို့ကျတော့ အသုံးကို တည့်နေတာပဲကွာ၊ ငြိမ်ငြိမ်မနေရင် ကိုယ်လည်း မညှာတော့ဘူး .."

"ကိုလေး ..."

"ပြော ..."

"ရှင် .. ဘာတွေပြောပြော ဒီအိမ်နဲ့ ရှင့်ရဲ့အရှိန်အဝါတွေကို ကျွန်မ လက်ခံနိုင်ဖို့မလွယ်ဘူး၊ အားလုံးက သဘောတူနေပြီဆိုရင် ဒီအိမ်မှာ ဆက်နေဖို့က ပိုတောင်ခဲယဉ်းသေးတယ်၊ နောက်ထပ် ချိုးဖွဲ့နှိမ်ချတဲ့ စကားသံတွေကြားရရင် ဒီတစ်ခါဆို ကျွန်မ သည်းခံနိုင်မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ .."



"မသိဘူး .."

"ကိုယ် သိတယ် .."

အကဲ က ပြောပြီးရယ်ကာ ...

"မင်း ကိုယ့်ကိုချစ်နေလို့ .."

"ထင်ရာဆွဲတွေး .."

"ဟုတ်ရင်လည်း ဟုတ်မှာပေါ့၊ ဒါပေမယ့် .. ကိုယ့်ရဲ့မရိုးသားစိတ်ကို ဖုံးဖိနေလည်း မြင်နေရတဲ့လူက သိတယ် .."

"မဟုတ်ဘဲနဲ့ .."

မလုံ့မလဲဖြစ်သွားသည့် မျက်နှာလေးက ဖုံးဖိဖို့မေ့ပြီး မော့ကြည့်လာ၏။ သူ အသည်းယားသွားကာ ရှေး ကိုယ်လေးကို တင်းကျပ်သွားအောင် ဖက်ထားလိုက်မိပြီး ..၊

"တကယ်ပြောတာ .. မင်းမျက်လုံးထဲမှာ ကိုယ့်ကိုချစ်နေတာတွေ စကားထိုင်ပြောပြီး ဖြေနေသလိုပဲ .."

"ဟာ .. ကိုလေးကလည်း ရှေး လက်ကို ဖိမိနေပြီ .."

"ဉာဏ်များမနေနဲ့ ..၊ မင်း အသားနာသွားရင် အဲလို တိတ်တိတ်လေးနေမှာ မဟုတ်ဘူး .. ကိုယ်သိတယ် .."

"တကယ် နာနေပြီဆိုမှ .. ဟင့်အင်း .."

"နောက်ထပ်ပြီး မယုံပါဘူး ပြောဦးမလား"

"ကိုလေးနော် .."

"ဒီမှာ မနေနိုင်ဘူးလို့ထပ်ပြောရင် ကိုယ် ဘာလုပ်မလဲသိလား"

ရှေး အတင်းရုန်းနေရင်း လက်ကို ထိမိတော့ နာကျင်သွားသဖြင့် ငြိမ်လျှော့ရသည်။

ဤသို့သောနည်းဖြင့် သူ့ရင်ခွင်ထဲမှာ အဝတ်ထုပ်လေးသို့ ဖြစ်နေခဲ့သော်၊ အကျပ်ကိုင်မေးနေသမျှ ဖြေနေရသည်။

အတင်း ခေါင်းညိတ်နိုင်းသမျှ ညိတ်နေရင်း ..

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ကတိပေးနေတာ၊ ဘာလိုချင်သေးလဲ ပြော .. အကုန်လုံးပေးမယ်"

"ဟား .. ပွတာပဲ .. တကယ် .."

"ဟုတ်တယ် .. တကယ် .. ရှင့်ကို အဲ့ဒီလောက် ညစ်ပတ် ကပ်သပ်တဲ့လူမှန်း ထင်ကိုမထင်ခဲ့ဘူး .. တကယ် .."

"ကိုယ့်ကို ညစ်ပတ်တယ်လို့ မင်း ပြောတာနော် .."

သူ ရှေး ရဲ့မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်နဲ့ ဆွဲယူမော့လိုက်ပြီး ...

"ဟင် .. ဘာ .. ဘာလဲ .. ကိုလေးနော် .. သွား .. ဟင့်အင်း"

အနမ်းတို့ဖြင့် ရင်ခုန်သံတွေ အားပြိုင်ဖြစ်ထွန်းနေခဲ့ကြ၏။ ရှေးသူ့ရင်ခွင်မှ တိတ်ဆိတ်ငြိမ်သက်စွာ မေးမှိတ်ခိုဝင်နေမိရင်း ..။

ဒါဟာ အိပ်မက်ရှည်တစ်ခုဖြစ်နေခဲ့ရင်လည်း အိပ်မက်ကနေ မနိုးပါရစေနဲ့။

ချစ်ခွင့်ရှိရင် ချစ်ချင်ပါ၏။

ပရိသတ်အတွက်
ထာဝရ
ဂျူးဝ

BURMESE CLASSIC

www.burmeseclassic.com